

**7Day Daily** သတင်းစာ ဝိုင်းတော်သားများက တင်ဆက်ထားသော အထူးအချပ်ပို ၁၆ မျက်နှာကို မေတ္တာလက်ဆောင် ထည့်သွင်းပေးထားပါသည်


# ၇ ရက် သတင်းဂျာနယ်
# 7DAY NEWS JOURNAL

http://www.7daynewsjournal.com

အတွဲ(၁၂)၊ အမှတ်(၃၉) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၉ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက် ၊ ဗုဒ္ဓဟူး ၊ (ဒီဇင်ဘာ ၄ ၊ ၂၀၁၇)


TRI
LIVES BRILLIANTLY



ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) သင်တန်းသား၊သင်တန်းသူများ စစ်ရေးလေ့ကျင့်နေသည်ကို ဒီဇင်ဘာ ၂ရက်ကတွေ့ရစဉ် ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# ပြည်သူ့ဝန်ထမ်းစိတ်ပြုစုပျိုးထောင်ရေးနှင့် ဖောင်ကြီးပြုပြင်ပြောင်းလဲရေး

**သီဟ**

မြန်မာနိုင်ငံတွင် အုပ်ချုပ်ခဲ့သည့် တစ်ပါတီဆိုရှယ်လစ်ခေတ်နှင့် စစ်အာဏာရှင်ခေတ် နှစ်ခေတ်ပေါင်း နှစ်ပေါင်း ၅၀နီးပါး အရပ်ဘက်ဝန်ထမ်းများအား အစိုးရ၏ မူဝါဒများရိုက်သွင်းပေးရာ ဖောင်ကြီးသင်တန်းဟု လူသိများသည့် ဗဟိုဝန်ထမ်းတက္ကသိုလ်သည် ယခုအခါ ပြုပြင်ပြောင်းလဲမှုများလုပ်ဆောင်ရန် လိုအပ်နေပြီဖြစ်ကြောင်း ပညာရှင်များနှင့် သင်တန်းတက်ရောက်ခဲ့ဖူးသူ ဝန်ထမ်းများကပြောသည်။

စာမျက်နှာ ၂၀ »

## ရောဂါအမည်များယွင်းတပ်ကြသောအခါ

**ဝတ်ရည်အောင်၊ ရဲနောင်**

မြန်မာနိုင်ငံတွင် ကိန်းဂဏန်း၊ စာရင်းဇယား အတိအကျပြုစုထားခြင်းမရှိသော်လည်း ရောဂါအမည်များယွင်းစွာ ဆုံးဖြတ်မှုများသည် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများနှင့် နေ့စဉ်ကြုံတွေ့နေရသော ကျန်းမာရေးပြဿနာကြီးတစ်ခုအဖြစ် ရှိနေသည်။

စာမျက်နှာ ၂ »



## အင်တာနက်မမြန်သေးပါ

**အေးသူစံ၊ ဆွေမွန်၊ ဇော်မျိုးလှိုင်**

အစိုးရသစ်လက်ထက်ပိတ်ထားသော တံခါးအတော်များများကို ဖွင့်ပေးခဲ့သည့် အထဲတွင် ပြည်သူများ အင်တာနက်ကို လွတ်လပ်စွာသုံးစွဲနိုင်သည့် အခွင့်အရေးပါဝင်လာသည်။ သို့သော်အင်တာနက်မြန်နှုန်း(Connection) ကမူ လွန်ခဲ့သည့်နှစ်များလိုပင် မထူးခြားနား နှေးမြဲနှေးနေဆဲဖြစ်သည်။

အချပ်ပို V »

## အပြောင်းအလဲကာလနှင့် အလှူရှင်ကမ္ဘာ

**အောင်သူရ၊ပြည်သိမ်း**

သမ္မတဦးသိန်းစိန် ဦးဆောင်သော အရပ်သားအစိုးရလက်ထက်တွင် အဘက်ဘက်က နိမ့်ကျနေသည့် မြန်မာနိုင်ငံကို အကူအညီပေးရန် အစိုးရအဖွဲ့များနှင့် အလှူရှင်များ၏ ပံ့ပိုးမှုများမှာ အဖွဲ့အစည်းပေါင်းစုံမှ ပုံစံမျိုးစုံဖြင့် ဝင်ရောက်လာနေသည်။

"အဓိကတော့ ငြိမ်းချမ်းရေး ဖော်ဆောင်တဲ့လုပ်ငန်း၊ ကျန်းမာရေးကဏ္ဍနဲ့ မိခင်၊ ကလေးစောင့်ရှောက်ရေးလုပ်ငန်းတွေမှာ အများဆုံးဝင်ရောက်လာတယ်"ဟု မြန်မာနိုင်ငံ အင်န်ဂျီအိုများအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဇင်ဝင်းကဆိုသည်။

စာမျက်နှာ ၃ »

## ခြေတစ်ဖက်အတွက် ၆,၀၄၀ ကျပ်

စာ၅ »

**အင်တာဗျူး**

"စစ်မှန်တဲ့ဒီမိုကရေစီစနစ်ကို သွားမယ်ဆိုရင် အာဏာသည် လူထုဆီမှာပဲဆိုတာ စစ်တပ်က နားလည်ရမယ့် အချိန်ပါ

စာမျက်နှာ ၁၈ »






7 DAY NEWS JOURNAL
Vol.12, No.39 • DECEMBER 4 , 2013

# ရောဂါအမည် မှားယွင်းတပ်ကြသောအခါ

**ဝတ်ရည်အောင်၊ ရဲနောင်**



သင်၏ မိသားစုဝင်တစ်ဦး (သို့မဟုတ်) နီးစပ်ရာပတ်ဝန်းကျင်မှ အသိအကျွမ်းတစ်ဦးတွင် ရောဂါလက္ခဏာတစ်ခု ခံစားရသောကြောင့် ဆေးရုံ၊ ဆေးခန်းသို့ သွားရောက်ပြသသည့်အခါ ကျွမ်းကျင်သည့်ဆေးပညာရှင်က ရောဂါအမည် မှားယွင်းစွာ ဆုံးဖြတ်မှုကို ကြုံဖူးပါသလား။

"ဖျားလို့ဆိုပြီး ဆေးခန်းသွားပြတာ။ ငှက်ဖျားဆိုပြီး ကုတာ တစ်လကျော်ကြာတယ်။ ငှက်ဖျားဆေးတွေသောက်လိုက်ရတာ ဆံပင်တွေတောင် ကျွတ်ကုန်တယ်။ နောက်ကျမှသိတာ အဆုတ်အအေးပတ်ပြီး ဖျားတာတဲ့" ဟု မြန်မာနိုင်ငံမှ နာမည်ကြီးဓာတ်ပုံဆရာတစ်ဦးက ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့် သူ၏အဖြစ်အပျက်ကို ပြောပြပါသည်။

ကိန်းဂဏန်း၊ စာရင်းဇယား အတိအကျပြုစုထားခြင်းမရှိသည့် ယင်းကဲ့သို့ရောဂါအမည်မှားယွင်းစွာ ဆုံးဖြတ်မှုများသည် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများနှင့် မစိမ်းသော ကျန်းမာရေးပြဿနာကြီး တစ်ခုအဖြစ် ရှိနေသည်။

သာမန်ဆရာဝန်တစ်ဦးဖြစ်ရန် အချိန်ခြောက်နှစ်၊ ခုနစ်နှစ်ရင်းနှီးမြှုပ်နှံရပြီး အထူးကု အဖြစ်ရပ်တည်မည်ဆိုပါက အနည်းဆုံး ဆယ်နှစ်ကျော် လေ့လာဆည်းပူးခဲ့သည့် ဆေးပညာများက ပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်မှုကို အာမခံချက်ပေးနိုင်သည်ဆိုသည့်အချက်က ယုံမှားသံသယဖြစ်ဖွယ် မရှိပါ။

သို့သော် မြန်မာနိုင်ငံ၏ ကျန်းမာရေးဝန်ဆောင်မှု ပြဿနာများတွင် ရောဂါအမည်မှားယွင်းစွာ ဆုံးဖြတ်မှုများရှိနေပြီး လူနာရှင်များက ဆေးပညာရှင်ဆရာဝန်များအပေါ် ယုံကြည်မှုလျော့နည်းလာသည်။

ဆရာဝန်နှင့် လူနာအချိုးအစားမျှတမှုကြောင့် အချိန်ပေးမကြည့်ရှုနိုင်ခြင်း၊ ရောဂါအဖြေတစ်ခုအတွက် ကျွမ်းကျင်သည့် နယ်ပယ်မှ ပညာရှင်များ ပူးပေါင်းဆောင်ရွက်မှု အားနည်းနေခြင်း၊ ရောဂါရှာဖွေရေးအတွက် လုံလောက်သော ခေတ်မီဓာတ်ခွဲခန်းစက်ကိရိယာ မပြည့်စုံခြင်းက ပြည်တွင်းတွင် မလိုအပ်သော လူထုကျန်းမာရေးပြဿနာများ ဖြစ်ပေါ်နေပြီး ငွေကြေးတတ်နိုင်သူများက ကျန်းမာရေးဝန်ဆောင်မှုအတွက် အိမ်နီးချင်းပြည်ပနိုင်ငံများကို ပိုမိုအားထားလာကြရသည်။

"ရောဂါရှာဖွေရေးတွေ ဘာကြောင့် လွဲကုန်တာလဲလို့ ပြောရင် နံပါတ်တစ်ကတော့ လူနာနဲ့ ဆရာဝန်စမ်းသပ်စစ်ဆေးရတဲ့ အချိန်မလုံလောက်တဲ့အတွက် ရောဂါရာဇဝင်ကို သေချာမေးမြန်းပြီး အဖြေထုတ်ရတဲ့အခါမှာ လွဲမှားမှုတွေ ရှိလာခြင်းဖြစ်ပါတယ်" ဟု ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ် (ငြိမ်း) ဒေါက်တာကျော်ကျော်က ပြောကြားသည်။

"ပြီးခဲ့တဲ့ သုံးနှစ်ကျော်လောက်က ထင်တယ်။ ကျွန်တော့်လိင်အင်္ဂါက ဝှေးစေ့နေရာက အရမ်းကြီးပြီး ထူအမ်းအမ်းဖြစ်လာတော့ ဆေးခန်းသွားပြတော့ ခွဲရမယ်ပြောရော။ ခွဲရမှာလည်း ကြောက်တယ်။ အဲဒီအချိန်မှာပဲ အစ်မက ဘန်ကောက်သွားတော့ သူနဲ့လိုက်သွားရင်း တစ်ခါတည်း ဆေးဝင်စစ်ပြီးပြလိုက်တာ။ အသားတိဘီဖြစ်ပြီး ကြီးနေတာတဲ့။ ပုံမှန်ဆေးသောက်လိုက်တာ ပျောက်သွားတယ်" ဟု အသက် ၄၆ နှစ်အရွယ်ရှိ ဦးမောင်အေးက ကိုယ်တွေ့အဖြစ်အပျက်တစ်ခုကို ပြောပြသည်။

ရောဂါတစ်ခုကို အမျိုးအမည်တပ်သောအခါ ဆေးပညာရှင်များအနေဖြင့် ဓာတ်ခွဲခန်းအဖြေကို အဓိကအားကိုးအားထားပြုကြရသည်။ သို့သော် ဓာတ်ခွဲခန်းများနှင့် ဓာတ်ခွဲခန်းပစ္စည်းများ၏ အရည်အသွေးစံချိန်စံညွှန်းကို စစ်ဆေးသော အဖွဲ့အစည်းများ မြန်မာနိုင်ငံ၌ မရှိသေးပါ။ မြန်မာဆေးပညာရှင် ဆရာဝန်များကလည်း အဆိုပါ အရည်အသွေးသတ်မှတ်ချက်အပြည့်အစုံ မရှိသော ဓာတ်ခွဲခန်းအဖြေများကို သိရှိနားလည်သော ပညာရပ်နှင့်ပေါင်းစပ်၍ ရောဂါအဖြေကို ပေးနေရသည်။

"အစိုးရက ဆေးပစ္စည်းပိုင်းဆိုင်ရာ ပံ့ပိုးမှုတွေ အားနည်းတဲ့အတွက် စက်ပစ္စည်းတွေက ရောဂါရှာဖွေရေးမှာ ထိရောက်အောင် မလုပ်ပေးနိုင်ဘူး။ မှားယွင်းတဲ့ ဆုံးဖြတ်မှုတွေရှိလာတယ်။ ဓာတ်ခွဲခန်းကျွမ်းကျင်သင်တန်းတွေမှာ မိုက်ခရိုစကုပ်တစ်ခုကို လူလေးယောက်လောက် ဝိုင်းကြည့်နေရတော့ သေချာလေ့လာမှုတွေလည်း မရှိတော့ဘူး" ဟု ဓာတ်ခွဲခန်းကျွမ်းကျင်ပညာရှင်တစ်ဦးက မှတ်ချက်ပြုသည်။

အမေရိကန်နိုင်ငံ ဂျွန်ဟော့ကင်းတက္ကသိုလ်၏ လေ့လာချက်တစ်ခုအရ ဆေးပညာရှင်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုအားနည်းခြင်း၊ လူနာနှင့် ဆရာဝန်ဆက်ဆံရေး၊ မပြည့်စုံသော စစ်ဆေးမှုများက ရောဂါအမည်မှားယွင်းခြင်းအတွက် ၆၅ ရာခိုင်နှုန်းအထိ ရှိနေသည်ဟု ဖော်ပြထားသည်။ အမေရိကန်နိုင်ငံရှိ အထူးကြပ်မတ်ကုသဆောင်များ၌ပင် ရောဂါအမည်မှားယွင်းမှုများကြောင့် တစ်နှစ်လျှင် လူဦးရေလေးသောင်းကျော် သေဆုံးလျက်ရှိသည်။

"သင့်အနေနဲ့ အကြိမ်တော်တော်များများမှာ ကျန်းမာရေး ပြဿနာတစ်ခုတည်းကို ဆရာဝန်သုံးယောက်ကို ပြခဲ့မယ်ဆိုရင် ရောဂါသုံးမျိုးဖြစ်နေပြီး ကုသမှုပုံစံသုံးမျိုးဖြစ်နေမယ်" ဟု အဆိုပါ ဂျွန်ဟော့ကင်းတက္ကသိုလ်၏ လေ့လာတွေ့ရှိချက်စာတမ်းတွင် ရေးသားထားသည်။

"ဒီပြဿနာတွေကိုဖြေရှင်းဖို့ စနစ်ရော၊ ပစ္စည်းရော ဖြည့်ဆည်းဖို့ လိုအပ်ပါတယ်။ လူနာနဲ့ ဆရာဝန်စမ်းသပ်စစ်ဆေးဖို့ လိုလာမယ်။ အစိုးရရော ပုဂ္ဂလိကပိုင်းရော နည်းပညာပိုမြင့်တဲ့ စက်တွေ ဖြည့်ဆည်းပြီး အသုံးပြုလာရင် ဒီပြဿနာတွေ လျော့နည်းလာမယ်" ဟု ဒေါက်တာကျော်ကျော်က အကြံပြုသည်။

ပြည်သူလူထုက ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စံချိန်စံညွှန်းအသိပညာများ ပိုမိုလာခြင်းကလည်း မြန်မာနိုင်ငံတွင် ဆေးပညာရှင်များ၏ ဆုံးဖြတ်ချက်များနှင့် ရောဂါရှာဖွေရေးနည်းစနစ်ပိုင်းတွင် လိုအပ်ချက်များရှိနေသည်ကိုထင်ရှားပေါ်လွင်လာစေသည်။

လွန်ခဲ့သော ဆယ်စုနှစ်ကာလတွင် ထိုင်းနိုင်ငံဘန်ကောက်သို့ သွားရောက်ဆေးကုသသူ မြန်မာများ မရှိသလောက် ရှားပါးခဲ့သော်လည်း ယနေ့အချိန်တွင် တစ်နှစ်လျှင် လူဦးရေ ထောင်ဂဏန်းကျော်က ပိုမိုကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှု မျှော်လင့်ချက်ဖြင့် ထိုင်းနိုင်ငံဘန်ကောက်ရှိ ဆေးရုံများသို့ သွားရောက်နေကြသည်။

ထိုင်းနိုင်ငံအတွင်းရှိ ဆေးရုံများသို့ သွားရောက်ဆေးကုသမှု မြင့်တက်လာသည့်နည်းတူ အခြားအိမ်နီးချင်းနိုင်ငံများဖြစ်သည့် စင်ကာပူ၊ အိန္ဒိယနှင့် မလေးရှားနိုင်ငံများသို့လည်း သွားရောက်ဆေးကုသသည့် ဦးရေ များပြားလာကြောင်း ပြည်တွင်းရှိ နိုင်ငံတကာဆေးရုံများနှင့် ရုံးခွဲများမှ သိရသည်။

ထိုသို့ဆေးကုသမှုများပြားလာမှုတွင် ပြည်တွင်း၌ ဆရာဝန်နှင့် လူနာကြား နားလည်မှုလွဲမှားသည့်ပြဿနာများ အပြီး ရုံးခွဲမှ နှစ်နှစ်ကျော်အတွင်း သွားရောက်မှု ပိုမိုများပြားလာကြောင်း ထိုင်းနိုင်ငံရှိ ဆေးရုံတစ်ခု၏ မြန်မာပြည်ဆိုင်ရာ ရုံးခွဲမှ အတိုင်ပင်ခံဆရာဝန်တစ်ဦးက ပြောသည်။

"လူနာကို အချိန်ပေးတယ်ဆိုတာ နှစ်ဦးနှစ်ဖက် နားလည်ဖို့လိုတယ်။ သူများနိုင်ငံတွေလိုတစ်ယောက်ကိုနာရီဝက် အချိန်ပေးမယ်ဆိုရင် လူနာနဲ့ဆရာဝန်အချိုးအစား ကွာဟချက်ကြီးနေတဲ့ ဒီနိုင်ငံမှာ မဖြစ်နိုင်သေးပါဘူး" ဟု ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးတစ်ဦးက သုံးသပ်ပြောကြားသည်။

" Diagnosis (ရောဂါအမည်) တပ်တဲ့အခါမှာ အဖြစ်နိုင်ဆုံးနဲ့ အနီးစပ်ဆုံး နှစ်ခု၊ သုံးခုလောက်ကို စဉ်းစားတယ်။ ပြီးတော့စမ်းသပ်ချက်တွေနဲ့ဆေးစစ်မှုတွေပေါင်းပြီး အကောင်းဆုံးအဖြေတစ်ခုထုတ်တယ်။ လူနာတွေအနေနဲ့ စိတ်ရှည်ဖို့ လိုပါလိမ့်မယ်" ဟု ဒေါက်တာစည်သူက ဆေးပညာလောကတွင် ရောဂါရှာဖွေခြင်းနှင့်စပ်လျဉ်း၍ လုပ်ဆောင်မှုများကို ရှင်းလင်းပြောကြားသည်။

ဆရာဝန်တစ်ဦးလျှင် လူဦးရေနှစ်ထောင်နှုန်း အချိုးရှိသော ကျန်းမာရေးစနစ်လည်ပတ်မှုတွင် လုပ်အားဝန်ပိခြင်းများရှိနေပြီး လူနာကြည့်ရှုရန် အချိန်မလုံလောက်မှုများ ဆက်လက်တွေ့မြင်နေရမည်ဖြစ်သည်။

မြန်မာနိုင်ငံဆေးကောင်စီက ဆရာဝန်များအနေဖြင့် မိမိ၏ ပြုစုကုသမှုကြောင့် မမျှော်လင့်ထားသော ဆိုးကျိုးများကျရောက်ခဲ့ပါက အမြန်ဆုံးဆောင်ရွက်ပေးရမည်၊ လူနာအား အဖြစ်မှန်ကို အသိပေးပြီး ဖြစ်ပေါ်လာနိုင်မည့် ရေတိုရေရှည်အကျိုးအကြောင်းများကို ရှင်းပြရမည်၊ လိုအပ်ပါက တောင်းပန်သင့်သည်ဟု ပြဋ္ဌာန်းပေးထားသည်။

လွဲမှားသော ရောဂါရှာဖွေဆုံးဖြတ်ချက်များ၊ ကုသမှုများကြောင့် လူနာများအနေဖြင့် ငွေကြေးပိုင်းသာမက ကျန်းမာရေးဆိုင်ရာ မလိုလားအပ်သော ဆိုးကျိုးများ ကြုံတွေ့နိုင်ပြီး ဆရာဝန်များအပေါ်၌လည်း ယုံကြည်မှု လျော့နည်းလာရသည်။

ပြည်တွင်းရှိအထူးကုဆေးရုံကြီးတစ်ခုတွင် ကုသခဲ့ပြီး သားအိမ်ထုတ်ရန် ဆရာဝန်က ဆရာဝန်က ဆုံးဖြတ်ခဲ့ခြင်းကြောင့် ထိုင်းနိုင်ငံရှိ ပုဂ္ဂလိကဆေးရုံတွင် သွားရောက်ပြသစစ်ဆေးခဲ့သည့် အမျိုးသမီးတစ်ဦးက ယခုကဲ့သို့ ပြောပြသည်။

"ဟိုရောက်တော့ ခြောက်လကြာရင် ပြန်စစ်ပါပဲပြောတယ်။ သားအိမ်ထုတ်ဖို့လည်း မလိုတော့ဘူး။ ဟိုသွားပြလိုက်မိလို့သာပေါ့" ဟု ဆိုသည်။






# အပြောင်းအလဲကာလနှင့် အလှူရှင်ကမ္ဘာ

**အောင်သူရ၊ပြည်သိမ်း**

သမ္မတဦးသိန်းစိန် ဦးဆောင်သော အရပ်သားအစိုးရလက်ထက်တွင် အဘက်ဘက်က နိမ့်ကျနေသော မြန်မာနိုင်ငံကို အကူအညီပေးရန် အတွက် အစိုးရအဖွဲ့များနှင့် အလှူရှင်များ၏ ပံ့ပိုးမှုများသည် အဖွဲ့အစည်းပေါင်းစုံမှ ပုံစံမျိုးစုံဖြင့် ဝင်ရောက်လာနေသည်။

"အဓိကတော့ ငြိမ်းချမ်းရေးဖော်ဆောင်တဲ့လုပ်ငန်း၊ ကျန်းမာရေးကဏ္ဍနဲ့ မိခင်ကလေးစောင့်ရှောက်ရေးလုပ်ငန်းတွေမှာ အများဆုံးဝင်ရောက်လာတယ်"ဟု မြန်မာနိုင်ငံအင်န်ဂျီအိုများဥက္ကဋ္ဌ ဒေါ်ဇင်ဝင်းကဆိုသည်။

သို့သော် မြန်မာနိုင်ငံသို့ ကူညီသော အလှူငွေများမှာ ပြည်တွင်းရှိ အဖွဲ့အစည်းများသို့ တိုက်ရိုက်လှူဒါန်းမှုနည်းပါးပြီး နိုင်ငံတကာအင်န်ဂျီအိုများမှတစ်ဆင့် ပြန်လည်ပေးအပ်ခြင်းကများကြောင်း ဒေါ်ဇင်ဝင်းကပြောသည်။

ထို့အပြင် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာအလှူရှင်များမှ ငွေကြေးထောက်ပံ့ရာတွင် ပညာရှင်များနှင့် ဝန်ထမ်းအသုံးစရိတ်အတွက် ထောက်ပံ့ငွေ၏ ၃၀ ရာခိုင်နှုန်းခန့် သုံးစွဲနေကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်ကဆိုသည်။

မြန်မာနိုင်ငံ ပို့ကုန်မဟာဗျူဟာရေးများအတွက် အမေရိကန်ဒေါ်လာခုနစ်သန်း သုံးစွဲထားပြီး ယင်းငွေမှာ ကျွမ်းကျင်ဝန်ထမ်းနှင့် ပညာရှင်များခန့်ထားရန်နှင့် နေထိုင်စားသောက်ကုန်ကျမှုစရိတ်များအတွက် သုံးကြသည်ဟုဆိုသည်။

သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းမရှိဘဲ၊ အချက်အလက်သေချာမရှာဘဲ ပေါ်ပင်လုပ်ငန်းများတွင်သာ စုပြုံလုပ်ဆောင်နေကြသည်များလည်းရှိသည်။

ထိုကဲ့သို့ ပေါ်ပင်လိုက်နေကြခြင်းနှင့် သေချာလေ့လာခြင်းမရှိဘဲ ပြုလုပ်နေကြသဖြင့် အကူအညီ၊ အထောက်အပံ့များ နယ်မြေထပ်ခြင်းမရှိစေရန် အစည်းအဝေးတိုင်းတွင် ပြောဆိုနေကြောင်း လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ကျော်မိုးကပြောသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အောက်ရှိ မိုင်းရှင်းလင်းရေးအတွက် အီးယူ၊ အမေရိကန်ပြည်ထောင်စု၊ နော်ဝေး၊ ဒိန်းမတ်၊ လူဇင်ဘတ်နှင့် ဆွစ်ဇာလန်နိုင်ငံများမှ အမေရိကန်ဒေါ်လာ ၁၁ သန်းကျော် ထောက်ပံ့မည်ဟု မြေမြှုပ်မိုင်းအသုံးပြုမှု စောင့်ကြည့်ရေးအစီရင်ခံစာတွင် ဖော်ပြထားသည်။



ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများတွင် အောက်ခြေ၌ တကယ်လိုအပ်သူများအတွက် လုပ်ကိုင်ပေးသူများထက် ခါတော်မီအဖွဲ့အစည်းများကသာ ပိုအဆင်ပြေလာသည်ဟု ပေါင်းကူးအဖွဲ့ ဦးဆောင်သူ ဒေါက်တာကျော်သူကပြောသည်။

ဥပမာတစ်ခုအနေဖြင့် ဒေါ်လာ ၁၁ သန်းကျော် ထောက်ပံ့မည့် မိုင်းရှင်းလင်းရေးလုပ်ငန်း လုပ်ဆောင်ရန်အတွက်ပြည်တွင်း အင်န်ဂျီအိုများမှာ မိုင်းကွင်းရှိသည့် ဒေသများတွင် ခြေရှုပ်နေခဲ့ကြသည်ဟု ဒေသခံများက ဆိုခဲ့ကြသည်။

"ကျွန်မတို့ပြည်နယ်မှာဆို ဒီမောဆိုတစ်ခုတည်းမှာကို အင်န်ဂျီအိုက လေးခုလောက်ဖြစ်နေတယ်။ အလုအယက်သဘောမျိုးကိုဖြစ်နေတာ။ တကယ်တမ်းလုပ်ကြတာက မြို့ပေါ်လောက်ပဲ။ နယ်ဆင်းတာနည်းတယ်"ဟု ကယားပြည်နယ်နှင့် ကယန်းဒေသ ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ လူငယ်ရေးရာတာဝန်ခံ မအက်ဗလင်းကပြောသည်။

"တကယ်အောက်ခြေနဲ့ဆက်ဆံပြီး လုပ်နေတဲ့သူတွေက အင်္ဂလိပ်လိုလည်း မပြောတတ်၊ သံရုံးတွေနဲ့လည်း အဆက်အသွယ်မရှိတော့ သံရုံးဝန်ထမ်းတွေနဲ့ သိတဲ့သူတွေ၊ အင်္ဂလိပ်လို ပြောနိုင်တဲ့သူတွေပဲ ရသွားကြတာများတယ်"ဟု ပြည်တွင်းအခြေစိုက် အရပ်ဘက်အဖွဲ့အစည်းတစ်ခုမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

ထို့အပြင် နိုင်ငံမျိုးစုံမှ ပုံစံမျိုးစုံဖြင့် ဝင်ရောက်လာသော အဖွဲ့အစည်းအများစုမှာ မြန်မာနိုင်ငံသို့ ရောက်ရှိပြီးနောက် အများဆုံးလုပ်ဆောင်ကြသည်များမှာ အလုပ်ရုံဆွေးနွေးပွဲများနှင့် သင်တန်းများဖြစ်သည်။

ထိုသင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲများတွင် တက်ရောက်သူများမှာလည်း သင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲသာ ပြောင်းသွားသော်လည်း တက်ရောက်သည့်သူများမှာ မပြောင်းလဲကြကြောင်း အရပ်ဘက်အဖွဲ့အစည်းများကဆိုသည်။

"သင်တန်းတွေ၊ ဖိုရမ်တွေ ပေးနေတာရှိတယ်။ အားမနာတမ်းပြောရရင် ဒီနေ့လဲ ဒီလူပဲ၊ နောက်နေ့လဲ ဒီလူပဲ၊ ဟိုသင်တန်းလဲ ဒီလူပဲ၊ ဒီသင်တန်းလဲ ဒီလူပဲဖြစ်နေတယ်"ဟု ၈၈ မျိုးဆက်သစ်(ငြိမ်း/ပွင့်)အဖွဲ့မှ ကိုမြအေးကပြောသည်။

ထို့ကြောင့်ပင် သင်တန်းတက်စားသည့် လူတန်းစားတစ်ရပ်ပင် ပေါ်ပေါက်လာသကဲ့သို့ဖြစ်နေပြီး အရပ်ဘက်အဖွဲ့အစည်းများတွင် ကြားဗန်းစကားတစ်ရပ်ပင် ပေါ်ပေါက်လာခဲ့သည်။ သင်တန်းတက်ရောက်သူများအား လမ်းစရိတ်နှင့်နေ့တွက်ခနှစ်ရပ်ပေါင်းအနည်းဆုံး ကျပ်တစ်သောင်းခွဲခန့် ရရှိကြသည်။

အဆိုပါလမ်းစရိတ်နှင့် နေ့တွက်ခနှစ်ခုပေါင်းကို 'ဖင်ညောင်းခ'ဟု အရပ်ဘက်အဖွဲ့အစည်းများက မြန်မာမှုပြုထားကြသည်။

အရှေ့တောင်အာရှနိုင်ငံများထဲတွင် ကမ္ဘောဒီးယားနိုင်ငံသည်လည်း နိုင်ငံတကာက ထောက်ပံ့မှုများကြောင့် အင်န်ဂျီအိုပေါင်း သုံးသောင်းခန့် ပေါ်ပေါက်ခဲ့ပြီး ပေါ်ပင်လုပ်စားမှုများကြောင့် အကူအညီများမှာ အမှန်တကယ်လိုအပ်သူများထံမရောက်ဘဲ အင်န်ဂျီအိုမှ လူများသာ အလုပ်ဖြစ်ခဲ့သည့် သာဓကရှိခဲ့သည်။

မြန်မာနိုင်ငံသို့ လက်ရှိဝင်ရောက်နေသော အကူအညီများမှာ ဦးသိန်းစိန်အစိုးရလက်ထက်တွင်များလာသော်လည်း အမှန်တကယ်ရရှိသင့်သည့် ပမာဏအလွန်နည်းနေသေးကြောင်း အမေရိကန်နိုင်ငံသားသတင်းစာဆရာ ဂျက်ရသာဖိုစ်က သုံးသပ်သည်။

လက်ရှိမြန်မာနိုင်ငံသို့ ဝင်ရောက်နေသော အကူအညီများမှာ အစိုးရအဖွဲ့အစည်းနောက်ခံပြီး ဖွဲ့စည်းထားသော ကူညီမှုများသာများပြီး ၎င်းတို့ပေးသော အကူအညီများမှာလည်း နှောင်ကြိုးပါသော အကူအညီများဖြစ်ကြောင်း အင်န်ဂျီအို အသိုင်းအဝိုင်းကဆိုသည်။

စာမျက်နှာ ၁၄ ››



7 DAY NEWS JOURNAL
Vol.12, No.39 • DECEMBER 4 , 2013

CRIME မှုခင်း သတင်း CORNER

## အုတ်သယ်ယာဉ်တိမ်းမှောက်ပြီး လုပ်သားတစ်ဦးသေ နှစ်ဦးဒဏ်ရာရ

သန်းဌေး

ရန်ကုန်၊ ဒီဇင်ဘာ – ၁

အုတ်သယ်ယာဉ်တစ်စီး တိမ်းမှောက်ပြီး အလုပ်သမားတစ်ဦး သေဆုံးကာ နှစ်ဦးဒဏ်ရရှိမှုမှော်ဘီမြို့နယ်တွင်ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

ဒီဇင်ဘာ၁ရက် နံနက်က မှော်ဘီမြို့နယ်၊ လှည်းငုတ်ချောင်း ကျေးရွာအုပ်စု၊ ရန်ကုန်-ပြည်လမ်းမအတိုင်း မောင်းလာသော အုတ်သယ်ယာဉ်သည် မိုင်တိုင်အမှတ် ၃၅/၇အနီးသို့ရောက်သောအခါ အရှိန်မထိန်းနိုင်ဘဲ လမ်းညာဘက်ခြမ်းသို့ မှောက်ခဲ့ခြင်းဖြစ်သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါလာသည့် အုတ်တင်၊ အုတ်ချအလုပ်သမားတစ်ဦး ဦးခေါင်းထိခိုက်ကာ အဆိုပါနေရာတွင် သေဆုံးသွားခဲ့သည်။

"ကားပေါ်မှာ ဒရိုင်ဘာရယ်၊ စပယ်ယာရယ်၊ အလုပ်သမားသုံးယောက်ရယ်ပါလာတာ။ ဒရိုင်ဘာနဲ့ စပယ်ယာက ဘာဒဏ်ရာမှ မရဘဲ ထွက်ပြေးသွားတာ။ အခုအထိမမိသေးဘူး" ဟု ယာဉ်မှုစစ်ရဲအရာရှိက ဒီဇင်ဘာ ၁ရက်ညတွင် ပြောသည်။

ထို့အပြင် အခြားအလုပ်သမားနှစ်ဦးသည်လည်း ဒဏ်ရာများရရှိခဲ့သဖြင့် ထွက်ပြေးတိမ်းရှောင်သွားသော ယာဉ်မောင်းကို မှော်ဘီမြို့မရဲစခန်းမှုပြစ်မှုဆိုင်ရာပုဒ်မ ၃၀၄-က/၃၃၈/၃၃၇/၂၇၉/၂၀၂ ဖြင့်အရေးယူထားသည်။

## အာဆီယံကာကွယ်ရေးဝန်ကြီးများအစည်းအဝေး ဥရောပသမဂ္ဂနှင့် မြန်မာ ပူးတွဲသဘာပတိလုပ်မည်

အေးသူစံ

ရန်ကုန်၊ ဒီဇင်ဘာ-၁

အာဆီယံဒေသတွင်း ဒေသဆိုင်ရာ ကာကွယ်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ရန် အာဆီယံကာကွယ်ရေးအရာရှိကြီးများအစည်းအဝေးကိုဥရောပသမဂ္ဂ(EU) နှင့် မြန်မာတို့ ပူးတွဲသဘာပတိအဖြစ် ရန်ကုန်မြို့တွင် ကျင်းပမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။




"မြန်မာဘက်က ကာကွယ်ရေးဝန်ကြီးဌာနက ဗိုလ်မှူးကြီးအဆင့်ရှိတဲ့ အရာရှိကြီးတွေ တက်ရောက်ပါမယ်။ အာဆီယံဒေသတွင်း ဖိုရမ်အောက်မှာ ပါဝင်တဲ့ နိုင်ငံပေါင်း ၂၇ နိုင်ငံက ကာကွယ်ရေးအရာရှိကြီးတွေ တက်ရောက်ကြပါမယ်။ အစည်းအဝေးက ဒီဇင်ဘာ ၆ ရက်ဖြစ်ပါတယ်" ဟု အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်လင်းက ပြောကြားသည်။

ယင်းအစည်းအဝေးကို လွန်ခဲ့သည့် ၂၀၀၁ ခုနှစ်က ရန်ကုန်တွင်ကျင်းပခဲ့ပြီး ယခု ဆယ်နှစ်ကျော်အတွင်း မြန်မာက အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းဖြစ်သည်။ ချက်ထရီယမ်ဟိုတယ်တွင် ပြုလုပ်မည်ဖြစ်ပြီး အာဆီယံဒေသဆိုင်ရာ ဖိုရမ်အောက်ရှိ ခေါင်းစဉ်များမှ ဒေသတွင်းကာကွယ်ရေးနှင့် လုံခြုံရေးအတွက် တပ်မတော်များကြား ပူးပေါင်းဆောင်ရွက်ရေးအခန်းကဏ္ဍကို အမြင်ချင်းဖလှယ်ဆွေးနွေးကြမည်ဖြစ်သည်။

"မြန်မာက EU နဲ့ ပူးတွဲသဘာပတိလုပ်ပါမယ်။ ကာကွယ်ရေးလုပ်ငန်းတွေ ပူးပေါင်းဆောင်ရွက်တဲ့အတွက် ယုံကြည်မှုကို မပျက်စေဘဲ သံတမန်နည်းလမ်းအရ ဘယ်လိုပူးပေါင်းဆောင်ရွက်ကြမလဲဆိုတဲ့ အချက်ကိုဆွေးနွေးကြမှာပါ" ဟု ဦးအောင်လင်းက ပြောကြားသည်။

ထို့အပြင် ဒီဇင်ဘာ ၈ ရက်နှင့် ၉ ရက်တွင် ဥရောပသမဂ္ဂနှင့် မြန်မာက ပူးတွဲသဘာပတိအဖြစ် အာဆီယံဒေသတွင်း ဖိုရမ်ကို ချက်ထရီယမ်ဟိုတယ်တွင်ပင် ကျင်းပသွားမည်ဖြစ်ပြီး ဖိုရမ်အပြီးတွင် သတင်းစာရှင်းလင်းပွဲ ပြုလုပ်သွားမည်ဟု သတင်းရရှိသည်။



Life
7Day News Journal
Vol.12, No.39 • DECEMBER 4 , 2013

# ခြေတစ်ဖက်အတွက် ၆,၀၄၀ ကျပ်

**ထွန်းနိုင်**



*တင်ထွန်းအောင်က ၎င်း၏ ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် တင်ထားသည့်ပုံ*

ဓာတ်ပုံ - တင်ထွန်းအောင်ဖေ့စ်ဘွတ်ခ်

မောပန်းနွမ်းနယ်ပုံပေါက်နေသည့်အဖွဲ့သားများက မြေပြင်ပေါ် ခြေပစ်လက်ပစ်ထိုင်ချလိုက်ကြသည်။ သူတို့ချထားခဲ့သည့်ပေါက်တူးကိုကိုင်ကာ ကိုတင်ထွန်းအောင်တစ်ယောက် မြေကျင်းကိုဆက်တူးရန် ပြင်ဆင်လိုက်သည်။

ဆောင်းအကုန်နွေအကူးဖြစ်သော်လည်း တောတောင်ထူထပ်သောနေရာဖြစ်သည့်အတွက် ရာသီဥတုက အေးစိမ့်စိမ့်ပင်ရှိနေသည်။ သို့သော်လည်း သူ့အနားက လူများရင်ထဲမှ ပူလောင်မှုကိုတော့ မျက်နှာများက သက်သေပြနေခဲ့သည်။

လပေါင်းများစွာအတူတကွသွားလာခဲ့ရသည့်လူတစ်ဦးမကြာမီတွင် တောတွင်းတစ်နေရာ၌ ထားခဲ့ရတော့မည်ဖြစ်သည်။

နာမည်ကျော်ကရင်ပြည်နယ် မာနယ်ပလောဒေသသို့ ၂၀၁၁ခုနှစ်မတ်လအတွင်းကနယ်မြေစိုးမိုးရေးထွက်ခွာခဲ့သည့် တပ်မတော်စစ်ကြောင်း၏ ရှေ့ဆုံးပွိုင့်သွားရသည့် ရဲဘော်တစ်ဦးမိုင်းနင်းမိသောကြောင့် သူတို့မျက်စိရှေ့တွင်ပင်အသက်ပျောက်ခဲ့ခြင်းဖြစ်သည်။

ထိုတပ်မတော်စစ်ကြောင်းအတွက် ပေါ်တာတစ်ယောက်အဖြစ် ဝန်စည်စလယ်များသယ်ဆောင်ပေးရသည့် ကိုတင်ထွန်းအောင်တို့ လူတစ်သိုက်မြေကျင်းတူးအပြီးတွင် မိုးကာဖြင့် ထုပ်ထားသော ကျဆုံးရဲဘော်ကို သူ၏ လုပ်ဖော်ကိုင်ဖက် စစ်သားများက နောက်ဆုံးအကြိမ်အလေးပြုနှုတ်ဆက်လိုက်သည်။

သူတို့လိုပေါ်တာများအပေါ် အဆင်ပြေပြေဆက်ဆံတတ်သည့် ရှားတောင့်ရှားခဲ ထိုရဲဘော်အတွက် ကိုတင်ထွန်းအောင်တစ်ယောက်လည်း အခြားပေါ်တာများနည်းတူ စိတ်မကောင်းဖြစ်ရသည်ဟု ဆိုသည်။

"ရဲဘော်ထဲမှာလည်းကောင်းတဲ့ ကောင်တွေလည်းရှိသလို၊ ဆိုးတဲ့ကောင်တွေလည်းရှိတယ်။ ကျွန်တော်သိသလောက် သေသွားတဲ့သူက ဝန်ဆောင်(ပေါ်တာ)တွေနဲ့ အဆင်ပြေတယ်။ သူ့နေရာက ဝင်တွေးကြည့်လိုက်တယ်။ လူမသိသူမသိ၊ မိသားစုကတောင် ဘယ်မှာသေ လို့ သေမှန်းမသိဘဲ တောထဲတောင်ထဲမှာ ထားခဲ့ရတာ။ သူ့အတွက်ပဲ စိတ်မကောင်းဖြစ်မိတယ်"ဟု ကိုတင်ထွန်းအောင်က ပြောသည်။

သို့သော်နောက် ၁၀ ရက်ခန့်အကြာမှာတော့ သူခံစားသနားခဲ့ရသည့် ရဲဘော်နေရာတွင် သူရောက်သွားခဲ့ရသည်။

"ဂျိမ်း"ခနဲပေါက်ကွဲသံနှင့်အတူထွက်လာသည့် မီးခိုးလုံးများကြောင့် အနီးတစ်ဝိုက်ကို ရေးရေးသာမြင်ရတော့သည်။ သူကျော ပိုးထားခဲ့သည့် ကြိမ်ခြင်းတောင်းထဲမှ ၆၀မမ ဗုံးဆန်များလည်း အနီးတစ်ဝိုက်ပြန့်ကြဲသွားခဲ့သည်။

"ကျွန်တော်နဲ့အတူ ဘားအံကပါလာတဲ့ သထုံထောင်ကကောင်လေးက လှမ်းခေါ်တာ။ ပစ္စည်းတွေဘာတွေနားလည်မှုနဲ့ မျှသယ်ကြတာပေ့ါ။ သူ့ကိုစောင့်မယ်ဆိုပြီး သွားနေတဲ့ လမ်းကြောင်းက ဘေးထွက်လိုက်တာ။ နောက်ပြန်နင်းတာ။ ကျွန်တော့်စိတ်ထင် စစ်ကြောင်းထွက်လို့ရန်သူက လှမ်းပစ်တယ်ထင်တာ။ ချက်ချင်းပဲ ခြေထောက်က ပူလာတာ"ဟုသူမိုင်းနင်းမိစဉ်အတွေ့အကြုံကို ပြောပြသည်။

ထိုစဉ်က အသက် (၂၄) နှစ်ခန့်ရှိနေပြီဖြစ်ပြီး အစိုးရဝန်ထမ်းနှင့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူတစ်ယောက်အဖြစ် တစ်ပြိုင်တည်းလုပ်ကိုင်ခဲ့ရာမှ အကျဉ်းသား တစ်ဦးဖြစ်သည့်သူ့အတွက်တော့ တောတွင်းတစ်နေရာတွင် ဒီလိုဘဝမျိုးကြုံရမည်ဟု ဘယ်တုန်းကမျှ မမျှော်လင့်ခဲ့ဟုဆိုသည်။

သူသည် စစ်အစိုးရ၏ အုပ်ချုပ်ရေးပိုင်းတွင် ဝန်ထမ်း တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်ပြီး တစ်ပြိုင်တည်းတွင်လည်း ထိုစဉ်က လျှို့ဝှက်နိုင်ငံရေးလှုပ်ရှားနေသည့် Generation Wave အဖွဲ့နှင့်လည်း ဆက်သွယ်မိပြီး နိုင်ငံရေးလှုပ်ရှားမှုအချို့ ဆောင်ရွက်ခဲ့ကြောင်း ကိုတင်ထွန်းအောင်ကပြောသည်။

နိုင်ငံရေးလှုပ်ရှားမှုများ ပြုနေစဉ် ၂၀၀၈ ခုနှစ်က Generation Wave အဖွဲ့ ဖမ်းဆီးခံခဲ့ရပြီး သူလည်း ထောင်ဒဏ်ငါးနှစ်ချမှတ်ခံခဲ့ရသည်။

"အဲဒီတုန်းကသိပ်ငယ်တယ်။ လူငယ်ဆိုတော့မခံချင်တာ သိပ်များတယ်။ အိမ်ကလည်း ပိုက်ဆံရလို့ Generation Wave နဲ့ပေါင်းလုပ်တယ်ထင်တယ်။ Generation Wave က အချို့ကလည်း နောက်ဆုံးမှ ကျွန်တော်အဖမ်းခံရတော့ သံသယဝင်တယ်။ နောက်ဆုံးစစ်ကြောရေးရောက်သွားမှသူတို့ထင်သလို မဟုတ်ဘူးဆိုတာ အဖွဲ့ထဲ (Gen-eration Wave) ကလူတွေလက်ခံ လာကြတာ"ဟု ထိုစဉ်က သူ၏အတွေ့အကြုံကိုပြောသည်။

ဖမ်းဆီးထိန်းသိမ်းစဉ်က နိုင်ငံရေးအကျဉ်းသားပုဒ်မများဖြစ်သော်လည်း စတင်ထိန်းသိမ်းခံရပြီး ၂နှစ်ခန့်အကြာတွင် ဘားအံအကျဉ်းထောင်သို့ ပို့ဆောင်ခံခဲ့ရ၍ ထိုမှ တစ်ဆင့်ရှေ့တန်းစခန်းများဆီပေါ်တာအဖြစ် သွားရောက်စေခဲ့ကြောင်း ကိုတင်ထွန်းအောင်ကပြောသည်။

"ထမ်းရတဲ့ ၆၆ မမဗုံးသီးတွေကဆန်အိတ်သုံးပုံနှစ်ပုံစာလောက်ရှိတယ်။ ကျွန်တော်တို့လိုပေါ်တာချည်းပဲ ၄၀ လောက်ပါတယ်။ တောင်တွေကလည်း တစ်တောင်တက် တစ်တောင်ဆင်းနဲ့၊ တပ်မည္ဟန်ကြားချက်နဲ့ တောထဲမှာ သွားနေရတာ။ သွားရင်းလာရင်းနဲ့ နှစ်လကြာတော့တောထဲမှာနှစ်လ၁၆ရက်မြောက်မှာ မိုင်းစထိတာပဲ"ဟု သူကပြောသည်။

"ဖြစ်ဖြစ်ချင်းမိဘကို ဘယ်လိုပြန်ရင်ဆိုင်မလဲလို့ တွေးမိတယ်။ နောက်ဆုံးအိမ်ပြန်ခါနီးကို ဒီလိုဖြစ်သွားတော့ ဒီမျက်နှာနဲ့ အိမ်မပြန်ရဲဘူး။ တစ်နှစ်ပဲလိုတော့တာလွတ်ဖို့။ မိဘကို ဘယ်လိုပြန်ရင်ဆိုင်မလဲလို့တွေးတယ်။ မိုင်းနင်းတော့ အဝတ်အစားတွေ ချွတ်ပြီး လေးယောက်လောက်က ဝိုင်းဖိထားတယ်။ ကျွန်တော်မခံနိုင်တော့ဘူး။ ရေလောင်းပေး၊ မော်ဖိန်းထိုးပေးတယ်။ ထိုးနေတဲ့ အချိန်မှာ ပြတ်သွားတဲ့ အသားတွေ၊ အရိုးတွေကို ခုတ်ပေးတယ်။ အဲဒီမှာပဲ မေ့သွားတယ်"ဟုသူက ဆက်လက်ပြောသည်။

သူသတိရတော့စခန်းချထားသည့်ခရစ်ယာန်ဘုရားရှိခိုးကျောင်း၏ အောက်ထပ်တွင် ရောက်နေခဲ့ကြောင်းကို တင်ထွန်းအောင်က ပြောသည်။ ကမ္ဘာပေါ်တွင်မြေမြှုပ်မိုင်းအန္တရာယ်အကြီးမားဆုံးနိုင်ငံတစ်ခုဖြစ်သည့် မြန်မာနိုင်ငံ၏ မိုင်းထိသူစာရင်းထဲတွင်သူလည်း အဖွဲ့ဝင်တစ်ယောက်ဖြစ်သွားခဲ့ရသည်။

စာမျက်နှာ (IV)သို့



7 DAY NEWS JOURNAL
Vol.12, No.39 • DECEMBER 4 , 2013

# BBC ၏ အာရှစည်းချက်အစီအစဉ် ရိုက်ကူးရန် သားစိုး ဟန်ချွင်းသို့သွားရောက်

**ဖွဲ့ညက်**

**ရန်ကုန်၊ နိုဝင်ဘာ-၃၀**

BBCရုပ်သံလိုင်းမှ ၂၀၁၄ခုနှစ်တွင် ထုတ်လွှင့်မည့် Asia Beat အစီအစဉ်ရိုက်ကူးရန် ဗီယက်နမ်နိုင်ငံ ဟန်ချွင်းမြို့သို့ ဒီဇင်ဘာ ၃ရက် တွင် သွားရောက်မည်ဟု အဆိုတော် သားစိုးကပြောသည်။

ယင်းအစီအစဉ်တွင် ပါဝင်ရန် အဆိုပါရုပ်သံလိုင်းက ကမ်းလှမ်းခဲ့ခြင်းဖြစ်ပြီး ယခင်က BBC မှအင်တာဗျူးပုံစံဖြင့် တင်ခဲ့ကာ တစ်ကမ္ဘာလုံးသို့ လွှင့်မည့် အစီအစဉ်ဖြစ်သည်ကို မကြာမီကမှ သိရှိခဲ့ကြောင်း ၎င်းက ပြောသည်။

“ဒီပရိုပရမ်ကို အစက ဒီလောက်ကြီးမယ်လို့မထင်ဘူး။ အဲဒါကြောင့် ခပ်ပေါ့ပေါ့ပဲနေတာ။ သူတို့ပို့ပေးတဲ့ Link တွေ ကြည့်ရင်းနဲ့မှ ၂၀၁၄ မှာ တစ်ကမ္ဘာလုံး ပြမယ်ဆိုတာသိတာ။ Asiaရဲ့ အဆိုတော်တွေထဲက ရွေးပြီး ပြတာဆိုတော့ ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူပါတယ်”ဟု သားစိုးက ပြောသည်။

ထို့အပြင် မြန်မာ့ဂီတနှင့် ပတ်သက်၍လည်း ရှင်းလင်းပြောကြားရမည်ဖြစ်ပြီး “ဘူးသီးနုနု မခူးရ”သီချင်းကို သီဆိုပေးရန် ရွေးချယ်ပေးထားကြောင်း၎င်းက ပြောသည်။

ယင်းသီချင်းကို တီးခတ်ရန် မြန်မာဆိုင်းဝိုင်းဖြင့်တီးရန် စဉ်းစားသော်လည်း ဆီးဂိမ်းနှင့် တိုက်နေ၍မအားကြသောကြောင့် The Ugly Music Band ကို အကူအညီတောင်းခဲ့ရကြောင်း ၎င်းကပြောသည်။

ထိုအစီအစဉ်သည် မြန်မာနိုင်ငံကို ပထမဆုံးဖိတ်ကြားခြင်းဖြစ်သောကြောင့် ဝမ်းမြောက်ပြီး ဒီဇင်ဘာ ၄ ရက်တွင် ဟန်ချွင်းမြို့ရှိ စတူဒီယိုတွင် တီးခတ်ကာ ဖျော်ဖြေမည်ဖြစ်ကြောင်း သားစိုးက ပြောသည်။

ယင်းပရိုဂရမ်ကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်တွင် တစ်ကမ္ဘာလုံးသို့ ထုတ်လွှင့်ပေးမည်ဖြစ်သည်။

ယခုခရီးစဉ်တွင် လေးဦးသာ သတ်မှတ်ထားသောကြောင့် အတီးသမားသုံးဦးနှင့်အတူ သွားရောက်မည်ဖြစ်ပြီး ဒီဇင်ဘာ ၇ ရက်တွင် ပြန်လည်ရောက်ရှိမည် ဖြစ်ကြောင်း သတင်းရရှိသည်။

ထပ်မံထွက်ရှိမည့် ၎င်း၏ တစ်ကိုယ်တော်ခွေ “အာလူး၊ သာကူး၊ နှာဘူး၊ ဂန်ဒူး”အခွေကိုလည်း New Year တွင် အွန်လိုင်းမှ တစ်ဆင့် ဖြန့်ဝေပေးမည်ဖြစ်ပြီး New Year Count Down အစီအစဉ်သို့ လာရောက်မည့်ပရိသတ်များအား အခမဲ့ဝေငှသွားရန် အစီအစဉ်ရှိကြောင်း သားစိုးက ပြောသည်။




## ဝက်သုံးရောင်ခြယ်ဟင်း

ဒီတစ်ပတ်ဝိုက်ဖီက ထူးထူးခြားခြား ဟင်းတစ်ခွက်ကို ချက်ပြုတ်ထားပါတယ်။

ဒီဟင်းချက်ဖို့ ဝက်နားရွက် ၂၀ ကျပ်သား၊ ဘဲဥနှစ်လုံးနဲ့ ငါးကွမ်းရှပ်ခြောက်အသားမြှောင်း တစ်မြှောင်းပဲလို ပါတယ်။

ကြက်သွန်ဆီသတ်ဖို့ ဆီဆူရင် သကြားနည်းနည်းထည့်ပါ။ ပြီးရင် အရသာနယ်ထားတဲ့ ဝက်နားရွက်ထည့်ပါမယ်။ ဝက်နားရွက်နူးသွားအောင် ရေသုံးရေလောက်တည်ရမှာပါ။ ပထမနှစ်ရေ ဆီပြန်သွားတဲ့အခါ ပြုတ်ပြီးသားဘဲဥနဲ့ ငါးခြောက်အတုံးလေးတွေထည့်ပါမယ်။ ပြီးမှ နောက်ဆုံး တတိယမြောက်ရေ ထည့်ပါမယ်။ ဆီပြန်သွားတဲ့အခါ အရောင်တင်မှုန့်ထည့်မထားတာကြောင့် ဟင်းရဲ့အရောင်က ရွှေအိုရောင်သန်းလာပြီး ဘဲဥကလည်း ညိုပြီးမာလာပါလိမ့်မယ်။ ဆီပြန်တဲ့အခါ ကြက်သွန်မြိတ်လေးတွေအုပ်ပြီး ချလိုက်ရုံပါပဲ။




“သင်ထင်ထားတာထက် တုပ်ကွေးရောဂါ ပိုဖြစ်နိုင်ပါတယ်”
အခုချက်ခြင်း ကာကွယ်ထားသင့်ပါတယ်။



တုပ်ကွေးရောဂါမဖြစ်စေရန် ကာကွယ်သင့်သူများမှာ(1)-
- နာတာရှည်ရောဂါရှိသူများ(ဥပမာ - နှလုံးရောဂါ၊ဆီးချိုရောဂါ၊အဆုတ်ရောဂါ)
- ကလေးငယ်များ (အသက်(၆)လ အထက်ရှိသောကလေးများအားလုံး)
- အသက်ကြီးသောသူများ နှင့်
- လူတိုင်းကာကွယ်ထားသင့်ပါတယ်။

တုပ်ကွေးရောဂါကြောင့် နောက်ဆက်တွဲဆိုးကျိုးများ မဖြစ်စေရန် နီးစပ်ရာဆရာဝန်နှင့်တိုင်ပင်ပါ။(ဥပမာ။ ကာကွယ်ဆေးထိုးခြင်း)

References
(1) Chisanu P, et al. Handbook of Vaccines: Asian Perspective, Bangkok, 2006.
(2) Cold and Flu symptoms-WebMD on November 01, 2011

VN 2013-55

gsk do more feel better live longer

အောင်ခိုင်၊ ထွန်းခိုင်

# အသက်အငယ်ဆုံး ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ရဲထွဋ်

နိုဝင်ဘာနောက်ဆုံးပတ် အတွင်းက ရဲဘော်သုံးကျိပ်တွင် နောက်ဆုံးသက်ရှိထင်ရှားကျန်ခဲ့သူ ဗိုလ်ရဲထွဋ်ကွယ်လွန်သွားပြီ ဖြစ်သည်။

၁၉၄၂ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်က ဗိုလ်မိုးကြိုး၊ ဗိုလ်တေဇတို့ ဦးဆောင်သော ဗမာ့လွတ်လပ်ရေး တပ်မတော်သည် ဗြိတိသျှတို့ကိုတော်လှန်ရန် ထိုင်းနိုင်ငံ ရဟိုင်းဒေသမှတစ်ဆင့် ရန်ကုန်သို့ ချီတက်လာခဲ့ရာတွင် စစ်ဦးစီးအရာရှိအဖြစ် ပါဝင်ခဲ့သည်။ လမ်းတစ်လျှောက် ဖြစ်ပွားခဲ့သောတိုက်ပွဲများတွင် ၎င်း၏ဦးဆောင်တိုက်ခိုက်မှုများမှာ ဗမာ့လွတ်လပ်ရေး တပ်မတော်တွင်သမိုင်းဝင်ခဲ့သည်။ လွတ်လပ်ရေးအတွက်တပ်မတော် တစ်ခုကို စတင်ထူထောင်ခဲ့သော ရဲဘော်သုံးကျိပ်ဝင်များအနက် အသက်အငယ်ဆုံးနှင့် နောက်ဆုံး အသက်ရှင်ကျန်ရစ်သူ ဗိုလ်ရဲထွဋ်သည်လည်း နောင်တော်ရဲဘော်များနောက်သို့ လိုက်ပါသွားခဲ့ပြီ ဖြစ်သည်။ ဗိုလ်ရဲထွဋ်၏ ဈာပနအခမ်းအနားမှာ သာမန်လူတစ်ဦး၏နောက်ဆုံး ခရီးကဲ့သို့ပင် ပြီးဆုံးသွားခြင်းလည်း ဖြစ်သည်။



*ဗိုလ်ရဲထွဋ် နာရေးဈာပနအခမ်းအနားမြင်ကွင်း*

ဓာတ်ပုံ - ကျော်ဇင်သန်း

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် မော်ကွန်းဝင် ပုဂ္ဂိုလ်များဖြစ်သည့် ရဲဘော်သုံးကျိပ်ဝင်များအနက် အသက်အငယ်ဆုံးဖြစ်သော ဗိုလ်ရဲထွဋ်၊ ငယ်အမည်ဦးအောင်သိန်းမှာ နိုဝင်ဘာ ၂၇ ရက်ညက ကွယ်လွန်သွားခဲ့ခြင်းဖြစ်သည်။

နောက်ဆုံးကျန်ရစ်ခဲ့သော ရဲဘော်သုံးကျိပ်ဝင်တစ်ဦး၏ နောက်ဆုံးခရီးအပေါ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဟောင်းနှင့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်နာယကသူရဦးတင်ဦးက ဤသို့မှတ်ချက်ပြုခဲ့သည်။

"နိုင်ငံရဲ့နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ လွတ်လပ်ရေးအတွက် စတင်ပြီး ရဲဘော်သုံးကျိပ်တည်ထောင်တဲ့ အထဲက အငယ်ဆုံးပုဂ္ဂိုလ်အနေနဲ့အပြောင်မြောက်ဆုံးလုပ်သွားတာတွေက ကျွန်တော်တို့အတွက် အများကြီး အစဉ်အလာကြီးခဲ့တာပါ။ ဒါကြောင့်မို့ သူဘယ်လိုဖြစ်ဖြစ် ကျွန်တော်တို့က အစဉ်ဂါဝရပြုနေတာ" ဟုဆိုသည်။

သို့သော်လည်း တိုင်းပြည်လွတ်လပ်ရေးအတွက် တပ်မတော်စတင်ထူထောင်ရာတွင် ပါဝင်ခဲ့သူတစ်ဦး၏ နောက်ဆုံး ခရီးမှာ သာမန်လူတစ်ဦးကဲ့သို့ပင် ပြီးဆုံးသွားခဲ့ပါသည်။ အစိုးရအဖွဲ့နှင့် မြန်မာ့တပ်မတော်မှ တာဝန်ရှိသူများတက်ရောက်ခြင်း၊ လွမ်းသူ့ပန်းခြင်းပေးပို့ခြင်းများလည်းမရှိခဲ့ပါ။

လွန်ခဲ့သောလအနည်းငယ်က ဘိန်းဘုရင်လော်စစ်ဟန်ကွယ်လွန်စဉ်လာရောက်လမ်းရှင်းပေးခဲ့ကြသည့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များကိုလည်း မတွေ့ရသလို ဝမ်း

**စာမျက်နှာ (၈)သို့**



7 DAY NEWS JOURNAL
Vol.12, No.39 • DECEMBER 4 , 2013

စာမျက်နှာ (၇)မှ

## အသက်အငယ်ဆုံး ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ရဲထွန်း

နည်းတသကြောင်း ကြေညာခဲ့ကြသည့် အစိုးရအဖွဲ့ အရာရှိများကိုလည်း မြင်တွေ့ခြင်းမရှိခဲ့ပါ။

ရဲဘော်သုံးကျိပ် ဂျပန်နိုင်ငံသို့သွားရောက်စစ်ပညာသင်ကြားရာတွင် ဒုတိယအသုတ်တွင်ပါဝင်ခဲ့သည့် ဗိုလ်ရဲထွန်းသည် ဗမာ့လွတ်လပ်ရေးတပ်မတော်(ဘီအိုင်အေ)၏ လှိုင်းဘွဲ့မြို့သိမ်းတိုက်ပွဲနှင့် ကတိုင်တိတိုက်ပွဲတို့တွင် ထူးချွန်ပြောင်မြောက်စွာပါဝင်ခဲ့သောကြောင့် သူရဲကောင်းတံဆိပ်(ဒုတိယအဆင့်)ချီးမြှင့်ခြင်းခံခဲ့ရသူတစ်ဦးဖြစ်သည်။ ထို့အပြင် ဗိုလ်ရဲထွန်းသည် လွတ်လပ်ရေးကြိုးပမ်းမှုတိုက်ပွဲတစ်လျှောက်တွင် ထူးချွန်ပြောင်မြောက်စွာ ပါဝင်ခဲ့သည့်အတွက် နိုင်ငံဂုဏ်ရည်ဘွဲ့(ပထမအဆင့်)၊ လွတ်လပ်ရေးမော်ကွန်းဝင်(ပထမအဆင့်)အပါအဝင် ဆုတံဆိပ်များစွာ ချီးမြှင့်ခြင်းခံခဲ့ရသည်။ ဗြိတိသျှနှင့် ဖက်ဆစ်ဂျပန်တို့ကို တော်လှန်တိုက်ခိုက်ခဲ့သော ၁၉၄၂ မှ ၁၉၄၅ ခုနှစ်အတွင်း ဗိုလ်ရဲထွန်းသည် ဘီအိုင်အေတပ်မဟာ(၃)တပ်မှူး၊ ဘီဒီအေတပ်ရင်း (၁) နှင့် (၅) တပ်ရင်းမှူး၊ မျိုးချစ်ဗမာ့တပ်မတော် (PBF) အမှတ်(၆) တိုင်းမှူးတာဝန်များ ထမ်းဆောင်ခဲ့သည်။ ထို့ပြင် ဗိုလ်ရဲထွန်းသည် လွတ်လပ်ရေး ရပြီးနောက်တွင် အမှတ်(၃)ဗမာ့သေနတ်ကိုင်တပ်ရင်းတွင် တပ်ရင်းမှူးအထိ တာဝန်ထမ်းခဲ့သူဖြစ်သည်။

သို့သော် တိုင်းပြည်၏လက်ရှိပြောင်းလဲနေသော နိုင်ငံရေး အခြေအနေများတွင် သမိုင်း အစဉ်အလာကြီးခဲ့သော ရဲဘော်သုံးကျိပ်ဝင်တစ်ဦး၏ရှုပနကို အစိုးရက ခမ်းနားစွာ ပြုလုပ်ပေးခြင်းမရှိခဲ့ပါ။ တပ်မတော်ကြည်း၊ ရေ၊ လေမိသားစုများကသာ သူ့အတွက် ဝမ်းနည်းကြောင်းနိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်း ဖော်ပြခဲ့ပါသည်။

"အစိုးရဘက်ကလည်း တာဝန်ရှိသလို တပ်မတော်ဘက်ကလည်း တာဝန်ရှိတာပေါ့။ ရဲဘော်သုံးကျိပ်ကပေါက်ဖွားလာတဲ့ တပ်မတော်ဆိုတာ လက်ရှိကာကွယ်ရေးဦးစီးချုပ်နဲ့ တပ်မတော်က အစဉ်အလာအတိုင်း ဂုဏ်ပြုရမှာပေါ့"ဟု အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးဖုန်းမြင့်အောင်က အကြံပြုပြောဆိုသည်။

ရဲဘော်သုံးကျိပ်ဝင်များသည် လူပုဂ္ဂိုလ်တစ်ဦးချင်းစီအရ အားနည်းချက်၊ ချို့ယွင်းချက်များ ရှိနေနိုင်သော်လည်း သူတို့၏ လွတ်လပ်ရေးကြိုးပမ်းမှုနှင့် တပ်မတော်တည်ထောင်ခဲ့သည့် သမိုင်းကို အသိအမှတ်ပြုလေးစားသင့်သည်ဟုလည်း ဝေဖန်ပြောဆိုမှုများရှိခဲ့သည်။

လူပုဂ္ဂိုလ်တစ်ဦးသာ ဖြစ်သော ဗိုလ်ရဲထွန်းသည်လည်း တစ်ချိန်က တိုင်းပြည်အတွက်သူယုံကြည်ရာလမ်းစဉ်ကို ရွေးချယ်လုပ်ဆောင်မှုများရှိခဲ့ပါသည်။

နိုင်ငံလွတ်လပ်ရေးရပြီးခါစ အယူဝါဒရေးရာများ ပြန်းထန်စွာ ကွဲလွဲနေချိန်တွင် ဗိုလ်ရဲထွန်းသည်လည်း သူယုံကြည်ရာလမ်းစဉ်တစ်ခုကို ရွေးချယ်ခဲ့ပါသည်။ ထို့နောက်တွင်တော့ ၁၉၄၈ ခုနှစ် ဩဂုတ်လတွင် ဗိုလ်ရဲထွန်းက ဗမာ့တပ်မတော်တပ်ရင်း ၃ ကို ဦးဆောင်၍ ဦးနုအစိုးရကို ဆန့်ကျင်ရန်တောခိုခဲ့သည်။

ဗိုလ်ရဲထွန်းသည် ၁၉၄၈ မှ ၁၉၆၃ ခုနှစ်အတွင်း တော်လှန်နေသော ဗမာ့တပ်မတော်အဖွဲ့အစည်း၏ ဒုတိယခေါင်းဆောင်၊ ဗမာပြည်ကွန်မြူနစ်ပါတီ ပြည်သူ့တော်လှန်ရေးစစ် ကောင်စီအတွင်းရေးမှူး၊ ဗကပ ပြည်သူ့တပ်မတော်စစ်ဦးစီးမှူး၊ ဗကသအရန် ဗဟိုကော်မတီဝင်တာဝန်များကိုထမ်းဆောင်ရင်း သူယုံကြည်ရာလမ်းကိုလျှောက်ခဲ့သည်။ ရဲဘော်သုံးကျိပ်ဝင်တစ်ဦး လျှောက်လှမ်းခဲ့သောလမ်းကြောင်း၊ သူ့ယုံကြည်ချက်အတွက် စွဲကိုင်ခဲ့သည့် ခံယူချက်တို့အပေါ် သူရဦးတင်ဦးက ဤသို့မှတ်ချက်ပြုခဲ့သည်။

"တစ်ကြိမ်တစ်ခါမှာ သူ့ယုံကြည်ချက်နဲ့လုပ်သွားတာတော့ ကျွန်တော်တို့ ဒါအပြစ်ပြောစရာမလိုဘူး။ တိုင်းပြည်အတွက်ကောင်းအောင် ယုံကြည်ချက်နဲ့ လုပ်ခဲ့ကြတာချည်းပဲ"ဟုဆိုပါသည်။

ဗကပတွင် အယူအဆရေးရာတိုက်ပွဲများဖြစ်ပွားလာချိန်တွင် ဗိုလ်ရဲထွန်းလည်းပြည်တွင်းစစ်ရပ်စဲရေးနှင့်ဥပဒေဘောင်အတွင်းရပ်တည်ရေး အယူအဆဘက်မှ ရပ်တည်ခဲ့သည်။ ၁၉၆၃ ခုနှစ်၊ မေလတွင် တရားဝင်လက်နက်စွန့်၍ အလင်းဝင်ရောက်ခဲ့ပြီးနောက် မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီတွင် ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့သည်။

၈၈ အရေးအခင်းနောက်ပိုင်း မျိုးချစ်ရဲဘော်ဟောင်းများ အဖွဲ့တွင် နာယကတာဝန်ယူခဲ့သော်လည်း ၁၉၉၀ တွင် ယင်းအဖွဲ့မှ နုတ်ထွက်ပြီးနောက်ပိုင်း မည်သည့်နိုင်ငံရေးအဖွဲ့အစည်းတွင်မှ ဗိုလ်ရဲထွန်းမပါဝင်ခဲ့တော့ပါ။ သို့သော် တိုင်းပြည်မည်သို့ဖြစ်သင့်သည်ကို မူအမြဲစဉ်းစားနေခဲ့သည်ဟုလည်း မိသားစုဝင်များကဆိုပါသည်။

သမိုင်းဖြစ်စဉ်များတွင် တောက်လျှောက်ပါဝင်ခဲ့သော ဗိုလ်ရဲထွန်းမှာ ဘောလုံးအားကစားကိုတော့ အလွန်ဝါသနာကြီးသည်ဟုလည်း သူ၏မွေးစားသားဖြစ်သူဦးအောင်သန်းကဆိုပါသည်။

"အရင်ကဆိုကွင်းထဲထိသွားကြည့်တာ သူနဲ့သွားရင် အလကားကြည့်ရတယ်။ နောက်ပိုင်းအိမ်မှာ တီဗီကလာတဲ့ အင်္ဂလန်ပရီးမီးယားလိဂ်ပွဲတွေ ဆိုလည်းကြည့်တာပဲ"ဟု ဦးအောင်သန်းက ဗိုလ်ရဲထွန်း၏ဝါသနာကိုပြောပါသည်။

ဂျပန်အမည်ဟာရာရှိတာကိုရှိတာအမည်ဖြင့် စစ်ပညာသင်ကြားခဲ့သော ဗိုလ်ရဲထွန်း၏ရှုပနမှာ ရဲဘော်သုံးကျိပ်တို့၏နောက်ဆုံးရှုပနလည်းဖြစ်ပါသည်။ အသက်အငယ်ဆုံးနှင့်နောက်ဆုံးကျန်ရစ်ခဲ့သော ရဲဘော်သုံးကျိပ်ဝင်ဗိုလ်ရဲထွန်းလည်း အသက် (၉၂)နှစ်အရွယ်တွင် ကွယ်လွန်သွားခဲ့ပါပြီ။

ကြွင်းကျန်ရစ်သော အရိုးပြာကို ရေဝေးသုသာန်အစွန်တစ်နေရာရှိ ကွယ်လွန်သူဇနီးဒေါ်ခင်ကြည်အုတ်ဂူဘေးတွင် မိသားစုဝင်များက မြှုပ်နှံခဲ့ကြ သည်။

လွတ်လပ်ရေးအတွက် နိုင်ငံ့တပ်မတော်တစ်ခုကို စတင်ထူထောင်ခဲ့သော၊ သမိုင်းတွင်ဖျောက်ဖျက်မရသော ရဲဘော်သုံးကျိပ်ဝင်တစ်ယောက်မှမရှိတော့ပါ။ တပ်မတော်ကာကွယ်ဦးစီးချုပ်ဟောင်း သူရဦးတင်ဦးကတော့ ရဲဘော်သုံးကျိပ်နှင့်ပတ်သက်၍ မှတ်ချက်စကားကို ဗိုလ်ရဲထွန်း၏ ရှုပနအခမ်းအနားတွင် ဤသို့ ပြောကြားခဲ့သည်။

"လူလည်းကုန်သွားပြီ။ ဗိုလ်ချုပ်အောင်ဆန်းကအစ ပါဝင်ခဲ့တဲ့သူအားလုံးကို တိုင်းပြည်ရဲ့သင့်တော်တဲ့တစ်နေရာမှာ ရန်ကုန်ဖြစ်ပါစေ၊ ဘယ်နေရာဖြစ်ပါစေ သူတို့အတွက် တစ်နေရာတည်းမှာ တစ်ခုတည်းခြုံပြီးတော့ နောင်လာနောက် သားတွေ အတွက်လည်း ဒီလိုလုပ်သွားတဲ့ပုဂ္ဂိုလ်ကြီးတွေပါလားဆိုပြီးတော့ဖြစ်အောင် အသိအမှတ်ပြုနေရာတစ်ခု၊ ဂုဏ်ပြုအပ်တဲ့နေရာတစ်ခု၊ ပြုလုပ်ပေးဖို့သဘောပေါ့။ ဒီလိုလုပ်ဖို့တော့ အများကြီးတိုက်တွန်းတာပေါ့။ ဒီလိုဂုဏ်ပြုအပ်တယ်ပေါ့"

UD Group
ကရိန်းဝန်ဆောင်မှုလုပ်ငန်း



50 Ton
30 Ton
28 Ton
26 Ton
25 Ton
16 Ton
15 Ton
8 Ton
3 Ton

H-216/32 ၊ ၅၉လမ်း၊ ကနောင်မင်းသားကြီးလမ်းနှင့်ဖိုးရာဇာလမ်းကြား၊ စက်မှုဇုန်(၁)၊ မန္တလေး ၊ 09-2050000, 09-6504700
အမှတ်(၃၈) ပျဉ်းမနား-တောင်တွင်းကြီးလမ်း၊ လက်ပံခါးလှ၊ ယောက်သွားအင်းအထွက်၊ နေပြည်တော်၊ 067-24333 , 09-6504900

ရန်ကုန် ၊ မန္တလေး ၊ နယ်မြို့ကြီးများ ၊ နေပြည်တော်အမြန်လမ်းမကြီးတလျှောက်နှင့်
(၁၁၅)မိုင်ယာဉ်ရပ်နားစခန်းတွင် လူကြီးမင်းတို့၏
ကုန်ပစ္စည်းများ ၊ ဝန်ဆောင်မှုလုပ်ငန်းများကို
Billboard ကြီးများတွင် ကြော်ငြာလိုပါက ဆက်သွယ်နိုင်ပါသည်။

MILKY WAY
Outdoor Advertising

09 420 276 999 | 09 730 33784 | 09 421 158822 | 09 730 59881
09 420 276 777 | 09 730 33783 | 09 315 750 54 | 09 541 8094

ဖုန်းဖြင့် Internet အသုံးပြုသူများအတွက်
Smart Phone ဖြင့် အင်တာနက်အသုံးပြုသူများအတွက်
ဖုန်းများကို Setting မှထိန်းချုပ်နည်း



အပြည်ပြည်ဆိုင်ရာ ဉာဏ်ကြွယ်
အခပေး၊ အခမဲ့ ဖုန်းခေါ်နည်းအမျိုးမျိုး
ဖုန်းဖြင့် Internet အသုံးပြုသူများအတွက်
မလေးရှား၊ စင်္ကာပူ၊ အမေရိကန်၊ ထိုင်း၊ ဂျပန် စသည့် နိုင်ငံများသို့ တိုက်ရိုက်ခေါ်ဆိုနိုင်ပြီ။
GSM, WCDMA, CDMA 800 MHz, MecTel ဖုန်းများအတွက် Hand set မျိုးစုံအတွက် လက်တွေ့လုပ်ပြထားပေးတယ်။



ခမဲ့ဖုန်းပြောနည်း Viber ဉာဏ်ကြွယ်
Viber သုံးစွဲရာတွင် တွေ့ကြုံရသော ပြဿနာများအတွက် Troubleshooting များ
Viber 2.0 မှ 3.1 Version မတူတဲ့ပြဿနာရှင်းနည်း
Viber Account ကို Lock လုပ်နည်းနှင့်လုံခြုံစိတ်ချစွာသုံးစွဲနည်း။ Account အသစ်ရယူနည်း နှင့် Install ပြုလုပ်နည်း။ မိတ်ဆွေအသစ်ရှာဖွေချိတ်ဆက်နည်း၊ Phone Contact List မှ နံပါတ်များကို Viber Contact List အဖြစ်ပြောင်းလဲအသုံးပြုနည်း။ ဓါတ်ပုံများပေးပို့နည်း၊ Video ဖိုင်များ မျှဝေကြည့်ရှုနည်း၊



Android Phone Setting ဉာဏ်ကြွယ်
ဖုန်းများကို Setting မှ ထိန်းချုပ်နည်း
Home Screen ရဲ့အသုံးဝင်ပုံ၊ Message ပို့နည်းမျိုးစုံအတွက် Setting, Contents တွေကို သိမ်းမှတ်နည်း၊ ဖုန်း နှင့် ကွန်ပျူတာ ချိတ်ဆက်နည်း၊ Root လုပ်ထားတဲ့ ဖုန်းဆိုတာ ဘယ်လိုသိမလဲ၊ ဖုန်း Model နှင့် Version ဘယ်လိုစစ်မလဲ။ Bluetooth မျိုးစုံ ပို့လွှတ်ရယူနည်း၊ စက်ရုံထုတ်အတိုင်း Factory data reset ပြန်လုပ်မယ်။ ဖုန်းနဲ့ အင်တာနက်သုံးရန် Setting ဖြည့်သွင်းခြင်း၊ Apk file များကို စိတ်ကြိုက်ရွေး Install / Uninstall ပြုလုပ်မယ်။

ထွက်ပြီ မနောဖြူစာပေ–ဖုန်း–၀၉–၇၃၂၄၆၉၈၀၊ ၀၉ ၇၃၀၄၃၈၇၃ E-mail : manawphyu.books@gmail.com ထွက်ပြီ

Vol.12, No.39 • DECEMBER 4 , 2013

# မြန်မာ့အားနည်းချက် ဆေးလိပ်ကုမ္ပဏီကြီးတို့အတွက်

**ခင်မေဇော်(ဝါရှင်တန်ဒီစီ)**



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

မြန်မာနိုင်ငံ၏ အားနည်းလှသော ဆေးလိပ်နှင့်ဆေးရွက်ကြီးပစ္စည်းများ ထိန်းချုပ်ရေးဆိုင်ရာ ဥပဒေများကြောင့် ဈေးကွက်ပျောက်နေသည့် ဆေးလိပ်ကုမ္ပဏီကြီးများ မြန်မာနိုင်ငံဘက်သို့ဦးလှည့်နေကြပြီဖြစ်သည်။

ဆေးလိပ်အန္တရာယ်ကို လူထုက သိရှိနားလည်မှု များလာနေသည့်၎င်းတို့၏ မိခင်နိုင်ငံများတွင် ဈေးကွက်ပျောက်လာကြသော ဆေးရွက်ကြီးကုမ္ပဏီများအတွက် မြန်မာ့ဈေးကွက်က စိတ်လှုပ်ရှားဖွယ်ကောင်းလှသော အခွင့်အလမ်းကြီးတစ်ရပ်ပင် ဖြစ်သည်ဟု ဆောင်းပါးရှင် အင်ဂျလာကူဘိုက The Diplomat မဂ္ဂဇင်းတွင် ရေးသားဖော်ပြလိုက်သည်။

ပြီးခဲ့သည့် ဇူလိုင်လက ကမ္ဘာ့ဒုတိယအကြီးဆုံးစီးကရက်ကုမ္ပဏီဖြစ်သည့် British American Tobacco က မြန်မာနိုင်ငံနှင့် ဒေါ်လာသန်း ၅၀ ရင်းနှီးမြှုပ်နှံမှု သဘောတူညီချက် လက်မှတ်ရေးထိုးလိုက်သည်။ လာမည့် ငါးနှစ်အတွင်း မြန်မာနိုင်ငံတွင် စီးကရက်ထုတ်လုပ်ရန်၊ ကြော်ငြာရောင်းချရန်ဖြစ်ကြောင်း အေပီသတင်းက ဖော်ပြခဲ့သည်။

ရန်ကုန်မြို့ပြင်တွင် စက်ရုံတည်ပြီး ထုတ်လုပ်ရန်လည်း ပြင်ဆင်နေသည်။ ယခင်တစ်နှစ်က ဂျပန်ဆေးလိပ်ကုမ္ပဏီကလည်း ပြည်တွင်းပါတနာ ဦးကျော်ဝင်းနှင့် စီးကရက်စက်ရုံတစ်ခုကို ဖက်စပ်တည်ဆောက်နေသည်။ တရုတ်နိုင်ငံက အကြီးဆုံးဆေးလိပ်ထုတ်လုပ်သည့် ကုမ္ပဏီကလည်း သန်းပေါင်းများစွာ ကုန်ကျမည့် ဖက်စပ်လုပ်ငန်းဖြင့် မြန်မာနိုင်ငံတွင် ဆေးလိပ်စက်ရုံတည်ရန်စီစဉ်နေသည်။ တရုတ်နိုင်ငံတွင်ဆေးလိပ်သောက်သုံးမှုကြောင့် တိုက်ရိုက်ကုန်ကျစရိတ်မှာဒေါ်လာသန်းခြောက်ထောင့်နှစ်ရာ ရှိသည်။ တရုတ်အစိုးရကိုယ်တိုင် ဆေးလိပ်ထုတ်လုပ် ရောင်းချရေးတွင် ပါဝင်နေသဖြင့် ပိတ်ပင်မှုနည်းပါးခဲ့သည်။ သို့ သော်လည်း ကျန်းမာရေးကုန်ကျစရိတ်နှင့် လုပ်အားဆုံးရှုံးမှုများ များပြားလာသဖြင့် မကြာမီ ကျောင်းများတွင် ဆေးလိပ်မသောက်သုံးရေး ပညာပေးများ ဖိဖိစီးစီး လုပ်ဆောင်နေပြီး ဆေးလိပ်အခွန်များကိုလည်း မြှင့်တင်သွားမည်ဟု ၂၀၁၃ ခုနှစ် နိုဝင်ဘာလထုတ် ကမ္ဘာ့အဆုတ်ဖောင်ဒေးရှင်းမဂ္ဂဇင်းတွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံ လူဦးရေသန်း ၆၀ ၏ သုံးပုံတစ်ပုံမှ ထက်ဝက်ခန့် အထိသောပြည်သူများသည် ဆေးရွက်ကြီးကို တစ်နည်းမဟုတ် တစ်နည်းဖြင့် သုံးစွဲနေကြသည်။ ဆေးရွက်ကို ကွမ်းယာတွင် ထည့်ပြီးဝါးခြင်းနှင့် ဆေးပေါ့လိပ် သောက်သုံးခြင်းက အများဆုံးဖြစ်သည်။ လက်ရှိတွင် ဆေးလိပ်သောက်သုံးသူ ၅ ရာခိုင်နှုန်းကသာ အစီခံပါသည့် စီးကရက်ကို သောက်သုံးနေသော်လည်း ယင်းအရေအတွက်က လူလတ်တန်း အလွှာ၏ ငွေသုံးစွဲနိုင်မှုအားများလာသည်နှင့်အမျှ တိုးများလာတော့မည်ဟုယူဆရသည်။

နှစ်ပေါင်းများစွာ အထီးကျန်ဖြစ်နေခဲ့ပြီးနောက်ပိုင်းတွင်ပင် လူငယ်များက အနောက်တိုင်း ဆေးလိပ်သောက်သုံးဟန်ကို တုပ၍ အားကျနေကြသည်။ ရှီးရှာခေါ် ဆေးပိုက်ရှူသည့်အလေ့က ယခုအခါ ရန်ကုန်လူငယ်များ အထူးသဖြင့် မိန်းကလေးများ အကြားခေတ်စားလာနေသည်။

“စားသောက်ဆိုင်ကိုပဲဖြစ်ဖြစ်၊ အရက်ဆိုင်ပဲဖြစ်ဖြစ် သွားပြီး သောက်ရတယ်။ ဒါက အခု အတော်ခေတ်စားလာတယ်”ဟု အသက် (၂၈)နှစ်အရွယ် ကိုအောင်ဇင်လတ်က ဆိုသည်။

“ကျွန်တော်ကတော့ ရုပ်ရှင်ထဲမှာ ကြည့်ပြီး လိုက်လုပ်ချင်ခဲ့တာပါ။ ကြည့်ရတာ ဟန်ကောင်းတယ်လို့ ထင်ရတာကိုး” ဟု အသက်(၁၂)နှစ်အရွယ်ကတည်းက ဆေးလိပ်စသောက်ခဲ့သူ ဦးကျော်ဇင်လင်းက ပြောသည်။

မြန်မာနိုင်ငံတွင် ဆေးလိပ်သောက်သည့် ဓလေ့က အတော်ကျယ်ပြန့်နေသည်။ ဖခင်များဆေးပေါ့လိပ်သောက်ရန် ကလေးများကမီးညှိပေးနေခြင်း၊ အသက်(၁၂)နှစ်အရွယ်မျှသာ ရှိသေးသော ကလေးများ လမ်းဘေးဆိုင်တွင် စီးကရက်ဝယ်နေသည့်မြင်ကွင်းများက မြန်မာပြည်တွင် မထူးဆန်းတော့ပါ။ လူအများစုကလည်း ဆေးလိပ်က သူတို့၏ ကျန်းမာရေးအပေါ် မည်မျှ လောက်အထိ ဆိုးရွားစွာ ဒုက္ခပေးသည်ကိုပင် မသိကြပါ။

“ဆေးလိပ်သောက်တာကဒုက္ခပေးနိုင်တယ်ဆိုတာ ကျွန်မကြားပါတယ်။ ဒါပေမဲ့ ဆေးလိပ် သောက်တိုင်းတော့ ကင်ဆာ မဖြစ်ပါဘူး” ဟု အသက်(၁၇)နှစ် အရွယ် အိမ်ရှင်မဖြစ်သူ မခင်ချိုက ဆိုသည်။ “ကျွန်မဆို အခု ဘာမှမဖြစ်ဘူး။ အခု ဖြစ်မလာသေးတာကို နောင်အတွက်ကြိုတွေးပြီးမပူချင်ဘူးလေ”

လက်ရှိတွင်မြန်မာနိုင်ငံတွင် လူတစ်ရာသေဆုံးလျှင် အမျိုးသား ၁၉ ယောက်နှင့် အမျိုးသမီး ၁၈ ယောက်မှာဆေးလိပ်နှင့်ဆေးရွက်ကြီးကြောင့်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ထားသည်။ မြန်မာနိုင်ငံတွင် ဆေးလိပ်၊ ဆေးရွက်ကြီးသယ်ယူသုံးစွဲမှုအပေါ် ကုန်ကျစရိတ် မည်မျှရှိသည်ဟု မသိရ သော်လည်း ဆေးကုသစရိတ် တစ်နှစ်လျှင် ဒေါ်လာ ၁၄ သန်းဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့စာရင်းတွင် တွေ့ရသည်။

“ဒါက ကျန်းမာရေးအသုံးစရိတ် နဂိုကနည်းပါးတဲ့ စနစ်ထဲမှာ ရတဲ့အရေအတွက်ကို ဖော်ပြထားတာပါ။ ဒီထဲမှာ ဆေးရုံကိုရောက်မလာဘဲ သေဆုံးသွားတာမျိုး၊ ဆေးလိပ်ကြောင့် ဖြစ်မှန်းမသိကြတာမျိုး၊ နောက်ပြီး ဒီဆေးလိပ်က ရတဲ့ရောဂါကြောင့် အလုပ်မလုပ်နိုင်ဘဲ ကုန်ထုတ်လုပ်အား ဆုံးရှုံးတာ၊ မိသားစုအပေါ် ရိုက်ခတ်တာ၊ ဒါတွေကို ထည့်တွက်မထားသေးပါဘူး”ဟု WHO တွင် အချက်အလက်များစိစစ်ရေးကျွမ်းကျင်သူက ထောက်ပြ ပြောဆိုလိုက်သည်။

မြန်မာမိသားစုအတွင်း ဆေးလိပ်သောက်သူအနီးတွင် အငွေ့များကိုရှူရှိုက်နေရသူအသက်(၁၅)နှစ်အောက် ကလေးဦးရေက ၃၄ ဒသမ ၁ ရာ ခိုင်နှုန်းရှိနေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အင်တာနက်စာမျက်နှာတွင် ဖော်ပြထားသည့် ကိန်းဂဏန်းများအရ သိရသည်။ တစ်ဆင့်ခံ ဆေးလိပ်ငွေ့ရှူနေကြရသည့် ကလေးများတွင် အဆုတ်ကြီးထွားမှု နှေးကွေးခြင်း၊ လေပြွန်ရောင်ခြင်း၊ အဆုတ်ရောင်ခြင်းများ အဖြစ်များပြီး နားပြည်ယိုခြင်း၊ ပန်းနာရင်ကျပ်ဖြစ်ခြင်းတို့ အဖြစ်များကြသည်။

**စာမျက်နှာ (၁၉)သို့**






7 DAY NEWS JOURNAL
Vol.12, No.39 • DECEMBER 4 , 2013

# တိုင်းရင်းဆေးညီလာခံတွင် တိုင်းရင်းဆေးပညာသင်ရိုးညွှန်းတမ်းဟောင်းနှင့်ပတ်သက်၍ ဆွေးနွေးမည်မဟုတ်

**ဝတ်ရည်အောင်**

**ရန်ကုန်၊ နိုဝင်ဘာ - ၃၀**

ဒီဇင်ဘာလအတွင်း ကျင်းပမည့် တိုင်းရင်းဆေးသမားတော်များ ညီလာခံတွင် တိုင်းရင်းဆေးပညာ သင်ရိုးညွှန်းတမ်းနှင့် ပတ်သက်သည့်ဆွေးနွေးမှုများပါဝင်နိုင်မည် မဟုတ်ကြောင်း တိုင်းရင်းဆေးဦးစီးဌာနမှ သတင်းရရှိသည်။

ပြည်ပတိုင်းပြည်များ၏ ရိုးရာဆေးပညာနှင့် မြန်မာ့တိုင်းရင်းဆေးပညာတို့ကို ပေါင်းစပ်ရန် သင့်၊ မသင့်တိုင်းရင်းဆေးပညာ သင်ရိုးညွှန်းတမ်းကိုပြန်လည်သုံးသပ်သင့်ကြောင်း ကျန်းမာရေးဝန်ကြီးက ညီလာခံကျင်းပရေးအစည်းအဝေး၌ ထည့်သွင်းပြောကြားသည်။

"ဝန်ကြီးကတော့ စဉ်းစားဖို့ ပြောသွားတာပါ။ ဒီညီလာခံကတော့ အဲဒီအကြောင်းအရာတွေ ဆွေးနွေးဖို့မရှိသေးဘူး။ တိုင်းရင်းဆေးသမားတော်တွေစုပေါင်းပြီး ကျင်းပတာမျိုးပါ"ဟု တိုင်းရင်းဆေးပညာဦးစီးဌာနတာဝန်ရှိသူ တစ်ဦးကပြောသည်။

(၁၄)ကြိမ်မြောက် ထိုညီလာခံကို ဒီဇင်ဘာ ၂၇ရက်တွင်နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပမည်ဖြစ်ပြီး ဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများလည်း ပါဝင်မည်ဖြစ်သည်။

တိုင်းရင်းဆေးသမားတော်များညီလာခံကို တိုင်းရင်းဆေးသမားတော်များ စည်းလုံးညီညွတ်မှု ပိုမိုရရှိလာခြင်း၊ မြန်မာ့တိုင်းရင်းဆေးပညာအရည်အသွေးမြင့်မားလာခြင်း၊ မြန်မာ့တိုင်းရင်းဆေးအပေါ် ယုံကြည်အားထားမှုပိုမိုမြင့်မားလာခြင်း၊ အရည်အသွေးနှင့်ထုတ်လုပ်မှုအရေအတွက် တိုးတက်များပြားလာခြင်းတို့ကြောင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် လွန်ခဲ့သည့်နှစ်ပေါင်းများစွာက ရေးဆွဲထားသည့် တိုင်းရင်းဆေးဝါးဥပဒေမှ ခေတ်နှင့်လျော်ညီမှုမရှိတော့သည့် စကားရပ်များနှင့် ပြစ်ဒဏ်များကို ပြင်ဆင်ပြီး လွှတ်တော်တွင်အတည်ပြုပြီးဖြစ်သည်။




# ဒီချုပ်ကျန်းမာရေးကွန်ရက် ရောဝတီတိုင်းအတွင်း အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်မည်

**ဝတ်ရည်အောင်**

**ရန်ကုန်၊ နိုဝင်ဘာ - ၃၀**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ အမျိုးသားကျန်းမာရေးကွန်ရက်က ဒီဇင်ဘာလအတွင်း ဧရာဝတီတိုင်းဒေသကြီးတွင် ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ပြီးခဲ့သည့်လအတွင်းတွင် NLD ကျန်းမာရေးကွန်ရက်က ကရင်ပြည်နယ်၊ဘားအံမြို့၌လူနာသုံးထောင်ကျော်အား ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း အမျိုးသားကျန်းမာရေးကွန်ရက်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"နေရာကတော့ ဟင်္သာတဖြစ်မလား၊ ဝါးခယ်မဖြစ်မလားဆိုတာညှိနှိုင်းနေပါတယ်"ဟု အဆိုပါကွန်ရက်မှ ဒေါက်တာမြသော်က ပြောသည်။

အမျိုးသားကျန်းမာရေးကွန်ရက်အနေဖြင့် ဧရာဝတီတိုင်းဒေသကြီးသို့ ယခုသွားရောက်ဆေးကုသမှု မှာ ဒုတိယအကြိမ်ဖြစ်ပြီး ပထမအကြိမ်က ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကျောင်းကုန်းမြို့နယ်သို့ သွားရောက်ဆေးကုသခဲ့ဖူးကြောင်းသိရသည်။

အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွင် အထွေထွေရောဂါများကုသခြင်း၊ သားဖွားမီးယပ်ရောဂါများ၊ မျက်စိ၊ နား၊ နှာခေါင်းရောဂါများနှင့် သွားရောဂါများကို ကုသပေးမည်ဖြစ်ကြောင်း ကျန်းမာရေးကွန်ရက်မှ သိရသည်။

ကျန်းမာရေးကွန်ရက်ကို ယခုနှစ်ဖေဖော်ဝါရီလအတွင်းက စတင်ဖွဲ့စည်းခဲ့ပြီး ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များအပါအဝင်၊ ပဲခူး၊ ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်များနှင့် ကရင်ပြည်နယ်အပါအဝင် ပြည်နယ်များတွင်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

# PLHA အမျိုးသားတစ်ဦး တစ်နိုင်ငံလုံးသို့ စက်ဘီးဖြင့်လှည့်ကာ ဆွေးနွေးပွဲများ ပြုလုပ်မည်

**ဝတ်ရည်အောင်**

**ရန်ကုန်၊ နိုဝင်ဘာ - ၃၀**

ခုခံအားကျဆင်းမှုရောဂါပိုးရှိနေသူ အမျိုးသားတစ်ဦးက တစ်နိုင်ငံလုံးသို့ တစ်ကိုယ်တော်စက်ဘီးဖြင့် လှည့်လည်၍ ခုခံအားကျဆင်းမှုရောဂါနှင့်ပတ်သက်သည့်ဆွေးနွေးပွဲများ၊ စကားဝိုင်းများပြုလုပ်မည်ဖြစ်ကြောင်း နာရေးကူညီမှုအသင်းမှ သတင်းရရှိသည်။

ကမ္ဘာ့ခုခံအားကျဆင်းမှုရောဂါတိုက်ဖျက်ရေးနေ့ဖြစ်သည့် ဒီဇင်ဘာ ၁ရက်တွင်စတင်မည့် ထိုခရီးစဉ်မှာ တစ်နှစ်ခန့်ကြာမြင့်မည်ဖြစ်ပြီး တိုင်းဒေသကြီး ၁၅ခုရှိ မြို့ပေါင်း ၂၅၅မြို့သို့လှည့်လည်သွားရောက်၍ ထိုဒေသများတွင် ခုခံအားကျဆင်းမှုရောဂါနှင့် ပတ်သက်သည့်စကားဝိုင်းများ၊ ရောဂါပိုးကူးစက်ခံထားရသူများကို စိတ်ဓာတ်မြှင့်တင်မှုများ ပြုလုပ်မည်ဖြစ်သည်။

"အိတ်ချ်အိုင်ဗီပိုးကူးစက်ခံရရင် ဘာမှမလုပ်နိုင်တော့ဘူး။ သေရတော့မှာဆိုတဲ့ အမြင်တွေကို ပျောက်စေချင်တဲ့အပြင် ရောဂါကူးစက်၊ သေဆုံးမှုစတဲ့အချက်အလက်တွေကိုလည်း မျှဝေချင်လို့ပါ"ဟု စက်ဘီးဖြင့်သွားရောက်မည့် ဦးစရကိုကပြောသည်။

နာရေးကူညီမှုအသင်း၏ပံ့ပိုးမှုဖြင့် ခရီးထွက်မည့်အဆိုပါခရီးစဉ်အတွင်း သွားရောက်မည့်မြို့များတွင် ရောဂါပိုးကူးစက်ခံထားရသူများသာမက ရောဂါပိုးကူးစက်ခံရခြင်းမရှိသူများပါ တက်ရောက်ဆွေးနွေးနားထောင်နိုင်သည့်ဆွေးနွေးပွဲများပြုလုပ်မည်ဖြစ်သည်။

ခရီးစဉ်ကို ဒီဇင်ဘာ ၁ရက်တွင် ရန်ကုန်မြို့မှ စတင်မည်ဖြစ်ပြီး ကော့မှူးမြို့နယ်၊ မှော်ဘီမြို့နယ်တို့မှတစ်ဆင့် နေပြည်တော်၊ ရှမ်းပြည်နယ်မှ ချင်းပြည်နယ်ရှိတမူးမြို့နယ်အထိ သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

တစ်နေ့လျှင်မိုင်သုံးဆယ်ခန့် တစ်နိုင်ငံလုံးသို့ တစ်ကိုယ်တော်စက်ဘီးစီး၍ ခုခံအားကျဆင်းမှုရောဂါဝေဒနာရှင်များ သက်တမ်းစေ့နေနိုင်ရေးအတွက် ခရီးနှင်ခြင်းသည်ပြည်တွင်းတွင် ပထမဆုံးဖြစ်ကြောင်း သိရသည်။

တစ်ကိုယ်တော်စက်ဘီးစီးနင်းမည့် ဦးစရကိုသည် ၂၀၀၅ ခုနှစ်တွင် HIV ပိုးကူးစက်ခံရပြီး ယခု ရောဂါပိုးထိန်းဆေး ARV သောက်သုံးနေသူတစ်ဦးလည်း ဖြစ်ကြောင်း သိရသည်။

တစ်နိုင်ငံလုံးသို့စက်ဘီးဖြင့် လှည့်လည်မည့် ဦးစရကိုအတွက် တစ်နှစ်စာ ARV ဆေးဝါးကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် HIV/AIDS Prevention and Care Center က ပံ့ပိုးပေးမည်ဖြစ်သည်။

Regional
7Day News Journal
Vol.12, No.39 ▪ DECEMBER 4 , 2013

# မီးပွိုင့်များ ညအချိန်တွင် ပိတ်မထားရန် တောင်းဆို

**မျိုးမင်းဦး**

**မုံရွာ၊ နိုဝင်ဘာ-၃၀**


မုံရွာမြို့ရှိ ယာဉ်ရှုပ်ထွေးသည့် မီးပွိုင့်တစ်နေရာ

ဓာတ်ပုံ- မျိုးမင်းဦး

မုံရွာမြို့တွင် ယာဉ်အသွားအလာများပြားသော လမ်းဆုံများ၌ တပ်ဆင်ထားသော မီးပွိုင့်များ ညအချိန်တွင် ပိတ်ထားခြင်းကြောင့် အန္တရာယ်ကြုံတွေ့နိုင်သဖြင့် ညအချိန်တွင် မီးပွိုင့်များ ရပ်နားထားခြင်းမပြုရန် ဒေသခံများက စစ်ကိုင်းတိုင်းဒေသကြီး အုပ်ချုပ်ရေးဦးစီးဌာန တာဝန်ရှိသူများအား နိုဝင်ဘာ ၂၆ ရက်က တောင်းဆိုခဲ့ကြောင်း သတင်းရရှိသည်။

"ပြည်ထောင်စု လမ်းနဲ့ ကျောက္ကာလမ်းက မီးပွိုင့်က ညဆို ၈ နာရီလောက်ကစပြီး ပိတ်ထားတယ်။ နောက်တစ်နေ့မနက် ၆ နာရီအထိ မီးပွိုင့်က အလုပ်မလုပ်ဘူး။ ညပိုင်းမှာ မီးပွိုင့်က ပိတ်ထားတဲ့အတွက် ယာဉ်တွေက မောင်းချင်သလိုမောင်းတယ်"ဟု ပြောသည်။

"မုံရွာက မီးပွိုင့်တွေအားလုံးက ဆိုလာစနစ်နဲ့ဆိုတော့ ညပိုင်းအားသွင်းပြီး ပိတ်ထားတယ်လို့ ထင်ပါတယ်။ ပြည်သူတွေရဲ့ တင်ပြချက်တွေကို အလေးထားဆောင်ရွက်သွားပါ့မယ်။ ညပိုင်းမှာ မီးပွိုင့်တွေအားလုံးနီးပါးအလုပ်လုပ်ဖို့ ပြောပါ့မယ်"ဟု မုံရွာမြို့နယ် အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မုံရွာမြို့တွင် ယာဉ်အသွားအလာများပြားသည့် လမ်းဆုံများဖြစ်သည့် ကျောက္ကာလမ်းနှင့် ပြည်ထောင်စုလမ်းဆုံ၊ သာစည်လမ်းနှင့် ပြည်ထောင်စုလမ်းဆုံ၊ ဗိုလ်ချုပ်လမ်းနှင့် မြို့ပတ်လမ်းဆုံ၊ ဗိုလ်ချုပ်လမ်းနှင့် တရုတ်တန်းလမ်းဆုံ၊ ဗိုလ်ချုပ်လမ်းနှင့် တမာတန်းလမ်းဆုံတို့တွင် မီးပွိုင့်များ တပ်ဆင်ထားရှိသည်။ မုံရွာမြို့တွင် တပ်ဆင်ထားသော မီးပွိုင့်များသည် ဆိုလာစနစ်ဖြင့် အသုံးပြုတပ်ဆင်ထားသဖြင့် ညအချိန် ယာဉ်အသွားအလာ နည်းပါးသောအချိန်တွင် မီးပွိုင့်များကို ပိတ်ထားခြင်းဖြစ်သည်ဟု ဆိုသည်။ မုံရွာမြို့ ကျောက္ကာလမ်းမကြီးပေါ်တွင် နေ့ဘက်ယာဉ် အသွားအလာများပြားပြီး ညတွင် ပြိုင်ကားများ ကားမောင်းပြိုင်ခြင်းကြောင့် ယာဉ်အန္တရာယ်စိုးရိမ်နေရကြောင်း မုံရွာမြို့၊ ကျောက္ကာလမ်းမကြီးနံဘေးနေထိုင်သူများက ပြောသည်။

# ရာသီဥတုမမှန်ခြင်းနှင့် စိုက်ပျိုးနည်းမမှန်သဖြင့် ကုလားပဲစိုက်ခင်းအချို့ပျက်စီး

**မျိုးမင်းဦး**

**မုံရွာ၊ နိုဝင်ဘာ-၃၀**

မုံရွာမြို့နယ်အတွင်း မိုးနှောင်းကာလတွင်စိုက်ပျိုးထားသော ကုလားပဲစိုက်ခင်းအချို့မှာ ရာသီဥတုစိုက်ပျိုးနည်းစနစ်မမှန်ကန်မှုများကြောင့် ပျက်စီးဆုံးရှုံးမှုများနေကြောင်း ကုလားပဲစိုက် ဒေသခံတောင်သူများက ပြောသည်။

"မင်းရွာအရှေ့ဘက်က ဥက္ကံစိုက်ကွင်းလို့ခေါ်တယ်။ မင်းရွာ ၇၀၈-ခ စိုက်ကွင်းမှာ တောင်သူငါးဦးပိုင်ဆိုင်တဲ့ ကုလားပဲစိုက်ကေခြောက်ကေလုံးဝပျက်စီးသွားတယ်။ ပျက်စီးရတဲ့အကြောင်းအရင်းကတော့ သတ်မှတ်ရက်မတိုင်မီ ကုလားပဲမျိုးတွေကြဲတော့ ကုလားပဲပင်တွေပေါက်ပြီးရက်ပိုင်းမှာ အကုန်သေကုန်တယ်။ ဒီစိုက်ခင်းတွေက ပိုးသတ်ဆေးကြောင့်လို့ပြောလို့မရဘူး။ တောင်သူတွေစိုက်ပျိုးစနစ်နားမလည်တာပါ"ဟု မုံရွာမြို့နယ် မင်းရွာကျေးရွာဒေသခံ ကုလားပဲစိုက်တောင်သူတစ်ဦးကပြောသည်။

"ကုန်းမြင့်ပိုင်းတွေမှာ မြေအစိုဓာတ်ကုန်လုံး ကုလားပဲစိုက်ချိန်မှာ ရာသီအပြောင်းအလဲကြောင့်ကုလားပဲပင်အနည်းနဲ့အများသေတယ်။ ချင်းတွင်းရေဝင်ဒေသမှာလည်း ကုလားပဲစိုက်ခင်းအကုန်လုံးတော့သေတာမရှိဘူး"ဟု ချင်းတွင်းမြစ်ရေဝင်ဒေသ ညောင်ဖြူ ပင်ကျေးရွာဒေသခံ ကုလားပဲစိုက်တောင်သူတစ်ဦးက ပြောသည်။

မုံရွာမြို့နယ်အတွင်း ကုလားပဲစိုက်ခင်းများတွင် ရာသီအပြောင်းအလဲကြောင့် စိုက်ပျိုးရေးလုပ်ငန်းသုံးသွင်းအားစုများဖြစ်သည့် ပိုးသတ်ဆေးများ၊ အပင်အားတိုးဆေးများနှင့် ဓာတ်မြေဩဇာများ အလွန်အကျွံသုံးစွဲခဲ့ခြင်းကြောင့် စိုက်ပျိုးရေးနည်းစနစ်မမှန်ကန်မှုများကြုံတွေ့ခဲ့ရသည့်နောက် ကုလားပဲစိုက်ခင်းအချို့ပျက်စီးခဲ့ခြင်းဖြစ်ကြောင်း မုံရွာဒေသခံကုလားပဲစိုက်တောင်သူများ ပြောပြချက်အရ သိရှိရသည်။

# ဘူးသီးတောင်-မောင်တောလမ်းကို ကွန်ကရစ်လမ်းခင်းပေးရန် ဒေသခံများလိုလား

**မောင်ကံ**

**မောင်တော၊ နိုဝင်ဘာ-၃၀**

မိုးတွင်းကာလတွင်မိုးများခဲ့ပြီး လမ်းခင်းကျောက် အရည်အသွေးမကောင်းမှုကြောင့် အစဉ်အမြဲလမ်းပျက်စီးမှုဖြစ်ပေါ်နေသော ဘူးသီးတောင်-မောင်တောနယ်စပ်ကားလမ်းကို ကွန်ကရစ်လမ်းအဖြစ်ခင်းပေးရန်ဒေသခံများကလိုလားလျက်ရှိကြောင်း သိရသည်။

"မောင်တော-ဘူးသီးတောင်ကားလမ်းက ခရီးအကွာအဝေး ၁၆မိုင်သာရှိပါတယ်။ မိုးများတဲ့ဒေသဖြစ်တာရယ်၊ လမ်းခင်းတဲ့အခါ အသုံးပြုတဲ့ဒေသထွက်ကျောက်တွေက ညံ့တာရယ်ကြောင့် ကတ္တရာခင်းတာထက် ကွန်ကရစ်ခင်းတာက ပိုသင့်တော်မှာဖြစ်ပါတယ်။ ကျောက်ညံ့တဲ့အတွက် ကတ္တရာအသစ်ခင်းရင်လည်း တစ်နှစ်တောင်မခံဘူး"ဟု လမ်းအင်ဂျင်နီယာတစ်ဦးက ပြောကြားသည်။

ဘူးသီးတောင်-မောင်တောကားလမ်းမှာ လုံခြုံရေးအရ အဓိက အရေးပါနေသည့် လမ်းကြောင်းတစ်ခုဖြစ်နေပြီးမောင်တောနယ်စပ်ဒေသအတွက် အရေးပါသည့်လမ်းကြောင်းတစ်ခုလည်း ဖြစ်နေသည်။ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ် ကုန်သွယ်ရေးအတွက်လည်းအရေးပါသည့် လမ်းကြောင်းတစ်ခု ဖြစ်နေသည့်အတွက် အသုံးပြုမှုများသော လမ်းကြောင်းတစ်ခုလည်းဖြစ်သည်။

လုံခြုံရေးအရ အရေးကြီးနေသည့် မောင်တောနယ်စပ်ဒေသအတွက် ဆက်သွယ်ရေးလမ်းများကောင်းမွန်မှုမှာ အဓိကအရေးပါနေသဖြင့် အောက်တိုဘာ ၁ ရက်က မောင်တောနယ်စပ်သို့ ရောက်ရှိလာခဲ့သည့် နိုင်ငံတော်သမ္မတဦးသိန်းစိန်အား ဒေသတွင်းလမ်းများကောင်းမွန်အောင် ဆောင်ရွက်ပေးရန် ဒေသခံများက တောင်းဆိုခဲ့ကြောင်း သိရသည်။ ရန်ကုန်-စစ်တွေကားလမ်းပိုင်းရှိ အချို့လမ်းနေရာများကို ကွန်ကရစ်လမ်းအဖြစ် ခင်းကျင်းနေပြီဖြစ်သည်။


ဘူးသီးတောင်-မောင်တောလမ်းပိုင်းတစ်နေရာ

ဓာတ်ပုံ- မောင်ကံ






7Day News Journal
Vol.12, No.39 • DECEMBER 4 , 2013

# ဆောင်းကြက်သွန်နီ စိုက်ခင်းအများစုပျက်စီးခဲ့၍ နိုဝင်ဘာလတွင် စိုက်ပျိုးသော စိုက်ခင်းများ စောင့်ကြည့်ခဲ့ရ

**မျိုးမင်းဦး**

**မုံရွာ၊ နိုဝင်ဘာ-၃၀**



*မုံရွာဒေသတွင် ကြက်သွန်နီစိုက်ခင်းတွင် ပေါင်းနုတ်နေသော ဒေသခံအချို့*

ဓာတ်ပုံ- မျိုးမင်းဦး

မုံရွာမြို့နယ်အတွင်း ဆောင်းရာသီကြက်သွန်နီစိုက်ခင်းများ ရာသီအပြောင်းအလဲကြောင့် ပျက်စီးဆုံးရှုံးခဲ့သဖြင့် နိုဝင်ဘာလအတွင်း စိုက်ပျိုးသောကြက်သွန်နီစိုက်ခင်းများ အောင်မြင်ရရန် စောင့်ကြည့်နေရသည်ဟု မုံရွာမြို့နယ်အတွင်း ကြက်သွန်နီစိုက်ပျိုးသော တောင်သူကြီးများက ပြောသည်။

"ကြက်သွန်နီပျိုးခင်းတွေကို ပြီးခဲ့တဲ့တော်သလင်းလတုန်းက စပျိုးခဲ့တာ။ အဲဒီအချိန်ရွာတဲ့ မိုးကြောင့် ကြက်သွန်နီပျိုးခင်းတွေ တစ်ဝက်ကျော်ကျော် ပျက်စီးသွားတယ်။ နောက်တစ်ကြိမ် ကြက်သွန်နီထပ်ပျိုးတယ်။ ပျိုးခင်းထဲကနေ စိုက်ခင်းထဲစိုက်ရော စိုက်ခင်းထဲမှာ ပျိုးတွေသေရော။ ဒီလိုနဲ့ နှစ်ကြိမ်၊ သုံးကြိမ်ပျိုးတယ်။ သေတယ်။ နောက်ဆုံးပျိုးတဲ့သူတွေက တန်ဆောင်မုန်းလပြည့်ကျော်ရက်ပိုင်းမှာပျိုးတဲ့ အပင်တွေက လောလောဆယ် သန်တယ်။ ကြက်သွန်နီစိုက်ခင်းထဲတော့ ရောက်ပြီဆိုပေမယ့် စောင့်ကြည့်နေရဆဲပါ"ဟု မုံရွာမြို့နယ်၊ မင်းရွာကျေးရွာဒေသခံ ကြက်သွန်နီစိုက်ခင်းဒေသခံတောင်သူတစ်ဦးက ပြောသည်။

"ဒီဒေသမှာ ကြက်သွန်နီကို စီးပွားဖြစ်စိုက်ပျိုးခဲ့တာ။ ပြီးခဲ့တဲ့ မိုးတုန်းက အမြိတ်ထောင်ကြက်သွန်နီတွေက ဒီနှစ်တောင်သူတွေ စိုက်စရိတ်တောင်မရအောင် ရှုံးတယ်။ ဆောင်းကြက်သွန်ကိုလည်း စိုက်ဖို့ပျိုးတယ်။ သေတယ်။ အစောဆုံးစိုက်တဲ့ဆောင်းကြက်သွန်နီတော်တော်များများ ရာသီကြောင့် သေတယ်။ နောက်ပိုင်းစိုက်တဲ့ ကြက်သွန်နီစိုက်ခင်းတွေကတော့ လိုအပ်တဲ့ရေ၊ ဆေး၊ မြေဆီအကုန်ဂရုစိုက်လိုက်နေရတယ်"ဟု မုံရွာမြို့နယ် ကျွဲရဲကျေးရွာဒေသခံ ကြက်သွန်နီစိုက်တောင်သူတစ်ဦးက ပြောသည်။

ယခုနှစ် နိုဝင်ဘာလကုန်ရက်ပိုင်းအတွင်း မုံရွာမြို့နယ် ကြက်သွန်နီစိုက်ခင်းများအပြိုင်အဆိုင်စိုက်ပျိုးချိန်တွင် အလုပ်သမားရှားပါးမှု ပြဿနာနှင့် ရင်ဆိုင်ခဲ့ရသည်ဟု မုံရွာဒေသခံ ကြက်သွန်နီစိုက်တောင်သူများက ဆိုသည်။

# မုံရွာ-သက္ကယ်ချင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးမော်တော်ယာဉ်များ ပြန်လည်သွားလာနိုင်မည်

**မျိုးမင်းဦး**

**မုံရွာ၊ နိုဝင်ဘာ-၃၀**

မုံရွာမြို့မှ ချင်းတွင်းမြစ်အထက်ပိုင်းမြို့ကြီးများဖြစ်သည့် သက္ကယ်ချင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးမြို့ကြီးများသို့ သွားသောလမ်းကိုလမ်းများပျက်စီးသဖြင့် မိုးတွင်းကပိတ်ထားခဲ့ရာ ဒီဇင်ဘာဒုတိယအပတ်တွင် ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း အစိုးရရုံးမှသတင်းရရှိသည်။

"မုံရွာ-သက္ကယ်ချင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်းမှာ ကုန်းလမ်းအနေနဲ့ လမ်းမိုင် ၃၃၀ ရှိတယ်။ သက္ကယ်ချင်းကနေ ပင်းမားအထိ လမ်းအထူးအဖွဲ့ ၁၀ က တာဝန်ယူတယ်။ ပင်းမားကနေ ခန္တီးအထိ ပြည်သူ့ဆောက်လုပ်ရေးက တာဝန်ယူဆောင်ရွက်နေတယ်။ အခု မိုးတွင်းတုန်းက ပျက်စီးသွားတဲ့ လမ်းပိုင်းတွေကို ပြန်လည်ပြုပြင်နေပါပြီ။ ဒီဇင်ဘာလ ဒုတိယအပတ်လောက်မှာ မုံရွာကနေ ခန္တီးအထိ မော်တော်ယာဉ်တွေ သွားလာနိုင်တော့မှာပါ" ဟု စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"မုံရွာ-ခန္တီးက ပုံမှန်ဆိုရင် ချင်းတွင်းမြစ်ကို အားထားနေရတယ်။ နွေမှာ ချင်းတွင်းမြစ်ရေပါးချိန်ဆိုတော့ ကုန်သယ်တဲ့ မော်တော်ယာဉ်တွေ ရေကြောင်းကျပ်လို့ အချိန်ကြာတယ်။ တန်ဆာခတွေ တက်လေ့ရှိတယ်။ အဲဒီအချိန် ကားလမ်းပေါက်တော့ ကားနဲ့ သယ်ကြတယ်။ တန်ဆာခကတော့ သိပ်မကွာပေမယ့် ကားလမ်းက ရေလမ်းထက် ပိုမြန်တယ်" ဟု ခန္တီးမြို့ဒေသခံ ကုန်သည်တစ်ဦးက ပြောသည်။

မုံရွာ-သက္ကယ်ချင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးကားလမ်းတွင် သက္ကယ်ချင်းမှ ကလေး-ကလေးဝ-တမူးသို့လည်းကောင်း သွားလာနိုင်ပြီး သက္ကယ်ချင်းမှ ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးသို့သွားလာနိုင်ကြောင်း သိရှိရသည်။

ယခုအခါ မုံရွာ-သက္ကယ်ချင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်းပိုင်းသည် မိုးတွင်းကာလက လမ်းရေတိုက်စားမှုကြောင့် မော်တော်ယာဉ်များသွားလာရန် ခက်ခဲပြီး နွေရာသီတွင် မုံရွာမြို့မှ ချင်းတွင်းမြစ်အထက်ပိုင်းသို့ကုန်းလမ်းခရီးမှ ကုန်စည်နှင့် ခရီးသည်များ အဓိကသယ်ယူပို့ဆောင်သည့် လမ်းမကြီးဖြစ်၍ ရာသီမရွေးသွားလာနိုင်သည့် လမ်းအဆင့်သို့ တိုးမြှင့် ဖောက်လုပ်ရန်စီစဉ်လျက်ရှိကြောင်း သတင်းရရှိသည်။




သို့
ဘကြီး

ခိုင်ခိုင်ကျော်က မြို့နယ် (၅) ခုမှာ ထမင်းပူး/ဟင်းပူးတွေ လိုက်ရောင်းမယ့် Mobile ကား အစီအစဉ် စတော့မယ်တဲ့ ...

ကားတွေကြပ်ရတဲ့အထဲ ဘာဟင်းသွားဝယ်ပါဦး ... ခိုင်ခိုင်ကျော်က ဘာလေးစားချင်လို့ ခိုင်းချက်က လန်ထွက်တဲ့ ဘကြီးတူမအတွက်တော့ ကျွန်တော်နားအေးပြီ။

ရုံးအပြန် Mobile ကားတွေရပ်တဲ့နေရာ ဝင်ဝယ်လိုက်ရုံပဲ။

ဟိုနေ့က သူငယ်ချင်းမိန်မ မီးဖွားလို့ ... သတင်းမေးရင်း ဆေးရုံမှာ ထမင်းပူးတွေဝေနေတာ တံဆိပ်က ခိုင်ခိုင်ကျော် က ...

ကုတင်ပေါ်က သူ့မိန်းမကိုတောင် နောက်ဖြစ်သေးတယ် 'နင့်ဗိုက်ကတော့ပိန်သွားပြီ' မွေးနေ့ အလှူလုပ်တဲ့ ထမင်းပူးကတော့ ပူတုန်းပဲလို့ ...

ဘကြီးလည်း နယ်ပြန်ရင် ခိုင်ခိုင်ကျော်က ထမင်းပူးဝယ်သွား ... အစားအသောက်ဂျီးများတဲ့ ဒေါ်ကြီးတောင် ကားသစ်လေးကိုလမ်းမှာရပ်ပြီး ပူပူနွေးနွေးစားရတဲ့ ထမင်းပူးအရသာကို သဘောကျလို့ ခရီးသွားတိုင်း ခိုင်ခိုင်ကျော်ဖြစ်နေပြီ!

ဘကြီး တူက Bangkok က မှာလို့ ပြီးခဲ့တဲ့အပတ်က ချဉ်ပေါင်ကြော်နဲ့ ဝက်သားနီထမင်းပူးတွေ သယ်သွားပေးရသေးတယ်။ ဘကြီး Mobile ကားတွေ ရပ်တဲ့နေရာသိချင်ရင် လိပ်စာရေးပေးလိုက်မယ်။

ပါရမီဆိုင်ခွဲ - အမှတ် (၄၂/က)၊ ပါရမီလမ်းနှင့်ဝေဠုဝန်လမ်းထောင့်၊ ပါရမီဂုံးကျော်တံတားကြီးအနီး
ပြည်လမ်းဆိုင်ခွဲ (Break Fast) - မာလာဆောင်မှတ်တိုင်၊ ၅-မိုင်ခွဲ၊ ကမ္ဘောဇဘဏ်ဘေး၊ သုခကမ္ဘာဆေးရုံအဝင်လမ်း၊ ပြည်လမ်း၊ ရန်ကုန်တက္ကသိုလ်အနီး။
ဖုန်း ၀၉-၇၃၀၀၆၄၂၂ ၊ ၀၉-၄၃၁၃၆၆၆၉ ၊ ၀၉-၅၁၅၉၀၈၄ ၊ ၀၉-၇၃၀၀၀၇၀၇ ၊ ၀၉-၄၂၁၀၀၆၀၅၅၊ ၀၁-၅၂၄၂၀၈
ဂန္ဓမာဆိုင်ခွဲ - Gandamar Wholesale (တောင်ဥက္ကလာဂေါက်ကွင်းအနီး)
www.khaingkhaingkyawfoodcenter.com



**ဒေင်အုပ်စုကုမ္ပဏီလီမိတက်**

အမှတ်(၃၀/၃၁)၊ ရွှေပိတောက်ရိပ်မွန်၊ ဘုရင့်နောင်လမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၅၀၀၉၈၀ မှ ၅၀၀၉၈၅

**ဝန်ထမ်းအလိုရှိသည်**
**(ပြည်တွင်း၌သာခန့်ထားရန်)**

၁။ မြို့ပြအင်ဂျင်နီယာ ME, BE (Civil) (ကျား/မ) (၃)ဦး
လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၁၅)နှစ်ရှိသူဖြစ်ရမည်။
လုပ်ငန်းတစ်ခုလုံး ဦးဆောင်နိုင်သူဖြစ်ရမည်။

၂။ လျှပ်စစ်အင်ဂျင်နီယာ ME, BE (Electrical Power) (ကျား) (၃)ဦး
လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၁၅)နှစ်ရှိသူဖြစ်ရမည်။
လုပ်ငန်းတစ်ခုလုံး ဦးဆောင်နိုင်သူဖြစ်ရမည်။

၃။ ရေသန့်အင်ဂျင်နီယာ B.E, B.Tech, A.G.T.I (Civil) (ကျား/မ) (၅)ဦး
လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၅)နှစ်ရှိသူဖြစ်ရမည်။

၄။ မြို့ပြအင်ဂျင်နီယာ B.E, B.Tech (ကျား/မ) (၁၅)ဦး
လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၁)နှစ်ရှိသူဖြစ်ရမည်။

၅။ လျှပ်စစ်အင်ဂျင်နီယာ B.E, B.Tech, A.G.T.I (Electrical Power) (ကျား) (၅)ဦး
လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၅)နှစ်ရှိသူဖြစ်ရမည်။

၆။ Surveyor (ကျား) (၃)ဦး
လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၅)နှစ်ရှိသူဖြစ်ရမည်။

လျှောက်ထားသူများသည် ရန်ကုန်နှင့်နယ်စီမံကိန်းများတွင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ လျှောက်ထားသူများသည် အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကဒ်ပြားမိတ္တူ၊ ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်းထောက်ခံစာမူရင်း၊ ပညာအရည်အချင်းနှင့် လုပ်ငန်းအတွေ့အကြုံအတွက် လိုအပ်သော အထောက်အထားမိတ္တူ၊ မကြာသေးမီကရိုက်ကူး ထားသောဓါတ်ပုံ(၂)ပုံနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း အထက်ပါလိပ်စာသို့ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်သည်။

# ဘင်္ဂလားဒေ့ရှ်ဈေးကွက်မျှော်ပြီး မောင်တောနယ်စပ်တွင် ဖရဲတိုးချဲ့စိုက်ပျိုး

**မောင်ကံ**

**မောင်တော၊ ဒီဇင်ဘာ-၁**

ပြီးခဲ့သည့်နှစ် ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များကြောင့် သီးနှံစိုက်ပျိုးမှုနည်းပါးခဲ့သည့်မောင်တောနယ်စပ်ဒေသတွင် မိုးနှင့် ဆောင်းသီးနှံများကို ယခုနှစ်၌ ပုံမှန်အတိုင်း စိုက်ပျိုးလာကြရာ ဘင်္ဂလားဒေ့ရှ်ဈေးကွက်ကိုမျှော်ပြီး ဖရဲသီးများတိုးချဲ့စိုက်ပျိုးနေကြောင်းသတင်းရရှိသည်။



*မောင်တောနယ်စပ်ရှိ ဖရဲသီးစိုက်ခင်းတစ်နေရာ*

ဓာတ်ပုံ- မောင်ကံ

မောင်တော နယ်စပ်ဒေသတွင် ဖရဲသီးများကိုမြို့နယ်တောင်ပိုင်းဒေသ အလယ်သံကျော်ဘက်တွင် အများဆုံးစိုက်ပျိုးပြီး ရေချိုအရင်းအမြစ်ရရှိနိုင်သည့် နေရာများတွင် အများဆုံး စိုက်ပျိုးကြသည်။ အလယ်သံကျော်တွင် စိုက်ပျိုးထားသည့် ဖရဲသီးများ မောင်တောနယ်စပ်ဈေးကွက်သို့ စတင်ဝင်ရောက်နေပြီး ပေါ်ဦးပေါ်ဖျားတွင် တစ်လုံးကျပ် ၁,၀၀၀၊ ကျပ် ၁,၅၀၀ ထိ ဈေးကောင်းရနေကြောင်း သိရသည်။

မောင်တော နယ်စပ်ဒေသထွက် ဖရဲသီးများနှင့် ရခိုင်ပြည်နယ် မြို့နယ်အသီးသီးမှ ထွက်ရှိသည့် ဖရဲသီးများကို မောင်တောနယ်စပ်ကုန်သွယ်ရေးမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့နေရပြီး လွန်ခဲ့သည့်နှစ်က ဆူပူအကြမ်းဖက်မှုများကြောင့် ဖရဲအစိုက်နည်းကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ရမှုနည်းပါးခဲ့ကြောင်း ကုန်သွယ်သူတစ်ဦးက ပြောကြားသည်။

"ဒီနှစ်တော့ အခြေအနေတွေကလည်း တည်ငြိမ်နေပြီဆိုတော့ တောင်သူတွေကလည်း သီးနှံစိုက်တာတွေကို ပြန်ပြီးလုပ်ကိုင်နေကြပါပြီ။ တိုင်းရင်းသားတောင်သူတွေသာ ဘင်္ဂါလီရွာတွေနဲ့ နီးကပ်နေတဲ့လယ်မြေတွေမှာ သွားမစိုက်ရဲကြသေးပါဘူး။ ဘင်္ဂါလီတွေကလည်း စိုက်တာပျိုးတာတွေကို ပုံမှန်လုပ်နေကြပါပြီ။ ဒီနှစ်တော့ တစ်ဖက်နိုင်ငံဈေးကွက်ကို အားထားပြီး ဖရဲသီးတွေတိုးစိုက်တာတွေ့ပါတယ်"ဟု အလယ်သံကျော် တိုက်နယ်မှ ဒေသခံတောင်သူတစ်ဦးက ပြောပြသည်။

# ပြည် ရွှေဆံတော်စေတီတွင် မြေထိန်းနံရံများ တည်ဆောက်မည်

**ဇော်မင်းထိုက်**

**ပြည်၊**
**ဒီဇင်ဘာ-၁**

ပြည်မြို့ ရွှေဆံတော်စေတီတော်မြတ်ကြီး တည်ထားကိုးကွယ်ရာ သုဒဿနတောင်ကုန်း ရေရှည်တည်တံ့စေရန် မြေထိန်း နံရံများ တည်ဆောက်သွားမည်ဖြစ်ကြောင်း စေတီတော်ဂေါပကအဖွဲ့မှ သတင်းရရှိသည်။

ရွှေဆံတော်စေတီတော်၏ စနေထောင့်ရှိ မြေထိန်းနံရံအချို့ အက်ကွဲလာခြင်း၊ စွယ်တော်တိုက်နှင့် ကျားပုံမကောက်ဓမ္မာရုံကြားရင်ပြင်တော် အက်ကွဲလာခြင်းတို့ကြောင့် ပြုပြင်ခြင်းဖြစ်ကြောင်း သိရသည်။

"ရင်ပြင်တော်နဲ့ မြေထိန်းနံရံတွေအက်ကြောင်းလိုက်လာတာ ၂ နှစ်ကျော်လောက်ရှိပြီ။ ဒီလိုပဲ ဖာလိုက်ထေးလိုက်နဲ့ပြုပြင်လာခဲ့တယ်။ နောင်မှာ စိုးရိမ်စရာဖြစ်လာနိုင်လို့ ပြုပြင်ဖို့လုပ်ခြင်းဖြစ်တယ်"ဟု ဂေါပကအဖွဲ့ဝင်တစ်ဦးကပြောသည်။

ဆောင်ရွက်မည့် လုပ်ငန်းများတွင် သုဒဿနတောင်တော်ကြံ့ခိုင်ရေးနှင့် ရင်ပြင်တော်တိုးချဲ့ရေးအပါအဝင် ကျားပုံမကောက်ဓမ္မာရုံအသစ် ပြန်လည်တည်ဆောက်ခြင်းများ ပါဝင်ကြောင်း၊ ယခုအခါ ကျွမ်းကျင်သူများက တောင်ကုန်းမြေသားများကို စစ်ဆေးလျက်ရှိပြီး ၎င်းတို့ထံမှ တည်ဆောက်မှုနှင့်ခန့်မှန်းကုန်ကျမည့်တန်ဖိုးကို သိရှိပါက စတင်ပြုပြင်သွားမည်ဖြစ်သည်။

ပြည်မြို့ရှိ သုဒဿနတောင်တော်ပေါ်တွင် ရွှေဆံတော်စေတီတော်မြတ်ကြီးတည်ထားကိုးကွယ်ခဲ့သည်မှာ နှစ်ပေါင်းနှစ်ထောင့်ခြောက်ရာကျော်ပြီဖြစ်သည်။

မဟာသက္ကရာဇ် ၁၀၃ ခုနှစ်မှစ၍ ယင်းတောင်ပေါ်တွင် စပါးစုပုံစေတီတည်ထားခဲ့ပြီး သာသနာ သက္ကရာဇ် ၁၂၆ ခုနှစ်တွင် သရေခေတ္တရာပြည့်ရှင် ဒွတ္တပေါင်မင်းက ဉာဏ်တော် ၁၂၆ ပေရှိ ယခုရွှေဆံတော်စေတီတော်မြတ်ကြီးအား တည်ထားခဲ့သည်။ ယခုအဓိကထား တည်ဆောက်မည့် စနေထောင့်ရှိ မြေထိန်းနံရံမှာ ၁၉၉၀ ပြည့်နှစ်ခန့်က ဆောက်လုပ်ထားခဲ့ရာ နှစ်ပေါင်းနှစ်ဆယ်ကျော်ကြာခဲ့ပြီဖြစ်သည်။

ရွှေဆံတော်စေတီတော်မြတ်ကြီးတည်ထားရာသုဒဿနတောင်တော် တည်တံ့ကြံ့ခိုင်ရေးဆောင်ရွက်ရာတွင် စေတနာရှင်အလှူရှင်များအနေဖြင့် လှူဒါန်းမှုပြုလုပ်နိုင်ရန် အလှူခံဌာန ဖွင့်လှစ်သွားမည်ဖြစ်သည်။

# စစ်ကိုင်းတိုင်းဒေသကြီး နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့ ချုပ် ဖွဲ့စည်းရေး မုံရွာနှင့် ချောင်းဦးနိုင်ကျဉ်းများ ဆွေးနွေး

**မျိုးမင်းဦး**

**မုံရွာ၊**
**နိုဝင်ဘာ- ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး နိုင်ငံရေးအကျဉ်းသားဟောင်းများ အဖွဲ့ချုပ် ဖွဲ့စည်းနိုင်ရေးအတွက် မုံရွာနှင့် ချောင်းဦးမြို့နယ် အတွင်းရှိ နိုင်ငံရေး အကျဉ်းသားဟောင်းများသည် ဒီဇင်ဘာ ၁ ရက်က မုံရွာမြို့၊ထန်းတောအောင်ရတနာရပ်ကွက်ရှိဦးကျော်အေးနေအိမ်၌ တွေ့ဆုံဆွေးနွေးကြောင်းသတင်းရရှိသည်။

"တိုင်းအဆင့် နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့ချုပ်ကို မုံရွာမှာ ဖွင့်လှစ်ဖို့ စီစဉ်ထားပါတယ်။ အခြားပါတီတွေလို ဆိုင်းဘုတ်ထောင်ဖွင့်လှစ်မှာ မဟုတ်ပေမယ့် နေအိမ်တစ်ခုမှာ နိုင်ငံရေး အကျဉ်းသားဟောင်းတွေနဲ့ သူတို့ရဲ့ မိသားစုဝင်တွေကို ထောက်ပံ့မှုတွေဆောင်ရွက်ပေးဖို့မြို့နယ်အလိုက် ဖွဲ့စည်းဖွင့်လှစ်ဖို့ စီစဉ်ထားပါတယ်။ ချောင်းဦးမြို့နယ်မှာ နိုင်ငံရေးအကျဉ်းသားဟောင်း ၂၅၈ ဦး ရှိတဲ့အတွက် ချောင်းဦးမြို့မှာလည်း ဖွင့်လှစ်ဖို့ စီစဉ်ထားပါတယ်" ဟု မုံရွာမြို့နိုင်ငံရေး အကျဉ်းသားဟောင်းတစ်ဦးက ပြောသည်။

"မည်သည့် အဖွဲ့အစည်းကမဆို နိုင်ငံရေးကြောင့် အကျဉ်းကျခံရသူတွေအားလုံး ပါဝင်ခွင့်ရှိပါတယ်။ စစ်ရာဇဝတ်မှုတွေကို တရားစွဲဆိုဖို့မဟုတ်ပါဘူး။ ၁၉၈၈ ကနေ ၂၀၁၀ အတွင်း တရားဥပဒေစိုးမိုးမှု မရှိတဲ့အတွက် တရားရေးမဏ္ဍိုင်ယိမ်းယိုင်ခဲ့ပြီး ပုဒ်မအမျိုးမျိုးတပ်ပြီး နိုင်ငံရေးသမားတွေ အကျဉ်းကျခံခဲ့ရတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး သက်ဆိုင်ရာက တာဝန်ယူဖို့တော့လိုတယ်။ နိုင်ငံရေး အကျဉ်းသားဟောင်းတွေရဲ့အရေးနဲ့ ပတ်သက်ပြီး နိုင်ငံတော်သမ္မတ၊ ဒေါ်အောင်ဆန်းစုကြည်၊ ဦးမင်းကိုနိုင်တို့ကို စာနဲ့တင်ပြခဲ့ပြီး လွှတ်တော်ကို တင်သွင်းသွားမှာဖြစ်ပါတယ်" ဟု နိုင်ငံရေး အကျဉ်းသားဟောင်းများအဖွဲ့ချုပ် ဖြစ်မြောက်ရေးကော်မတီအဖွဲ့ဝင် ကိုမြင့်ဝင်းမောင်က ပြောကြားသည်။

နိုင်ငံရေး အကျဉ်းသားဟောင်းများအဖွဲ့ချုပ်သည် နိုင်ငံရေး ဆောင်ရွက်ရင်း ပုဒ်မအမျိုးမျိုးဖြင့် အရေးယူခံရသော အကျဉ်းသားဟောင်းများ သာမက မိသားစုဝင်များကိုပါ ထောက်ပံ့နိုင်ရေးအတွက် မုံရွာမြို့တွင် တိုင်းအဆင့် ရုံးတစ်ခုဖွင့်လှစ်ရန် အကြိုညှိနှိုင်းဆွေးနွေးခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ အဆိုပါအဖွဲ့မှ နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ ဘဝရပ်တည်ချက် အခက်အခဲများကိုသာမက ပညာရေး၊ ကျန်းမာရေး၊ စာကြည့်တိုက် ဖွင့်လှစ်ရေး စသည့် ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက်ကဏ္ဍအလိုက်ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



7 DAY NEWS JOURNAL
Vol.12, No.39 • DECEMBER 4 , 2013

စာ(၃)မှ

## အပြောင်းအလဲကာလနှင့် အလှူရှင်ကမ္ဘာ

အဆိုပါ အကူအညီများ အကောင်အထည်ဖော်ရာတွင် ကိုယ်တိုင်ဆောင်ရွက်ခြင်းမရှိဘဲ နိုင်ငံတကာအင်န်ဂျီအိုများနှင့် အကြံပေးများမှတစ်ဆင့် အင်န်ဂျီအိုများနှင့် အောက်ခြေရှိလူထု အခြေပြုအဖွဲ့အစည်းများသို့ ပေးအပ်သဖြင့် တကယ်လူထုဆီရောက်ရှိချိန်တွင် ပမာဏအလွန်နည်းသွားသည့် အခြေအနေမျိုးဖြစ်နေသည်။

ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ကမ္ဘောဒီးယားနိုင်ငံတွင် ဖြစ်ခဲ့သော သင်ခန်းစာကို နမူနာယူ၍ ကြိုတင်ပြင်ဆင်ရန် အချိန်ကျန်ရှိသေးသည်။ လက်ရှိမြန်မာနိုင်ငံတွင်အသင်းအဖွဲ့ဥပဒေအတည်မပြုနိုင်သေးသဖြင့် အရပ်ဘက်အဖွဲ့အစည်းအရေအတွက်နည်းနေသေးသော်လည်း ထိုဥပဒေအတည်ပြုပြီးနောက် အရပ်ဘက်အဖွဲ့အစည်းများ ပိုမိုအားကောင်းလာနိုင်သည်။

လက်ရှိပြည်တွင်း၌ ဆောင်ရွက်နေသော အင်န်ဂျီအိုများအနေဖြင့် လည်း နိုင်ငံတကာအင်န်ဂျီအိုများနှင့် တိုက်ရိုက်ချိတ်ဆက်နိုင်ရန် စီမံခန့်ခွဲမှုပိုင်းကို စနစ်တကျပြင်ဆင်ထားရန် လိုအပ်ကြောင်း မြန်မာနိုင်ငံအင်န်ဂျီအိုများအသင်းဥက္ကဋ္ဌက အကြံပြုသည်။

"အင်န်ဂျီအိုတွေကို စောင့်ကြည့်ကြည့်ရှုတာလုပ်ဖို့လိုတယ်။ အရပ်ဘက်အဖွဲ့အစည်းတွေကရော မီဒီယာတွေကရော အသင်းအဖွဲ့အဖွဲ့အစည်းတွေအပါအဝင်ပေ့ါ။ ကူညီမှုတွေဟာ ထိရောက်မှုရှိလားဆိုတာပါ"ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်က အကြံပြုပြောဆိုသည်။ ။

**VACANCY ANNOUNCEMENT**
**Post Title : Communication Officer (Re-advertisement)**
**Duty Station : Yangon**

ICRC

The Communication Officer will be part of the Communication department in Yangon and should start in his/her position in January 2014.

**Professional Requirements:** A university degree or equivalent, four years experience in the communication field, fluent in written and spoken English, very good computer skills, very good analytical and writing skills, excellent communication skills, confirmed capacity to analyse the political and social environment.

**Personal Requirements:** A Myanmar National, patient, self-confident and discrete, able to travel within Myanmar, capable of taking responsibility and identifying priorities, able to take initiative and to work independently, culturally sensitive and flexible.

**Main Responsibilities:** Contribute to the implementation of communication activities, mainly independently, maintain and develop constructive relations with various interlocutors including Myanmar authorities, the Myanmar Red Cross and civil society organisations, give presentations on Red Cross related topics to various target audiences, organise and attend meetings with various interlocutors, translate documents and interpret from English to Myanmar and vice versa, contribute to the development and production of dissemination tools, contribute to written report, contribute to planning and budget follow-up.

Interested persons should submit an application and a CV by mail to: the **ICRC, Human Resources Department, 2(C)-5, Kaba Aye Pagoda Road, 8th Mile, Mayangone Township, Yangon** or by e-mail to: yan_yangon@icrc.org before **25th December 2013**. Only short-listed applicants will be contacted. For more details, please contact the ICRC Human Resource Department (tel.: 01- 662613, 650136, 664524). For more information about the ICRC, please visit our website: www.icrc.org

bYSI

CARRIER OPPORTUNITIES

Majestic Trading Co., Ltd is going to extend the International Brand called bYSI which is above 60 outlets in 14 countries. Currently we are seeking for energetic & self driven staff for the following Positions.

- **Brand Manager** F(1)post

-Qualification: M.B.A or equivalent
-Strong in Brand management Concept
-Minimum (3) years experience
-have a good knowledge in Retail industry
-Willing to travel local & abroad

- **Merchandiser** M/F(1)post

-Any graduate (more preferable B.Com, B.Econ, B.B.A, and B.B.M)
-Must have calculation skills
-Willing to travel local & abroad

- **Admin Staff** F(1)post

-Qualification: 10th standard passed or graduate
-At least 2 years experience with reputed retail fashion Brand

- **Sales Supervisor (Ygn & Mdy)** F(2)post

-Female aged not over 30 years
-Qualification: University degree holder & computer skills
-Must have experience in managing staff & must be a good leader

- **Sales Associate (Ygn & Mdy )** F(6)post

-Qualification: 10th standard passed
-Minimum 1 year experience with reputed retail fashion Brand

Interested person are invited to send applications with updated resume, one passport size recent photo, a copy of labor registration card and NRC card, education certificate and other related documents to **Majestic Co., Ltd. No (701), 7th Floor, Diamond Condo Tower (B) Pyay Road, Kamaryut Tsp, Yangon. Ph: 09 8502488, 09 73257575. Email: bysi.myanmar@gmail.com**



Education

7 DAY NEWS JOURNAL

Vol.12, No.39 • DECEMBER 4 , 2013



# အစိုးရသစ်လက်ထက် ပညာရေးအသုံးစရိတ် တိုးမြှင့်လိုက်ပြီး ကျောင်းသား၊ ဆရာဦးရေမြင့်တက်

**နေလင်းထွန်း**

**ရန်ကုန်၊ နိုဝင်ဘာ-၃၀**

စစ်အစိုးရအလွန်ကာလ မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍတွင် အသုံးစရိတ်များ တိုးမြှင့်ရရှိခဲ့၍ ကျောင်းသားနှင့် ဆရာ၊ ဆရာမဦးရေလည်း မြင့်တက်လာကြောင်း ပညာရေးဝန်ကြီးဌာန၊ ခေတ္တပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးမြင့်က ပြောသည်။

အစိုးရသစ်သည် ပညာရေးဝန်ကြီးဌာနအတွက် အသုံးစရိတ်များ တိုးမြှင့်ချထားပေးခဲ့ပြီးနောက် စာသင်ကျောင်းအရေအတွက်နှင့် ဆရာ၊ ကျောင်းသားဦးရေတိုးပွားလာကြောင်း ခေတ္တပြည်ထောင်စုဝန်ကြီးက ရန်ကုန်တက္ကသိုလ်၊ စိန်ရတုခန်းမတွင် နိုင်ငံတော်သမ္မတနှင့် အရပ်ဘက်အဖွဲ့အစည်းများ တွေ့ဆုံပွဲ၌ ပြောခြင်းဖြစ်သည်။

“၂၀၁၃-၂၀၁၄ မှာဆိုရင် ၉၀၉ ဘီလီယံကျော်၊ ၄၁ ရာခိုင်နှုန်းကျော် တိုးမြှင့်တာကို တွေ့ရမှာဖြစ်ပါတယ်။ ကျောင်းအရေအတွက်အားဖြင့်ကတော့ ၂၀၁၁ နဲ့ ဒီကာလယှဉ်ကြည့်မယ်ဆိုရင် ၅ ဒသမ ၁ ရာခိုင်နှုန်း တိုးလာပါတယ်။ ဆရာ၊ ဆရာမဦးရေ ၁၂ ရာခိုင်နှုန်းကျော် တိုးတယ်လို့ ပြောပါတယ်။ ကျောင်းသားအရေအတွက်အနေနဲ့လည်း ၈ ရာခိုင်နှုန်း တိုးလာပါတယ်” ဟု ဒေါက်တာမျိုးမြင့်က ဆိုသည်။

ပညာရေးဝန်ကြီးဌာနသည် တိုးမြှင့်ရရှိသော ပညာရေးအသုံးစရိတ်ကို စာသင်ကျောင်းဆောင်များ ပြင်ဆင်ခြင်း၊ အသစ်တည်ဆောက်ခြင်း၊ ဆရာ၊ ဆရာမများ တိုးမြှင့်ခန့်ထားခြင်း၊ မူလတန်းပညာရေးအစီအစဉ်များ ဆောင်ရွက်ခြင်းတို့ ပြုလုပ်ခဲ့သည်။

“ဒီနှစ်ကျောင်းသား ပညာသင်ယူမှုအနေနဲ့ကတော့ ၅ ဒသမ ၁ သန်းကျော် ရှိပါတယ် (အခြေခံပညာအဆင့်)။ ဒီကာလအတွင်းမှာ ၃ ရာခိုင်နှုန်းတိုးပါတယ်။ ၃ ရာခိုင်နှုန်းတိုးခြင်းအကြောင်းတစ်ခုက မူလတန်းအခမဲ့ပညာရေး စတင်ဆောင်ရွက်ခြင်းကြောင့် ဖြစ်ပါတယ်” ဟု ခေတ္တပြည်ထောင်စုဝန်ကြီးက ပြောသည်။

မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍသည် အဘက်ဘက်မှ နိမ့်ကျလျက်ရှိနေခြင်းကြောင့် ပညာရေးအဆင့်အတန်း မြှင့်တင်ရေးအတွက် အစိုးရအသုံးစရိတ် ဆက်လက်တိုးမြှင့်ချထားပေးရန် ပညာရှင်များက တိုက်တွန်းနေကြသည်။

# မြန်မာနှင့် ဂျပန်အဖွဲ့အစည်းတို့ စာရင်းကိုင်ပညာမြှင့်တင်ရေး လက်မှတ်ရေးထိုး

**နေလင်းထွန်း**

**ရန်ကုန်၊ နိုဝင်ဘာ-၃၀**

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း (MICPA) နှင့် ဂျပန်နိုင်ငံ ဒိုင်ဝါမြန်မာ-ဖောင်ဒေးရှင်း (DMJF)တို့သည် မြန်မာနိုင်ငံစာရင်းကိုင်ပညာဖွံ့ဖြိုးတိုးတက်လာရန် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး သဘောတူလက်မှတ်ရေးထိုးလိုက်သည်။

မြန်မာနိုင်ငံတွင် မကြာမီပေါ်ပေါက်လာမည့် စတော့အိတ်ချိန်းနှင့် ပတ်သက်သော ပညာရပ်များ သိရှိနားလည်စေရန်နှင့် စာရင်းကိုင်များ၊ စာရင်းစစ်များ လေ့ကျင့်သင်ကြားပေးရန် ရည်ရွယ်၍ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးလိုက်ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းက သတင်းထုတ်ပြန်သည်။

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းဝင်များအနေဖြင့် အရင်းအနှီးဈေးကွက်နှင့်ပတ်သက်သော အသိပညာနှင့် ကျွမ်းကျင်မှု တိုးတက်လာရေး ဆောင်ရွက်ရန် နှစ်ဖက်မှုဘောင်သဘောတူညီမှုများ ဖော်ထုတ်သွားခြင်း၊ စတော့အိတ်ချိန်းဈေးကွက်ဆိုင်ရာ အသိပညာပေးဟောပြောပွဲများ၊ ဆွေးနွေးပွဲများနှင့် သင်တန်းများပို့ချခြင်း စသည့်ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းသည် မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေအရ အသိအမှတ်ပြုထားပြီး လက်မှတ်ရစာရင်းကိုင် ၆၀၀ ကျော်ဖြင့် ဖွဲ့စည်းထားသော စာရင်းကိုင်ပညာရှင်အဖွဲ့အစည်းဖြစ်သည်။

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းသည် စာရင်းပညာရပ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သော အင်္ဂလန်နှင့် ဝေးလ်ပြည်နယ်ဆိုင်ရာ စာရင်းကိုင်အဖွဲ့အစည်း (ICAEW)၊ လက်မှတ်ရစာရင်းကိုင်အဖွဲ့အစည်း (ACCA)၊ စာရင်းကိုင်စီမံခန့်ခွဲမှုအဖွဲ့အစည်း (CIMA)တို့နှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာများ ရေးထိုးထားပြီးဖြစ်သည်။

# ပညာရေးပြုပြင်ပြောင်းလဲမှု အားလုံးပူးပေါင်းဆောင်ရွက်ရန် ခေတ္တပညာရေးဝန်ကြီးပြော

**နေလင်းထွန်း**

**ရန်ကုန်၊ နိုဝင်ဘာ-၃၀**

မြန်မာနိုင်ငံတွင် ပညာရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိရာ ပညာရေးဝန်ကြီးဌာနတစ်ခုတည်း လုပ်ကိုင်၍မရဘဲ အရပ်ဘက်အဖွဲ့အစည်းများ၊ မိဘ၊ ဆရာများ၊ ရပ်မိ၊ ရပ်ဖများ၏ ပူးပေါင်းမှုဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာန၊ ခေတ္တပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးမြင့်က ပြောသည်။

ပညာရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များကို အောက်ခြေအခြေပြုပုံစံဖြင့် ဆောင်ရွက်လျက်ရှိပြီး ပညာရေးကဏ္ဍလိုအပ်ချက်များအတွက် အားလုံးပါဝင် ဆောင်ရွက်သွားကြရန် ဒေါက်တာမျိုးမြင့်က အရပ်ဘက်အဖွဲ့အစည်းများအား ပြောဆိုခဲ့ခြင်းဖြစ်သည်။

“အရေးအကြီးဆုံးတစ်ခုပြောချင်တာက ပညာရေးပြုပြင်ပြောင်းလဲမှုကို ပညာရေးဝန်ကြီးဌာနတစ်ခုတည်း လုပ်လို့မရပါဘူး။ ဒီအခန်းထဲမှာရှိတဲ့ အရပ်ဘက်အဖွဲ့အစည်းကိုယ်စားလှယ်တွေလည်း ပါဝင်ပြီး ဆောင်ရွက်ဖို့အပြင် အခြေခံပညာကဏ္ဍမှာဆိုရင် ကျောင်းတွေက သီးသန့်နေဖို့ မဟုတ်ပါဘူး။ သက်ဆိုင်ရာ မြို့မိမြို့ဖများ ရှိပါတယ်။ မိဘ၊ ဆရာ အသင်းတွေရှိပါတယ်။ ပြီးတော့ ကော်မတီအဖွဲ့တွေရှိပါတယ်။ အဲဒီအဖွဲ့တွေရယ်၊ မြို့နယ်အထောက်အကူပြုကော်မတီတွေလည်း ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ နောက် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်တွေ ရှိပါမယ်။ ဒီပုဂ္ဂိုလ်၊ အဖွဲ့အစည်းအရပ်ရပ်ကနေပြီးတော့ ပူးပေါင်းပြီး ကျောင်းတွေရဲ့ ကောင်းရာကောင်းကြောင်း၊ ကျောင်းတွေရဲ့ လိုအပ်ချက်ကို မြှင့်တင်ဖို့ အောက်ခြေအခြေပြုအရည်အသွေးကို ဆောင်ရွက်နေတယ်လို့ ကျွန်တော့်အနေနဲ့ အသိပေးရင်းနဲ့ အရပ်ဘက်အဖွဲ့အစည်းတွေကို ပညာရေးကိစ္စအချို့ကို တင်ပြခွင့်ရတဲ့အတွက် ဝမ်းသာကြောင်း ပြောကြားလိုပါတယ်” ဟု ခေတ္တပြည်ထောင်စုဝန်ကြီးက ရန်ကုန်တက္ကသိုလ်၊ စိန်ရတုခန်းမတွင် ပြုလုပ်သည့် နိုင်ငံတော်သမ္မတနှင့် အရပ်ဘက်အဖွဲ့အစည်းများ တွေ့ဆုံပွဲ၌ ပြောသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှုအတွက် ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေး ကော်မတီ၊ အထူးလုပ်ငန်းအဖွဲ့၊ အကြံပေးအဖွဲ့နှင့် လုပ်ငန်းအဖွဲ့ ၁၈ ဖွဲ့ကို ဖွဲ့စည်း၍ အမျိုးသားပညာရေးမူဝါဒများ ရေးဆွဲရန် ဆွေးနွေးညှိနှိုင်းတိုင်ပင်မှုများ ဆောင်ရွက်စေလျက်ရှိသည်။



7 DAY NEWS JOURNAL
Vol.12, No.39 • DECEMBER 4 , 2013

# မူလတန်းအဆင့် သင်ရိုးညွှန်းတမ်းများ သင်ခန်းစာလျှော့ချသွားမည်

**နေလင်းထွန်း**

**ရန်ကုန်၊ နိုဝင်ဘာ-၃၀**

လာမည့်ပညာသင်နှစ် မူလတန်းအဆင့်သင်ရိုးညွှန်းတမ်းများတွင် ခေတ်နှင့်မဆီလျော်သော ဝန်ထုပ်ဝန်ပိုးဖြစ်နေသည့်သင်ခန်းစာများကို ပယ်ဖျက်သွားမည်ဖြစ်ကြောင်း ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အခြေခံပညာအဆင့် မူလတန်းမှ အထက်တန်းထိ သင်ရိုးညွှန်းတမ်းများကို ပြန်လည်စိစစ်သုံးသပ်လျက်ရှိပြီး လာမည့်ပညာသင်နှစ်တွင် မူလတန်းအဆင့် သင်ရိုးညွှန်းတမ်းများထဲမှ သင်ခန်းစာအချို့ လျှော့ချသွားမည်ဖြစ်သည်။

"တချို့သင်ခန်းစာတွေက Overload (ပြည့်ကျပ်) ဖြစ်နေတာတွေရှိတယ်။ သူငယ်တန်းကနေ ဒသမတန်းထိ သင်ရိုးညွှန်းတမ်းတွေ စိစစ်နေပါတယ်။ ဒီနှစ်ကတော့ မူလတန်းအဆင့်ပါပဲ။ နှစ်တိုင်းကတော့ ခေတ်ကာလနဲ့မဆီလျော်တာတွေကိုဖြုတ်နေပါတယ်။ ဒီနှစ်ကတော့ Burden (ဝန်ထုပ်ဝန်ပိုး) ဖြစ်နေတာကိုပါ လျှော့ချလိုက်ပါတယ်" အထက်ပါ တာဝန်ရှိသူက ပြောသည်။

အခြေခံပညာအဆင့် သင်ရိုးညွှန်းတမ်းများသည် သင်ခန်းစာများ များပြားနေခြင်းကြောင့် ဆရာ၊ ဆရာမများအနေဖြင့် သင်ခန်းစာများပြီးပြတ်အောင် အလျင်အမြန်သင်ကြားရခြင်း၊ ခေတ်နှင့်မဆီလျော်သော အကြောင်းအရာများရှိနေခြင်းအပေါ် ပညာရှင်များက ဝေဖန်လျက်ရှိကြသည်။

ပညာရေးဝန်ကြီးဌာနသည် ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု အေဂျင်စီ (JICA) နှင့် ပူးပေါင်း၍ မူလတန်းအဆင့် သင်ရိုးညွှန်းတမ်းများ အသစ်ပြန်လည်ရေးဆွဲသွားရန် စီစဉ်ထားပြီး လာမည့်နှစ်မှစ၍ တစ်နှစ်လျှင်၊ တစ်တန်းနှုန်းဖြင့် သင်ရိုးညွှန်းတမ်းအသစ်များ ပြောင်းလဲအသုံးပြုသွားမည်ဖြစ်သည်။




# တက္ကသိုလ်ဆရာ၊ ဆရာမများသမဂ္ဂ (မန္တလေး) က အခမဲ့သင်တန်းများ ဆက်လက်ပို့ချမည်

**အေးမွန်ရာပြည့်**

**ရန်ကုန်၊ နိုဝင်ဘာ-၃၀**

အထက်မြန်မာနိုင်ငံမြို့ အသီးသီးရှိ နိုင်ငံရေးပါတီများ၊ လူမှုရေးအဖွဲ့အစည်းများအား တက္ကသိုလ်ဆရာ၊ဆရာမများသမဂ္ဂ(မန္တလေးမြို့)က အခမဲ့သင်တန်းများလိုက်လံပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မန္တလေးမြို့၊ တက္ကသိုလ်ကျောင်းများမှ ဆရာ၊ ဆရာမများနှင့် အငြိမ်းစားတက္ကသိုလ်ပါမောက္ခများဖြင့် ဖွဲ့စည်းထားသည့် တက္ကသိုလ်ဆရာ၊ ဆရာမများသမဂ္ဂ (မန္တလေး)ထံသို့ အရည်အသွေးမြှင့်သင်တန်းများ လာရောက်ဖွင့်လှစ်ပေးရန် ကမ်းလှမ်းလာပါက မည်သည့်အဖွဲ့အစည်းမျိုးကိုမဆို သင်ကြားပေးသွားမည်ဖြစ်ကြောင်းသမဂ္ဂမှသတင်းရရှိသည်။

ခေါင်းဆောင်မှု စွမ်းရည်သင်တန်း၊ ပထဝီဝင်နိုင်ငံရေး၊ ဥပဒေပညာ၊ အသုံးချစိတ်ပညာနှင့် အင်္ဂလိပ်ဘာသာရပ်များအပါအဝင် ယဉ်ကျေးမှုနှင့်သက်ဆိုင်သည့်ပညာရပ်များကိုပါသင်ကြားပေးနိုင်သည့် ဆရာ၊ ဆရာမသမဂ္ဂတွင်ပါဝင်သဖြင့် ထိုဘာသာရပ်များကို အထက်မြန်မာပြည်ရှိမည်သည့်မြို့တွင်မဆိုသွားရောက်၍ ရက်တိုရက်ရှည်သင်တန်းများ ပေးသွားမည်ဖြစ်ကြောင်း တက္ကသိုလ်ဆရာ၊ ဆရာမများသမဂ္ဂ (မန္တလေး)မှ ယာယီဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသည့် ဒေါက်တာသက်နိုင်ဦးကပြောသည်။

"ဘယ်ဘာသာရပ်နဲ့ပတ်သက်ပြီး လာသင်တန်းပေးစေချင်လဲဆိုတာ ကျွန်တော်တို့ဆီသာ ပြောလိုက်။ သင်ရိုးတွေကိုလည်း ပြင်ထားပြီးသား။ အားကြိုးမာန်တက်သင်ပေးမယ့် ဆရာတွေလည်းရှိပြီးသား အဓိကတော့ လူငယ်တွေစွမ်းရည်ဖွံ့ဖြိုးလာဖို့ အခုလိုလိုက်ပြီးသင်ပေးဖို့စီစဉ်ရတာ" ဟု ၎င်းကဆက်လက်ပြောသည်။

သင်ကြားရေးပြုလုပ်ရန်နေရာနှင့် လာရောက်သင်ကြားမည့် သင်တန်းသားများ စည်းကမ်းရှိစေရေးအတွက်မူ သင်တန်းများ လာရောက်ဖွင့်လှစ်ပေးရန် ကမ်းလှမ်းသည့်အဖွဲ့အစည်းများ၊ ပါတီများမှ တာဝန်ယူရမည်ဟု ၎င်းကထပ်မံပြောကြားသည်။

လာရောက်သင်ကြားပေးရန် ကမ်းလှမ်းလိုပါက ဖုန်းနံပါတ် ၀၉-၄၃၀၁၁၆၄၃ သို့ ဆက်သွယ်နိုင်ကြောင်း ဒေါက်တာသက်နိုင်ဦးကပြောသည်။

# အဆင့်မြင့်ပညာရေးမူဝါဒစစ်တမ်း ဒီဇင်ဘာ ၆ ရက်တွင် ထုတ်ပြန်မည်

**နေလင်းထွန်း**

**ရန်ကုန်၊ နိုဝင်ဘာ-၃၀**

အဆင့်မြင့်ပညာရေးဥပဒေရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားနိုင်ရန် ရည်ရွယ်ကောက်ယူထားသော အဆင့်မြင့်ပညာရေးမူဝါဒ စစ်တမ်းကို ဒီဇင်ဘာ ၆ ရက်တွင် ထုတ်ပြန်သွားမည်ဖြစ်ကြောင်း တက္ကသိုလ်ဆရာ၊ ဆရာမများအသင်းမှ သိရသည်။

တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများနှင့်ပြင်ပလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်နေသူ နှစ်ထောင်ကျော်၏ သဘောထားစစ်တမ်းကို အဆင့်မြင့်နှင့် အခြေခံဆရာ၊ ဆရာမများ တွေ့ဆုံပွဲတွင် ထုတ်ပြန်ရန် စီစဉ်ထားခြင်းဖြစ်ကြောင်း ဒဂုံတက္ကသိုလ် ဆရာ၊ ဆရာမများအသင်းမှ တာဝန်ရှိသူက ပြောသည်။

"တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူတွေနဲ့ ဆရာ၊ ဆရာမတွေကို အဓိကဦးစားပေးကောက်ယူထားပါတယ်။ ပြင်ပလုပ်ငန်းလုပ်ကိုင်နေတဲ့သူတွေလည်း ပါဝင်တယ်။ ပြည်သူလူထုကို အခြေခံပြီး ကောက်ယူထားတာပါ။ လူများစုရဲ့ သဘောထားကို တင်ပြချင်လို့ပါ" ဟု အထက်ပါပုဂ္ဂိုလ်က ဆိုသည်။

အဆင့်မြင့်ပညာမူဝါဒ သဘောထားစစ်တမ်းတွင် တက္ကသိုလ်များ၏ စီမံခန့်ခွဲရေး၊ ဘဏ္ဍာရေး၊ ဆရာမ၊ ဝန်ထမ်းများ၏ တာဝန်အပ်နှင်းခြင်း၊ ရုပ်သိမ်းခြင်းနှင့် ရပိုင်ခွင့်၊ သင်ကြားရေး၊ ပညာရည်မြင့်မားရေး၊ ဘွဲ့ဒီဂရီအပ်နှင်းရေးနှင့် ပညာရေးလွတ်လပ်ခွင့်တို့အတွက် ဆန္ဒသဘောထားများ တောင်းယူထားသည်။

ပညာရေးပြုပြင်ပြောင်းလဲမှုများဆောင်ရွက်နေသော မြန်မာနိုင်ငံတွင် အဆင့်မြင့်ပညာရေး ဥပဒေကိုလည်း ရေးဆွဲရန်စီစဉ်နေပြီး ဒေါ်အောင်ဆန်းစုကြည်သည် အဆင့်မြင့်ပညာရေးဥပဒေကြမ်းရေးဆွဲရေးကော်မတီဥက္ကဋ္ဌတာဝန်ယူထားသည်။

# အလုပ်ခန့်ထားရာတွင် အနည်းဆုံး စာချုပ်သက်တမ်း ၂ နှစ်ထားရှိရန် နည်းဥပဒေ၌ ထည့်သွင်းပြဋ္ဌာန်းမည်

**အေးမြတ်သူ**

**ရန်ကုန်၊ နိုဝင်ဘာ-၃၀**



ပြည်တွင်းတွင် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ကို စာချုပ်သက်တမ်း ၂ နှစ်ထားရှိရန် မကြာမီ ထုတ်ပြန်မည့်အလုပ်အကိုင်နှင့်ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး နည်းဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်း သွားမည်ဖြစ်ကြောင်း အလုပ်သမားအလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက ညွှန်ကြားရေးမှူးချုပ် ဦးမျိုးအောင်က ပြောကြားသည်။

“နောက်ဆုံးအစည်းအဝေးထိုင်ပြီးရင် အတည်ပြုတော့မှာ။ နည်းဥပဒေကိုလည်း ဒီလအတွင်းထုတ်လို့ရပြီ။ အစည်းအဝေးပြီးရင် ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ခွင့်ပြုပြီဆိုတာနဲ့ဝန်ကြီးလက်မှတ်ထိုးပြီးရင် နည်းဥပဒေထွက်လို့ရပြီ” ဟု အလုပ်သမားဝန်ကြီးဌာနမှ ဥပဒေအကြံပေး အရာရှိဦးသက်နိုင်ဦးက ပြောသည်။

အဆိုပါ နည်းဥပဒေမူကြမ်းတွင် အလုပ်ရှင်အလုပ်သမား သဘောတူစာချုပ်အား ၂ နှစ်တစ်ကြိမ် အနည်းဆုံးချုပ်ဆိုရမည်ဖြစ်ပြီး အလုပ်သမားများကို အစမ်းခန့်ဝန်ထမ်းအဖြစ် သုံးလထက်မပိုသော ကာလသတ်မှတ်ရမည်ဟု ဖော်ပြထားသည်။ ထို့အပြင် အလုပ်ရှင်များအနေဖြင့် အလုပ်သမားများအား ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အာမခံထားရှိရန်၊ အစမ်းခန့်ကာလနှစ်လပြည့်ချိန်တွင် အမြဲတမ်းဝန်ထမ်းအဖြစ် ဆက်လက်ခန့်ထားခြင်းရှိ၊ မရှိကို အသိပေးရမည်ဖြစ်ပြီး ဆက်လက်ခန့်ထားခြင်းမရှိပါက အကျိုးအကြောင်းခိုင်လုံစွာ ပြောကြားရမည်ဖြစ်သည်။

ထို့အပြင် အလုပ်ခန့်ထားမှုစာချုပ်တွင် နေ့စားဝန်ထမ်းခန့်အပ်ထားပါက အလုပ်ရှင်က နေ့စဉ် အလုပ်ခန့်အပ်မှု စာရင်းကို ထုတ်ပြန်ရမည်ဖြစ်သည်။အလုပ်ပိတ်ရက်တွင် အချိန်ပိုလုပ်ကိုင်ရပါက သာမန်လုပ်ခလစာ၏ နှစ်ဆပေးရမည်ဖြစ်ပြီး အလုပ်ရှင်အလုပ်သမားလိုက်နာရမည့်စည်းကမ်းချက်များကို ထည့်သွင်းချုပ်ဆိုရမည်ဟု အဆိုပါ နည်းဥပဒေကြမ်းတွင် ဖော်ပြထားသည်။

အဆိုပါ သဘောတူစာချုပ်အား မည်သူမဆိုဖောက်ဖျက်ပါက သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ (သို့) ဒဏ်နှစ်ရပ်စလုံးချမှတ်နိုင်သည့်အပြင် အလုပ်ရှင်အနေဖြင့် ဥပဒေပါအချက်အလက်များကို စာချုပ်ချုပ်ဆိုရန် ပျက်ကွက်ခြင်းနှင့် စက်မှုလက်မှုဝန်ဆောင်မှုလုပ်ငန်း၏ အလုပ်ရှင်သည်၎င်းတို့အလုပ်သမားလစာ၏ ၅ ရာခိုင်နှုန်းအား ရန်ပုံငွေအဖြစ် ထည့်ဝင်ကြေး ပေးဆောင်မှု ပျက်ကွက်ပါက ခြောက်လထက်မပိုသော ထောင်ဒဏ်၊ ငွေဒဏ်ဖြစ်စေ (သို့) ပြစ်ဒဏ်နှစ်ရပ်လုံးချမှတ်နိုင်သည်။

ပြည်တွင်းရှိလုပ်ငန်းခွင်များတွင် အလုပ်ရှင်အလုပ်သမား သဘောတူစာချုပ် ချုပ်ဆိုမှုများ အားနည်းလျက်ရှိသည်။ ထို့အပြင်အချို့သောလုပ်ငန်းတွင် အစမ်းခန့်ဝန်ထမ်းအား သုံးလနှင့် အထက်ကျော်လွန်၍ ခန့်အပ်လျက်ရှိကြောင်း အလုပ်သမားများထံမှသိရသည်။

အလုပ်ရှင် အလုပ်သမား အလုပ်ခန့်ထားမှု သဘောတူစာချုပ်ကို ယခင်က ညွှန်ကြားချက်အနေဖြင့်သာ ထွက်ရှိခဲ့၍ အလုပ်ရှင်ဘက်က လိုက်နာမှု အားနည်းခဲ့သည်။ ထို့ကြောင့် ပြီးခဲ့သည့်နှစ်မှစ၍ အလုပ်ရှင်အလုပ်သမား အငြင်းပွားမှု ဆက်တိုက်ဖြစ်ပေါ်ခဲ့သည်။ ထိုသို့အငြင်းပွားမှုများ ဆက်တိုက်ဖြစ်ပေါ်လျက်ရှိသောကြောင့် အစိုးရက အလုပ်ရှင်အလုပ်သမား အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ကို လွှတ်တော်သို့ အဆိုတင်သွင်းခဲ့သည်။

လွှတ်တော်က အတည်ပြုသဘောတူခဲ့၍ ယခုနှစ်ဩဂုတ်လ ၃၀ ရက်တွင် အလုပ်အကိုင်နှင့်ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ထွက်ရှိခဲ့ပြီး အဆိုပါဥပဒေတွင် အလုပ်ရှင်အလုပ်သမား အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုရမည့်အချက်ကို ထည့်သွင်းပြဋ္ဌာန်း ခဲ့ခြင်းဖြစ်သည်။

**စာမျက်နှာ(၃၂) သို့**

---


## Free Classified

## ဝန်ထမ်းအလိုရှိသည်

**ဝန်ထမ်းအလိုရှိသည်**
အင်ဂျင်နီယာ (Civil,Mechanical)
ကျား (၃) ဦး (RC /Steel Structure ကျွမ်းကျင်၊ အတွေ့အကြုံရှိ)
အလူမီနီယမ်/ Steel/ Steel Structure
ကျွမ်းကျင် ကျား (၃) ဦး
ဖုန်း-၀၁ ၈၄၃၈၁၆

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
အရောင်းမြှင့်တင်ရေးဝန်ထမ်း (၁၀)ဦး
အမှတ်(၂၆)၊ ပါရမီလမ်း၊ မရမ်းကုန်းမြို့နယ်။ ဖုန်း-၀၉ ၇၃၁၈၄၂၀၈

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
**AUNG Electronical Service**
Air Con ပြုပြင်ဆရာ (၃) ဦး
ပညာသင်အကူ (၄) ဦး
တစ်ပတ်အတွင်းအမြန်အလိုရှိသည်။
ဖုန်း-၀၉ ၇၃၀၅၆၄၄၁

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
**Galay Wave Technology Co.,Ltd**
Networking ကျွမ်းကျင် ကျား/မ (၅) ဦး
PABX ကျွမ်းကျင် (၅) ဦး
CCTV ကျွမ်းကျင် (၅) ဦး
ဖုန်း-၀၉ ၄၂၀၀၇၂၇၇၇

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
C#.NET Trainer M/F (1) Post
Java (J2SE) Trainer M/F (1) Post
Email:m3wi.ats@gmail.com
PH:01 652288

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
**Galay Wave Technology Co.,Ltd**
Networking ကျွမ်းကျင် ကျား/မ (၅) ဦး
PABX ကျွမ်းကျင် (၅) ဦး
CCTV ကျွမ်းကျင် (၅) ဦး
ဖုန်း-၀၉ ၄၂၀၀၇၂၇၇၇

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
အင်ဂျင်နီယာ (Cilil,Mechnical)
ကျား (၃) ဦး (RC /Steel Structure ကျွမ်းကျင်၊ အတွေ့အကြုံရှိ)
အလူမီနီယမ်/ Steel/ Steel Structure
ကျွမ်းကျင် ကျား (၃) ဦး
ဖုန်း-၀၁ ၈၄၃၈၁၆

--------------------------------

**အဆိုရှင်သစ်အလိုရှိသည်**
တေးစီးရီးထုတ်လုပ်မည်ဖြစ်၍ အဆိုပြိုင်ပွဲများတွင် ဆုရရှိခဲ့သော အဆိုရှင်သစ်ခေတ်ပေါ် ကျား (၅) ဦး၊ မ (၅) ဦးနှင့် မြန်မာသံ ကျား (၅) ဦး၊ မ (၅) ဦးအလိုရှိသည်။ ဖုန်း-၀၉ ၄၃၁၀၆၅၆၇

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
AutoCAD, 3dsMax, Revit,A+, Network
ဆရာ၊ ဆရာမများအကျိုးတူပူးပေါင်းရန်အလိုရှိသည်။
email:ctmyanmar@gmail.com
ဖုန်း-၀၉ ၄၂၀၁၁၆၂၂၁

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
ပညာသင်ဝန်ထမ်း မ (၁၀) ဦး
အသက် ၁၆ မှ ၂၅ နှစ်အတွင်း၊ ခတ်ပုံပညာသင်ကြားပေးပြီး အလုပ်ပြန်လည်ခန့်ထားပေးမည်။
ဖုန်း-၀၁ ၂၂၇၁၉၉

--------------------------------

**ဂရင်းလိ(ဖ်)ဖြန့်ချိရေး**
အရောင်းကြီးကြပ်ရေးမှူး
ကျား (၁) ဦး၊ မ (၂) ဦး
အရောင်းမြှင့်တင်ရေးဝန်ထမ်း
ကျား (၂) ဦး၊ မ (၅) ဦး
အရောင်းဝန်ထမ်း ကျား (၂) ဦး၊ မ (၅) ဦး
အရောင်းအကူဝန်ထမ်း
ကျား (၂) ဦး၊ မ (၃) ဦး
ဖုန်း-၀၉ ၅၀၄၆၂၀၇

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
တည်းခိုခန်းသန့်ရှင်းရေးလုပ်ရန်
ကျား (၁) မ (၁)၊ အသက် (၂၅-၃၅)၊ အင်္ဂလိပ်စကားအသင့်အတင်ပြောဆိုနိုင်ရမည်။ (အင်္ဂလိပ်စကား မပြောတတ်လျှင်မဆက်သွယ်ပါရန်)လစာ-ရှစ်သောင်း။
ဖုန်း-၀၁ ၃၈၉၆၃၁

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
အမျိုးသားဆံပင်ညှပ် ကျား (၁) ဦး
အမျိုးသားသီးသန့်၊ နေ့စားစီစဉ်ပေးမည်။ မုံရွာမြို့။ ဖုန်း-၀၉ ၄၀၀၄၅၀၆၃၉

--------------------------------

**အမြန်အလိုရှိသည်**
**တိုင်းရင်းသားမော်ဒယ်ပွဲတော်**
သီချင်း ဒီဗီဒီရိုက်မည်ဖြစ်၍ မြန်မာ၊ မွန်၊ ကချင်၊ ချင်း၊ ရှမ်းအစရှိသော မော်ဒယ်သရုပ်ဆောင် ကျား (၁၀) ဦး၊ မ (၁၀) ဦး
ဖုန်း-၀၉ ၄၃၁၀၆၅၆၇

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
Winning Security Group Co.,Ltd မှ လုံခြုံရေးဝန်ထမ်းအလိုရှိသည်။
အသက် ၁၈ မှ ၅၀ နှစ်အတွင်း၊ ကျန်းမာသန်စွမ်းသူ။ ဖုန်း-၀၁ ၃၉၇၆၃၈

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
MEGA FIT GYM မှကာယအလှ၊ ဗလ နည်းပြအလိုရှိသည်။ နည်းပြ လုပ်ငန်းအားစိတ်ဝင်စားသူ၊ အတွေ့အကြုံရှိသူဦးစားပေးမည်။
ဖုန်း-၀၉ ၃၁၆၄၁၈၁၄

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
Marketing Executive F (5) Posts
ဘွဲ့ရ(သို့) ဘွဲ့ကြို၊ Website and Printing media နားလည်ပြီး လုပ်ငန်းအတွေ့အကြုံ ၂ နှစ်ရှိရမည်။
ဖုန်း-၀၉ ၇၃၁၃၈၀၁၁

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
AutoCAD, 3dsMax,Revit,A+,Network
ဆရာ/ဆရာမများအမြန်အလိုရှိသည်။
ဖုန်း-၀၉ ၄၂၀၁၁၆၂၂၁

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
AutoCAD ကျွမ်းကျင်စွာ သင်ကြားနိုင်သူဆရာမ (၂) ဦး
Revit ကျွမ်းကျင်စွာ ဆွဲနိုင်သူ (၁၀) ဦး
ဖုန်း-၀၉ ၅၁၅၅၉၆၇

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
Chief Accountant M/F (3) Posts
Finance Assistant F (1) Post
Admin Supervisor M (1) Post
Driver M (1) Post
Security M (1) Post
PH:01 398074

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
MEGA FIT GYM မှကာယအလှ၊ ဗလ နည်းပြအလိုရှိသည်။ နည်းပြ လုပ်ငန်းအားစိတ်ဝင်စားသူ၊ အတွေ့အကြုံရှိသူဦးစားပေးမည်။
ဖုန်း-၀၉ ၃၁၆၄၁၈၁၄

--------------------------------

**အလိုရှိသည်**
Model ကျား/မ (၂၀) ဦး
အသက် ၁၅ မှ ၂၅ နှစ်၊ Agency သင်တန်းများတွင် တက်ရောက်နေသူ၊ တက်ရောက်ဖူးသူများမဖြစ်ရ၊ မည့်သည် အနုပညာလှုပ်ရှားမှုမျိုးကို လုပ်ဆောင်နေသူ လုပ်ဆောင်ဖူးသူများမဖြစ်ရ။
ဖုန်း-၀၉ ၇၃၁၅၀၄၁၄

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
Sales Manager M/F (3) Posts
Sales Supervisor M/F (5) Posts
Sales Rep: M/F (6) Posts
Email:hrintermedimd@gmail.com
PH: 01 215247

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
MEGA FIT GYM မှကာယအလှ၊ ဗလ နည်းပြအလိုရှိသည်။ နည်းပြ လုပ်ငန်းအားစိတ်ဝင်စားသူ၊ အတွေ့အကြုံရှိသူဦးစားပေးမည်။
ဖုန်း-၀၉ ၃၁၆၄၁၈၁၄

--------------------------------

**အလိုရှိသည်**
Model ကျား/မ (၂၀) ဦး
အသက် ၁၅ မှ ၂၅ နှစ်၊ Agency သင်တန်းများတွင် တက်ရောက်နေသူ၊ တက်ရောက်ဖူးသူများမဖြစ်ရ၊ မည့်သည် အနုပညာလှုပ်ရှားမှုမျိုးကို လုပ်ဆောင်နေသူ လုပ်ဆောင်ဖူးသူများမဖြစ်ရ။
ဖုန်း-၀၉ ၇၃၁၅၀၄၁၄

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
Sales Manager M/F (3) Posts
Sales Supervisor M/F (5) Posts
Sales Rep: M/F (6) Posts
Email:hrintermedimd@gmail.com
PH: 01 215247

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
သန့်ရှင်းရေးဝန်ထမ်း မ (၂) ဦး
အခန်း(၂၀၁)၊ ပေလီကွန်ဒိုဒဂုံ(၁)ကျောင်းအနီး၊ ဒဂုံမြို့နယ်။
ဖုန်း-၀၉ ၄၂၀၁၆၆၁၅

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
Sales Marketing M/F (10) Posts
Techanician M (3) Posts
Chemical Sales & Marketing
M/F (3) Posts
PH:09 422458034

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
Marketing Executive F (2) Posts
Marketing Account F (1) Posts
DTP Assistant M (2) Posts
Computer Operator F (2) Posts
Email:admin@logimedia.com.mm
PH: 01 559768

--------------------------------


**Kyauk Sein Nwe Construction Co.,Ltd**
-Site Engineer (SAE) (M/F-4 Posts)၊ BE, B-Tech, AGTI (Civil) ဘွဲ့ရဖြစ်ရမည်။ Report များ ရေးနိုင်ရမည်။
- Design Engineer (M/F-2 Posts)၊ BE(Civil) (or) B-Arch ဘွဲ့ရဖြစ်ရမည်။ AutoCAD (2D, 3D), 3D Max, Sketch Up ရေးဆွဲနိုင်သူဖြစ်ရမည်။
လိုအပ်သောစာရွက်စာတမ်း အပြည့်အစုံတို့နှင့်အတူ (၁၀-၁၂-၂၀၁၃)နောက်ဆုံးထား၍ လာရောက်လျှောက်ထားနိုင်သည်။ အခန်းအမှတ်(၃၀၂)၊ ၃ လွှာ၊ တိုက်(B)၊ ပညာဝတီရိပ်သာ၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၅၄၆၃၀၆


အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

7DAY NEWS JOURNAL
Vol.12, No.39 • DECEMBER 4 , 2013

# “စစ်မှန်တဲ့ဒီမိုကရေစီစနစ်ကို သွားမယ်ဆိုရင် အာဏာသည် လူထုဆီမှာပဲဆိုတာ စစ်တပ်က နားလည်ရမယ့် အချိန်ပါ”

**အမျိုးသား** ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်သည် သြစတြေးလျနိုင်ငံအစိုးရ၏ ဖိတ်ခေါ်မှုအရ သြစတြေးလျနိုင်ငံသို့ တစ်ပတ်ကြာခရီးစဉ် သွားရောက်ခဲ့စဉ်သြစတြေးလျရုပ်သံ အေဂျင်စီတစ်ခုဖြစ်သည့် အေဘီစီရုပ်သံနှင့် အင်တာဗျူးအစီအစဉ် တစ်ခုပြုလုပ်ခဲ့သည်။ အဆိုပါအင်တာဗျူးမှ အကြောင်းအရာအချို့ကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။



ဓာတ်ပုံ-AFP

**လွန်ခဲ့တဲ့ ၂ နှစ်အတွင်း မြန်မာနိုင်ငံမှာ ထင်ရှားတဲ့နိုင်ငံရေး၊ စီးပွားရေးဖြစ်စဉ်တချို့ ရှိနေခဲ့တယ်။ ဒီဖြစ်စဉ်တွေကို ဆက်ထိန်းထားနိုင်ဖို့က ဒေါ်အောင်ဆန်းစုကြည် အနေနဲ့ အကြီးမားဆုံးစိန်ခေါ်မှုလို့ ယူဆပါသလား။**

ကျွန်မတို့က စစ်မှန်တဲ့ဒီမိုကရေစီကို သွားဖို့လိုပါတယ်။ အရင်တုန်းက စစ်အစိုးရက ကြိုတင်မျှော်မှန်းထားတဲ့ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီကိုသွားဖို့ မဟုတ်ပါဘူး။ သိတဲ့အတိုင်းပဲ အစိုးရအဖွဲ့ရဲ့ ၈၀ ရာခိုင်နှုန်းက အရင်အစိုးရအဖွဲ့ဟောင်းက လာတဲ့လူတွေပါပဲ။

**စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီဆိုတာ စစ်တပ်ကို ဆိုလိုတာပါလား။**

ကျွန်မထင်တာ သူတို့ယူဆနေတဲ့ ဒီမိုကရေစီဆိုတာက လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ မူဘောင်ထဲမှာ လက်တွေ့ကျင့်သုံးနေတဲ့ ဒီမိုကရေစီကို ဆိုလိုတာဖြစ်မယ်။ ဒါက ဒီမိုကရေစီဆန်တဲ့ အခြေခံဥပဒေတစ်ခု မဟုတ်ပါဘူး။

**ဒီအခြေခံဥပဒေကနေ စစ်တပ်ရဲ့ အာဏာက ဆင်းသက်လာတဲ့အတွက် စစ်တပ်က ဒါကို ထောက်ခံပေးနေတာလား။**

ဟုတ်ပါတယ်။ ကျွန်မတို့က စစ်မှန်တဲ့ဒီမိုကရေစီစနစ်တစ်ခုကို သွားမယ်ဆိုရင် အခုချိန်က အာဏာဆိုတာ လူထုဆီမှာပဲဆိုတာကို စစ်တပ်က နားလည်ရမယ့် အချိန်ပါ။ ဘယ်လိုအဖွဲ့အစည်း အင်စတီကျူးရှင်းမှာပဲ ဖြစ်ဖြစ်ပါ။

**မြန်မာ့တပ်မတော်က ဆန့်ကျင်မှုတွေ၊ ဆန္ဒပြမှုတွေကို ဖြိုခွဲတဲ့နေရာမှာ အကြမ်းဖက်နည်းတွေကို အသုံးပြုဖို့ လုံးဝမတွန့်ဆုတ်ခဲ့ဘူးဆိုတာ ထင်ထင်ရှားရှားပြခဲ့ပါတယ်။ ဒါဆို အခြေခံဥပဒေကို ပြောင်းလဲဖို့ဖိအားပေးတာက အရင်တုန်းက မြန်မာနိုင်ငံရဲ့ အခြေအနေမျိုးကို နောက်ထပ်ပြန်ရောက်သွားစေနိုင်တဲ့ စွန့်စားမှုတစ်ခုဖြစ်နေနိုင်သလား။**

ကျွန်မက ဒီလိုမထင်ပါဘူး။ ဘယ်လိုအခြေအနေမျိုးပဲဖြစ်ဖြစ် ကျွန်မတို့ အဲဒါကို ကျော်လွှားခဲ့ပြီးပါပြီလို့ ပြောနိုင်ပါတယ်။ ဒါပေမဲ့ တစ်ချိန်တည်းမှာပဲ ဒါက စွန့်စားမှုတစ်ခုလို့လည်း ကျွန်မက မထင်ပါဘူး။ ဘာလို့လဲဆိုရင် အချိန်တွေက ပြောင်းလဲသွားပါပြီ။ ကျွန်မ ထင်ပါတယ်။ တပ်မတော်ထဲကလူ ဦးရေအများအပြားကလည်း စစ်တပ်ကို လူတွေက ယုံကြည်မှုရှိတဲ့၊ လေးစားမှုရှိတဲ့၊ ဂုဏ်သိက္ခာရှိတဲ့ စစ်တပ်တစ်ခုဖြစ်စေချင်တဲ့ ဆန္ဒရှိနေပါတယ်။ သူတို့ကိုယ်သူတို့ပြည်သူလူထုနဲ့ တသီးတခြားစီ ဖြစ်ချင်မယ်လို့ ကျွန်မ မထင်ပါဘူး။ အတိတ်မှာတုန်းက ပြည်သူလူထုနဲ့ စစ်တပ်ဆိုတာ တစ်ဖက်စီ၊ အဖြူအမည်းလို သက်သက်စီဖြစ်နေတဲ့ အခြေအနေလို့ ပြည်သူလူထုက မြင်ခဲ့ကြတယ်။ အဲဒီလို အခြေအနေမျိုးက နှစ်သက်စရာကောင်းတဲ့ တိုင်းပြည်မျိုးမဟုတ်ဘူးဆိုတာကို သိတဲ့ စစ်တပ်ထဲက လူတွေအရေအတွက်လည်း တိုးလာနေပြီလို့လည်း ကျွန်မ ထင်တယ်။

**ဒေါ်အောင်ဆန်းစုကြည်ဟာ ဒီမိုကရေစီအတွက် တစ်ချိန်လုံး တိုက်ပွဲဝင်ခဲ့တယ်။ တကယ်လို့ အခြေခံဥပဒေကို ပြင်ဆင်ပြီး ဒေါ်အောင်ဆန်းစုကြည်သာ မြန်မာနိုင်ငံရဲ့ သမ္မတဖြစ်လာရင် ဒီမိုကရေစီခေါင်းဆောင်တစ်ဦးအနေနဲ့ ဘာလုပ်ချင်ပါသလဲ။**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီကို ၁၉၈၈ မှာ စတင်တည်ထောင်ခဲ့ကတည်းက ဒီမိုကရေစီ၊ လူ့အခွင့်အရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုတဲ့ အပိုင်းသုံးပိုင်း ရှိခဲ့ပါတယ်။ အဲဒီ အချက်တွေက ဒီနေ့အထိ ခိုင်ခိုင်မြဲမြဲနဲ့ အားကောင်းအောင် တည်ဆောက်နေဆဲပါ။ ဒါကြောင့် ကျွန်မတို့က ဒီမိုကရက်တစ်အဖွဲ့အစည်းတွေကို စဉ်ဆက်မပြတ် ခိုင်မာအားကောင်းအောင် ဖန်တီးရမယ်။ စစ်မှန်တဲ့ဒီမိုကရေစီကို တည်ဆောက်နိုင်ဖို့ဆိုရင် လူ့အခွင့်အရေးအလေ့အကျင့်တွေကိုလေးစားဖို့နဲ့ အမျိုးသားပြန်လည်သင့်မြတ်မှုရှိဖို့မဖြစ်မနေလုပ်ရမယ်။ မြန်မာနိုင်ငံက တိုင်းရင်းသားလူမျိုးစုတွေအများကြီးရှိတဲ့ တိုင်းပြည်ပါ။ ဗမာဆိုတာကလည်း လူဦးရေအများဆုံး တိုင်းရင်းသားလူမျိုးစုတစ်ခုပါပဲ။ ဒါကြောင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို အခုချိန်ထိ မရယူနိုင်ခဲ့သေးပါဘူး။ စစ်တပ်နဲ့ ပြည်သူလူထုကြားထဲမှာလည်း ပြန်လည်သင့်မြတ်ဖို့ကလည်း အလွန်အရေးကြီးပါတယ်။ တစ်ဦးကိုတစ်ဦး ယုံကြည်မှု၊ နားလည်မှုတွေနဲ့ ငြိမ်းချမ်းတဲ့ သာယာဝပြောတဲ့ လုံခြုံစိတ်ချရတဲ့နိုင်ငံကို အတူတကွ တည်ဆောက်နိုင်တယ်ဆိုတာကို ကျွန်မတို့က သင်ယူဖို့လိုအပ်တယ်။

**အဲဒီလိုလုပ်နိုင်ဖို့ စစ်အစိုးရက လုပ်ခဲ့တာတွေကို ပြည်သူတွေက လုံလောက်တဲ့ ခွင့်လွှတ်မှုတွေရှိနေပြီလို့ ထင်ပါသလား။**

စစ်အုပ်ချုပ်ရေးအောက်မှာ ခံစားခဲ့ရတဲ့ တချို့တွေအတွက် ဒီလိုကိစ္စတွေကို ခွင့်လွှတ်ဖို့ ခက်ခဲတယ်ဆိုတာကို သာမန်မဟုတ်တဲ့ သဘာဝမကျတဲ့ ကိစ္စတစ်ခုလို့ ကျွန်မက မထင်ပါဘူး။ ကျွန်မကတော့ လက်တုံ့ပြန်ဖို့အတွက် ဘယ်လိုစိတ်ကူးမှမရှိပါဘူး။ ဒါပေမဲ့ ကျွန်မက ကောင်းမွန်စွာဆက်ဆံခံရတယ်လို့ လက်ခံထားတယ်။ ကျွန်မ နေအိမ်အကျယ်ချုပ်ကျခဲ့တယ်။ ဒါပေမဲ့ အဲဒါကပြီးခဲ့ပြီ။ ကျွန်မလူတွေ ထောင်ထဲမှာ ဆက်ဆံခံခဲ့ရသလိုမျိုး ကျွန်မက ဆိုးဆိုးရွားရွား ဆက်ဆံတာမျိုး မခံခဲ့ရဘူး။ တစ်ချိန်တုန်းက သူတို့လုပ်နေကျ အလုပ်ဖြစ်တဲ့ နိုင်ငံပိုင်သတင်းစာတွေကနေ ကျွန်မကို ပုတ်ခတ်ပြောဆိုတာတွေလုပ်နေတဲ့အချိန်မှာတောင် သူတို့ ကျွန်မဆီကို လာတဲ့အခါ ကျွန်မနဲ့ အဆက်အသွယ်ရှိတဲ့ အာဏာပိုင်တွေ၊ လုံခြုံရေးအဖွဲ့တွေလာတဲ့အခါသူတို့က အမြဲတမ်း လေးစားစရာကောင်းတယ်။ ကျွန်မကို ကောင်းကောင်းမွန်မွန် ဆက်ဆံပါတယ်။ ဒါကြောင့် ကျွန်မမှာ လက်တုံ့ပြန်ဖို့ဆန္ဒမရှိပါဘူး။ ဒါပေမဲ့ တချို့တွေကတော့ နှစ်တွေအများကြီး ကုန်ခဲ့ပေမယ့် ခွင့်မလွှတ်နိုင်ဘူး ဆိုတာကိုလည်း ကျွန်မ နားလည်ပါတယ်။ ဒါပေမဲ့ ကျွန်မတို့က ပိုပြီးအမြင်ကျယ်ကျယ် ကြည့်နိုင်ရမယ်။ လက်တုံ့ပြန်ချင်တဲ့ဆန္ဒတွေနဲ့ စိတ်ခံစားမှုတွေကိုပဲ အာရုံစိုက်နေလို့မရဘူး။ အကြမ်းဖက်မှုတွေအတွက် အကြမ်းဖက်တာတွေ၊ ဒေါသဖြစ်စေတာတွေရဲ့ အကြောင်းရင်းကို ဖြေရှင်းနိုင်မယ့်နည်းလမ်းကို ရှာဖွေရမယ်။ ကျွန်မတို့ ဒါတွေကို ရပ်တန့်ရမယ်။ ကျွန်မတို့မှာရှိတဲ့ ရည်မှန်းချက်ကိုရောက်အောင် နိုင်ငံကို တည်ဆောက်ရမယ်။

**အစောပိုင်းက မြန်မာနိုင်ငံက ကွဲပြားခြားနားတဲ့ လူမျိုးစုတွေနဲ့ စုစည်းထားတဲ့ တိုင်းပြည်လို့ပြောခဲ့ပါတယ်။ လောလောလတ်လတ်မှာ တချို့လူနည်းစုတိုင်းရင်းသားတွေက ဒေါ်အောင်ဆန်းစုကြည်က သူတို့ဘက်မှာ ခိုင်ခိုင်မာမာရပ်တည်မပေးဘူးဆိုတဲ့ ဝေဖန်မှုတွေ ရှိပါတယ်။ ဒီပေါ်မှာ ဘာများပြောချင်ပါသလဲ။**

ရခိုင်ပြည်နယ်က မွတ်ဆလင်လူမျိုးတွေနဲ့ ကချင်ပြည်နယ်က အကြောင်းကို ပြောချင်တယ်လို့ထင်တယ်။ အခု ဒုတိယအကြောင်းအရာကို အရင်စပြောရအောင်။ ကချင်လွတ်မြောက်ရေးအဖွဲ့က အခု အစိုးရနဲ့ တရားဝင်ငြိမ်းချမ်းရေးဆွေးနွေးနေတယ်။ ကျွန်မ အဲဒါကိုပြောရမှာ အတော်စဉ်းစားရကျပ်ပါတယ်။ ကျွန်မဘာလို့စစ်တပ်ကို အပြစ်မရှာနေတာလဲ။ ကျွန်မ ဘာလို့ကချင်တွေအတွက် ထောက်ခံမပြောပေးတာလဲ။ ကေအိုင်အိုနဲ့ အစိုးရနဲ့က တိုက်ရိုက်ဆက်သွယ်နေတာမဟုတ်ဘူးလား။ သူတို့က အစိုးရနဲ့ တိုက်ရိုက်ငြိမ်းချမ်းရေးဆွေးနွေးမှုတွေကို လုပ်နေတဲ့အချိန်မှာ ကျွန်မတို့ က တစ်ဖက်၊ ဒါမှမဟုတ် အခြား တစ်ဖက်ကနေရပ်ပြီး ပြစ်တင်ရှုတ်ချရမှာလား။ ဒါက ငြိမ်းချမ်းရေးဖြစ်စဉ်ကို လွဲချော်သွားစေနိုင်တယ်။ ပြီးတော့ ကျွန်မတို့ အပြစ်တင်ခံရမယ်။ အခု ကျွန်မတို့ ရခိုင်ပြည်နယ်ရဲ့ အခြေအနေကိုကြည့်ရရင် လူ့အဖွဲ့အစည်းနှစ်ခုထဲမှာ တိုးပွားနေတဲ့ မုန်းတီးမှုတွေ၊ မလုံခြုံမှုတွေကို အလွန်အမင်း လိုအပ်ချက်တွေအဖြစ် အာရုံစိုက်ရမယ့် အကြောင်းအရာတွေ ဖြစ်လာမှာကို ကျွန်မ အမြဲစိုးရိမ်ပါတယ်။ ပြည်သူတွေအနေနဲ့ ကျွန်မကိုပြောဖို့ ဖိတ်ခေါ်မယ့်အစား အစိုးရကို တရားဥပဒေစိုးမိုးမှုရှိအောင်လုပ်ဖို့ ပြောစေချင်ပါတယ်။ ရခိုင်ပြည်နယ်မှာ တရားဥပဒေစိုးမိုးမှု ဘာကြောင့်မရှိတာလဲ။ အကြမ်းဖက်မှုတွေ နောက်ထပ်မဖြစ်အောင် တားဆီးနိုင်ရင်၊ ဒါတွေကို အဆုံးသတ်နိုင်ရင် မတူညီတဲ့ လူ့အဖွဲ့အစည်းနှစ်ခုကို သူတို့ရဲ့ကွဲပြားခြားနားမှုတွေအတိုင်း ရှိနေစေနိုင်တယ်။

**တစ်ကမ္ဘာလုံးကလူတွေကို ဒေါ်အောင်ဆန်းစုကြည်က စိတ်ဓာတ်တက်ကြွစေတယ်။ ဒေါ်အောင်ဆန်းစုကြည်ကိုရော ဘယ်သူက စိတ်ဓာတ်တက်ကြွစေပါသလဲ။**

ကျွန်မကို စိတ်ဓာတ်တက်ကြွစေတဲ့သူတွေကို ကြားတောင်ကြားဖူးကြမှာ မဟုတ်ပါဘူး။ပညာတတ်ပြီး ကြင်နာတတ်တဲ့သူတွေ၊ ကျွန်မတို့ရဲ့ ရည်မှန်းချက်ပန်းတိုင်ရောက်အောင် အလုပ်ကြိုးစားလုပ်ကိုင်ပေးကြတဲ့ ကျွန်မရဲ့ပါတီထဲက ပုဂ္ဂိုလ်တွေ စတာတွေရယ်။ ချီးမွမ်းဂုဏ်ပြုမှုတွေ လိုချင်လို့မဟုတ်ဘဲ ရဲရဲဝံ့ဝံ့ဆောင်ရွက်ကြတဲ့ စစ်သားတွေပဲ ဖြစ်ပါတယ်။ ကျွန်မကတော့ အမည်နာမမရှိတဲ့ စစ်သားတွေလို့ သုံးနှုန်းပါတယ်။ ကျွန်မကတော့ လူအများရဲ့ အားပေးထောက်ခံမှု၊ ချစ်ခင်မှုတွေကို ကံကောင်းစွာရရှိနေပေမယ့် ခုနက အမည်နာမ မရှိတဲ့စစ်သားတွေကိုတော့ သူတို့ရှိနေတယ်ဆိုတာတောင် လူတွေကမသိကြပါဘူး။ ဒီလိုမျိုးပုဂ္ဂိုလ်တွေမရှိဘဲနဲ့ ကျွန်မအခုနေရာမှာ ရှိနေနိုင်မှာမဟုတ်ပါဘူး။

**(ဒေါ်အောင်ဆန်းစုကြည်နှင့် ABC ရုပ်သံအင်တာဗျူးကို အိမြို့လွှင်ဘာသာပြန်ဆိုသည်။)**

7DAY NEWS JOURNAL
Vol.12, No.39 • DECEMBER 4 , 2013

# Commodity Watch

စာမျက်နှာ (၉)မှ

## မြန်မာ့အားနည်းချက် ဆေးလိပ်ကုမ္ပဏီကြီးတို့အတွက်

တစ်ဆင့်ခံ ဆေးလိပ်ငွေ့ရှူရှိုက်မှုကြောင့်လည်း အမျိုးသမီးများတွင် ရင်သားကင်ဆာ၊ အဆုတ်ကင်ဆာ၊နှလုံးရောဂါဖြစ်ပွားနှုန်း ၂၀ မှ ၃၀ ရာခိုင်နှုန်းအထိ တိုးလာကြောင်း အမေရိကန် အမျိုးသားကင်ဆာ သိပ္ပံကျောင်း၏ လေ့လာချက်အရ သိရသည်။

ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ WHO ၏ ဆေးရွက်ကြီး ထိန်းချုပ်ရေးဆိုင်ရာ သဘောတူညီချက်ကို မြန်မာက ၂၀၀၄ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သော်လည်း လိုက်နာဆောင်ရွက်ရမည့် အချက်များကို အကောင်အထည်ဖော်ရန် ပျက်ကွက်နေသည်။ စီးကရက်ဘူးအထုပ်များတွင် ကျန်းမာရေးနှင့်ပတ်သက်ပြီး သတိပေးချက်များ ထည့်သွင်းခြင်း မရှိသေးပါ။ ယင်းအချက်နှင့်အတူ ဆေးလိပ်ကုမ္ပဏီ များအပေါ် ချမှတ်ရမည့် အခြားဥပဒေများ ပြည့်စုံမှုမရှိခြင်း၊ အကောင်အထည်ဖော်မှု အားနည်း နေခြင်းတို့က ဆေးလိပ်ကုမ္ပဏီများအတွက် ငွေရှာရလွယ်ကူနေစေသည်။

လက်ရှိ ပြဋ္ဌာန်းထားသော သတ်မှတ်ချက်များအောက်တွင် ဆေးလိပ်ကုမ္ပဏီများက ကလေးများအတွက် ပညာသင်ဆုများ (သို့မဟုတ်) လူမှုရေးလုပ်ငန်းများတွင် ပါဝင်သည်ဟု အမည်ခံပြီး ကြော်ငြာခွင့်ရကြသည်။

"နိုင်ငံအတော်များများက ဒီနိုင်ငံတကာ လုပ်ငန်းရှင်တွေကို တုံ့ပြန်စိန်ခေါ်ဖို့အတွက် ကုန်သွယ်မှုဆိုင်ရာ ဥပဒေအကြံပေးနဲ့ ငွေကြေးမရှိကြဘူး" ဟု ဂျူဒစ်လက်ကေက ဆိုသည်။ သူက ကမ္ဘာ့အဆုတ်ဖောင်ဒေးရှင်းမှ အကြီးတန်းအကြံပေးပုဂ္ဂိုလ် ဖြစ်သည်။

"မြန်မာနိုင်ငံမှာ လာမယ့် ဆယ်နှစ်ဆိုရင်တော့ ဥပဒေဆိုင်ရာပြဋ္ဌာန်းချက်တွေ အပြေးအလွှားပြဋ္ဌာန်းဖို့ လုပ်လာကြလိမ့်မယ်။ ဒါပေမဲ့ အခုလက်ရှိမှာတော့ ဒါက အင်မတန်ကို အားနည်းနေပါတယ်"

ကမ္ဘာနှင့်အဝန်း ကောက်ယူရရှိထားသည့် မှတ်တမ်းများအ ရ ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်း လူသန်း ၅၀ က ဆေးလိပ်သောက်သုံးမှုကြောင့် သေဆုံးခဲ့ရကြောင်း ကမ္ဘာ့အဆုတ်ဖောင်ဒေးရှင်းနှင့် အမေရိကန်ကင်ဆာအဖွဲ့က ထုတ်ပြန်ထားသည်။ ခန့်မှန်းခြေ အားဖြင့် ကမ္ဘာ့ဆေးလိပ်သောက်သုံးသူ သန်းတစ်ထောင်ကျော်ရှိနေရာ ၈၀ ရာခိုင်နှုန်းက ဆင်းရဲ ချို့တဲ့သော နိုင်ငံများတွင်ဖြစ်သည်။ ၎င်း ၈၀ ရာခိုင်နှုန်းထဲတွင် မြန်မာနိုင်ငံ ပါဝင်နေသည်ကတော့ အသေအချာပင် ဖြစ်သည်။

ကိုးကား-WHO, World Lung Foundation, National Cancer Institute

# နယ်စပ်ဖြတ်ကျော်သစ်ခိုးခုတ်မှုဆိုင်ရာ ၁၃ ခုမြောက်အစီရင်ခံစာ ထုတ်ပြန်မည်

**အိဖြူမွန်**

**ရန်ကုန်၊ နိုဝင်ဘာ-၂၇**

မြန်မာနိုင်ငံ၏ နယ်စပ်ဖြတ်ကျော် သစ်ခိုးခုတ်မှုများကို ဆယ်စုနှစ်တစ်ခုကျော် စစ်တမ်းကောက်ယူခဲ့သော EIA အဖွဲ့က ၁၃ခုမြောက်အစီရင်ခံစာတစ်စောင်ကိုလာမည့် ခြောက်လအတွင်း ထုတ်ပြန်မည်ဖြစ်ကြောင်း အချက်အလက်ကောက်ယူရာတွင် ပါဝင်သူများထံမှ သတင်းရရှိသည်။

မြန်မာနိုင်ငံ၏ သစ်များကို အိန္ဒိယ၊ တရုတ်နှင့် ထိုင်းနိုင်ငံသို့ အဓိကထားတင်ပို့နေပြီး ယင်းနိုင်ငံသုံးခုနှင့် နယ်နိမိတ်ချင်းထိစပ်နေသော ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်တို့တွင် သစ်ခိုးထုတ်မှုများကို စစ်တမ်းကောက်ယူထားခြင်းဖြစ်သည်။

"တရားမဝင်ခိုးထုတ်တဲ့သစ်တွေအကြောင်းကို ထုတ်ပြန်ဖို့ ခြောက်လလောက်ပဲ စောင့်ရတော့မယ်။ မြန်မာနိုင်ငံရဲ့ သစ်ခိုးခုတ်မှု သစ်လမ်းကြောင်းတွေအကုန်ပါတယ်"ဟု အချက်အလက်ကောက်ယူရာတွင် ပါဝင်ခဲ့သူ Ecodev မှ မန်နေဂျာမစ္စတာတိုနီကပြောသည်။

ကျွန်းသစ်များကိုတရားမဝင်ရောင်းချရာတွင် တစ်ကုဗမီတာလျှင် ကျပ်ခုနစ်သိန်းဈေးရှိပြီး အကယ်၍တရားဝင်ရောင်းချပါက ဒေါ်လာနှစ်သောင်းခုနစ်ထောင်ရရှိမည်ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် ဘဏ္ဍာငွေ အမြောက်အမြား ဆုံးရှုံးနေသည်ဟု မစ္စတာတိုနီကပြောသည်။

နယ်စပ်မှ ခိုးထုတ်သစ်များ ရောင်းဝယ်ဖောက်ကားမှုကြောင့် မြန်မာနိုင်ငံသည် နှစ်စဉ်ကန်ဒေါ်လာ သန်းနှစ်ရာကျော်ဆုံးရှုံးနေသည်ဟုမြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းမှ တွဲဖက်အတွင်းရေးမှူး ဦးဘာဘာချိုက ပြောသည်။

## ဟန်းဆက်ဈေးနှုန်းများ

**Samsung**

| Model | Price |
|---|---|
| Galaxy Y | 99,000 |
| Galaxy S Advance | 235,000 |
| Galaxy Express | 269,000 |
| Galaxy Grand(GSM) | 278,000 |
| Galaxy S3 | 387,000 |
| Galaxy S4 Mini | 410,000 |
| Galaxy S4 | 575,000 |
| Galaxy Mega 5.8 | 345,000 |
| Galaxy Note II | 480,000 |
| Galaxy Tab3 7" | 305,000 |

လူကြီးမင်း(လသာ)ဆိုင်မှ ဈေးနှုန်းများဖြစ်ပါသည်။

**Sony**

| Model | Price |
|---|---|
| Xperia Z | 465,000 |
| Xperia J | 177,000 |
| Xperia P | 230,000 |

**iPhone**

| Model | Price |
|---|---|
| iPhone 5 (32 GB) | 758,000 |
| iPhone 5s | 895,000 |
| iPhone 5c | 660,000 |
| iPhone 5c(32 GB) | 750,000 |
| iPhone 5 (16 GB) | 650,000 |

**Huawei**

| Model | Price |
|---|---|
| Y 300 | 990,000 |
| G 510 | 120,000 |
| C 8813D | 133,000 |
| G 520 | 125,000 |
| G 610s | 143,000 |
| G 700 | 218,000 |
| Ascend P6 | 319,000 |
| C 8813 (CDMA) | 110,000 |
| G 610c (CDMA) | 175,000 |
| Y 300c (CDMA) | 100,000 |

နိုဝင်ဘာ(၃၀)ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Samsung (LED) | 39-5series 5003 | 425,000 |
| Panasonic(LED) | THL32B6X | 285,000 |
| Sony (LED) | 32W45 | 380,000 |
| LG (LED) | 32LN5120 | 280,000 |
| **DVD** | | |
| Samsung | BD-E 5500(Blu-ray 3D) | 120,000 |
| EVD (GE) | HDMI | 35,000 |
| EVD (AEK) | HDMI | 33,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RT25FGJA | 340,000 |
| Mitsubishi Electric | MR 17E(1 Door) | 200,000 |
| Hitachi | 190W | 262,000 |
| Panasonic | NR.BT224 | 250,000 |
| **Washing** | | |
| Samsung | WA95W$_{9}$ | 2 00,000 |
| Samsung | WT10J | 230,000 |
| **Aircon** | | |
| Hitachi | 1.0HP(RAS-E1067) | 255,000 |
| Mitsubishi Electric | 1.0HP(MS-F10VC) | 290,000 |
| Samsung | 1.0HP(AS09TUQN) | 230,000 |

အထက်ပါဈေးနှုန်းများမှာ နိုဝင်ဘာ(၃၀)ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital ဆိုင်နှင့် Mitsubishi Electric Centre တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၃၅၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၂၅၀ |
| ဘိလပ်မြေ (ကြံ) | တစ်အိတ် | ၄,၈၅၀ |
| ဘိလပ်မြေ (AAဗီယက်နမ်) | တစ်အိတ် | ၅,၂၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၁၁၀ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၉၅ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၁၁၀ |
| နေပြည်တော် စက်အုတ် (၁၀ ပေါက်) | တစ်လုံး | ၇၀-၈၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၀,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၀၀၀ |
| ကျောက် | တစ်ကျင်း | ၅၃,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၅၄၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၆၄၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၈၃၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၉၅၀ |
| Posco ကြယ်စိမ်း | ၁ ပေနှုန်း | ၄၂၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ်ဆင်) | ၁ ပေနှုန်း | ၂၄၅-၃၀၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |

အထက်ပါဈေးနှုန်းများမှာ နိုဝင်ဘာ(၃၀)ရက်တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁၀,၀၀-၁,၆၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဧည့်မထ) | တစ်ပြည် | ၇၀၀-၉၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၀၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၇၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၃,၆၅၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၇၀၀-၉၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၄၀၀ |
| သကြား | တစ်ပိဿာ | ၁,၂၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၂၀၀ |
| အာလူး | တစ်ပိဿာ | ၈၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၈၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၁၀-၁၂၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၂၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၆,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၈,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၇,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၈,၀၀၀ |
| ခရမ်းချဉ်သီး (အင်းသီး) | ၁ သေတ္တာ | ၁၁,၀၀၀ ဝန်းကျင် |
| ငေါ်ဖီထုပ် | ၁ ထုပ် | ၄၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၂,၃၀၀-၂,၇၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၃၀၀-၂,၈၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၃၀၀-၃,၆၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၅၀၀-၂,၈၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၃,၃၀၀-၄,၂၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၆,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၆၀၀-၂,၀၀၀ |

နိုဝင်ဘာ(၃၀)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ 1 Litre | ဒီဇယ် 1 Litre | Octane 1 Litre | Premier 1 Litre |
|---|---|---|---|---|
| Dec (4) | 815 | 920 | 940 | 960 |
| Dec (5) | 815 | 920 | 940 | 960 |
| Dec (6) | 815 | 920 | 940 | 960 |
| Dec (7) | 815 | 920 | 940 | 960 |
| Dec (8) | 815 | 920 | 940 | 960 |
| Dec (9) | 815 | 920 | 940 | 960 |
| Dec (10) | 815 | 920 | 940 | 96`0 |

ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ် ရှိနိုင်သည်။

## Note Book

| | |
|---|---|
| **MSI** | |
| Intel Core i3 2.5 GHz, 4 GB DDR3, 500GB HDD, HD, 14" | 460,000 |
| Intel Core i3 2.4 GHz, 4 GB DDR3, 500 GB HDD, 15.6" | 556,000 |
| Intel Core i5 2.5 GHz, 4 GB DDR3, 750 GB HDD, 17.3" | 813,000 |
| Intel Core i7 2.4 GHz, 8 GB DDR3, 750 GB HDD ,17.3" | 1,057,000 |
| **Asus** | |
| Intel Core i3 1.8 GHz, 4 GB DDR3, 500GB HDD, 14" | 503,000 |
| Intel Core i5 1.7 GHz,6GB DDR3,600 GB HDD+ SSD 24G,HD,14" | 759,000 |
| Intel Core i5 1.8 GHz, 4 GB DDR3, 750 GB HDD, 15.6" | 881,000 |
| Intel Core i7 2.0 GHz, 4 GB DDR3, 750 GB HDD ,15.6" | 959,000 |
| **Lenovo** | |
| Intel Core i3 2.3 GHz, 4 GB DDR3, 500 GB HDD, 14" | 484,000 |
| Intel Core i3 2.3 GHz, 4 GB DDR3, 500 GB HDD, HD,14" | 454,000 |
| Intel Core i7 2.0GHz,4GB DDR3,500GB SATA HDD,2BVGA,14" | 804,000 |
| Intel Core i7 2.1 GHz,8GB DDR3,750GB HDD,2GB VGA,15.6" | 910,000 |

7 DAY NEWS JOURNAL
Vol.12, No.39 • DECEMBER 4 , 2013

မျက်နှာဖုံးမှ

# ပြည်သူ့ဝန်ထမ်းစိတ် ပြုစုပျိုးထောင်ရေးနှင့် ဖောင်ကြီးပြုပြင်ပြောင်းလဲရေး

‘ဆရာ၊ ဆရာမတို့ကို ကျွန်တော်က ဘုရင့်နောင်ထက်ပိုပြီး လေးစားပါတယ်။ ဘုရင့်နောင်က ဖောင်သေးသေးလေးကိုပဲဖျက်ခဲ့တာ။ ဆရာ၊ ဆရာမတို့က ဖောင်ကြီးကိုတောင်ဖျက်ကြတာ’ ၈၈ အရေးအခင်းပြီးစ နဝတစစ်အစိုးရ တာဝန်ယူပြီးချိန် တက္ကသိုလ်ဆရာ၊ ဆရာမများအထူးမွမ်းမံသင်တန်းဟုဆိုကာ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)တွင် ဖွင့်လှစ်သည့်သင်တန်းဆင်းပွဲမိန့်ခွန်း၌ ထိုစဉ်က နိုင်ငံ၏ထိပ်ပိုင်းခေါင်းဆောင်တာဝန်ယူထားသူ ဝန်ကြီးချုပ်ဟောင်းဗိုလ်ချုပ်ကြီးခင်ညွန့်က ပြောကြားသည့် စကားဖြစ်သည်။

ဗဟိုဝန်ထမ်း တက္ကသိုလ်(ဖောင်ကြီး)တွင် ဖွင့်လှစ်သည့် တက္ကသိုလ်ဆရာ၊ ဆရာမများ အထူးမွမ်းမံ သင်တန်း၏ အစောပိုင်းအပတ်စဉ်တွင် တက်ရောက်ခဲ့ဖူးသူ တက္ကသိုလ်ဆရာတစ်ဦးက အဆိုပါစကားကို မှတ်မှတ်ရရပြန်ပြောင်းပြောပြခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် အုပ်ချုပ်ခဲ့သည့် ဆိုရှယ်လစ်စစ်အာဏာရှင်ခေတ်နှင့် စစ်အာဏာရှင်ခေတ် နှစ်ခေတ်ပေါင်း နှစ်ပေါင်း ၅၀ အတွင်း အရပ်ဘက်ဝန်ထမ်းများအား အစိုးရ၏ မူဝါဒများ ရိုက်သွင်းပေးရာဖောင်ကြီးသင်တန်းဟု လူသိများသည့် ဗဟိုဝန်ထမ်းတက္ကသိုလ်သည် ယခုအခါပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရန် လိုအပ်နေပြီဖြစ်ကြောင်းပညာရှင်များနှင့် သင်တန်းတက်ရောက်ခဲ့ဖူးသူဝန်ထမ်းများကပြောသည်။

ယခင်က ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဖောင်ကြီးကျေးရွာအနီးတွင်ဖွင့်လှစ်ထားသဖြင့် ဖောင်ကြီးသင်တန်းဟု လူသိများပြီးနောက်ပိုင်းတွင်မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ဇီးပင်ကြီးကျေးရွာအနီးတွင် အလားတူထပ်မံဖွင့်လှစ်ခဲ့သည်။ ထို့ကြောင့်ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)နှင့် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)ဟူ၍ဖြစ်သည်။

ဗဟိုဝန်ထမ်းတက္ကသိုလ်ဟုဆိုသော်လည်း တကယ်တန်းတွင် အခြေခံ စစ်ပညာ သင်ကြားခြင်းနှင့် အစိုးရ၏ ပေါ်လစီများကို အသားပေး သင်ကြားသဖြင့် ထိုသင်တန်းသို့တက်ရောက်ခဲ့သူဝန်ထမ်းများသည် သင်တန်းမှဆင်းလာသည့်အခါ မိမိတို့၏လုပ်ငန်းခွင်တွင် ပြန်လည် အသုံးချနိုင်သည့် ပညာရပ်ပါမလာခဲ့ဟု သင်တန်းဆင်းတို့ကဆိုသည်။

“ကျွန်တော်တို့ သင်တန်းမှာ အားလုံးကတက္ကသိုလ်ဆရာ၊ ဆရာမတွေချည်းပဲ။ သင်တာကလည်း ၈၈ အရေးအခင်းဘာကြောင့်ဖြစ်တယ်ပေါ့။ ဘယ်သူတွေက သွေးထိုးလှုံ့ဆော်လို့ဖြစ်တယ်ပေါ့။ ဒါပေမဲ့ ဆရာ၊ ဆရာမတွေက အဖြစ်မှန်တွေအကုန်သိနေကြတာပဲ။ ဒီမဆလတစ်ပါတီအာဏာရှင်ကို လူထုကဘယ်လိုမှသည်းမခံနိုင်တော့လို့ဖြစ်တယ်ဆိုတာကို”ဟု ထိုစဉ်က ဖောင်ကြီးသင်တန်းတက်ရောက်ခဲ့သူ တက္ကသိုလ်ဆရာတစ်ဦးကပြောသည်။

၎င်းတို့သင်တန်းတက်ရောက်စဉ်က သင်ကြားသည့် ဘာသာရပ်များသည် လက်တွေ့လုပ်ငန်းခွင်တွင်လုပ်ကိုင်နေရသည်များနှင့် အပ်စပ်ခြင်းမရှိဘဲ နဝတစစ်အစိုးရ၏ မူဝါဒများကိုသာ ရိုက်သွင်းနေသဖြင့် သင်တန်းတွင် သင်ကြားသည်များအား မလိုက်နာခြင်း၊ စာမေးပွဲတွင် အမေးတခြား၊ အဖြေတခြားဖြေဆိုခဲ့ခြင်းများရှိခဲ့သဖြင့် ထိုစဉ်က အတွင်းရေးမှူး (၁)တာဝန်ယူခဲ့သူက အထက်ပါအတိုင်းပြောခဲ့ခြင်း ဖြစ်ကြောင်း ၎င်းကပြန်ပြောင်း ပြောပြသည်။ အစိုးရဝန်ထမ်းများသည် ၎င်းတို့၏ရုံးလုပ်ငန်းပညာရပ်များ၊ စီမံခန့်ခွဲမှု ပညာရပ်များ၊ ပေါင်းသင်းဆက်ဆံရေး ပညာရပ်များသာ သင်ကြားလိုကြပြီး အရပ်ဘက်ဝန်ထမ်းများဖြစ်သဖြင့် စစ်သင်တန်းသဖွယ်သင်ကြားခြင်းမျိုးကို ဝေဖန်ကြခြင်းဖြစ်သည်။

အလားတူ ဆရာဝန်၊ အင်ဂျင်နီယာစသည်ကဲ့သို့ ပညာရှင်အစိုးရ ဝန်ထမ်းများအနေဖြင့်လည်း သင်တန်းတွင် သင်ကြားသည့် ဘာသာရပ်နှင့် ၎င်းတို့လုပ်ငန်းခွင်တွင် အသုံးချရမည့် အကြောင်းအရာမျိုးမဖြစ်၍ ဖောင်ကြီးတက်ရန်တွန့်ဆုတ်ကြသည်။

“ကျွန်တော်တို့ အလုပ်ခွင်မဝင်မီ ဖောင်ကြီးကိုအရင်တက်ရတယ်။ ဖောင်ကြီးမှာသင်တာက စစ်ရေးပြရယ်၊ အခြားဘာသာရပ်တွေပေါ့။ တကယ်တမ်းလုပ်ငန်းခွင်နဲ့အပ်စပ်မှုတော့မရှိဘူး။ဒါပေမဲ့ လူငယ်ဆိုတော့ဘော်ဒါတွေဆုံရတယ်။ ညဘက် nightstudy ပြီးတာနဲ့ အဲဒါအားလုံးစုပြီး သောက်ကြတော့တာပဲ”ဟုမကြာသေးမီက သင်တန်းတက်ရောက်ကာလုပ်ငန်းခွင်ဝင်ခဲ့သူ လူငယ်ဆရာဝန်တစ်ဦးကပြောသည်။

“ကျွန်မဆို ဖောင်ကြီးမတက်ချင်လို့ရှောင်ရှောင်နေတာ နည်းအမျိုးမျိုးနဲ့ပေါ့။ နောက်ပိုင်းကျတော့လည်း မရပါဘူး။ သွားတက်လိုက်ရတာပါပဲ။ ပြန်လာတော့လည်း ဒုံရင်းက ဒုံရင်းပါပဲ။ ဘာမှလည်းထူးမလာပါဘူး။ နဂိုကလခနဲ့ လောက်ငအောင်စားနေရတာမှာ သင်တန်းတက်လို့ အကြွေးနည်းနည်းတော့ထပ်တင်သွားတာတော့ရှိတယ်”ဟု အစိုးရဌာနတစ်ခုမှ အမှုထမ်း အမျိုးသမီးတစ်ဦးကပြောသည်။

နိုင်ငံတော်တွင် ဝန်ထမ်းများ၏စွမ်းဆောင်ရည်ကိုမြှင့်တင်ပေးနိုင်ရန်အတွက် ဗဟိုအဆင့်သင်တန်းကျောင်းများ များစွာလိုအပ်သော်လည်း ဖွင့်လှစ်မည်ဆိုပါက ဝန်ထမ်းများ၏စွမ်းရည်မြင့်မားသွားစေရန် လုပ်ငန်းခွင်ဆက်စပ်သင်တန်းမျိုးသာဖွင့်လှစ်စေလိုသည်ဟုပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကပြောသည်။

“ဗဟိုအဆင့်သင်တန်းတွေ တွေ့ဖူးပါတယ်။ ဥပမာ ဗဟိုပို့ဆောင်ဆက်သွယ်ရေးသင်တန်းကျောင်းလိုမျိုးပေါ့။ ဝန်ထမ်းတွေရဲ့ကျွမ်းကျင်မှုမြင့်မားစေတဲ့သင်တန်းမျိုး၊ဝန်ထမ်းတွေရဲ့ကျွမ်းကျင်မှုကို အဆင့်ဆင့်မြင့်သွားစေတဲ့ သင်တန်းမျိုးတွေ အဲဒါမျိုးတွေကတော့ နိုင်ငံတော်မှာ နည်းနေသေးတယ်ထင်တယ်”ဟု အလုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးခိုင်မောင်ရည်က ပြောသည်။ “အခု ဗဟိုဝန်ထမ်းတက္ကသိုလ်က ဘာတွေသင်ပေးလဲ၊ ဘယ်လိုပုံစံမျိုးဖြစ်နေလဲ ဒါတွေကို အရင်သုံးသပ်ဖို့ လိုမယ်ထင်တယ်” ဟု ဦးခိုင်မောင်ရည်က ဆက်လက်ပြောကြားသည်။

ယင်းဗဟိုဝန်ထမ်းတက္ကသိုလ်တွင် အစိုးရဝန်ထမ်းများအတွက် သင်တန်း အမျိုးမျိုးကို အမည်အမျိုးမျိုးတပ်၍ ဖွင့်လှစ်ပေးပြီး နိုင်ငံရေးသိပ္ပံ၊ ဥပဒေ၊ လူမှုရေး၊ စီးပွားရေး၊ စစ်ပညာ စီမံခန့်ခွဲ ဘာသာရပ်၊ ဝန်ထမ်းစည်းမျဉ်း၊ ဘဏ္ဍာရေးစည်းမျဉ်းစသည့်ဘာသာရပ်များကိုသင်ကြားပေးသည်ဟုဆိုသော်လည်း စစ်ရေးပြနှင့် အခြေခံလက်နက်ငယ်သင်တန်းများပို့ချခြင်း၊ အစိုးရ၏မူဝါဒများကို ရိုက်သွင်းခြင်းများပြုလုပ်လေ့ရှိသည်။

သင်တန်းတွင် စည်းကမ်းပိုင်းဆိုင်ရာအတွက်စစ်သင်တန်းပေးသည်ဆိုသော်လည်း တကယ်တမ်းတွင် အဆိုပါစည်းကမ်းပိုင်းဆိုင်ရာ ဘာသာရပ်များအတွင်း ကပင်လစ်ဟာမှုများရှိနေကြောင်း သင်တန်း တက်ရောက်ခဲ့ဖူးသူ အကောက်ခွန်ဦးစီးဌာနမှ အရာထမ်းငယ်တစ်ဦးကပြောသည်။

“အဲဒီသင်တန်းမှာ မနက်မိုးလင်းရင် ကိုယ်အိပ်တဲ့အိပ်ရာက စစ်တပ်မှာ ခေါက်တဲ့ ပုံစံမျိုးနဲ့ သိမ်း ရတယ်။ အဲဒါ အိပ်ရာထတဲ့ အချိန်ဆို ကမန်းကတန်းနဲ့လုပ်ရတော့ ခေါက်လို့အဆင်မပြေဘူး။ အဲဒီအခါက ဘာလုပ်ရလဲဆိုတော့ တချို့ဆို အိပ်ရာလိပ်နှစ်စုံယူလာတယ်။ မိုးလင်းတာနဲ့ညကအိပ်တဲ့အိပ်ရာကို လုံးထွေးပြီးသေတ္တာထဲထည့်၊ သေတ္တာထဲကခေါက်ပြီးသားအိပ်ရာလိပ်ကိုထုတ်၊ ခုတင်ပေါ် နေသားတကျပြန်တင် လုပ်တယ်။ တချို့ကျတော့ ကျောင်းကတာဝန်ရှိတဲ့သူဆီက ငှားကြတယ်။ ပိုက်ဆံပေးပြီးတော့ပေါ့။ ပြောချင်တာကတော့ စည်းကမ်းပိုင်းကိုသင်တယ်ဆိုပေမယ့် အဲဒီအပေါ်မှာစည်းကမ်းဖောက်နေကြတာကိုပါ”ဟု ၎င်းကပြောသည်။

ထို့အပြင် သင်တန်းတွင်သင်ကြားသည့် လူမှုဆက်ဆံရေးဘာသာရပ်ဟူသည်မှာလည်း အထက်အရာရှိများ၏ပြောဆိုသမျှအားနာခံတတ်ရန်၊ လူ့အောက်ကျို့တတ်ရန်သင်ပေးသည့်ဘာသာရပ်များဖြစ်နေသည်ဟုဆိုသည်။

“ကျွန်တော်တို့ကို အမိန့်နာခံတတ်အောင် အထက်အရာရှိခိုင်းသမျှ ပြန်မပြောဘဲလုပ်ပေးတတ်အောင် သင်ပေးလိုက်သလိုပဲ။ ကျွန်တော်တို့တက်ခဲ့ရတဲ့ သင်တန်းသုံးလမှာ လုပ်ငန်းခွင်နဲ့ပတ်သက်တာသိပ်မပါခဲ့ဘူး။ လုပ်ငန်းခွင်ကအရာရှိကြီးတွေက လုပ်ငန်းအကြောင်းကို တစ်နေ့တစ်နာရီလောက်ပဲလာလာပြောကြတယ်။ ပြီးရင် သူတို့ကပြန်သွားကြတာ။ အဲဒီအချိန်တွေမှာသာ သက်ဆိုင်ရာလုပ်ငန်းခွင်အကြောင်းကို ထိထိရောက်ရောက်သင်ပေးနိုင်မယ်ဆို တော်တော်ကောင်းမှာ” ဟု အဆိုပါအကောက်ခွန်အရာထမ်းက သူ၏ ဖောင်ကြီးသင်တန်း အတွေ့အကြုံကိုပြောပြသည်။

ဖောင်ကြီးသင်တန်းဟုလူသိများသည့်ဗဟိုဝန်ထမ်းတက္ကသိုလ်ပေါ်ပေါက်လာခြင်းသည်အမှန်တကယ်အရင်းခံရည်ရွယ်ချက်နှင့် လုပ်ကိုင်နေသည်များကွဲလွဲနေသည်ဟု ကျန်းမာရေးဝန်ကြီးဌာနတွင် ကြာရှည်စွာ တာဝန်ထမ်းဆောင်ခဲ့ဖူးသူ ဒုတိယ ညွှန်ကြားရေးမှူး အငြိမ်းစား ဒေါက်တာသန်းထွဋ်ကပြောသည်။

ယင်းသင်တန်းတွင် အမှန်တကယ်ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများ၊ ရုံးလုပ်ငန်းများ၊စီမံခန့်ခွဲရေးပညာရပ်များ သင်ကြားပေးသည်ဆိုလျှင်ပင် ယနေ့ခေတ်သည် e-Government စနစ်သို့ လျှောက်လှမ်းနေသည့်အတွက် ယခင်က ရုံးလုပ်ငန်းများနှင့်စည်းမျဉ်းစည်းကမ်းများခေတ်မမီတော့၍ သင်ရိုးများပြောင်းလဲရန် လိုအပ်နေပြီဖြစ်ကြောင်း ဒေါက်တာသန်းထွဋ်ကပြောကြားသည်။

အစိုးရ အဖွဲ့အတွင်းတွင်လည်း အုပ်ချုပ်မှုပိုင်းဆိုင်ရာ ပြောင်းလဲရန်အတွက် သမ္မတရုံးဝန်ကြီးဦးလှထွန်းခေါင်းဆောင်၍ ဆောင်ရွက်နေကြောင်းနှင့် ထိုအထဲတွင် ဝန်ထမ်းများအား ပြည်သူ၏အစေခံများအဖြစ် မိမိကိုယ်ကိုယ်မိမိခံယူတတ်လာစေရန်လေ့ကျင့်သင်ကြားမည့် အစီအစဉ်လည်းပါရှိသဖြင့် ဖောင်ကြီးကဲ့သို့သောသင်တန်းများတွင် အဆိုပါသင်ရိုးများပြောင်းလဲရန် ပြင်ဆင်ဆောင်ရွက်ရန်စီစဉ်လျက်ရှိသည်ဟု သမ္မတအကြံပေးပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က ပြောသည်။

ဖောင်ကြီးသင်တန်းနှင့်ပတ်သက်၍ကျင်းပခဲ့သည့်လွှတ်တော်အစည်းအဝေးတစ်ခုတွင် လွှတ်တော်အမတ်တစ်ဦးက မေးခွန်းထုတ်ခဲ့ဖူးပြီး လာရောက်ဖြေဆိုသူပုဂ္ဂိုလ်က ပြုပြင်ပြောင်းလဲရေးများ လုပ်ဆောင်မည်ဟု ပြောကြားခဲ့သော်လည်း ယင်းကိစ္စနှင့်ပတ်သက်၍ ဖောင်ကြီး သင်တန်းမှ တာဝန်ရှိသူများအား မေးမြန်းရန် ရုံးအဖွဲ့မှတစ်ဆင့် ဆက်သွယ်သော်လည်း သင်တန်းတာဝန်ရှိသူများက ဖြေဆိုရန်ငြင်းဆန်ကြောင်း အကြောင်းပြန်ခဲ့သည်။

“ဖောင်ကြီးက ရည်ရွယ်ချက်ကောင်းပါတယ်။ ဝန်ထမ်းအဆင့်လိုက်အလုပ်လုပ်နိုင်အောင် နိုင်ငံရဲ့ပေါ်လစီတွေကိုသင်ပေးတာ အဲဒါက မဆလခေတ်ကတည်းက လုပ်ခဲ့တာ။ ဒါပေမဲ့ အခုထိမပြောင်းသေးဘူး။ ခေတ်သစ်၊ စနစ်သစ်နဲ့ လျော်ညီအောင် ပြင်ဖို့လိုပြီ။ နောက်ပြီး စစ်သင်တန်းပေးတာလည်း သဘာဝမကျဘူး။ စစ်ပညာကနည်းနည်းပါးပါးသိဖို့လိုတာမှန်ပေမယ့် ရဲဘော်သစ်သင်တန်းလိုပေးတာတော့ မလိုပါဘူး။ ကျန်းမာရေး ကိုယ်လက်လှုပ်ရှားဖို့ အတွက်လောက်ဆို ရပြီပေါ့။ အခုဟာက စစ်သင်တန်းအတွက် အချိန်တွေ အရမ်းပေးနေတယ်” ဟုဟိုတယ်ခရီးမှအငြိမ်းစားအရာရှိကြီးတစ်ဦးက သူ၏အမြင်ကို ပြောပြသည်။

ဝန်ထမ်းများအား စစ်ပညာသင်ကြားခြင်းနှင့်ပတ်သက်၍ “ဖောင်ကြီးတက်ပြီဆို မလွဲမသွေတက်ရတာက စစ်သင်တန်းပဲ။ စစ်ရေးပြ အခြေခံသင်ပေးတဲ့အပြင် လက်နက်ငယ် သင်တန်းပါ ပါတယ်။ အဲဒါက ဘာအတွက်လဲလို့မေးစရာရှိတယ်။ အဲဒီဝန်ထမ်းတွေက လုပ်ငန်းခွင်ပြန်ရောက်သွားတဲ့အခါကျတော့ ပင်စင်သွားတဲ့အထိ သေနတ်ကိုတစ်ခါမှကိုင်ခွင့်မရခဲ့တဲ့ အခြေအနေ။ လိုအပ်ရင်ဝန်ထမ်းတွေက သေနတ်ပစ်တတ်အောင်ဆိုရအောင်ကလည်း နိုင်ငံက အဲဒီလိုအခြေအနေမဟုတ်ဘူး”ဟု ဦးခိုင်မောင်ရည်က ပြောသည်။

အစိုးရ ဝန်ထမ်းဖြစ်ပါက အရာထမ်းဖြစ်စေ၊ အမှုထမ်းဖြစ်စေ ထိုသင်တန်းသို့ မဖြစ်မနေတက်ရမည်ဖြစ်ပြီး သင်တန်းတွင် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနှင့် ပတ်သက်သည်များ သင်ကြားပေးပြီး ဝန်ထမ်းများအား စွယ်စုံရစေရန် သင်ကြားပေးသဖြင့် ကောင်းမွန်သည့်သင်တန်းတစ်ခုဖြစ်သည်ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးအေးမောင်ကပြောသည်။

သို့သော် ဝန်ထမ်းများ၏ ၉၀ ရာခိုင်နှုန်းခန့်သည် လူမှုရေး၊ စီးပွားရေးအခက်အခဲများကြောင့် ယင်းသင်တန်းမတက်ရောက် လိုကြကြောင်း၊ ထို့ကြောင့် ဝန်ထမ်းများစိတ်ဝင်စားမှုရှိလာစေရန် သင်တန်း သင်ရိုးများ ခေတ်နှင့်လျော်ညီစေရန်ပြောင်းလဲခြင်း၊ ယခုကဲ့သို့ ရက်ရှည်သင်တန်းများမဟုတ်ဘဲ ရက်တိုသင်တန်းများအဖြစ်ပြောင်းလဲဖွင့်လှစ်မည်ဆိုပါက ဝန်ထမ်းများစိတ်ဝင်စားမှုရှိလာကာ သင်ရကျိုးနပ်သည့်သင်တန်းတစ်ခုဖြစ်လာနိုင်မည်ဟု ဦးအေးမောင်ကဆက်လက်ပြောကြားသည်။

“နိုင်ငံတကာမှာလည်း ဝန်ထမ်းတွေကို ပြည်သူ့အကျိုးပြုတဲ့ ပြည်သူ့အစေခံတွေအဖြစ် သင်ကြားပေးတဲ့ကျောင်းတွေရှိတယ်။ ဒီမှာလည်း ဝန်ထမ်းတွေရဲ့အရည်အသွေးတွေတက်လာအောင် ပြုပြင်ပြောင်းလဲရေးတွေ လုပ်ရမှာပါ”ဟု ဒေါက်တာအောင်ထွန်းသက်ကပြောသည်။

ထိုသို့ ပြုပြင်ပြောင်းလဲရာတွင် အလယ်အလတ်အဆင့်အရာထမ်းများအား ဖောင်ကြီးကဲ့သို့သော သင်တန်းများ တကယ်တမ်းလုပ်ငန်းခွင်တွင် အကျိုးရှိမည့် သင်ရိုးများဖြင့်သင်ကြားပေးသည့် သင်တန်းများဖွင့်လှစ်သွားမည်ဖြစ်ပြီး ထိပ်ပိုင်းအရာရှိများဖြစ်သည့် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးချုပ်အဆင့်များအတွက် လူမှုစီမံခန့်ခွဲမှုမဟာဘွဲ့ (MPA)ကဲ့သို့သော သင်တန်းများ ဖွင့်လှစ်သွားမည်ဟု ဒေါက်တာ အောင်ထွန်းသက်ကပြောသည်။

“အဲဒီသင်တန်းတွေမှာ ဝန်ထမ်းဆိုတာ တာဝန်သိရမယ်။ တာဝန်ယူရမယ်။ တာဝန်ခံရမယ်။ ရုံးရောက်တာနဲ့ ဒီနေ့ ပြည်သူအတွက် ဘာလုပ်ပေးနိုင်မလဲဆိုတဲ့အတွေးမျိုးတွေဝင်လာအောင် သင်ကြားပေးနိုင်တဲ့သင်တန်းတွေ အထိ ဖွင့်လှစ်သွားဖို့လိုတယ်” ဟု ၎င်းက ဆက်လက်ပြောကြားသည်။ ထိုကဲ့သို့ သင်ရိုးများပီပီပြင်ပြင် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်မည်ဆိုပါကအစိုးရ၏ ပြုပြင်ပြောင်းလဲရေး ယန္တရားအတွက် အထောက်အကူဖြစ်မည့်၊ပြည်သူ့ဝန်ထမ်းစိတ်ဓာတ်အပြည့်ဖြင့် ပြည်သူ့တာဝန်ထမ်းဆောင်မည့်သူများအဖြစ် မွေးထုတ်ပေးနိုင်မည့်၊ ဗဟိုဝန်ထမ်းတက္ကသိုလ်အဖြစ် ရပ်တည်သွားနိုင်မည် ဖြစ်ပေသည်။ ။

# Technology

Vol.12, No.39 • DECEMBER 4 , 2013

## ဆီးဂိမ်းသတင်းအချက်အလက်များ မိုဘိုင်းဖုန်းနှင့် Call Center များမှ သိရှိနိုင်မည်

**ဆွေမွန်၊ခန့်ထက်**

**ရန်ကုန်၊ နိုဝင်ဘာ-၃၀**

ဒီဇင်ဘာ ၁၁ ရက်တွင် စတင်ကျင်းပမည့် အရှေ့တောင်အာရှဆီးဂိမ်း အားကစားပြိုင်ပွဲမှ ရလဒ်များအားလုံးကို ဆီးဂိမ်းတရားဝင်ဝက်ဘ်ဆိုက်၊ သတင်းအချက်အလက်ထုတ်လွှင့်ရေးဌာန (IBC)နှင့် မိုဘိုင်း Application များအပြင် ရတနာပုံ Call Center များမှလည်း သိရှိနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် ကျင်းပခွင့်ရထားသည့် အရှေ့တောင်အာရှဆီးဂိမ်း အားကစားပြိုင်ပွဲ ရလဒ်များကို ဆီးဂိမ်းတရားဝင်စာမျက်နှာဖြစ်သည့် www.sea-gamesmm.com ၊ နေပြည်တော်ရှိ ကျောက်စိမ်းခန်းမတွင် ပြုလုပ်ထားမည့် International Broadcasting Center (IBC)နှင့် မိုဘိုင်း Application များမှတစ်ဆင့် သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဆီးဂိမ်းရလဒ်ကိုသိမယ့် နည်းလမ်းတွေက အများကြီးပါ။ ရတနာပုံ Call Center ကိုလည်း ဖုန်းဆက်ပြီး မေးရင်ရလိမ့်မယ်။ အဲဒီကိုလည်း Data ပေးမှာပဲ။ နောက်IBC မှာလည်း ရမှာပါ"ဟု Frontiir ကုမ္ပဏီ ဒုဥက္ကဋ္ဌ ဦးမင်းသိန်းကပြောသည်။

ဆီးဂိမ်းရလဒ်များကို သိရှိနိုင်ရန်အတွက် အားကစားပြိုင်ပွဲကာလအတွင်း ရတနာပုံ Call Center ၏ သီးသန့် နံပါတ် တစ်ခုဖြစ်သည့် 1818 သို့ ဆက်သွယ်မေးမြန်းနိုင်မည်ဖြစ်ပြီး ရလဒ်များကို ဖြေကြားပေးသွားမည်ဖြစ်ကြောင်း ရတနာပုံ Call Center မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါဆီးဂိမ်းအားကစားပြိုင်ပွဲများတွင် အားကစားပွဲများ၏ အမှတ် မှတ်သားထားခြင်းများ၊အမှတ်တွက်ချက်ခြင်းများနှင့် ပတ်သက်သည်များကို မှတ်သားပေးမည့် Game Management System များအတွက် တရုတ်နိုင်ငံရှိ ပညာရှင်များက လာရောက်ပြုလုပ်ပေးနေပြီး လိုအပ်သည့် ဆီးဂိမ်း၏ Private Network ကို ပြုလုပ်ပေးနေရာ ပြီးစီး၍ စမ်းသပ်နေပြီဖြစ်ကြောင်း Network ပိုင်း တာဝန်ယူထားသည့် ဦးမင်းသိန်းက ပြောသည်။

လက်ရှိတွင်လည်း ဆီးဂိမ်းသတင်းအချက်အလက်များ လေ့လာနိုင်ရန်၊ ပြိုင်ပွဲမတိုင်မီနှင့် ပြိုင်ပွဲကျင်းပစဉ်အတွင်း သတင်းအချက်အလက်များ၊ သတင်းဓာတ်ပုံများ၊ ပြိုင်ပွဲကျင်းပမည့်နေရာနှင့် အချိန်ဇယားများ လေ့လာနိုင်ရန် ဝက်ဘ်ဆိုက်လေးခု လွှင့်တင်ထားပြီးဖြစ်ကြောင်း အားကစားဝန်ကြီးဌာနမှ သတင်းရရှိသည်။

အဆိုပါသတင်းဝက်ဘ်ဆိုက်များမှာ www.27seagames2013.com ၊ www.myasoc.com.mm ၊ www.myasoc.org ၊ www.mo-sports.gov.mm တို့ဖြစ်ကြောင်း သတင်းရရှိသည်။




AFP\Mandy CHENG

*ထိုင်ဝမ်အီလက်ထရွန်နစ်ကုမ္ပဏီ HTC မှ အသစ်ထုတ်လုပ်လိုက်သော HTC Butterfly s Hello Kitty အပိုပစ္စည်းများနှင့်အတူ မော်ဒယ်တစ်ဦးက ပြသနေစဉ်*

## SD ကတ်ထည့်သွင်းအသုံးပြုနိုင်သည့် HTC ONE အသစ်တစ်မျိုးထုတ်လုပ်

**လန်ဒန်၊ နိုဝင်ဘာ-၂၉**

အသေးစားမှတ်ဉာဏ်ကတ် (SD) ထည့်သွင်းအသုံးပြုနိုင်သည့် HTC ONE စမတ်ဖုန်းအသစ်တစ်မျိုးကို HTC ကုမ္ပဏီကထုတ်ဖော်ပြသလိုက်သည်။

ယင်း HTC ONE ဖုန်းအသစ်တွင် ဆင်းမ်ကတ်နှစ်ခုထည့်သွင်းအသုံးပြုနိုင်ပြီး SD ကတ်ကို 64 GB အထိထည့်သွင်းအသုံးပြုနိုင်သောကြောင့် ဖုန်း၏သိုလှောင်နိုင်စွမ်းကို တိုးမြှင့်နိုင်သည်။ အသုံးပြုသူများအနေဖြင့် ဆင်းမ်ကတ်တစ်ခု နှင့်တစ်ခုကြား ပြောင်းလဲအသုံးပြုနိုင်မည်ဖြစ်သောကြောင့် စရိတ်များစွာ ကုန်ကျမည်ကို စိုးရိမ်သူများနှင့် စီးပွားရေးခရီးသွားများ ကြိုက်နှစ်သက်ဖွယ်ရှိသည်။

လက်ရှိရောင်းချနေသည့် Android ဖုန်းများတွင်အကောင်းဆုံးဟုမှတ်ယူထားကြသည့် HTC ONE ဖုန်းများမှာမှတ်ဉာဏ်ကတ် ထပ်ဆောင်း အသုံးမပြုနိုင်ခြင်းကြောင့် စင်းလုံးချောဖုန်းဖြစ်မလာခဲ့ပေ။

အတွင်းပိုင်းမှတ်ဉာဏ် 32 GB ပါရှိသည့် HTC ONE ဖုန်းများမှာ မှတ်ဉာဏ်ကတ်ထပ်ဆောင်း အသုံးမပြုနိုင်ဘဲ ဈေးနှုန်းမှာ ၄၉၅ ပေါင်ဖြစ်ကြောင်းသိရသည်။

HTC ကုမ္ပဏီ၏ ဗြိတိန်ဝက်ဘ်ဆိုက်မှ ယင်းဖုန်းကို တိုက်ရိုက်ဝယ်ယူနိုင်ပြီဖြစ်သော်လည်း အမေရိကန် (သို့မဟုတ်) ဥရောပတွင်ရောင်းချသွားမည်လား (သို့မဟုတ်) မည်သည့်အချိန်တွင် ရောင်းချမည်ဆိုသည်ကိုမူ HTC ကုမ္ပဏီက တရားဝင်ကြေညာထားခြင်းမရှိသေးပေ။

*—Ref: AFP*



*Wifi ဝန်ဆောင်မှုရရှိမည့် နေပြည်တော်ရှိ Media Center အတွင်းပိုင်းအားတွေ့ရစဉ်*

ဓာတ်ပုံ-အား/ကာ

## ဆီးဂိမ်းအတွက် WiFi အင်တာနက်လိုင်းများ တစ်ပတ်အတွင်း ပြီးစီးမည်

**ဆွေမွန်**

**ရန်ကုန်၊ ဒီဇင်ဘာ-၁**

ဆီးဂိမ်းပြိုင်ပွဲတွင် အင်တာနက် WiFi ဝန်ဆောင်မှုပေးရန် အားကစားပြိုင်ပွဲကျင်းပမည့် နေရာများတွင်လိုအပ်မည့်အင်တာနက်လိုင်းအတွက် ပြင်ဆင်မှုများ လာမည့်သီတင်းပတ်တွင် ပြီးစီးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဆီးဂိမ်းအားကစားပြိုင်ပွဲအတွက် အင်တာနက်ဝန်ဆောင်မှုပေးရန် ရန်ကုန်၊ မန္တလေး၊နေပြည်တော်နှင့် ငွေဆောင်တို့တွင် လုပ်ငန်းများဆောင်ရွက်နေရာ ဒီဇင်ဘာပထမပတ်အတွင်းပြီးစီးမည်ဖြစ်ကြောင်းမြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာတစ်ဦးကပြောသည်။

"ငွေဆောင်မှာတော့ အင်တာနက်အရမ်းမြန်တယ်။ ရန်ကုန်နဲ့ နေပြည်တော်လည်း ရှေ့လထဲမှာ ပြင်ဆင်တာပြီးမယ်လို့ ပြောတယ်"ဟု သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူ ဦးရဲထွဋ်ကပြောသည်။

လိုအပ်သည့် အင်တာနက်လိုင်းများနှင့် ဓာတ်အားရရှိရေးအတွက် ဆောင်ရွက်နေပြီး လက်ရှိတွင် ဆီးဂိမ်းအားကစားပြိုင်ပွဲကျင်းပမည့်နေရာတစ်ခုဖြစ်သော ငွေဆောင်တွင် ပြီးစီးနေပြီဖြစ်ရာ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် လာမည့် သီတင်းပတ်အတွင်း ရရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အင်တာနက် WiFi ဝန်ဆောင်မှုအတွက် စက်ပစ္စည်းများ တပ်ဆင်မှုအပိုင်းတွင်လည်း အားကစားပြိုင်ပွဲကျင်းပမည့် နေရာများအားလုံးပြီးစီးနေပြီဖြစ်ရာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အင်တာနက်လိုင်းရရှိသည်နှင့် တစ်ပြိုင်နက်နေရာများအားလုံးတွင် အသုံးပြုနိုင်နေပြီဖြစ်ကြောင်း စက်ပစ္စည်းတပ်ဆင်မှုတာဝန်ယူထားသည့် Redlink နှင့် ရွှေသံလွင်ကုမ္ပဏီတို့မှ တာဝန်ရှိသူများက ပြောသည်။

လက်ရှိတွင် ဆီးဂိမ်းအင်တာနက်လိုင်းအတွက် Band width တိုးချဲ့မှုများလည်းဆောင်ရွက်နေဆဲဖြစ်ပြီး ဆီးဂိမ်းအားကစားပြိုင်ပွဲတွင် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်နှင့် ငွေဆောင် အစရှိသည့်နေရာများတွင် လာရောက်ကြည့်ရှုသူများအတွက် အင်တာနက်လိုင်းအခမဲ့ အသုံးပြုနိုင်ရန် ပြုလုပ်သွားမည်ဖြစ်သည်။







# ဂူးဂဲလ်ကုမ္ပဏီဥပဒေချိုးဖောက်သည်ဟု ဒတ်ချ်နိုင်ငံမှ ပုဂ္ဂိုလ်ရေးချိုးဖောက်မှုစောင့်ကြည့်သူများပြော

**အမ်စတာဒမ်၊ နိုဝင်ဘာ-၂၉**

ဂူးဂဲလ်ကုမ္ပဏီသည် ၎င်း၏ အွန်လိုင်းဝန်ဆောင်မှုများစွာမှ ပုဂ္ဂိုလ်ရေးအချက်အလက်များကို စုပေါင်းအသုံးချနေခြင်းမှာ ဒတ်ချ်နိုင်ငံ၏ အချက်အလက်ကာကွယ်ရေးဥပဒေကို ချိုးဖောက်ခြင်းဖြစ်ကြောင်း ဒတ်ချ်နိုင်ငံ၏ ပုဂ္ဂိုလ်ရေးချိုးဖောက်မှုစောင့်ကြည့်ရေးအဖွဲ့က ခုနစ်လကြာစုံစမ်းစစ်ဆေးခဲ့ပြီးနောက် ပြောကြားလိုက်သည်။

ဂူးဂဲလ်ကုမ္ပဏီ၏ အဝေးထိန်း ကွန်ပျူတာစနစ်သုံး ဝန်ဆောင်မှုများကို တားမြစ်သင့်၊ မတားမြစ်သင့်ဆုံးဖြတ်ရန် ဒတ်ချ်အချက်အလက်ကာကွယ်ရေးအာဏာပိုင် DPA ကဂူးဂဲလ်ကုမ္ပဏီနှင့် တွေ့ဆုံဆွေးနွေးရန် ခေါ်ယူခဲ့သည်။


ဂူးဂဲလ်ကုမ္ပဏီဝန်ဆောင်မှုအသုံးပြုသူများ၏ ကိုယ်ရေးကိုယ်တာအချက်အလက်များကို မိမိတို့ ဆောင်ရွက်ခဲ့ပုံများနှင့် ပတ်သက်၍ လုံလောက်တိကျသောသတင်းများအား ဒတ်ချ်အာဏာပိုင်များထံ ပေးအပ်ပြီးဖြစ်သည်ဟု ဂူးဂဲလ်ကတုံ့ပြန်ပြောကြားသည်။

သို့လျှောင်မှုစနစ်ဟုခေါ်သည့်အဝေးထိန်း (Cloud Computing) စနစ်ဖြင့် ကိုယ်ရေးကိုယ်တာအချက်အလက်များနိုင်ငံခြားတရားစီရင်မှုအတွင်း ထားရှိမှုနှင့် ပတ်သက်၍ ဥရောပတစ်ဝန်း စိုးရိမ်မှုများကို ဒတ်ချ်နိုင်ငံ၏ဆုံးဖြတ်ချက်က ရောင်ပြန်ဟပ်စေခဲ့သည်။ အဝေးထိန်းသို လှောင်မှုစနစ်ဆိုသည်မှာ ကိုယ်ရေးကိုယ်တာအချက်အလက်များကို တစ်ဦးချင်းထိန်းချုပ်နိုင်မှု အနည်းငယ်သာပေးထားပြီး ကိုယ်တိုင်သိရှိသောနေရာတွင် သိမ်းဆည်းထားရမည့်အစား အင်တာနက်မှတစ်ဆင့် အဝေးထိန်းစနစ်ဖြင့် အချက်အလက်များ သိမ်းဆည်းထားသောစနစ်ဖြစ်သည်။



အမေရိကန်အခြေစိုက် အဝေးထိန်းကွန်ပျူတာစနစ်သုံးဝန်ဆောင်မှုများတွင် သိမ်းဆည်းထားသည့်အချက်အလက်များသို့ အမေရိကန်ထောက်လှမ်းရေးဌာနများ ဝင်ရောက်ခဲ့ကြောင်း ဖော်ပြထားသည့် ကန်အမျိုးသားထောက်လှမ်းရေးအေဂျင်စီဝန်ထမ်းဟောင်း အက်ဒ်ဝပ်စနိုးဒန်ဖွင့်ချပြခဲ့သည့် အချက်အလက်များကိုပုဂ္ဂိုလ်ရေးအချက်အလက်ကာကွယ်ရေးလှုပ်ရှားသူများက ထောက်ပြကြသည်။

—*Ref: Reuters*




# ဆီးဂိမ်းအချက်အလက်နှင့်ရလဒ်များပါဝင်မည့် Application ထွက်မည်




**ဆွေမွန်**

**ရန်ကုန်၊ နိုဝင်ဘာ-၃၀**

ဒီဇင်ဘာလအတွင်း စတင်ကျင်းပမည့် ဆီးဂိမ်းပြိုင်ပွဲနှင့်ပတ်သက်သည့် အချက်အလက်များ၊ ပွဲစဉ်များနှင့် ရလဒ်များကို ကြည့်ရှုနိုင်မည့် မိုဘိုင်း Application ကို ဒီဇင်ဘာပထမပတ်အတွင်း စတင်အသုံးပြုနိုင်မည်ဖြစ်ကြောင်းသတင်းရရှိသည်။

အဆိုပါ ဖုန်း Application တွင် ဆီးဂိမ်းအမှတ်တံဆိပ်လက်ဆောင်ဝယ်ယူခြင်း၊ ဆီးဂိမ်းအားပေးရန်နှင့် မြန်မာပြည်အနှံ့ခရီးစဉ်များကို အလွယ်တကူဝယ်ယူနိုင်မည်ဖြစ်၍ ဆီးဂိမ်းဘောလုံးပြိုင်ပွဲများ၏ အဖြေကို ခန့်မှန်းဖြေဆိုကာ ဆုလက်ဆောင်ရရှိမည့် အစီအစဉ်များလည်းပါရှိကြောင်း အဆိုပါApplication ထုတ်လုပ်သည့် Frontiirကုမ္ပဏီမှ သိရသည်။

“ Application က ရတော့မယ်။ ဒီတစ်ပတ်အတွင်းမှာ အားလုံးပြီးမှာဆိုတော့ နောက်တစ်ပတ်ထဲမှာ ရတော့မယ်။ ဆီးဂိမ်းပြိုင်ပွဲတစ်လျှောက် ပွဲစဉ်တွေနဲ့ ရလဒ်တွေကိုလည်း အချိန်နဲ့တစ်ပြေးညီ ကြည့်နိုင်မှာပါ”ဟု Frontiirကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

ဆီးဂိမ်းအားကစားပြိုင်ပွဲများတွင် ဝင်ရောက်ကြည့်ရှုနိုင်ရန် ဝယ်ယူရမည့် ဝင်ခွင့်ကတ် (Access Card) ပြုလုပ်ရာ၌ လိုအပ်သည့်အချက်အလက်များပါရှိမည်ဖြစ်ပြီး Access Card နှင့်ကိုယ်စားရရှိထားသည့် Delegate Cardများတွင် ပါဝင်သောဘားကုတ်ကို ဖုန်းဖြင့် ဖတ်ရုံဖြင့် Access Card တွင် ထည့်သွင်းထားသည့် အချက်အလက်အတိုင်း ဖုန်းထဲတွင်အလွယ်တကူမှတ်သားပေးနိုင်သည့် စနစ်ပါဝင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

လာမည့် ဆီးဂိမ်းပြိုင်ပွဲမှ အချက်အလက်များကို အဓိကထည့်သွင်းထားပြီး အသုံးပြုနိုင်သည့်အဆိုပါ Application ကို http://www.frontiir.com, www.seagamesmm.com နှင့် Andriod Application Storeဖြစ်သည့်Googleplay နှင့် Applestore တို့တွင် Downloadရယူနိုင်မည်ဖြစ်ပြီး Access Card ထုတ်ပေးသည့် နေရာများတွင်လည်း အဆိုပါ Application ကိုအခမဲ့ထည့်သွင်းပေးမည်ဖြစ်ကြောင်း Frontiirကုမ္ပဏီမှသိရသည်။

7DAY NEWS JOURNAL
Vol.12, No.39 • DECEMBER 4 , 2013



# ဝါသနာ စေတနာ အနစ်နာများစွာဖြင့် ငယ်ငယ်တုန်းက ကျွန်တော့်ဆရာများ

**သင်းရီ**



ယခုတစ်လော သတင်းတွေထဲတွင် ပညာရေးဌာနမှ ထူးထူးခြားခြားသတင်းတွေ ဖတ်နေရသည်။ တက္ကသိုလ်ကျောင်းများတွင် ကျောင်းသားကျောင်းသူများကို အဆောင်ထားပေးတော့မည်ဆိုသည့်သတင်း ဆိုင်းမဆင့် ဗုံမဆင့် ဖတ်လိုက်ရတော့ ကိုယ့်မျက်စိကိုပင် မယုံလိုက်မိ။ ဟုတ်မှဟုတ်ပါလေစပေါ့။ သို့သော် ထိုသတင်းက ကိုယ့်မျက်စိမှားသည်မဟုတ်။ တကယ့်ကိုမှ အမှန်။ သည်လိုဆိုလျှင်တော့ သင်းသတ်ခံထားရသဖြင့် မတ်တတ်သေရတော့မလိုဖြစ်နေသည့် သက်တော်ရှည် အဖိုးတန်သစ်ပင်ကြီးတစ်ပင် ခြောက်သွေ့နေသလိုစိတ်မချမ်းသာစရာမြင်တွေ့နေရသည့် ရန်ကုန်တက္ကသိုလ်ကြီး လငပုပ်အဖမ်းခံဘဝမှ လွတ်မြောက်တော့မှာပါလားဟု လွတ်ခနဲပင် အတိုင်းမသိအောင် ဝမ်းမြောက်မိလိုက်ရသည်။

သို့သော် 7Day Daily သတင်းစာထဲမှ ဆောင်းပါးရှင်ဆရာစိန်မြရွှေရေးထားသည့် "အမြန်နှုန်းဖြင့် အမြင့်ဆီသို့" ဆိုသည့် စေတနာပါသောဝေဖန်ရေး ဆောင်းပါးကိုဖတ်မိတော့မှတက္ကသိုလ်တွေမှာ ကျောင်းသားတွေကို ပြန်းစားကြီး အဆောင်ပေးမည်ဆိုသည်က အစီအစဉ်ကသီလင်တကြီးနှင့် ကသောင်းကနင်းတွေ မဖြစ်လျှင်ကံကောင်းဟု တွေးမိရတော့သည်။ တွေးမိသည့်အတိုင်းပင်နောက်တစ်ရက်တွင် "တက္ကသိုလ်ကျောင်းသားများ အဆောင်ထားရန် အစီအစဉ် ကြိုတင်ပြင်ဆင်မှု အားနည်း၍ ဆရာ၊ ဆရာမများ အခက်တွေ့" ဆိုသည့် သတင်းတစ်ပုဒ်ထပ်ဖတ်လိုက်ရပြန်၏။ သည်လိုဖြင့် ဘာကြောင့်များ သည်နှယ်ကြီး ဒရောသောပါး စီစဉ်ကြပါသနည်းဟု စဉ်းစားမိသည်။

သို့သော် ထိုကိစ္စတွေကိုထားလိုက်တော့။ မည်သို့သော အခက်အခဲများကို တွေ့ကြုံရသည်ဖြစ်စေ။ ကျောင်းသားတွေကို အဆောင်နေခွင့်ပြုတော့မည်ဆိုခြင်းကပင် တက္ကသိုလ်ပညာရေး၏ အရေးပါသော မင်္ဂလာဆောင်ရွက်ချက်ဖြစ်သဖြင့် လှိုက်လှိုက်လှဲလှဲပင် ကြိုဆိုရပါသည်။ ကြုံတွေ့ရမည့် ယာယီအခက်အခဲများကို ကျောင်းသား၊ ဆရာနှင့် ပညာရေးဝန်ကြီးဌာနတို့ ညီညွတ်စွာ လက်တွဲကျော်ဖြတ်နိုင်ပါစေဟုလည်း စေတနာဆုတောင်းပြုမိရပါ၏။

သို့သော် လွန်ခဲ့သည့် လေး၊ ငါးခြောက်လကတည်းကပင် ကြားနေခဲ့ရသည့် အခြေခံပညာဦးစီးဌာန၏ 'နေ့စား လပေးမူလတန်းပြဆရာ ခန့်ထားရေး' လက်ပူတိုက်ကုထုံးကမူ ရာစုနှစ်တစ်ဝက်နီးပါး ကောင်းချက်တစ်ခုမျှမကျန်လောက်အောင် ပျက်စီးလာခဲ့သည့် ပညာရေးစနစ်ရောဂါဆိုးကြီးကို ကုသသည်နှင့်မတူ ဆေးကျွေးသတ်သည်နှင့်ပင် တူနေသလားထင်မိသည်။ လုပ်ချလိုက်ပုံကလည်း ရင်သပ်ရှုမောအံ့သြစရာကြီးပင်ဖြစ်နေခဲ့သည်ကတော့ အမှန်ပင်ဖြစ်၏။

"ကျောင်းဆရာ" ဆိုသည်ကို ဘယ်လိုသတ်မှတ်ခဲ့ကြလေသည် မသိ။ ကုန်ထမ်း၊ မြက်ရှင်း၊ အင်္ဂတေ ဇန်းရွက် အလုပ်ကြမ်း ကျပန်းသမားတစ်ယောက်လိုများ လက်လွတ်စပယ်သတ်မှတ်ခဲ့ကြလေသလားဟုပင် ထင်သည်။ စင်စစ်၌ ကုန်ထမ်း၊ မြက်ရှင်း၊ အင်္ဂတေဇန်းရွက် အလုပ်ကြမ်းသမားဆိုသည်ကပင် ပေါ့ပေါ့တန်တန်တော့မဟုတ်။ သူ့ကျွမ်းကျင်မှုနှင့်သူ၊ သူ့လုပ်ငန်းအတွေ့အကြုံနှင့်သူ၊ သူ့တန်ဖိုးနှင့်သူ ရှိကြသည်။

အထိမခံဆိုသလောက် နုနုမွမွ အသားလေးတွေကို ပန်းပုထုကြရသည့် ကျောင်းဆရာဆိုသည့် ပုဂ္ဂိုလ်မျိုးတွေအတွက်မူ ပြောစရာပင်မရှိတော့။ ထို့ကြောင့်ပင် အနန္တော အနန္တငါးပါးထဲတွင် တစ်ပါးအပါအဝင်အဖြစ် ဘုရားနှင့်တစ်ဂိုဏ်းတည်း သတ်မှတ်ပူဇော်ကြရခြင်းဖြစ်သည်။ လွယ်လင့်တကူဖြင့် ဆရာဟု သတ်မှတ်ခံကြရသူတွေ မဟုတ်ကြ။

၁၉၈၂-၈၃ လောက်က ထင်သည်။ စာပေဗိမာန်ဘာသာပြန်စာမူဆုအတွက် Evrl V.Pullias နှင့် James D youn တို့ ရေးသားသော "A teacher is many thing" ဆိုသည့်စာအုပ် ပြဋ္ဌာန်းခဲ့ဖူးသည်။ ထိုစာအုပ်ကို ပြိုင်ပွဲဝင်ဘာသာပြန်ဆရာက "ဆရာ့လုပ်ငန်းစခန်း အထွေထွေ" ဟု ပြန်ဆိုကာ ဆုဆွတ်ခူးခဲ့သည်ကို အမှတ်ရနေသည်။ ထိုစာအုပ်ထဲ၌ ဆရာတစ်ဦး၏ တစ်ကိုယ်ရေအရည်အသွေးတွေ၊ တတ်သိလိမ္မာခြင်းတွေက အနမတဂ္ဂပင်ရှိကြောင်း ဖတ်ရှုမှတ်သားခဲ့ရဖူးသည်။ ဆရာထဲတွင်မှာမှ သာမန်ဆရာ၊ ဆရာကောင်း ဆရာတော်နှင့် မြင့်မြတ်စံပြုထိုက်သော ဆရာဟူ၍ပင် ခွဲခြားထားသေးသည်ကိုလည်း အချို့စာတစ်စောင် ပေတစ်ဖွဲ့များ၌ ဖတ်ခဲ့ဖူးသည်။

ယခုတော့ဖြင့် ကြားရနားဝမချမ်းသာဆိုသလို 'နေ့စားလပေးကျောင်းဆရာ' တဲ့။ စိတ်ဝင်စားသဖြင့် မေးမြန်းကြည့်မိတော့ ထိုနေ့စားကျောင်းဆရာတွေကို သုံးရက်သင်တန်းပေးပြီး မူလတန်းကျောင်းတွေမှာ သင်ခိုင်းမှာတဲ့။ ခက်ကရောဟု တွေးမိ၏။

တိုက်တိုက်ဆိုင်ဆိုင်ပင် သည်ရက်ထဲတွင် ဖတ်နေရသည့် သတင်းတွေထဲတွင် ဌာနမှပေးသောလစာကိုယူထားပြီး ကျောင်းလာမတက်ဘဲ ကြုံရာလူကို တစ်ဆင့်ငှားပြီး ကျောင်းသွားတက် စာသင်ခိုင်းသည့် ကျောင်းဆရာမမျိုး။ သချာ်တွက်ရာတွင် အဖြေမှားသော ကျောင်းသူငါးဦး၏ လက်ကို ကျောင်းသားကိုနမ်းစေခြင်းဖြင့် ဒဏ်ပေးသည်ဆိုသည့် ဆရာမျိုး။ ကျောင်းသားကို ဖိနပ်ဖြင့်ပေါက်ပြီးဆုံးမသည့် ကျောင်းဆရာမမျိုးဆိုတာတွေကို ကြားနေရသည်ထင်၏။ ထိုဆရာ၊ ဆရာမတွေလည်း နေ့စားလပေးကျောင်းဆရာတွေပင်လားမသိ။

မဆလခေတ်ထဲတုန်းကလည်း 'ဆွဲခန့်' ကျောင်းဆရာဟု ရှိခဲ့ဖူးသည်။ သင်ကြားရေးနှင့် ပတ်သက်သည့် ဘာသင်တန်းမှမရှိသူကို အစိမ်းတိုက်ကြီး ကောက်ခန့်ခြင်းဖြစ်သဖြင့် ဆွဲခန့်ဟု ခေါ်ခြင်းဖြစ်လေ၏။

ထိုသို့လွယ်လင့်တကူရှိလွန်းလှသည့် အလုပ်ဆိုတော့လည်း ဘယ်အလုပ် ဘယ်အကိုင်မှာမှ ဝင်တိုး၍ မရနိုင်သူတွေက ဆွဲခန့်ကျောင်းဆရာဆိုသည့် အပုံထဲ လစာရချင်ရုံသက်သက်မျှဖြင့် ဝင်တိုးခဲ့ကြခြင်းဖြစ်၏။ စေတနာ၊ ဝါသနာ၊ ဘာဆိုဘာမျှ ပါခဲ့ကြသည်မဟုတ်။ အနစ်နာဆိုသည်ကတော့ဖြင့် ဝေလာဝေးတော့သည်။ သည်လိုနှင့်ပင် ကျောင်းဆရာအလုပ်ဆိုသည်က ရိုင်းရိုင်းပင်ပုံခိုင်းကြစတမ်းဆို ဘယ်နေရာမှာမှ တိုးမရသူတွေ လာရောက်စုပုံနေရာရပ်ဝန်းဟုပင် ဆိုရမလိုဖြစ်နေခဲ့သည်တော့ အမှန်ပင်ဖြစ်၏။

အမှန်စင်စစ်တော့ ကျောင်းဆရာအတတ်ဆိုသည်က လွယ်လင့်တကူ ရှိတတ်သည့် ပညာရပ်မျိုးမဟုတ်။ ဆရာဖြစ်သင်နော်မန်ကျောင်းဆိုသည်က အင်္ဂလိပ်ခေတ်ကျွန်ပညာရေးဟုဆိုသည့်ခေတ်ကတည်းကပင် ရှိခဲ့သည်။ သည်နောက် လွတ်လပ်ရေးရပြီးခေတ်တွင်လည်း မူလတန်းဆရာအတတ်သင်တစ်နှစ်သင်တန်းကျောင်းတွေ၊ အလယ်တန်းဆရာအတတ်သင်သိပ္ပံ ၂ နှစ်သင်တန်းတွေ၊ ငါးနှစ်သင်ယူရသည့် ပညာရေးတက္ကသိုလ်တွေ ထိုက်ထိုက်တန်တန် ရှိခဲ့ဖူးသည်။ သင်ကြားသည့် ဘာသာရပ်တွေဆိုသည်ကလည်း ကလေးတွေကို ကိုင်တွယ်သင်ကြားပေးရမည့် ဆရာတစ်ဦးအတွက် ပြည့်စုံကုံလုံခဲ့သည်။

သို့သော် စေတနာနှင့် ဝါသနာကို အခြေမခံဘဲနှင့်တော့ မည်သည့် အတတ်ပညာတွင်မှာမှ ထူးချွန်ပြောင်မြောက်သူတွေ ဖြစ်မလာနိုင်တာ သေချာသည်။

ထို့ပြင်လည်း ဆရာဝန်ဖြစ်ဖို့ ကျွန်တော်ကြိုးစားမည်. . . အင်ဂျင်နီယာဖြစ်ဖို့ကျွန်တော်ကြိုးစားမည်. . မြန်မာ့သားကောင်းဇာနည် . . . ဘာညာနှင့် ပိုက်ဆံရသည့်၊ အာဏာရှိသည့် ရာထူးနေရာဌာနေတွေဆီသို့သာ ရှူးမှူးတပ်မက်စေသည့် ခေတ်မျိုးထဲမှာ ကျောင်းဆရာဆိုသည်က အောက်တန်းနောက်တန်းကျသလိုမျိုးဖြစ်နေခဲ့သေးသည်လည်း အမှန်ပင်ဖြစ်၏။ ထို့အတူပင် ရည်ရွယ်ရာရောက်ခဲ့သည့် ဆရာဝန်တွေ၊ အင်ဂျင်နီယာတွေ၊ စစ်ဗိုလ်ကြီးတွေဆိုသူတွေ၏ အများစုထဲမှာလည်း ရင်ထဲနှလုံးထဲမှာ ဝါသနာ၊ စေတနာတွေ ပင်ကိုကတည်းက ပါမလာတော့ ငွေမျက်နှာတမျက်နှာတည်း၊ အာဏာမျက်နှာ တစ်မျက်နှာတည်းကြည့်တတ်သူတွေသာ တစ်ခေတ်ထွန်းခဲ့ကြလေသေးသည်။

သည်တော့ကိုယ့်ကိုယ်ကိုယ် သိမ်ငယ်သည်ဟု ထင်နေမြင်နေသည့် ဝါသနာ၊ စေတနာ ရင်ထဲပါမလာဘဲကျောင်းဆရာဖြစ်လာကြသူတွေကလည်း ဘေးပေါက်ကလေးဖြင့် ရရာရကြောင်း၊ အာဏာအစွန်အဖျားလေးဖြင့် တွယ်မိရာတွယ်မိကြောင်းဖြင့် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၏ အဆင့်ဆင့်နေရာများဆီ ခိုလှုံရွေ့လျားသွားခဲ့ကြသည်။

**စာမျက်နှာ (၃၂)သို့**

7 DAY NEWS JOURNAL
Vol.12, No.39 • DECEMBER 4 , 2013

(ယခင်အပတ်မှ အဆက်)



# မင်းဒင်ရဲ့ သက်ခိုင်(၂)

မင်းဒင်

“ခေတ်ပျက်ကြီးထင်ပါရဲ့ဗျာ။ သေနတ်မျိုးကလည်း အတော်ပေါခဲ့ဆိုပဲ။ နဂိုကတည်းက ဇမသေးတဲ့ အဖေက သူ့မိုက်ဖော်မိုက်ဖက်တွေနဲ့ ထင်တိုင်းကြဲနေခဲ့တာပေါ့။ အဲဒီကာလက တကယ်ကို ရောင်စုံ သူပုန်လို့ဆိုရမယ်။ ကျွန်တော်ကြားဖူးတာက ရဲဘော်ဖြူ၊ ရဲဘော်ဝါ၊ ရဲဘော်နီ အပြင် မထူးတပ်သားတွေ၊ မထူးတပ်ဗိုလ်လည်း ရှိသေးသတဲ့ဗျ။ မထူးတပ်ဆိုတာ ကျွန်တော်တို့နယ်ဘက်မှာ အတော်နာမည်ကြီးသတဲ့ဗျာ။ တိုင်းပြည် ပရမ်းပတာဖြစ်ပြီး သေမထူး၊ နေမထူးတော့တာကြောင့် လူစုပြီး ရရာလက်နက်နဲ့ စားရေးဝတ်ရေးကို ဖြစ်တဲ့နည်းနဲ့ ဖြေရှင်းကြဖို့ တပ်ထောင်ကြတယ်ထင်ပါရဲ့။ ကျွန်တော်သိသလောက်တော့ ရဲဘော်ဖြူတို့၊ ရဲဘော်နီတို့ဆိုတာ ကွန်မြူနစ်တွေတဲ့ဗျာ။ ရဲဘော်ဖြူဆိုတဲ့ အလံဖြူခေါင်းဆောင်ကတော့ သခင်သန်းထွန်း၊ အလံနီဥက္ကဋ္ဌကတော့ သခင်စိုးပေါ့။ အဲဒီကွန်မြူနစ်ပါတီတွေဟာ လွတ်လပ်ရေးရပြီးတာနဲ့ တောခိုကြသတဲ့။ တောခိုရတဲ့အကြောင်းရင်းက မြန်မာပြည်ရဲ့ လွတ်လပ်ရေးဟာ အစစ်မဟုတ်၊ လွတ်လပ်ရေးအတု၊ လွတ်လပ်ရေးအလိမ်၊ ရွှေရည်စိမ်လွတ်လပ်ရေးသာဖြစ်တယ်လို့ ခံယူကြလို့တဲ့ခင်ဗျ။ လွတ်လပ်တယ်ဆိုတဲ့ မြန်မာနိုင်ငံဟာ ဗြိတိသျှနယ်ချဲ့ရဲ့ ကိုလိုနီတစ်ပိုင်းသာဖြစ်နေလို့ အပြည့်အဝအချုပ်အခြာအာဏာပိုင်မှုအတွက် တောခိုရတာလို့ ကျွန်တော်ဖတ်ဖူးသဗျ။ လိုတိုရှင်းပြောရရင် ဗိုလ်ချုပ်အောင်ဆန်းတို့ဦးနုတို့ အင်္ဂလိပ်အစိုးရနဲ့ ချုပ်ဆိုခဲ့တဲ့ အောင်ဆန်းအက်တလီ၊ နုအက်တလီဆိုတဲ့ စာချုပ်တွေကို အယုံအကြည်မရှိဘူးပေါ့ဗျာ။

အေးဗျာ၊ ကျွန်တော့်စိတ်ထင်ပြောရရင် ကျွန်တော်တို့နယ်ဘက်က တောသူတောင်သားတွေကို လွတ်လပ်ရေးဟာ အစစ်လား၊ အတုလားလျှောက်ပြောလို့ကတော့ ဇယားရှုပ်ရုံသာရှိမယ်ထင်ပါရဲ့။ အုပ်ချုပ်ရေးအာဏာကလည်း မထိရောက်၊ ထင်ရာစိုင်းတဲ့ အုပ်စု၊ ပါတီ၊ ဂိုဏ်းဂဏတွေနဲ့ ခေတ်ကြီးဟာဖြစ်ချင်တိုင်းဖြစ်နေခဲ့တယ်ထင်ပါရဲ့။

အမေပြောဖူးတာကတော့ အဲဒီကာလက ရွာမှာနေရတယ်မရှိဘဲ နီးစပ်ရာ တောထဲတောင်ထဲ ခရိုးလျှိုမြောင်ကောင်းကောင်းထဲ လျှောက်ပုန်းနေကြရတယ်ဆိုပဲ။ ဘယ်နယ်က ဗိုလ်ဘယ်သူဦးစီးတဲ့ မထူးတပ်ဝင်လာပြီးဟေ့ ဆိုတဲ့ အသံကြားရတာနဲ့ ပြေးကြရတာပဲတဲ့ဗျ။ အဲဒီလိုခေတ်ကာလကြီးထဲမှာ ကျွန်တော့်အဖေ ကိုအောင်မြတ်က လူသူတော်ကောင်းကြီးလုပ်ပြီး နယ်ကျွံလာတဲ့ နွားအုပ်ကြီးတစ်အုပ်ကို သူ့သဘောနဲ့သူ မှိုက်ပင်ရွာသားတွေကို ဝေခြမ်းရေးလုပ်ပစ်ပါလေရောတဲ့ဗျ။

အမှန်တော့ရဲဘော်ဖြူအဖွဲ့က အဲဒီနွားအုပ်တွေကို ရွာစဉ်လှည့်ပြီး သိမ်းခဲ့တာတဲ့ဗျ။ နွားအုပ်ကြီးက ကြီးလွန်းတော့ ရဲဘော်ဖြူအဖွဲ့လည်း ထိန်းမနိုင်၊ သိမ်းမနိုင်မို့ သူတို့ဩဇာဘယ်ကောင်မှ မလွန်ဆန်ဝံ့ဘူး၊ နွားကောင်ရေ တစ်ရာလောက်ရှိတဲ့ နွားအုပ်ကြီးကို ဒီနယ်တစ်ရိုးမှာ ဘယ်သကောင့်သားမှ အပျောက်မရိုက်နိုင်ဘူးလို့ထင်ကြဟန်တူပါရဲ့။

ရဲဘော်ဖြူတွေကံဆိုးချက်ကတော့ အဲဒီနွားအုပ်ကြီးဟာ ကျွန်တော့်အဖေခေါင်းဆောင်တဲ့ မှိုက်ပင်လူမိုက်အုပ်စုလက်ထဲ တည့်တည့်ကြီးကို ရောက်သွားတော့တာပါပဲ။ နွားအုပ်ကြီးကို အောင်မြတ်ဝေခြမ်းရေးလုပ်ပစ်တဲ့ သတင်းဟာ ရဲဘော်ဖြူတွေဆီကို ဘီဘီစီသတင်းလို မြန်မြန်မှန်မှန်၊ တစ်နယ်လုံးတောမီးလောင်သလို ပျံ့နှံ့သွားတယ်ထင်ပါ့ဗျာ။

ရဲဘော်ဖြူလက်မရွံ့ ဗိုလ်နဲ့ သူ့တပ်ဖွဲ့ဟာ မှိုက်ပင်ကို ရောက်လာပြီး အဖေ့ကို တောနင်းတော့တာပါပဲ။ အမှန်တော့ ခေတ်ပျက်ကြီးမှာ သူ့လူကိုယ့်လူမခွဲခြားနိုင်တာမို့ အဖေလည်း ရှောင်ချိန်၊ တိမ်းချိန် မရဘူး ထင်ပါရဲ့။ နွားအုပ်ကြီးကို ဝေခြမ်းရေးလုပ်မှုနဲ့ ရဲဘော်ဖြူတွေ အဖမ်းခံရတော့တာပါပဲ။ အဖေ့ကိုဖမ်းမိတော့ နောက်ပြန်ကြိုးတုပ်ပြီး သရက်ပင်တစ်ပင်မှာ ချည်ထားတယ်။ လည်ပင်းကို ကြိုးကွင်းစွပ်တယ်။ သိပ်လူပါးဝတဲ့ကောင် မှတ်လောက်သားလောက်အောင် ပညာပေးလိုက်မဟဲ့ဆိုပြီး လည်ပင်းမှာစွပ်ထားတဲ့ ကြိုးကိုသစ်ကိုင်းခွပေါ် တင်ပြီး မြင်းနဲ့ဆွဲတင်မယ်အလုပ် ကျွန်တော့်အဖေကံကောင်းတယ်ဆိုရမယ်ဗျာ။

ကျွန်တော့်အဖေရဲ့ လူရင်း ဦးဖိုးချစ်ဆိုတဲ့ သူကို ဘယ်သူမှန်းမသိတဲ့ အုပ်စုတစ်စုက ဦးဖိုးချစ်အိပ်ရာထဲကို ဝင်ပြီး ဓားနဲ့အသေပိုင်းတဲ့ဇာတ်လမ်းလည်းရှိသေးတယ်ဗျ။ ဦးဖိုးချစ်ကံကောင်းပုံများ အိပ်ရာထဲမှာ အိပ်နေတဲ့ ဦးဖိုးချစ်ကို ဓားနဲ့အချက်ပေါင်းများစွာ အသေပိုင်းရာမှာ ဓားချက်က မျက်နှာကြက်နဲ့ မလွတ်တာကြောင့် စိတ်ကြိုက်ခုတ်ခွင့်မရရှာဘူးတဲ့။ အဲဒီရှန်းရင်းဆန်ခတ်အခြေအနေမှာကျွန်တော့်အဖေကိုအောင်မြတ်က လက်စွဲတော်သေနတ်နဲ့ သေနတ်သံပေးပြီးဝင်သွားတာကြောင့် ဦးဖိုးချစ်အသက်ဘေးက လွတ်သတဲ့။ ခေတ်ပျက်ကြီးဆိုတော့ နာကြည်းချက်ရှိတဲ့သူကို ရတဲ့နည်းနဲ့ သတ်ဖို့ဖြတ်ဖို့ လုပ်ကြတာထင်ပါရဲ့ဗျာ။ ကျွန်တော် ကိုယ်တိုင် ဦးဖိုးချစ်ရန်ကုန်လာလည်တုန်းက သူ့လက်မောင်း၊ ကျောပြင်နဲ့ ခန္ဓာကိုယ်အနှံ့ဓားဒဏ်ရာတွေကို မြင်ဖူးပါတယ်။

တိုတိုပြောရင် အဖေ့လည်ပင်းကို ကြိုးတပ်ပြီး ဆွဲတင်မယ်အလုပ်မှာ အဖေ့ရဲဘော်ရင်း ဦးဖိုးချစ်နဲ့ အခြားရဲဘော်ဖြူဗိုလ်တစ်ယောက်သူတို့အုပ်စု အင်အားအလုံးအရင်းနဲ့ရောက်လာပြီး အောင်မြတ်ကိုလွှတ်ဆိုပြီး ရဲဘော်ဖြူအချင်းချင်းလက်နက်အပြည့်အစုံနဲ့ ရင်ဆိုင်ဖြေရှင်းကြရင်း ကျွန်တော့်အဖေ သေဘေးက လွတ်ခဲ့တယ်ဆိုပါတော့။

ကျွန်တော်သိသလောက်တော့ အဲဒီခေတ်က နတ်မောက်နယ်မှာ ကြီးစိုးတာက ရဲဘော်ဖြူတွေတဲ့ဗျ။ ကျွန်တော့်အသိ နတ်မောက်ရုံးတောဇာတိကိုဝင်းနိုင်ဦးရဲ့ အဆိုအရ သူတို့နယ်မှာလည်း ရဲဘော်ဖြူပဲ အင်အားကြီးသတဲ့ဗျာ။ စကားမစပ်ကျွန်တော့်အဖေအကြောင်း ပြောရဦးမယ်။ ကျွန်တော့်အဖေဟာ ကျွန်တော်နဲ့စိတ်ဓာတ်တူနေသလားပဲဗျာ။ ကျွန်တော့်အဖေဘက်က မျိုးရိုးဟာ ထီးရိုးနန်းရိုးမို့အဖေဟာ ထင်တိုင်းကြဲတတ်သတဲ့။ မှိုက်ပင်တစ်ရွာလုံးမှာ ဒေါ်ရွှေဘွဲ့ဟေ့ဆိုရင် ပြားပြားဝပ်သတဲ့။ လယ်မြေချောင်းမြောင်းတွေ လက်ညှိုးထိုးမလွတ်အောင်ပိုင်တယ်။ အဲဒါတွေကို ဒိုင်ခံဖြုန်းတာကတော့ ကျွန်တော့်အဖေပဲ။ ဖဲရိုက်တယ်၊ ကြက်တိုက်တယ်။ ဖဲရိုက်ရင်း ငွေပြတ်ရင် ပါလာတဲ့ နွားလှည်းကို ချထိုးတယ်။ ကျွန်တော့်အဖေဆိုးသမျှ ဒိုင်ခံလိုက်ရှင်းတာကတော့ ကျွန်တော့်အဘွား ဒေါ်ရွှေဘွဲ့ပါပဲ။

အဖေဟာ ဆိုးမိုက်သူ တစ်ယောက်ရဲ့ မျက်နှာအသွင်အပြင်နဲ့ လုံးဝကွာခြားတဲ့တည်ကြည်တဲ့ ရုပ်အသွင်ရှိသတဲ့ဗျ။ အဖေဘယ်လောက်များဆိုးသလဲဆိုရင် သူပိုင်သမျှလယ်မြေချောင်းမြောင်းတွေကို ဖဲဝိုင်းနဲ့ ကြက်ဝိုင်းတွေမှာ အကုန်ချထိုးပြီး တစ်ပြားမှ မကျန်တဲ့ အချိန်မှာ မန္တလေးဘက်ကို တက်သွားတယ်။ လက်လုပ်လက်စား ကူလီလို ဘဝမျိုးနဲ့ဘဝကို ရုန်းကန်ခဲ့တယ်။ ကျွန်တော့်စိတ်ထင် အဖေပြောဖူးတဲ့ စကားတွေအရ အဖေဟာ အဲဒီကုန်တင်ကုန်ချကူလီလိုဘဝမျိုးကို တော်တော်နာကြည်းခဲ့ပုံရတယ်ဗျ။ သူဌေးသားဆွေဂုဏ်မျိုးဂုဏ်တင့်တောင့်တင့်တယ်ဖြစ်ပါလျက် သူ့မိုက်ပြစ်ကြောင့် ဘဝပျက်ရတာကိုလည်း ဆင်ခြင်မိပုံရတယ်။ အမေ့ခမျာလည်း သားသမီးငါးယောက်နဲ့ မိုးလင်းမိုးချုပ်ကောက်သင်းကောက်ရတာ လက်ဖျားတွေကတောင် သွေးယိုတယ်ဆိုပဲ။ အမေတစ်ခါတလေပြောပြဖူးတာက ကိုအောင်မြတ်က မန္တလေးတက်သွား။ ဒီကလေးတွေတစ်ပြုံတစ်မနဲ့ အမေလည်းရှိတဲ့ဝက်သားအုပ်ကိုရောင်းပြီးစားရတာပေါ့။ ဝက်သားအုပ်ရောင်းတဲ့ပိုက်ဆံက ဘယ်လောက်ခံမတုံး။ မကြာပါဘူး။ မြေပဲတောထဲမှာကောက်သင်းကောက်ရတာပါပဲ။

ကောက်သင်းကောက်တယ်ဆိုတယ် ဒီလိုဗျ။ မြေပဲပင်တွေနုတ်ကြတဲ့အခါ တချို့မြေပဲတောင့်တွေကမြေကြီးထဲမှာ ကျန်ရစ်တယ်။ အဲဒီမြေကြီးထဲကျန်ရစ်တဲ့မြေပဲတောင့်တွေကိုယာခင်းရှင်နဲ့အချိုးကျဝေစုခွဲယူကြရတာ။ မြေကြီးထဲကို ယက်ပြီး ပဲတောင့်တွေ ရှာရတာပေါ့ဗျာ။ တစ်ခါတလေ အမေက ကျွန်တော်တို့ မောင်နှမတွေ ဟင်းဖိုး၊ ထမင်းဖိုး ပြည့်ပါစေဆိုတဲ့ လောဘနဲ့ မြေကြီးကို ယက်ရတာ လက်ဖျားတွေကနေ သွေးတောက်တောက်ကျတယ်ဆိုပဲ။ တစ်ခါတလေကောက်သင်းရာက အပြန်ညကြီးမိုးချုပ်ဖြစ်နေရင် အမေ့အမျိုးတွေဟာ အမေ့ကို ရွာဝကစောင့်ပြီး ဟော့ခင်သန်း ဖရုံသီးတွေခူးသွားဦး၊ ခရမ်းချဉ်သီးတွေဆွတ်သွားဦး။ တချို့ကလည်း အဆင့်သင့်ခူးဆွတ်ပြီးသားတွေ စောင့်ပေးကြသတဲ့။ အမှန်တော့ အမေ့အမျိုးက မဆင်းရဲဘူးဗျ။ အဖေအမျိုးနဲ့ ဂုဏ်ချင်း ယှဉ်မရဘူးဆိုပဲ။ ကျွန်တော့်အမေဘက်က အဘိုးကတော့ မိတ်ကလေး ဘာမှမပူနဲ့ အဖေ့ဆီ ငါ့မြေတွေနဲ့လာနေဖို့ ဆိုသတဲ့ ။အမေကတော့ လူမမာ၊ ယောက္ခမတွေကို ငဲ့၊ ကိုယ့်ဒုက္ခမိဘတွေကို ဒုက္ခမပေးချင်ဘူး ထင်ပါရဲ့။

အမေ့ကို အဖေ့ဆွေမျိုးအများစုကတော့ အသိအမှတ်မပြုကြဘူးတဲ့ဗျ။ ထင်တိုင်းကြဲနိုင်တဲ့ ဆွေကြီးမျိုးကြီး လူပုံချောက အမေ့လို ကျောက်ပေါက်မာသွဲ့သွဲ့နဲ့ ရုပ်ရည်ရွက်ကြမ်းရေကျိုနဲ့ အိမ်ထောင်ရက်သားကျရတာကိုတယ်ပြီး နှစ်မြို့ကြပုံမရဘူးဗျ။ အမှန်က အမေ့ကို ကျွန်တော့်အဘွားချွေးမအဖြစ်ရွေးရတာဟာ အလွန်သဘာဝကျပါတယ်။ အမေဟာ အဘွားအိမ်မှာ အဘွားခိုင်းသမျှ လက်တိုလက်တောင်းအကုန် အစင်လုပ်ပေးလေ့ရှိပါတယ်။ နောက်ဆုံးကျွန်တော့်အဘိုး ဦးချစ်မောင် ကိုယ်တစ်ပိုင်းသေပြီး ဘယ်သူမှ မထိချင်၊ မကိုင်ချင်တဲ့ အခြေအနေမျိုးမှာ အမေဟာ မရွံ့မရှာပြုစုခဲ့ပါတယ်။ အမေ ကျွန်တော့်ကို ပြောဖူးတာက သားရယ်မင်းအဘိုးဟာအောက်ပိုင်းသေနေတာတော့ ညညကြွက်တွေ လာလာကိုက်တတ်တာကြောင့် ဂုန်နီအိတ်စွပ်ထားရတာတဲ့ ။ အမေကတော့ ကြွက်စောင့်ပေါ့တဲ့။ ကျွန်တော့်အဖေဟာ သူ့ခေတ် သူ့အခါက ဥစ္စာပေါ၊ ရုပ်ချော ပျို့တိုင်းကြိုက်တဲ့ နှင်းဆီခိုင်ပေါ့။ အဖေ အစွဲလမ်းဆုံး ရည်စားက သားမြားရွာသူ စိမ်းမြတဲ့။ အဖေတစ်ခါတလေ အရမ်းမူးတဲ့အခါ မင်းအဘွားကြောင့် ငါစိမ်းမြနဲ့လွဲခဲ့ရတာပေါ့ကွာလို့ ရင်ထုမနာပြောတတ်လေရဲ့။ ကျွန်တော်က အဖေနဲ့အတူ အိပ်တာလေ။ ထူးထူးခြားခြား အဖေဟာ ဘယ်သူနဲ့မှ အိပ်လေ့မရှိဘူးဗျ။ အရက်သောက်ထားရင် တခြားသူနဲ့ စကားပြောခဲတယ်။ ခြင်ထောင်ထဲမှာ ရှိနေတဲ့ ကျွန်တော့်ကိုတော့ ရင်ဖွင့်လေ့ရှိတယ်။

အချပ်ပို(IV) သို့

# ဆရာကြီးရွှေဥဒေါင်းရဲ့ ထမင်းစားပွဲနဲ့ ဆင်းလိုက်တိုင်းလွဲတဲ့ ဘူတာရုံများ

မောင်သာချို




(တစ်)

ကျွန်တော်တို့ မြန်မာ့လူ့အဖွဲ့ အစည်း၏ ချို့ယွင်းချက်များကို ပြောကြဆိုကြသောအခါ ရှုထောင့် အသီးသီးမှနေ၍ ခေါင်းစဉ်ကွဲအမျိုးမျိုးဖြင့် ထောက်ပြကြရာ အချိန်ကို မလေးစားခြင်းဟူသည့် ခေါင်းစဉ်ကလည်း နာမည်ကျော်ခေါင်းစဉ်ကြီး တစ်ခုအဖြစ်ပါဝင်တတ်မြဲဖြစ်ပါသည်။

ဟုတ်ပါသည်။ အချိန်ဆိုသည်မှာ ကျွန်တော်တို့ လူ့အဖွဲ့ အစည်းအတွက်ကတော့ တော်တော့ကို ပေါပေါလောလောရရှိထားသည့်သဘာဝ၏လက်ဆောင် တစ်ခုလိုဖြစ်၍ နေပါသည်။

ဂျက်ကွမ်းခြံကုန်းဟူသည့် ကလောင်အမည်ကွဲဖြင့် အချိန်နှင့် ပတ်သက်ရာ ရယ်စရာ၊ မောစရာကလေးများကို ကျွန်တော် မကြာခဏရေးဖူးပါသည်။ ရယ်စရာနောက်မှာ မောစရာတွေ ဗရပွနှင့် အကြောင်းအရာတွေပဲဖြစ်ပါ၏။

(နှစ်)

တစ်ခါက ရန်ကုန်မြို့ဒဂုံရောအဝေးပြေးဂိတ်ရှိ လက်မှတ်အရောင်းဌာနတစ်ခုမှာ ကြိုတင်လက်မှတ်တစ်စောင်ဝယ်ဖြစ်ပါသည်။ ဟင်္သာတမြို့သို့သွားရန်ကိစ္စ။

ကျွန်တော်က အချိန်နှင့်အမျှ ရုန်းကန်လှုပ်ရှားရသူဖြစ်သည့်အတွက်ကားထွက်ချိန်ကလေးကိုတိတိကျကျပြောပေးဖို့ မေတ္တာရပ်ခံမိပါသည်။ တိတိကျကျသာပြော၊ တိတိကျကျသာထွက်။ အချိန်အတိုင်းအတိအကျထွက်သွားရ၍ ကျွန်တော်ရောက်မလာခဲ့သော် ကျွန်တော့်ကို မစောင့်နှင့်။ လက်မှတ်ဖိုးဆုံးသွားသည့်တိုင် ကျွန်တော်စိတ်မဆိုး။ အကယ်၍ အမှန်တကယ်ကားထွက်မည့် အချိန်ထက် တစ်နာရီ၊ နှစ်နာရီစောချိန်းခဲ့ပါက ထိုတစ်နာရီနှစ်ရာရီသည် ကျွန်တော့်အတွက် အလုပ်လုပ်ချိန်များဖြစ်ရာ နှမြောလွန်းသောကြောင့် တကယ်ထွက်မည့်အချိန်ကို သာသတင်းအမှန်ပေးရန် ကျွန်တော်က မေတ္တာရပ်ခံခဲ့ခြင်းဖြစ်ပါသည်။

လက်မှတ်အရောင်းတာဝန်ခံပြောပုံက ဤသို့ဖြစ်ပါသည်။

"ကဲပွင့်ပွင့်လင်းလင်းပဲ ပြောမယ်။ လက်မှတ်မှာ ရေးထားတဲ့ ကားထွက်ချိန်က ဆယ်နာရီခွဲ၊ ဒါပေမဲ့ တကယ်ထွက်မှာက ဆယ့်တစ်နာရီ။ ဆရာ့ကိုတော့ ကျွန်တော်တို့ ဆယ့်တစ်နာရီခွဲအထိ စောင့်ပေးမယ်။ နောက်ဆုံး ပြောလိုက်မယ် ဆရာရယ်၊ ဆယ့်နှစ်နာရီထက်တော့ နောက်မကျစေနဲ့ဗျာ"တဲ့။

စာဖတ်သူဘယ်လိုများ ခံစားသွားရလေမလဲ ကျွန်တော်မသိ။ ကျွန်တော်ကတော့ ကားလက်မှတ်ပေါ်တွင် ရေးထားသည့် ၁၀ နာရီခွဲဟူသော ထွက်ချိန်နှင့် ၁၂ နာရီဟူသော အမှန်တကယ်ကားထွက်ချိန်တို့ကြားက အလဟဿဖြစ်သွားရသည့် လူပေါင်းများစွာတို့၏ စက္ကန့်များ၊ မိနစ်များ၊ နာရီများကိုတွက်ကာ တိုတောင်းလှစွာသော လူ့ဘဝသက်တမ်းနှင့်ယှဉ်၍ နှမြောဖြစ်သွားခဲ့မိသည်မှာ အမှန်ပါ။

(သုံး)

တစ်ခါတုန်းကတော့ ခန္တီးမြို့ တစ်ဝိုက်ရှိ နာဂတောင်တန်းများ ဝန်းကျင်သို့ရောက်သွားခဲ့ပြန်ပါသည်။ လေယာဉ်ခန္တီးကို ဆင်းမည့် နေ့တွင် ရွှေမှော်များရှိရာ ဆီသို့ လေ့လာကြည့်ရှုရန် မပြီးပြတ်သေးသဖြင့် ခန္တီးကနေ လေယာဉ်ထပျံမည့်အချိန်ကို မေးရပါသည်။ တာဝန်ရှိသူတစ်ယောက်က နံနက် ၁၀ နာရီထက် စော၍ မပျံကြောင်း သတင်းပေးရာ ကျွန်တော်လည်း နာဂတောင်တန်းများပေါ်က ရွှေမှော်တွေထဲမှာ အချိန်ကလေး နည်းနည်းပါးပါးယူလိုက်ဖြစ်ပါသည်။

သို့ဖြင့် အချိန်တန်သည်နှင့်ကားကို အပြင်းမောင်းပြီး ခန္တီး လေဆိပ်ထဲသို့ ဝင်ချလာခဲ့ကြရာ လေယာဉ်က ထွက်ခွာရန်ပင်အဆင်သင့်ဖြစ်နေခဲ့ပါပြီ။ ခရီးသည်တွေက လေယာဉ်ပေါ်မှာ ခါးပတ်တွေ တောင်မှ ပတ်ထားပြီး၍ နေကြပါပြီ။ လေယာဉ်ပန်ကာဒလက်တွေက မွှတ်နေအောင် လည်လို့။ ကျွန်တော်တို့ မော်တော်ကားလေ ဆိပ်ထဲသို့ မောင်းဝင်လာသည်ကို မြင်လို့လားမသိ။ နယ်လေဆိပ်ကလေးကလည်း ဖြစ်နေပြန်ရာ လေယာဉ်က မပျံဘဲ စောင့်ပေးနေသဖြင့် ကျွန်တော်တို့ ခန္တီးမှာ ကျန်မနေရစ်ခဲ့ကြခြင်းဖြစ်ပါသည်။ ဟောဟဲ၊ ဟောဟဲနှင့် လေယာဉ်ပေါ်သို့အမောတကောတက်လာသော ကျွန်တော့်ကို ရောက်နှင့်နေကြသည့်ဆရာချစ်ဦးညိုနှင့် မောင်စိန်ဝင်း(ပုတီးကုန်း)က တဖျစ်တောက်တောက်ပြောလို့။

တကယ်က ကျွန်တော့်အပြစ်မဟုတ်။ ကျွန်တော်လေဆိပ်ထဲသို့ဝင်ရောက်လာသည့် အချိန်ကကိုး နာရီဝန်းကျင်သာ။ ထို့ကြောင့် ဆယ့်နာရီထက်စောပြီး ပျံလေ့မရှိပါဟူသည့်သတင်းကိုအခြေခံကာမီအောင် ကျွန်တော်ပြန်လာခဲ့သူဖြစ်ပါသည်။ ကျွန်တော်က လေဆိပ်အမှုထမ်းတစ်ယောက်ကို နာရီကို လက်ညှိုးထိုးပြပြီး ဘာ့ကြောင့် စောပျံတာလဲဟု မေးရပါသည်။ သူကသည်နေ့စောပြီးဆင်းဖြစ်သဖြင့် စောပြီး ပျံတာပါတဲ့။ ကျွန်တော်ကျန်နေရစ်ခဲ့ရင် ဘယ်လိုလုပ်ရမလဲ။ နောက်တစ်ခါလေယာဉ်ပတ်အတွက် ခန္တီးမှာ စောင့်နေရမှာကို ဘယ်သူက တာဝန်ယူမှာလဲ။ ဘာဖြစ်လို့ ဆယ့်နာရီထက်မစောဘူးဆိုတဲ့ သတင်းကို ကျွန်တော့်ကို ပေးရတာလဲ။

နောက်ကျတာကမှ အချိန်မလေးစားတာမဟုတ်။ စောနေခြင်းသည်လည်း အချိန်မလေးစားမှု။

(လေး)

အချိန်ကိုက်လှုပ်ရှားတတ်မှုနှင့် ပတ်သက်၍ ဂျပန်နိုင်ငံ၏ အံ့သြဖွယ်ရာကို ကျွန်တော်ဖတ်ဖူးပါသည်။

ဂျပန်ရောက် မြန်မာလူရွှယ်တစ်ယောက်က သူ့အရင် ဂျပန်တွင် ကြိုတင်ကာ ရောက်နှင့်နေသည့် မြန်မာသူငယ်ချင်းထံ သွားရောက်လည်ပတ်ရန် တယ်လီဖုန်းဖြင့် ဆက်သွယ်ပါသည်။ တစ်ယောက်တစ်နေရာစီဖြစ်ရာ လာရောက်လည်ပတ်မည့် သူကိုရောက်နှင့်သူကမည်သည့်ဘူတာရုံကနေမည်သည့်အချိန်စီးလာမှာလဲဆိုတာကို မေးပါသည်။ အဖြေကို ရသော်သူငယ်ချင်းအား လမ်းညွှန်လိုက်ပုံက ဒါဆို ၉း၄၅ မှာ ရထားရပ်တဲ့ ဘူတာရုံကို ဆင်းလိုက်တဲ့။ ဘယ်ဘူတာမှာဆင်းပါလို့မပြော။ အချိန်နှင့် တွက်ကာဆင်းခိုင်းလိုက်သည်ဆိုတော့ မတော်တဆ ဆင်းရမည့် ဘူတာမဟုတ်ဘဲ ဆင်းမိကာ သူငယ်ချင်းနှင့်လွဲချော်သွားမည်ကိုဧည့်သည်သူငယ်ချင်းက စိုးရိမ်သွားပုံရပါသည်။

ဂျပန်တွင်အနေကြာသူ သူငယ်ချင်းက အချိန်ကိုက်တိကျသေသပ်စွာ မောင်းနှင်ဝင်ထွက်ရပ်နားထွက်ခွာမှုအရာ၌ စံထားလိုက်သော ဂျပန်မီးရထားများ၏ တိကျသေချာပုံကို အကြွင်းမဲ့ယုံကြည်သူဖြစ်ရာ ထပ်ဆင့်၍ ရဲရဲကြီးပင်အာမခံပါသည်။ မည်သည့်ဘူတာရုံရောက်နေပြီလဲ။ ထွက်ကြည့်စရာမလို။ သူရောက်မည့်အချိန်အတိုင်း ရထားရပ်သည်နှင့် မျက်စိမှိတ်ပြီးဆင်းချလိုက်။ မလွဲစေရ။ ကိုယ်ဆင်းမည့် ဘူတာနှင့်ကွက်တိစသည်ဖြင့် အထပ်ထပ်ရှင်းပြလိုက်ရပါသည်။

ကျွန်တော်တို့ မြန်မာနိုင်ငံသားတွေမြန်မာ့မီးရထားကိုသည်လိုစီးရဲပါ့မလား။ ရန်ကုန်ဘူတာကြီးက ထွက်တာ ဘယ်အချိန်။ တောင်ငူဘူတာကို ရောက်မှာက ဘယ်အချိန်။ အဲသည့်အချိန်အတိုင်း ရထားပေါ်ကနေ မျက်စိမှိတ်ပြီး ဆင်းချလိုက်။ ပြီးရင် မျက်လုံးဖွင့်ကြည့်လိုက်။ တောင်ငူဘူတာမဟုတ်ဘဲ သောက်တလွဲကြီးဖြစ်နေခဲ့သော်ဘယ်လို ဖြေရှင်းရပါ့။ လူမနီး၊ သူမနီးသည့် လယ်ကွင်းစပ်မှာများ ပြုတ်ကျကျန်နေခဲ့သော်မည်သူ့ကို အကူအညီတောင်းရပါ့။

(ငါး)

ယခုရက်တွေထဲမှာ စစ်တွေ၊ ကျောက်တော်၊ မြောက်ဦး၊ ပုဏ္ဏားကျွန်း၊ မင်းပြား၊ ပေါက်တော၊ မြေပုံစသည့် ဒေသများ တဝိုက် ခရီးကြမ်းနှင်ဖြစ်ပါသည်။ ရခိုင်ပြည်နယ်ရှိစာပေချစ်သူများက မြန်မာ့လေကြောင်းနှင့်ပြန်ရန်လက်မှတ်ကိုစီစဉ်ပေးထားကြရာ လေယာဉ်လက်မှတ်ပေါ်၌ ကွင်းချိန်းက ၁၂း၃၀တဲ့။ ထွက်ခွာချိန် (Departure) နေရာမှာက ကွက်လပ်။ ပျံချင်တဲ့အချိန်ပျံမယ်ဆိုသည့်သဘော။

ဆရာချစ်ဦးညိုနှင့် ကျွန်တော်တို့နှစ်ယောက်သား စစ်တွေလေဆိပ်ရှေ့က ဆိုင်ကလေးထဲမှာ ထိုင်ရင်းက တစ်နာရီ၊ တစ်နာရီခွဲ၊ နှစ်နာရီ၊ နှစ်နာရီခွဲ၊ သုံးနာရီ စသည်စသည်ဖြင့်။ စိတ်မရှည်သူဆရာချစ်ဦးညိုက တာဝန်ရှိသူတစ်ယောက်ကို ဖုန်းဆက်မေးရာ လေယာဉ်က ရန်ကုန်လေဆိပ်ကပင် တက်မလာသေးပါတဲ့။ အဆင်ပြေသော အချိန်ပျံလာပါမည်တဲ့ ။ စစ်တွေကနေ အဆင်ပြေသော အချိန်ပြန်ထွက်ပါမည်တဲ့။ ကျွန်တော်တို့က အဆင်ပြေသလိုကြည့်ပြီး နေကြဆိုသည့်သဘော။ သို့ဖြင့်အချိန်တော်တော်ကလေးနှောင်းတော့မှ လေယာဉ်ခရီးစဉ်ဖျက်သိမ်းသည်ဟု ဆိုလေရာ ဆရာချစ်ဦးညိုဝုန်းဒိုင်းကြဲလေမှ ပုဂ္ဂလိက လေကြောင်းလိုင်းတစ်ခု ဖြင့် ပြောင်းတင်ပေးလိုက်ခြင်းဖြစ်ပါသည်။ တငုတ်တုတ်တုတ်ဖြစ်နေသည့် ကမ္ဘာ့လှည့်ခရီးသွားများကို အားနာစရာကောင်းလှပါဘိ။

(ခြောက်)

သည်နေရာမှာ ဆရာကြီးရွှေဥဒေါင်းကို ကျွန်တော်တော်တော်လေးသဘောကျတာတစ်ချက်ရှိပါသည်။

တစ်နေ့လူထုဦးစိန်ဝင်းနှင့် ဆရာမောင်မိုးသူတို့ကို ထမင်းစားဖိတ်ရာ ညနေ ခြောက်နာရီချိန်းထားသော်လည်း နာရီဝက်နောက်ကျပြီးမှ ရောက်လာသဖြင့် "မင်း Gentlemen မဟုတ်ဘူး"ဟု ဆရာကြီးက အပြစ်တင်ခဲ့ဖူးပါသည်။

ထို့အတူ ဆရာတင်မိုးကို ထမင်းစားဖိတ်ရာ ဖိတ်သည့်အချိန်ရောက်မလာ၍ဟုဆိုကာ အိမ်တံခါးပိတ်ပြီး ထွက်သွား၍ ထမင်းစားကြွရောက်သူတွေလှည့်ပြန်ခဲ့ကြရပါလေသတဲ့။ အော်၊ သွားလမ်းမသာ၍ လာလမ်းမဖြောင့်သော ကျွန်တော်တို့အရပ်မှာ ဆရာကြီး ရွှေဥဒေါင်းလိုလူတွေ ထမင်းစားဖိတ်သည်ကိုသာ သွားလို့ကတော့ ငတ်ပြီးရင်း ငတ်ပေါ့။

ကမ္ဘာကျော်စုံထောက်ကြီး ရှားလော့ဟုမ်း ကျွန်တော်တို့ဆီမှာ အမှုလိုက်လို့ကတော့ ရထား အဝင်အထွက်၊ ကားအဝင်အထွက်၊ တွက်ချက်တာတွေအကုန်လွဲပြီး အမှုတိုင်းမှာ သောက်ကျိုးနည်းမှာ ဧကန်ပေါ့။


ခေတ်က ပရမ်းပတာဖြစ်လို့ လူတွေ ပရမ်းပတာဖြစ်ကုန်တာလား။ လူတွေကပရမ်းပတာဖြစ်လို့ ခေတ်ကပရမ်းပတာဖြစ်တာလား။ အင်း . . . သေချာတာတစ်ခုကတော့ ကမ္ဘာက နှာခေါင်းရှုံ့တဲ့အထဲမှာ အချိန်ကို မလေးစားမှုဟာ ထိပ်တန်းက ပါနေတယ်ဆိုတာပါပဲ။ ။

7 DAY NEWS JOURNAL
Vol.12, No.39 • DECEMBER 4 , 2013

7 ရ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ကျော်သူမောင်၊ပြည့်ပြည့်ဖြိုး |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ အေးသူစံ၊ သန်းငွေ၊ သန်းထူး |
| သတင်းထောက် | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်၊ ရန်မျိုးနိုင်၊ မိုးညို၊ မင်းဟိန်းကျော်၊ အောင်သစ်လွင်၊ ငြိမ်းချမ်း၊ ရဲနောင်၊ ခန့်ထက်၊ ဆွေမွန်၊ဖွဲ့ညဏ်၊ ခိုင်ခိုင်စိုး၊ ကြူကြူဟန် |
| အငယ်တန်းသတင်းထောက် | အိမွန်ကျော်၊နန်းအောင်၊ဟေမာနှင်း၊ အေကေသော်၊ ချစ်ဝိုင်း၊ ဖွဲ့မာန် |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) ကျော်ဇင်သန်း၊ နစ်ကီ |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော်၊ မောင်တာ၊ အေးမွန်ရာပြည့် |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| စာပြင် | မေတင်ဇာဦး၊ ထွန်းသိန်းမြင့် |
| စီနီယာဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| ဒီဇိုင်နာ | နွယ်မွန်ဖြိုး၊ နန္ဒ၊ နိုင်လင်းထွန်း၊ ရဲသူရ |
| ကွန်ပျူတာစာစီ | စန်းစန်း၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင်၊ သက်ပိုင်ဌေး၊ အောင်မျိုးသန်း၊ ကေသီမိုး၊ တင်ဇာလင်း၊ အောင်ကောင်းမြတ် |
| သုတေသန | နှင်းနုထွေး၊ ဝါဝါလင်းလှိုင်၊ |
| သရုပ်ဖော် | စိုးသော်တာ ၊ ဝလုံး |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင်၊ ဇင်မာအေး ရတနာပြည့်ဖြိုး။ |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊စည်သူအောင်၊ နှင်းဝေဝေ၊ ဆုရည်လွင် |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် |
| ပုံနှိပ်စက် | သုဝဏ္ဏသိဂီပုံနှိပ်တိုက် |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre (G-12)
မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၈၈၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com
Hotline : 0973032006




# စားနပ်ရိက္ခာဖူလုံရေးနဲ့ ရာသီဥတုဖောက်ပြန်ခြင်း

**ဇော်မင်း**

ယနေ့ ကမ္ဘာကြီးဟာ ရာသီဥတုအပြောင်းအလဲကိုကြုံနေရပါတယ်။ ကောင်းတဲ့အပြောင်းအလဲတော့မဟုတ်ပါ။ ရာသီဥတုဖောက်ပြန်နေတာကို ခံနေရတာဖြစ်ပါတယ်။ မုန်တိုင်းဒဏ်တွေခံရတာ၊ မိုးခေါင်တာ၊ ရေကြီးတာ၊ သစ်တောပြုန်းတာ၊ အပူချိန်မြင့်တက်လာတာ စသဖြင့်သဘာဝကပ်ဘေးဒုက္ခအမျိုးအစားက များလှပါတယ်။

မကြာသေးမီက ဖိလစ်ပိုင်နိုင်ငံမှာတိုက်သွားတဲ့ဟိုင်ယန်လို့အမည်ပေးထားတဲ့မုန်တိုင်းကတော့လူပေါင်းရှစ်ထောင်လောက်ကို သတ်ခဲ့ပါတယ်။ လူပေါင်းတစ်သန်းကျော်အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပါတယ်။ ဟိုင်ယန်မုန်တိုင်းအပြီးမှာ အစိုးရတွေ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းမျိုးစုံတွေ၊ အခြားသောနိုင်ငံတကာ အဖွဲ့အစည်းများအတွက် စဉ်းစားစရာအသစ်တွေ၊ စိုးရိမ်မှုအသစ်တွေ ထပ်ပေါ်လာပါတယ်။

ယေဘုယျအားဖြင့် သဘာဝကပ်ဘေးတွေကို ရင်ဆိုင်အပြီးမှာ အစိုးရတွေ၊ အစိုးရမဟုတ်တဲ့အဖွဲ့အစည်းတွေလုပ်ရတဲ့အလုပ်တွေကတော့ ကယ်တင်ရေး၊ ထောက်ပံ့ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ပြန်လည်ထူထောင်ရေးစတာတွေဖြစ်ပါတယ်။ အလွန်တရာမှ ငွေကုန်ကြေးကျများတဲ့လုပ်ငန်းများလည်းဖြစ်ပါတယ်။ အခု ဟိုင်ယန်မုန်တိုင်းအပြီးမှာ ထပ်ပြီးစဉ်းစားလာရတာတဲ့နောက်တစ်ချက်ကတော့ အနာဂတ်စားနပ်ရိက္ခာဖူလုံရေးဆိုတဲ့ခေါင်းစဉ်ပဲဖြစ်ပါတယ်။ ဘာကြောင့် စားနပ်ရိက္ခာဖူလုံရေးကို စဉ်းစားလာရသလဲဆိုတာကတော့ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကြောင့်ပါ။ ရာသီဥတုတွေကဖောက်ပြန်လာနေတော့ အခုလိုမုန်တိုင်းမျိုးဟာ ဖိလစ်ပိုင်လို ပစိဖိတ်ဒေသကျွန်းနိုင်ငံမျိုးမှာ နောင်မှာလည်းမကြာခဏဆိုသလိုရင်ဆိုင်ရလိမ့်မယ်ဆိုတာကို တွက်ချက်မိလို့ဖြစ်ပါတယ်။ ဒါ့အပြင် တခြားသော အာရှနိုင်ငံများမှာလည်း ရာသီဥတုဆိုးဝါးဖောက်ပြန်တာကြောင့် စပါးစိုက်ပျိုးရေးလုပ်ငန်း တစ်နည်းမဟုတ်တစ်နည်းထိခိုက်လာနေတာကိုလည်း ထည့်သွင်းတွက်ချက်ပါတယ်။

ဟိုင်ယန်ဆိုင်ကလုံးမုန်တိုင်းရဲ့ဒဏ်ကိုခံလိုက်ရတဲ့ကျွန်းဟာ စမားကျွန်းလို့ခေါ်ပါတယ်။ စမားကျွန်းပေါ်က လယ်သမားတွေဟာ နှစ်စဉ်ဆိုသလိုမုန်တိုင်းနဲ့နပန်းလုံးနေရတဲ့ဒေသလည်းဖြစ်ပါတယ်။

မုန်တိုင်းအတွေ့အကြုံအတော်လေးရှိထားတဲ့ ဒေသခံတွေဟာ တော်ရုံမုန်တိုင်းလောက်တော့မမှုပါဘူး။ ဒါပေမဲ့ ဒီတစ်ချီ ဟိုင်ရမ်မုန်တိုင်းအပြီးမှာ စမားကျွန်းက လယ်သမားတွေအနေနဲ့ အတော်လေးတုန်လှုပ်ခဲ့တယ်လို့သိရပါတယ်။ အရင်တုန်းက မုန်တိုင်းလာလို့ အပျက်အစီးတွေရှိတာမှန်ပေမယ့် အချိန်တိုတိုအတွင်းမှာ ပြန်လည်ပြုပြင်နိုင်ခဲ့ပါတယ်။ ဒီတစ်ချီ ဟိုင်ယန်မုန်တိုင်းဟာ အိမ်သေးအိမ်မွှားလေးတွေကိုသာပျက်စီးစေတာမဟုတ်ဘဲ အုန်းပင်တွေလည်းလဲ၊ စပါးခင်းတွေလည်း အမြစ်ကျွတ်ထွက်ပြီး ရေထဲမှာပေါလော၊ ငှက်ပျောပင်တွေလည်း အပိုင်းပိုင်းကျိုး၊ အိမ်မွေးတိရစ္ဆာန်တွေလည်းကုန်စသဖြင့် အကုန်ဆုံးရှုံးလိုက်ရပါတယ်။ အရင်မုန်တိုင်းတွေလည်း ပြင်းထန်တယ်ဆိုပေမယ့်ဒီလောက်အထိအပျက်အစီးမများခဲ့ပါဘူး။ စမားကျွန်းပေါ်ကလုံးလုံး ပျက်စီးသွားခဲ့တဲ့ စပါးခင်းပမာဏဟာ ဧကပေါင်းသိန်းဂဏန်းကျော်ရှိပါတယ်။

နောက်တစ်ချက်ကတော့ ၂၀၁၁ ခုနှစ်၊ ထိုင်းနိုင်ငံမှာ ရေကြီးတုန်းကမြို့နယ်ပေါင်း ၂၆ မြို့နယ်ကစပါးခင်းတွေရေမြုပ်ပျက်စီးခဲ့ရတာမို့ထိုင်းလယ်သမားတွေအကြီးအကျယ် ဆုံးရှုံးခဲ့ရပါသေးတယ်။ ဗီယက်နမ်နိုင်ငံမှာတော့ တဖြည်းဖြည်းနဲ့ ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာတဲ့အန္တရာယ်ကို ရင်ဆိုင်နေရပါတယ်။ ကမ္ဘာကြီးပူနွေးလာတာကြောင့် ဝင်ရိုးစွန်းကရေခဲတွေအရည်ပျော်ပြီး ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာတာဖြစ်ပါတယ်။ ဒီအတိုင်းသာပင်လယ်ရေမျက်နှာပြင်မြင့်တက်လာမယ်ဆိုရင် နောင်လာမယ့်အနှစ်လေးဆယ်လောက်မှာ ဗီယက်နမ်နိုင်ငံရဲ့အဓိကစပါးထွက်ရာမြစ်ဝကျွန်းပေါ်ဒေသဟာ စပါးစိုက်ပျိုးမြေသုံးပုံတစ်ပုံခန့်ဆုံးရှုံးရမှာဖြစ်ပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံကတော့ နှစ်တိုင်းမုန်တိုင်းဖောက်သည်ဖြစ်နေတာမို့ အထူးတောင်ပြောစရာမလိုပါ။ အိန္ဒိယနိုင်ငံမှာလည်း အလားတူဆိုသလို မိုးခေါင်လွန်းလို့ စပါးအထွက်ကျသလို မိုးများလွန်းလို့ စပါးပျက်တာတွေ နှစ်တိုင်းဆိုသလို ရင်ဆိုင်နေရပါတယ်။

လေ့လာသူများ အဆိုအရ အာရှတိုက်တစ်ခုလုံးမှာ စပါးစိုက်ပျိုးတဲ့အသေးစားလယ်သမားဦးရေဟာ သန်းပေါင်း ၃၅၀ လောက်ရှိတယ်လို့သိရပါတယ်။ မြေရှင်ကြီးများနဲ့ ကုမ္ပဏီတွေပိုင်ဆိုင်တဲ့ စပါးခင်းများ ဒီစာရင်းထဲမှာမပါသေးပါ။ အရင်းအနှီးနည်းပါးတဲ့ အသေးစားလယ်သမားတွေဟာ သဘာဝကပ်ဘေးတွေနဲ့ အခုလို မကြာခဏရင်ဆိုင်နေရမယ်ဆိုရင် မိသားစုစားဝတ်နေရေး အတွက် အခက်အခဲတွေရှိလာမှာဖြစ်သလို သက်ဆိုင်ရာဒေသအသီးသီးအတွင်း စပါးအထွက်နှုန်းလည်းကျဆင်းသွားမှာဖြစ်ပါတယ်။ တစ်ခါ အသေးစားလယ်သမားဆိုတာ စပါးစိုက်ပျိုးဖို့အမြဲတမ်းငွေလိုနေတာမို့ ငွေကိုတစ်နည်းနည်းနဲ့ချေးငှားပြီး စိုက်ပျိုးရတာကြောင့် စပါးပျက်တဲ့အခါမှာ အကြွေးလည်း တင်ရပါတော့တယ်။ တစ်ဖက်မှာပြန်တွက်ကြည့်မယ်ဆိုရင် သဘာဝကပ်ဘေးမကြာခဏရင်ဆိုင်ရလို့ အာရှတိုက်အတွင်းမှာ စပါးအထွက်နှုန်းကျဆင်းလာခြင်းဟာ နောင်မှာ အာရှတိုက်အတွင်းက လူအများရဲ့စားနပ်ရိက္ခာဖူလုံမှုကို ခြိမ်းခြောက်လာမှာလည်းဖြစ်ပါတယ်။

စာမျက်နှာ (၃၂)သို့

# Business

7DAY NEWS JOURNAL

Vol.12, No.39 • DECEMBER 4 , 2013




မွေးမြူရေးခြံတွင်းမှ အသားတိုးဝက်များ

ဓာတ်ပုံ - သန်းငွေး

# တိရစ္ဆာန်အစာစက်ရုံလေးဆယ်ခန့် ထပ်မံတည်ဆောက်ရန်လို

သန်းငွေး

ရန်ကုန်၊ နိုဝင်ဘာ ၃၀

မွေးမြူရေးလုပ်ငန်းအတွက် တိရစ္ဆာန်အစာ ထုတ်လုပ်မှုမလုံလောက်သောကြောင့် တရုတ်နိုင်ငံနည်းပညာဖြင့် ထုတ်လုပ်မည့် အစာစက်ရုံလေးဆယ်ခန့် ထပ်မံတည်ဆောက်ရန် လိုအပ်နေကြောင်း မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

တစ်နိုင်ငံလုံးတွင် အစိုးရအစာစပ်စက်ရုံ ငါးရုံနှင့် ပုဂ္ဂလိကအစာစပ်စက်ရုံ ၂၂ ရုံရှိသော်လည်း အစာလုံလောက်မှုမရှိသေးပေ။ ထို့ကြောင့် တရုတ်နိုင်ငံ ယန်းတုန်းမြို့အခြေစိုက် မုယန်းကုမ္ပဏီ၏ အစာစပ်နည်းပညာနှင့် စက်ရုံများ ထပ်မံတည်ဆောက်ပါက အစာမလုံလောက်မှု ပြဿနာကို ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ငါးပုစွန်အစာ ထုတ်လုပ်ရောင်းဝယ်သူများအသင်း တွဲဖက်အတွင်းရေးမှူး ဒေါက်တာသက်မှူးက ပြောသည်။

"အစိုးရအစာစက်တွေကတော့ တစ်နေ့တန်နှစ်ရာ့ငါးဆယ်ထွက်တယ်။ ထူးသစ်အစာစက်ရုံက တစ်နေ့တန်နှစ်ရာထွက်တယ်။ သူတို့စက်က ထွက်တဲ့အစာကို ငါးမွေးသူတွေကို ရောင်းပေးတယ်။ ကျွန်တော်တို့အစာစက်ရုံကလည်း တစ်နေ့တန်နှစ်ရာထွက်ပေမယ့် အပြင်ကိုမရောင်းနိုင်ဘဲ ကိုယ့်မွေးမြူရေးလုပ်ငန်းမှာပဲ သုံးနေတာ။ တစ်နိုင်ငံလုံးက အစာစက်တွေ အကုန်ပေါင်းမှ တစ်နေ့တန် ၁၈၃၀ ပဲထွက်တော့ မွေးမြူရေးလုပ်ငန်းအတွက် ထူးသစ်စက်လို အလုံးလေးဆယ်လောက်ထပ်တည်ဖို့လိုသေးတယ်"ဟု နိုဝင်ဘာ ၂၉ ရက်က ဆီဒိုးနားဟိုတယ်တွင် မုယန်းကုမ္ပဏီက စီစဉ်သည့် မွေးမြူရေးအစာထုတ်လုပ်မှုနည်းပညာဆွေးနွေးပွဲ၌ ဒေါက်တာသက်မှူးက ပြောသည်။

ထူးသစ်အစာစက်ရုံသည် တရုတ်နိုင်ငံ မုယန်းကုမ္ပဏီ၏ နည်းပညာဖြင့် တစ်နေ့လျှင် အစာငါးတန်ထွက်သည့် ရေပေါ်စက်ရုံကို ၂၀၀၁ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီးနောက် ယခုအခါ ငါးတန်ထွက်သည့် အစာစက်ရုံတစ်ရုံနှင့် ဆယ်တန်ထွက်သည့် စက်ရုံနှစ်ရုံ စုစုပေါင်း သုံးရုံအထိ တည်ဆောက်နေကြောင်း ထူးသစ်အစာစက်ရုံပိုင်ရှင်ဦးသန်းလွင်က အထက်ပါဆွေးနွေးပွဲတွင် ပြောသည်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန၏ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း (မွေး/စား/နို့)အောက်ရှိ အစာစက်ရုံများဖြစ်သော လှော်ကား၊ တညင်းကုန်း၊ ရွာသာကြီး၊ မန္တလေးနှင့် ဒိုက်ဦး စက်ရုံများမှ တိရစ္ဆာန်အစာထုတ်လုပ်ခဲ့သည်။ ယင်းစက်ရုံများမှ ထွက်သည့်အစာများကို ငါးမွေးသူများထံ အကြွေးစနစ်ဖြင့် ရောင်းပေးနေရာမှ ငွေ ကျပ်သန်းပေါင်းလေးသောင်းကျော်ကျန်ရှိနေ၍ ၂၀၁၃ ခုနှစ် ဩဂုတ် ၁၅ ရက်အတွင်း ကြွေးကျန်များကို မပေးပါက တရားစွဲဆိုမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ကြေညာခဲ့ရသည်။

ထို့ကြောင့် နိုင်ငံပိုင်အစာ

စာမျက်နှာ ၂၈ »

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၉၈၂ | ၉၉၄ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၇၇၆ | ၇၈၆ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၃၂၈ | ၁၃၄၅ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၃၁. ၁ | ၃၁. ၁ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၆၁ | ၁၆၂ | ကျပ် |

၂၀၁၃ နိုဝင်ဘာ ၃၀ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၁၀၉ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၃၅၇ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၁၀၂. ၄၀ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၀၉၂၂ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၆၂. ၃၈၉ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၅၄၅ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၅၇. ၇၆ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၂၂၃ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၂. ၀၃ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၁၁,၇၆၀. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၁,၀၉၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၃. ၆၆၅ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅၂၅ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၁. ၀၉၇၃ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၂၉၃ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၆၁၃ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၃. ၁၃၈၈ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၈ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | အောင်စ | ၁,၂၅၁. ၆၀ |
| ရေနံစိမ်း | စည် | ၁၀၉. ၇၅ |
| ငွေ | အောင်စ | ၁၉. ၉၇ |
| ကြေးနီ | ပေါင် | ၃. ၂၃ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၉၅ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၃ နိုဝင်ဘာ ၃၀ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။




7 DAY NEWS JOURNAL
Vol.12, No.39 • DECEMBER 4 , 2013



ရွှေဆိုင်တစ်ခုတွင် ရောင်းချနေသည့် လက်ကောက်အမျိုးမျိုး — ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# ရွှေကိုင်ရန် အချိန်ကောင်းလား

**သိမ့်သိမ့်စိုး**

မြန်မာနိုင်ငံတွင် ငွေကြေးအနည်းငယ်ဖြင့် ကာလတိုအတွင်း တိုးပွားလာအောင်လုပ်စရာလုပ်ငန်းဟူ၍ များများစားစားမရှိပေ။ ရွှေနှင့် ဒေါ်လာသည် ငွေကြေးကစားသူများသာမက ငွေကြေးအင်အားနည်းသူများ ဝင်ရောက်ကစားနိုင်သော ဈေးကွက်တစ်ခုအဖြစ်ရှိနေဆဲဖြစ်သည်။

သို့သော်လက်ရှိတွင် ရင်းနှီးမြှုပ်နှံချင်သူတို့ စဉ်းစားရမည့်အချက်များရှိနေသည်။ ပြည်တွင်းရွှေဈေးသည် ကမ္ဘာ့ရွှေဈေးအကျနှင့်အတူ တအိအိကျလာခြင်းဖြင့် ၂၀၁၃ ခုနှစ်၏ အနိမ့်ဆုံးဈေးကိုနိုဝင်ဘာ ၂၉ရက်က စံချိန်ချိုးလိုက်ပြီဖြစ်သည်။

ဒေါ်လာဈေးမှာမူ ရွှေဈေးအနိမ့်ဆုံးရောက်ချိန်တွင် အမြင့်ဆုံးသို့နိုဝင်ဘာ ၂၉ရက်က ရုတ်တရက်ရောက်ရှိသွားသည်။

ရွှေဝယ်ထားရင် အရှုံးမရှိပါဘူးဟူသည့် အတွေးအခေါ်၊ ယုံကြည်ချက်တို့ကြောင့် အနိမ့်ဆုံးရွှေဆိုင်များတွင်အထည်၊ အပိုင်း၊ ဖြတ်စတို့ရောင်းအားမြင့်တက်နေကြောင်း ရွှေဆိုင်လုပ်ငန်းရှင်များကပြောသည်။

“ရွှေဈေးကွက်က ဈေးအနိမ့်တန်းဖြစ်တဲ့ တစ်ကျပ်သား ၆၇၀,၀၀၀ ကျပ်ဝန်းကျင်ကတည်းက အဝယ်တွေများနေတာ။ ဒီဈေးတန်းဆိုတော့ဝယ်သူကြိုက်ဈေးဖြစ်နေလို့ ဝယ်အားကောင်းတဲ့ဈေးကွက်ဖြစ်နေတယ်”ဟု အောင်သမာဓိရွှေဆိုင်တာဝန်ခံ ကိုဝင်းငယ်က ပြောသည်။

ပြီးခဲ့သည့် ရက်ပိုင်းများက ၆၇၀,၀၀၀ကျပ်အောက်စတင်ကျဆင်းချိန်ကတည်းက အနိမ့်ဆုံးရောက်ပြီအထင်ဖြင့် ရောင်းအားစံချိန်တင်ခဲ့သော်လည်း လက်ရှိဈေးအနိမ့်တန်းရောက်ချိန်တွင် ထင်ထားသလောက် ဝယ်အားမများတော့ကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။

ကမ္ဘာ့ရွှေဈေးမှာလည်း ပြီးခဲ့သည့် လများတွင် တစ်အောင်စ ၁,၃၅၀ဒေါ်လာတန်းရှိနေရာမှ တဖြည်းဖြည်းကျဆင်းလာပြီး ယခုရက်ပိုင်းတွင် ၁,၂၄၀ဒေါ်လာခန့်ထိရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

နိုင်ငံတကာဈေးကွက်တွင်လည်း ရွှေဈေးနှုန်းသည် ၁,၂၃၅ နှင့်၁,၂၄၀ဒေါ်လာကြားတွင်ရှိနေသည်။ လေးလခွဲအတွင်း ကမ္ဘာ့ရွှေဈေးသည် အနိမ့်ဆုံးရောက်ရှိပြီးနှစ်ဆန်းပိုင်းဈေးနှင့် ယှဉ်ပါက ၂၆ ရာခိုင်နှုန်းကျဆင်းခဲ့ခြင်းဖြစ်သည်ဟု ဂါးဒီးယန်းသတင်းစာတွင်ရေးသားထားသည်။

ဒေါ်လာဈေးကွက်မှာ တစ်လျှောက်လုံးဈေးငြိမ်နေရာမှ ရွှေဈေးအနိမ့်ဆုံးရောက်ရှိချိန်တွင် ဒေါ်လာဈေးအတက်မှန်းကာဝယ်သူများခဲ့ခြင်းကြောင့် ရုတ်တရက်အမြင့်ဆုံးဈေးရောက်ရှိသွားခြင်းဖြစ်ကြောင်း ငွေကြေးဈေးကွက်တွင်လုပ်သက်ကြာနေပြီဖြစ်သောလုပ်ငန်းရှင်များကပြောသည်။

“ရွှေကျရင်ဒေါ်လာဈေးတွေတက်လာတတ်တာလည်း ထုံးစံဖြစ်နေပြီဆိုတော့ ဒေါ်လာဝယ်စုချင်တဲ့ သူတွေရယ်။ ကုန်သွယ်မှုတွေအတွက် ငွေပေးချေတဲ့အချိန်

စာမျက်နှာ IV »

စာမျက်နှာ ၂၇ မှ

## တိရစ္ဆာန်အစာစက်ရုံလေးဆယ်ခန့် ထပ်မံတည်ဆောက်ရန်လိုဟုဆို

စက်ရုံများ၏ ထုတ်လုပ်နိုင်စွမ်းအားလျော့လာပြီး ယင်းပြဿနာများကြောင့်(မွေး/စား/နို့)လုပ်ငန်းဖျက်သိမ်းခဲ့ရကာ မွေးမြူရေးအစာအခက်အခဲ ပိုမိုကြီးမားလာ၍ ဈေးနှုန်းလည်း လိုက်တက်လာကြောင်း မွေးမြူရေးလုပ်ငန်းရှင်တစ်ဦးကပြောသည်။

“အစာစက်ရုံတွေ ဆောက်ပြီးရင်တော့ အစာကုန်ကြမ်းရဲ့မတည်ငြိမ်မှုကို ထိန်းနိုင်မယ်လို့ထင်ပါတယ်”ဟု ဒေါက်တာသက်မှူးက အထက်ပါဆွေးနွေးပွဲတွင် ပြောသည်။

မြန်မာ့မွေးမြူရေးလုပ်ငန်းတွင်ကြုံတွေ့နေရသော တိရစ္ဆာန်အစာအခက်အခဲသည် အစာကုန်ကြမ်းများဖြစ်သည့် ဆီထွက်သီးနှံများအား တရုတ်နိုင်ငံမှအလုံးအရင်းဖြင့် ဝယ်ယူနေရပြီး ဆန်စက်ထွက်ကုန်များကိုလည်း ဈေးကြီးပေးဝယ်ယူနေရသောကြောင့် အစာစက်ရုံအတွက် ကုန်ကြမ်းရှားရာမှ အိန္ဒိယနိုင်ငံမှ ဝယ်ယူနေရသည့်အဖြစ်သို့ ရောက်နေကြောင်း မွေးမြူရေးလုပ်ငန်းရှင်တစ်ဦးကပြောသည်။






TIZIANA FABI/AFP

# ထို့ကြောင့် . . . ဗင်နီဇွဲလားဟုခေါ်သည်

ကြည်နေဝင်းမင်း

ဗင်နီဇွဲလားနိုင်ငံသားများသည် ဒီဇင်ဘာ ၈ ရက်တွင် ရပ်ကွက်၊ ကျေးရွာနှင့် ဒေသဆိုင်ရာရွေးကောက်ပွဲများ၌ မဲပေးကြရမည်ဖြစ်ပြီး ယင်းရွေးကောက်ပွဲများမှာ နီကိုလပ်စ်မာဒူရို၏ ခြောက်လသားအစိုးရအပေါ် လူထုသဘောထားခံယူချက်ဟု ကျယ်ကျယ်ပြန့်ပြန့်ရှုမြင်ကြသည်။ ဆန့်ကျင်သူများက မာဒူရိုသည် နိုင်ငံကို စီးပွားရေးပျက်စီးမှုဆီသို့ ခေါ်ဆောင်သွားသည်ဟု စွပ်စွဲကြသည်။ သို့သော် မာဒူရိုကမူ ၎င်း၏ပြုပြင်ပြောင်းလဲမှုများမှာ မရှိမဖြစ်လိုအပ်ပြီး လူကြိုက်များသည်ဟု အခိုင်အမာပြောသည်။

မြို့တော်ကာရာကတ်စ်မှာ အကောင်းဆုံးကြိုဆိုနေသော မြို့ကြီးတစ်မြို့မဟုတ်ပါ။ အခြားလက်တင်အမေရိကမြို့ကြီး အများအပြားကဲ့သို့ပင် ကမောက်ကမနှင့် ဖွံ့ဖြိုးလာပြီး ယာဉ်ကြောပိတ်ဆို့မှုမှာ အိပ်မက်ဆိုးပင်ဖြစ်သည်။ ပြစ်မှုထူပြောပြီး ဗင်နီဇွဲလားမြို့တော်မှာ ဒေသတွင်း၌ အကြမ်းဖက်မှုအများဆုံးမြို့တစ်မြို့အဖြစ်နာမည်ထွက်သည်။

အစိုးရနှင့် အတိုက်အခံအဖွဲ့များက နိုင်ငံ၏စီးပွားရေးကို စနစ်တကျ ယိုယွင်းပျက်စီးစေသည်ဟု တစ်ဖက်နှင့်တစ်ဖက် စွပ်စွဲနေကြ၍လည်း ဗင်နီဇွဲလားတွင် ခက်ခဲသော နေ့ရက်များ ဘက်ပေါင်းစုံမှ ကြုံတွေ့နေရသည်။ နွားနို့နှင့် ရေအိမ်သုံးစက္ကူများ ထပ်မံရောက်ရှိလာသည်ဆိုသော ဆိုင်များတွင် လူအများတန်းစီစောင့်ဆိုင်းနေကြသည်မှာ ယနေ့အချိန်အခါတွင် မထူးဆန်းတော့သော မြင်ကွင်းများဖြစ်သည်။ ထိုအခြေခံကုန်ပစ္စည်းများကို အမြဲတမ်းရရှိနိုင်သောအရာများဟု ဗင်နီဇွဲလားနိုင်ငံသားများ မမှတ်ယူကြတော့။

လက်ဝဲယိမ်းလူထုအကြိုက်ဆောင်သော အစိုးရက အကျပ်အတည်းဆိုက်နေသည်ဆိုသော အယူအဆကို ဈေးနှုန်းအများအပြားလျှော့ချထားသော အစားအသောက်နှင့် ဟင်းသီးဟင်းရွက်ဈေးများ ဖွင့်လှစ်၍ ခြေဖျက်သည်။ အမြတ်ကြီးစားပုဂ္ဂလိကကုမ္ပဏီများကို တန်ပြန်ခြင်းဟု အစိုးရကပြောသည်။

ကာရာကတ်စ်မြို့ရှိခရစ္စမတ်ဈေးဟု ခေါ်ဝေါ်သော အဆိုပါဈေးတစ်ခုတွင် ဗင်နီဇွဲလားပါလီမန်မှ အစိုးရထောက်ခံသူ ချားဗက်ဇ်ဝါဒီ စိတ်ဓာတ်ပြင်းပြသော တော်လှန်ရေးသမား ရောဘတ်ဆာရာကို တွေ့ဆုံခဲ့သည်။

“လက်ယာဝါဒီ စီးပွားရေးလူတန်းစားတွေက တဖြည်းဖြည်းနဲ့ လူထုအပေါ်ကို တိုးပြီးတိုက်ခိုက်လာကြတယ်”ဟု ရောဘတ်ကဆိုသည်။ ဈေးဝယ်လူတန်းကြီးမှာလည်း ကာရာကတ်စ်မြို့ အပူရှိန်အောက်တွင်တန်းစီလို့ကောင်းနေဆဲ။ “သူတို့က နိုင်ငံမှာ စီးပွားရေးစစ်ပွဲ မဖြစ်ဖြစ်အောင် လုပ်နေကြတယ်”ဟု ၎င်းကဆက်လက်ပြောသည်။

မစ္စတာနီကိုလပ်စ်မာဒူရို သမ္မတဖြစ်သည်မှာခြောက်လရှိပါပြီ။ အခြားလူထုအလိုကျ ခေါင်းဆောင်အများအပြားကဲ့သို့ပင် ၎င်းမှာ စကားအလွန်ပြောပါသည်။ ၎င်း၏ တောင်ရောက်မြောက်ရောက် မိန့်ခွန်းများမှာ နာရီပေါင်းများစွာကြာသည်။ အများအားဖြင့် အဓိကအကြောင်းအရာမှာ အတူတူပင်ဖြစ်သည်။ ခေတ်သစ်အရင်းရှင်ဝါဒ၏ ဆိုးကျိုးများ၊ ပုဂ္ဂလိကစီးပွားရေးသမားများနှင့် အမြတ်ကြီးစားများက နိုင်ငံကိုဖြုန်းတီးနေကြပုံနှင့် ဗင်နီဇွဲလားနိုင်ငံအတွက် ၎င်း၏ဆိုရှယ်လစ် မဟာတော်လှန်ရေး အစီအစဉ်အကြောင်းများ။

ယင်းမှာ အပြောသက်သက်မဟုတ်ပါ။ လွန်ခဲ့သည့်သီတင်းနှစ်ပတ်တွင် သမ္မတမာဒူရိုက ဒါကာဟုခေါ်သော အီလက်ထရွန်နစ်ပစ္စည်းဆိုင်ခွဲများကို ပစ္စည်းများဈေးလျှော့ရောင်းချရန် အမိန့်ပေးသည်။ လူထုကိုလိမ်လည်နေသည်ဟု စွပ်စွဲသည်။ အဓိကစွပ်စွဲချက်မှာ စီးပွားရေးလုပ်ငန်းများသည် ပြင်ပမှောင်ခိုဈေးကွက်တွင်ပေါက်သော ငွေဈေးနှင့် အစိုးရက ထိန်းချုပ်ထားသော တရားဝင်ငွေလဲနှုန်းကြား ကြီးမားသော ကွာဟချက်အပေါ် အခွင့်ကောင်းယူနေသည်ကို ဆိုခြင်းဖြစ်သည်။

ယင်းအတွက် ရုပ်မြင်သံကြားစက်ဈေးနှုန်းများ လျှော့ခဲ့ခြင်းက လူအချို့ကို ပျော်ရွှင်သွားစေခဲ့သည်။ အစိုးရကလည်း အဆိုပါနည်းလမ်းကို အခြားကဏ္ဍများသို့ပါ ချဲ့ထွင်မည်ဟု သတိပေးပြောကြားသည်။ သို့သော် ယခုအခါ ဒါကာစတိုးဆိုင်များ ဟောင်းလောင်းဖြစ်နေပြီး ထိုကဲ့သို့သော မူဝါဒများက စီးပွားရေးယုံကြည်မှုအပေါ် မည်သို့သက်ရောက်သည်ကို မြင်ရန်ခက်ခဲသည်။

ယင်းအစီအစဉ်များ၏ ဗိသုကာမှာ (ကွယ်လွန်သွားပြီဖြစ်သော သမ္မတဟောင်း) ဟူဂိုချားဗက်ဇ်ပင်ဖြစ်သည်။ တပ်မှူးချုပ်ကို ဆင်းရဲသားဗင်နီဇွဲလားနိုင်ငံသားအများအပြားက ကိုးကွယ်ကြသည်။ မြို့တော်တစ်ဝန်း အဆောက်အအုံများတွင် ၎င်း၏ဓာတ်ပုံကို ကိုလိုနီဆန့်ကျင်ရေးခေါင်းဆောင် ဆိုင်မွန်ဘိုလီဗာနှင့် ယေရှုခရစ်တို့၏ပုံနှင့်အတူ တွေ့ရသည်။

မစ္စတာဟူဂိုချားဗက်ဇ်သည် ကင်ဆာရောဂါနှင့် ကြာရှည်စွာတိုက်ပွဲဝင်ပြီးနောက် ယခုနှစ်စပိုင်းတွင် ကွယ်လွန်ခဲ့သည်။ နီကိုလပ်စ်မာဒူရိုက ၎င်း၏မိန့်ခွန်းများတွင် မစ္စတာချားဗက်စ်ကိုအောက်မေ့သတိရဖွယ် မည်မျှပင်ထည့်သွင်းပြောကြားစေကာမူ ၎င်းတွင် သွားလေသူ ခေါင်းဆောင်၏ ဆွဲငင်အားနှင့် အပြုအမူကို သိသာစွာခွဲခြားသော အငြင်းပွားဖွယ်ရာ စီးပွားရေးမူဝါဒများကို တွန်းအားပေးနိုင်သော အရည်အချင်းမရှိပေ။

ဝေဖန်သူများက ဗင်နီဇွဲလားနိုင်ငံမှာ အုပ်ချုပ်၍မရအောင်ပင်ဖြစ်လာသည်ဟု ပြောကြသည်။ ပြက်ပြက်ထင်ထင်နမူနာတစ်ခုမှာ ‘ဒေးဗစ်မျှော်စင်’ မိုးမျှော်အဆောက်အအုံဖြစ်သည်။ ရေနံကြွယ်ဝသော ဤနိုင်ငံမှာ တစ်ချိန်က ကာရာကတ်စ်မြို့လယ်တွင် အမေရိကန်ဝေါလ်စထရိပုံစံ မြို့လယ်တွင် ဘဏ္ဍာရေးဈေးကွက်ကြီး ထူထောင်လိုခဲ့သည်။ သို့သော်လည်း ၂၀၀၇ ခုနှစ်တွင် အိမ်မဲ့ရာမဲ့နှင့် ဆင်းရဲသားရပ်ကွက်နေထိုင်သူများက လက်စမသတ်သေးသော ဘဏ္ဍာရေးစင်တာကို သိမ်းပိုက်ပြီး ယခုဆိုလျှင် ဒေးဗစ်မျှော်စင်တွင် မိသားစုတစ်ထောင်ကျော် နေထိုင်လျက်ရှိသည်။ ဒေးဗစ်မျှော်စင်တွင် နေထိုင်သူများမှာ ဗင်နီဇွဲလားလူ့အဖွဲ့အစည်း၏ပြင်ပ၊ ဥပဒေလက်လှမ်းမမီသော နေရာတွင် ပျော်သလိုနေကြသည်။

မြို့လယ်ရှိ ကြီးမားသော ဤအဆောက်အအုံကြီးတွင် စာသင်ကျောင်းထားရှိရန် အစီအစဉ်ရှိပါသည်။ သို့သော် လောလောဆယ်တွင် လွင့်နေသော အဆောက်အအုံအပေါ်ထပ်တွင် နေကြသော ကလေးငယ်များမှာ အကာအရံမရှိအချောမသတ်ရသေးသောလှေကားများမှ အဆင်းအတက်လုပ်၍ အနီးအနားရပ်ကွက်ကျောင်းများတွင် သွားတက်နေကြသည်။

မကြာသေးမီကာလအတွင်း သမ္မတမာဒူရိုက အာဏာပါဝါအများအပြား ထပ်ဆောင်းယူလိုက်ချိန်တွင် ကာရာကတ်စ်မြို့လယ်ခေါင်တွင် ယင်းကိစ္စကို ကန့်ကွက်သော လူထုချီတက်ပွဲဖြစ်ပေါ်ခဲ့သည်။ အကျင့်ပျက်ခြစားမှုများကို ကိုင်တွယ်ရန် လုပ်ပိုင်ခွင့်အပိုများ ရယူခြင်းဟု မာဒူရို၏ ရှင်းလင်းချက်ကို တစ်ကြိမ်မဟုတ်တစ်ကြိမ်တွင် ရဲနှင့် အစိုးရဝန်ထမ်းကို လူတိုင်းလာဘ်ထိုးရသော နိုင်ငံတွင် ဆန္ဒပြသူများက မဲ့ရွဲ့ပြောဆိုကြသည်။

လူအသင့်အတင့်ပါဝင်သော ချီတက်ပွဲတွင် ပါဝင်ဆင်နွဲခဲ့သူတစ်ဦးမှာ ဟင်းနရစ်ကားပရီလက်စ်ဖြစ်သည်။ ပြည်နယ်အုပ်ချုပ်ရေးမှူးတစ်ဦးဖြစ်သူ ကာပရီလက်စ်မှာ ယခုနှစ်သမ္မတရွေးကောက်ပွဲတွင် မာဒူရိုကို ကပ်ရှုံးခဲ့သူဖြစ်ပြီး ဗင်နီဇွဲလား၏ အဓိကအတိုက်အခံအဖွဲ့ကို ဦးဆောင်နေသူဖြစ်သည်။


သမ္မတ၏ထိပ်တိုက်တွေ့ရေးသဘာဝရှိသော မူဝါဒများကို မစ္စတာကာပရီလက်စ်က ညည်းတွားပြောဆိုပြီး မစ္စတာမာဒူရိုအား အမိန့်ကြေညာစာများဖြင့် အုပ်ချုပ်ခွင့်အပ်နှင်းလိုက်၍ နိုင်ငံရေးအချေအတင် ဆွေးနွေးငြင်းခုံမှုများတွင် အတိုက်အခံများ လုံးဝမပါဝင်နိုင်တော့သည့် အချက်ကိုလည်း ညည်းညည်းသည်။ “ဗင်နီဇွဲလားနိုင်ငံဟာ မှားယွင်းတဲ့ ဦးတည်ရာဆီ သွားနေတယ်။ အဲဒီအတွက် ငါတို့ တန်ဖိုးကြီးကြီး ပေးဆပ်ရလိမ့်မယ်လို့ ငါထင်တယ်”ဟု ၎င်းကပြောကြားပြီး “စီးပွားရေးအကျပ်အတည်းကို ဖြေရှင်းဖို့ ဘယ်သူ့ဆီကမှ အကြံဉာဏ်ထွက်မလာဘူး”ဟု ၎င်းက ပြောပါသည်။


ရှုတ်ချမှုအများအပြား ထွက်ပေါ်ခဲ့သော လူမှုဘဝပျော်ရွှင်ရေးဟူသော ဝန်ကြီးဌာနခွဲတစ်ခု ထူထောင်ခဲ့သော သမ္မတမာဒူရိုတစ်ယောက် လာမည့်သီတင်းပတ် ရပ်ကွက်၊ ကျေးရွာနှင့် ဒေသဆိုင်ရာ အစိုးရရွေးကောက်ပွဲများတွင်တော့ လူထု၏ ပျော်ရွှင်မှုအတိုင်းအတာကို သိရှိလာပါလိမ့်မည်။

—Ref: BBC

7 DAY NEWS JOURNAL
Vol.12, No.39 · DECEMBER 4 , 2013

# 7DAY BOOK REVIEW





## ဟိုဘက်ကမ်းက ဖန်မီးအိမ်
(တင်မိုး)

"ဒီနေ့ ဒီမိုကရေစီပညာရေးမှာလည်း ခုကတည်း က၊ငယ်ငယ်ကတည်းက အတွေးအခေါ် လွတ်လပ်တာ တွေ၊ ပြည်သူ့နီတိသဘောမျိုးပေါ့ဗျာ။ အဲဒါမျိုးတွေ လုပ်ပေး၊ သင်ပေးကြပါ။ တရုတ်ပြည်မှာ ဒေါက်တာ ဗက်သွန်း လုပ်ခဲ့သလိုပေါ့ဗျာ။ BareFoot Doctors ဖိနပ်မပါခြေဗလာဆရာဝန်တွေဆိုပြီးတော့ ဆေးတပ် ဖွဲ့သလိုပဲ ကျွန်တော်တို့က ပညာရေးတပ်ကို ဖွဲ့ပြီး တော့ လုပ်ရမယ်။ လုပ်သင့်တယ်။ တက်တက်ကြွကြွ နိုးနိုးကြားကြားနဲ့ လုပ်ရမယ်။ တိုင်းရင်းသားတွေထဲ ကရော၊ ဆင်းရဲသား နင်းပြားတွေရော အကုန်လုံးလူ တန်းစားအားလုံးကိုပညာရေး အလင်းရောင်ရအောင် ကျွန်တော်တို့က ဝေငှပေးကမ်းရမှာပဲ။ အဲဒီလိုပေး ကမ်းခြင်းအားဖြင့် တိုင်းပြည်ကို နိုးကြားအောင် လုပ်ကြရမှာပဲ။ အကျိုးရှိအောင်လုပ်ကြရမှာပဲ။ အဲလို လုပ်မှ တိုင်းပြည်က တန်ကာကျမယ်ပေါ့။ သူတို့နှိပ် စက်ထားတာကလည်း နှစ်ပေါင်း ၄၀ နီးပါးလောက်ရှိ တယ်" ဟူသော ဆွေးနွေးချက်များကို ဖော်ပြထား သည်။ အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့၌ ပြုလုပ်သော ပညာရေးဆွေးနွေးပွဲမှတ်တမ်းတွင် ဆရာတင်မိုး ဆွေးနွေးဖြေကြားချက်များကို စာအုပ်အဖြစ် ထုတ် ဝေလိုက်ခြင်းဖြစ်သည်။ ဆရာတင်မိုးသည် အထင်က ရ ကဗျာဆရာကြီးတစ်ဦး ဖြစ်သည့်အပြင် အခြေခံ ပညာကျောင်းသုံး စာအုပ်ကော်မတီတွင် မြန်မာဘာ သာဌာနအတွက် အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သူဖြစ် သည်။ ယခု စာအုပ်တွင် မြန်မာ့ပညာရေးအပေါ် ဆွေးနွေးချက်များ၊ မြန်မာစာပေနှင့် ကဗျာသင်ကြားမှု အတွေ့အကြုံများ၊ ပညာရေး အတွေ့အကြုံများကို ဖတ်ရှုသိရှိနိုင်မည်ဖြစ်သည်။ လမ်းသစ်စာအုပ်တိုက် က တန်ဖိုး ၂၀၀၀ ကျပ်ဖြင့် ထုတ် ဝေဖြန့်ချိသည်။

## စံဝ မိမေ့း ဝတ္ထုတိုပေါင်းချုပ်
(ဆင်ဖြူကျွန်းအောင်သိန်း)

ဆရာဆင်ဖြူကျွန်းအောင်သိန်းရေးသားခဲ့သော စံဝ-မိမေ့းဝတ္ထုတိုများသည် ၁၉၇၈ မှ ၂၀၁၂ ခုနှစ်ထိ နှစ်ပေါင်း ၃၄ နှစ်အတွင်း မဂ္ဂဇင်းအသီးသီးတွင် ရေး သားခဲ့သော ဝတ္ထုတိုများ ဖြစ်သည်။ မြို့ပြဆန်လာ သော ကျေးလက်လူ့အဖွဲ့အစည်းကို ထိတွေ့ခွင့်ရနေ သောသူများအတွက် စံဝ မိမေ့း ဝတ္ထုတိုများက ကျေး လက်ရနံ့ကို ပြန်လည်သင်းထုံစေပါလိမ့်မည်။ ရိုး သားသော၊ ချစ်စရာကောင်းသော ကျေးလက်၏ အငွေ့အသက်ကို စံဝ မိမေ့းဝတ္ထုတိုများတွင် ရှူရှိုက် ခွင့်ရပါလိမ့်မည်။

"တစ်ချက်ချင်း မှန်မှန်ထွက်ပေါ်လာသော တုံး ကြီးခေါက်သံသည် နှင်းမြူအောက်တွင် အိပ်မောကျ နေသော လောကအား လှုပ်နှိုးလိုက်လေသည်။ သည် အသံထွက်ပေါ်လာလျှင်လာချင်း စံဝသည်ခေါင်းအုံး နှင့်ခေါင်းနှင့် ခွာမိပြီးသားဖြစ်နေပြီ။ ချက်ချင်းထမျက် နှာသစ်သည်။ စောင်ကို ကပိုကရိုပတ်လျက် ကောက် ရိုး မိုးထားသော နွားတင်းကုပ် ကနားဖျင်းဘေးသို့ ရောက်လာလေသည်။ ယမန်နေ့ညက ပေါက်ပြီး သား ကောက်ရိုးများကို ၂ နာရီကြာမျှ နယ်ခဲ့သေးသည်။ အပေါ်ယံမှာချည်း နင်းနယ်မနေမိစေရန် ကောက်ဆွ ဖြင့် မကြာခဏ ဖွပေး ခဲ့သည်။ သည်နံနက်တွင် ယမန် နေ့ညက နယ်လက်စကို ဆက်နယ်ရသည်"ဟူသော အရေးအသားများဖြင့် ဝတ္ထုတိုတွင် လယ်သမားများ ၏ဘဝကိုပုံဖော်ထားသည်။ စံဝ မိမေ့း ဝတ္ထုတိုပေါင်း ချုပ်တွင် ဝတ္ထုတို ၆၇ ပုဒ်ပါရှိပြီး တစ်ဆက်တည်း ဖတ် ရှုပါက လုံးချင်းဝတ္ထုရှည်တစ်အုပ်ကို ဖတ်ရှုရသလို ထင်မှတ်ရသည်။ ကံကော်ဝတ်ရည်စာပေက ထုတ် ဝေပြီး တန်ဖိုး ၅,၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

## Knowledge ပဟုသုတ

### အမြန်စာ (Fast Food)တွေ ဘယ်အချိန်က ပေါ်ပေါက်ခဲ့တာလဲ

အမြန်စာဟူသည် အသင့်ချက်ပြုတ်ပြင်ဆင်ပြီး အချိန်တိုအတွင်း စားသုံးနိုင်သော အစားအစာ များဖြစ်ပြီး ၁၉၅၀ နှစ်များက အမေရိကန်ပြည်ထောင်စုတွင် ပထမဆုံးစတင်တွင်ကျယ်လာခဲ့ သည်။ အစားအသောက်ပြင်ဆင်ရန် အချိန်နည်းပါးသဖြင့် အမြန်စာဟူ၍ခေါ်ဝေါ်ကြပြီး စားသောက် ဆိုင်၊ စတိုးဆိုင်များတွင် ရောင်းချလေ့ရှိသော အသင့်ချက်ပြီး အပူပေးထားပြီး အစားအစာများဖြစ် ကာ စားသုံးသူက ပြန်လည်ချက်ပြုတ်ရန်မလိုဘဲ အဆင်သင့်စားသုံးနိုင်မည်ဖြစ်သည်။

အမြန်စာရောင်းချသော စားသောက်ဆိုင်များသည် မှာယူသော အစားအစာများကို အချိန်တို အတွင်း လိုက်လံပို့ဆောင်ပေးသည့် ဝန်ဆောင်မှုကြောင့်လည်း တဖြည်းဖြည်းအောင်မြင်လာပြီး မြို့ပြ ဖွံ့ဖြိုးလာမှုနှင့်လည်း ဆက်စပ်ကာ ဈေးကွက်ရလာခြင်းဖြစ်သည်။ အမြန်စာဈေးကွက် မှာ အမေရိကတွင် ၁၉၇၀ပြည့်နှစ်က ကန်ဒေါ်လာခြောက်ဘီလီယံရှိခဲ့ရာမှ ၂၀၁၂ခုနှစ်တွင်ကန်ဒေါ်လာ ၁၆၀ ဘီလီယံအထိ တိုးတက်များပြားလာသည်။ ၂၀၁၃ ခုနှစ်တွင် အမြန်စာနှင့်ပတ်သက်၍ ကန်ဒေါ်လာ ၆၆၀ ဒသမ ၅ ဘီလီယံအထိ ဈေးကွက်ရနိုင်ရန် မျှော်မှန်းထားသည်ဟုဆိုသည်။ *—Ref: Wikipedia*

# တစ်ပတ်တာကံကြမ္မာ

ဒီဇင်ဘာ ၄ ရက်မှ ၁၀ ရက်အထိ

စံဇာဏီဘို

### ARIES မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

ထူးခြားသော အတွေ့အကြုံများရရှိမည်။ မိတ်ကောင်း၊ ဆွေကောင်းများနှင့် ကြုံမည်။ စိတ်ထဲမှထင်မြင်ယူဆ ထားသည့်ကိစ္စများ လက်တွေ့ဖြစ်ပေါ်မည်။ တွေးလျှင် ထင်လျှင် မှန်တတ်သည်။ ဆုံးဖြတ်ချက်များ ချမှတ် အဆင်ပြေမည်။ ငွေကြေးကံကောင်းမည်။ အလုပ်တိုးတက်မည်။ မမျှော်လင့်ဘဲ ဘာသာရေး(သို့မဟုတ်)အ လှူအတန်းကိစ္စများ နက်နက်ရှိုင်းရှိုင်းလုပ်ရမည်။

### TAURUS ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

အပြိုင်အဆိုင်၊ အတိုက်အခံများနှင့် ထိပ်တိုက်ရင်ဆိုင်ရမည်။ အခက်အခဲကြားမှ ကြိုးစားရုန်းကန်၍ တက် လမ်းရှာဖွေရမည်။ စကားများရခြင်း၊ ပဋိပက္ခများခြင်းကြုံမည်။ ဆန့်ကျင်ဘက်ပြုသူများနှင့် တွေ့တတ်သည်။ အိမ်ထောင်သည်များ၊ ချစ်သူရှိသူများ နှစ်ဦးအကြား ရန်၊ ပဋိပက္ခပွားအောင် ဘေးထိုးတိုက်တွန်းသူများရှိ မည်။ ဥပဒေနှင့်မကင်းသော လုပ်ငန်းမှန်သမျှရှောင်ပါ။ ရုံးရောက်၊ ဂတ်ရောက် အမှုဖြစ်လွယ်သည်။

### GEMINI မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

ထက်မြက်သော အရည်အသွေးများပေါ်လွင်မည်။ ဆောင်ရွက်သော ကိစ္စမှန်သမျှအောင်မြင်မည်။ ပညာ ရေးနှင့်ပတ်သက်သော ကံကောင်းမည်။ လုပ်ငန်းလုပ်နေသူများ လခ၊ ဝင်ငွေတိုးမည်။ အဆင့်တက်မည်။ ငွေ မြှုပ်နှံပြီး လုပ်ကိုင်မှုများ အောင်မြင်မည်။ အရပ်ဝေးနှင့် ဆက်သွယ်ပြီးလုပ်သောကိစ္စများ အဆင်ပြေမည်။ အတွေးအမြင်တူ၍ ပူပေါင်းလာသူများရှိမည်။

### CANCER ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

စိတ်သောကများမည်။ ကိုယ်တိုင်တွင်လည်းကောင်း၊ မိသားစုတွင်လည်းကောင်း၊ အနှောင့်အယှက်၊ အတိုက် အခံများနှင့် ထိပ်တိုက်တွေ့ရတတ်သည်။ မူလစိတ်ကူးထားသည့် အလုပ်အကြံအစည်များကို လက်တွေ့အ ကောင်အထည်ဖော်ရန် ခက်ခဲမည်။ အခြေအနေပေးသည့်အပေါ် လိုက်လျောညီထွေစွာ ဆောင်ရွက်၍ အောင်မြင်မှုရှာဖွေရမည်။ အိမ်ထောင်သည်များ သားသမီးပညာရေးအတွက် စိတ်ပင်ပန်းရမည်။

### LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

လုပ်ငန်းတစ်ခုမပြီးမြောက်ခင် နောက်လုပ်ငန်းတစ်ခုလုပ်ကိုင်ရခြင်းရှိမည်။ အတိုက်အခံ၊ အခက်အခဲများကို ကျော်လွှား၍ တိုးတက်ခြင်းရှိမည်။ မရေရာသော လုပ်ငန်းများကို လုပ်ကိုင်ရခြင်းရှိမည်။ မသေချာသော ကတိစကားများကြောင့် ရှေ့တိုးစီမံဆောင်ရွက်ရသည်များ ခက်ခဲနေမည်။ အရေးပါသော စာရွက်စာတမ်း ကိစ္စ၊ ငွေကြေးကိစ္စများ ပါဝင်ပတ်သက်ဆောင်ရွက်ရမည်။

### VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

စိတ်ချမ်းမြေ့စရာများ ပေါ်မည်။ မိတ်ဆွေကောင်းများထံမှ အထောက်အကူရမည်။ ၅၂၈-၁၅၀၀ မေတ္တာ ရေးကောင်းမည်။ မိသားစုနှင့်ပတ်သက်သော ကောင်းသတင်းများကြုံတွေ့ရမည်။ ယှဉ်ပြိုင်လာသူများအ ပေါ် အနိုင်ရမည်။ သူတစ်ပါးနှင့် ပူးပေါင်းပြီးလုပ်သော ကိစ္စများမှ ထူးခြားသော တိုးတက်မှုများပေါ်ပေါက် မည်။ ပစ္စည်းပျောက်တတ်သည်။ မိသားစုတွင် လက်လွှန်ထားသောငွေ၊ ပစ္စည်းများ ပြန်လည်ရရှိမည်။

### LIBRA တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

တစ်ပါးသူအခက်အခဲများကို လိုက်လံကူညီဆောင်ရွက်ပေးရမည်။ ခရီးနှင့်ပတ်သက်သောကံကောင်းမည်။ ကိုယ်တိုင်အတွက်ဖြစ်စေ၊ သူတစ်ပါးအတွက်ဖြစ်စေ၊ နိုင်ငံရပ်ခြားနှင့်ပတ်သက်သောကိစ္စများ ဆောင်ရွက် ၍ အပြည့်အဝအောင်မြင်မည်။ အပြောင်းအလဲအသစ်အဆင်ပြေမည်။ အလုပ်အကြံသစ်အောင်မြင်မည်။ ငွေအစုလိုက်ဝင်ခြင်း၊ ခိုင်မာသောလုပ်ငန်းကိစ္စအတွက် အခြေတည်ဆောင်ရွက်ရခြင်းများ အောင်မြင်မည်။

### SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

ရပ်တန့်ထားသည့်လုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်မည်။ အလုပ်အကြံအစည်သစ်များကို ဆောင်ရွက် ၍ တိုးတက်မှုအဆင့်ဆင့်ဖြစ်ထွန်းမည်။ လက်လွှန်နစ်နာဆုံးရှုံးထားသည့်ငွေ၊ ပစ္စည်းများ လက်ဝယ်ပြန်ရ မည်။ အခွင့်အရေးနှစ်မျိုးတစ်ပြိုင်တည်းပေါ်မည်။ ရန်အတိုက်အခံများမှ လွတ်ကင်းသွားမည်။ လူသစ်၊ ဝန်းကျင်သစ်များနှင့်ဆက်ဆံ၍ တိုးတက်ခြင်းများရရှိမည်။

### SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

မိတ်ဆွေအကြီးအကဲများထံမှ အကြံဉာဏ်ကောင်းရခြင်း၊ အထောက်အကူရခြင်းရှိမည်။ အလုပ်တိုးတက် မည်။ လုပ်ငန်းရှာဖွေနေသူများ လခကောင်း၊ နေရာကောင်းရမည်။ ပညာသင်တန်းနှင့်ပတ်သက်သောကိစ္စ ဆောင်ရွက်မှုများ အထူးအဆင်ပြေမည်။ ၅၂၈-၁၅၀၀ မေတ္တာအလုံးစုံကောင်းသည်။ မိသားစုတွင်ကာလ အတန်ကြာကြုံနေသော အညံ့အဆိုးအလုံးစုံကင်းစင်သွားမည်။

### CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

ဆက်ဆံနေသော ဝန်းကျင်အတွင်း အပြောင်းအလဲများ ဖြစ်ထွန်းမည်။ မိသားစုတွင် အိုးအိမ်၊ ခြံ၊ ကားကိစ္စ များ ဆောင်ရွက်အဆင်ပြေမည်။ လုပ်ငန်းနှင့်ပတ်သက်သော သင်တန်းကြုံမည်။ အိမ်ပြင်၊ အိမ်ဆောက် ခြင်းနှင့်ပတ်သက်၍ အကျိုးရှိမည်။ စစ်မှန်သောမိတ်ဆွေကောင်းတိုးပွားမည်။ ကြီးကဲသူများထံမှ အထောက် အကူကောင်းရရှိမည်။ မိမိအပေါ် ထူးထူးခြားခြားကူညီသူများနှင့် ကြုံမည်။

### AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

ပစ္စည်းပျောက်တတ်သည်။ ခါးပိုက်နှိုက်အန္တရာယ်သတိရှိပါ။ နေအိမ်၏ခြေရင်းပိုင်းတွင်ဖြစ်စေ၊ နောက်ပိုင်း တွင်ဖြစ်စေ၊ လုံခြုံမှုအားနည်းနေသည်။ သူခိုးသူဝှက်အန္တရာယ် ဂရုစိုက်ပါ။ တစ်ပါးသူမှ အဖိုးတန်လက် ဝတ်လက်စားများ လာရောက်အပ်နှံက လက်မခံပါနှင့်။ မိမိထံ အမှန်တကယ်ဝင်မည့် ငွေဝင်လမ်းကြောင်း များ ပိတ်တတ်သည်။ အလုပ်ကိစ္စမှန်သမျှကို ချက်ချင်းဆုံးဖြတ် လက်ငင်းဆောင်ရွက်ပါ။

### PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

အကြံအစည်ရည်ရွယ်ချက်မှန်သမျှ အပြည့်အဝအောင်မြင်ခြင်းရှိမည်။ ရန်အလုံးစုံကို အပြည့်အဝအောင် မြင်ခြင်းရှိမည်။ ရန်အလုံးစုံကို ရင်ဆိုင်ဖြေရှင်းနိုင်မည်။ ကိုယ်ပိုင်အရည်အသွေးများ ထက်မြက်နေမည်။ မိသားစုတွင် ငွေကြေးကုန်ကျစရိတ် အထူးမြင့်မားနေမည်။ ဟိုနည်းနည်း၊ ဒီနည်းနည်းနှင့်စုထားသည့် ငွေများ သည်ပင် သုံးစွဲရကိန်းကြုံမည်။ မသုံးမဖြစ်သုံးစွဲရသော စရိတ်စကကြီးမားမည်။


# 7DAY PUZZLE ပဟေဠိ အမှတ်စဉ်(၂၆၁)

## အလျားလိုက်

၃။ အာဏာရှိသူများနှင့် နီးစပ်သူများ
၈။ အခွန်အများဆုံးပေးဆောင်သူများကို ဦးစားပေးသောစနစ်
၉။ ၇ ရက်သတင်းဂျာနယ်နှင့်အတူပါသော အထူးအချပ်ပို
၁၀။ အခွန်ပေးဆောင်မှု တစ်ရာခိုင်နှုန်းပင် မရှိသောနိုင်ငံ
၁၁။ ဦးသန်းမြင့်ဦးဆောင်းပါးရေးခဲ့သောစာစောင်
၁၂။ အမေရိကန်တွင် ပညာသင်လိုသူများ တက်ရောက်ရမည့် အတန်းတစ်ခု

## ဒေါင်လိုက်

၁။ မလေးရှားနိုင်ငံမှ သတင်းစာတစ်စောင်
၂။ ပြည်ခရိုင်တွင် ဒီဇင်ဘာ ၁ ရက်မှစ၍ ဒဏ်ရိုက်ခံရနိုင်သူများ
၄။ အထည်ချုပ်လုပ်ငန်းရှင်များက ပြန်လေ့လာစေချင်သောအရာ
၅။ ရန်ပွဲကို ဝင်တား၍ ဓားထိုးခံရသူများ
၆။ အသိနောက်ကျတတ်သည့်ကိစ္စ
၇။ ကလေးများအတွက် မရှိမဖြစ်သောအရာ



Smart Dictionary ကံထူးသူ

၁။ တင်ဇော်လတ်၊ ၅/ဆလက(နိုင်)၀၅၇၅၃၉ အမှတ်(၆)၊ အထည်စက်ရုံ၊ ဆားလင်းကြီးမြို့။

ကျန်အဖြေမှန်သူများ

၂။ မမေဇင်ထွန်း၊ ၃/ဇေန(နိုင်)၀၆၅၇၅၇
၃။ ဦးအောင်ထူး၊ L/RGN 035752
၄။ မဝေဝေမော်၊ ၁၄/ဘကလ(နိုင်)၁၈၂၇၅၄
၅။ မြတ်ဆုမေ၊ ၁၂/ကမရ(နိုင်)၀၆၄၀၉၃
၆။ ကိုမျိုးမင်းနိုင်၊ ၉/ပမန(နိုင်)၁၂၆၉၁၃
၇။ နေလင်းထက်၊ ၁၂/မရက(နိုင်)၁၃၆၄၅၁

ပဟေဠိ အမှတ်စဉ်(၂၆၀)အဖြေမှန်




အမည် .................................... မှတ်ပုံတင်အမှတ် ....................................
နေရပ်လိပ်စာ ........................................................................

ယခုတစ်ပတ်တွင် အဖြေမှန်သူ(၁၆) ဦးရှိပြီး ၎င်းတို့ထဲမှ အဖြေမှန်သူ (၇)ဦးကို မဲနှိုက်ရွေးချယ်၍ ထိုထဲမှတစ်ဦးကို ထပ်မံမဲနှိုက်ရွေးချယ်ကာ SMART Electronic Dictionary ချီးမြှင့်မည်ဖြစ်ပြီး ကျန် ၆ ဦးကို 7Day News မှ မေတ္တာလက်ဆောင်ဆုများ ချီးမြှင့်မည်ဖြစ်ပါသည်။ Puzzle မေးခွန်းများကို ယခင်အပတ်ထွက်ရှိပြီး 7Day News မှသတင်း၊ ဆောင်းပါးများမှ စကားစုများ၊ စာလုံးများအပြင် ပြင်ပဉာဏ်စမ်းမေးခွန်းတစ်ခုစီ ထည့်သွင်းမေးမြန်းမည်ဖြစ်ကြောင်း Puzzle ဝါသနာရှင်များသို့ အသိပေးအပ်ပါသည်။ အဖြေလွှာများကိုမူရင်းသာလက်ခံမည်ဖြစ်ပြီး နယ်ဝေးမှ ဖြေဆိုသူများမှာ Fax ဖြင့် ပေးပို့နိုင်သည်။

**အဖြေလွှာများကို ၆-၁၂-၂၀၁၃ သောကြာနေ့၊ မွန်းလွဲ ၂နာရီနောက်ဆုံးထား၍ ဂျာနယ်တိုက်သို့ပေးပို့ရမည်။**

ဤအစီအစဉ်ကို SMART Electronic Dictionary မှ ပံ့ပိုးကူညီပါသည်။ အထူး

**ပဟေဠိ ဝါသနာရှင်များသို့ -** 7 Day Daily တနင်္ဂနွေနေ့ သတင်းစာတွင် ပဟေဠိကဏ္ဍပါရှိပြီး အဖြေမှန်သူ ဝါသနာရှင်များအား ဆုချီးမြှင့်သည့် အစီအစဉ် စတင်လိုက်ပြီဖြစ်ပါသည်။ ဝါသနာရှင်များအနေဖြင့် 7 Day News ဂျာနယ်တွင်သာမက၊ သတင်းစာတွင်ပါ ပဟေဠိ အဖြေညှိကြည့်ပါရန် သတင်းကောင်းပါးလိုက်ပါသည်။

# Free Classified

အခမဲ့ကြော်ငြာကဏ္ဍ

### ရောင်းမည်
တိုက်(၁၀)၊ အခန်း(၁၀၁)၊ အေးရိပ်မွန်တိုက်ခန်း၊ လှိုင်မြို့နယ်။ (ဘုရင့်နောင်လမ်းမကြီး) မှတ်တိုင်အနီး၊ အခန်း(၂) ခန်းဖွဲ့၊ လျှာထိုးခင်း၊ နံရံကပ်ဗီရိုပါ၊ (ရောင်းဈေး-၄၀,၀၀၀,၀၀၀)
ဖုန်း-၄၂၁၀၆၃၈၄၀

### ရုံးခန်းငှားမည်
ပြည်လမ်းမအတွင်း၊ ပေ(၄၀×၉၀)၊ 2RC၊ အခန်း(၃)ခန်း၊ဟောခန်း(၁)ခန်း၊ဖုန်း(၂) လုံး၊ အင်တာနက်လိုင်း(၁)၊ ငှားသူပွဲခပေးရန်မလို။ ညှိနှိုင်းလစာ သိန်း(၃၀)။
ဖုန်း-၀၉-၄၃၀၈၃၇၈၁

### ရောင်းမည်
လှိုင်သာယာရွှေလင်ပန်း(၂၃)ရပ်ကွက်၊ ကမ်းပတ်လမ်းမပေါ်၊ ကွန်ကရစ်လမ်းခင်းပြီး၊ ပေ(၄၀×၆၀)မြေကွက်၊ ပါမစ်မြေ။ ရောင်းဈေး-သိန်း(၄၅၀)
ဖုန်း-၀၉-၇၃၁၇၄၁၉၃

### ဆိုင်ခန်းငှားမည်
သမ္မတဟိုတယ်အနီး၊စတုရန်းပေ(၂၅၀၀)၊ ကြွေပြားခင်း၊ 1MB, 1BR၊ ရေချိုးခန်း၊ အိမ်သာ(၂)၊ ဖုန်း(၁)လုံး၊ အဲကွန်း(၃)၊ မီးစက်ပါသည်။ ငှားသူပွဲခပေးရန်မလို။ ညှိနှိုင်းလစာ -(၃၅)သိန်း။
ဖုန်း-၀၉-၄၃၀၈၃၇၈၁

### အမြန်ရောင်းမည်
အမှတ်(၃၂၆)၊ သုမင်္ဂလာလမ်း၊(၅၁)ရပ်ကွက်၊ မြောက်ဒဂုံ၊ မြေအကျယ် ပေ(၂၀× ၆၀)၊ တစ်ထပ်လုံးချင်းအိမ်ပါ၊ ရောင်းဈေး- (သိန်း ၄၅၀)။
ဖုန်း-၀၉-၄၂၀၀၈၀၅၃၅

### အိမ်လိုက်သင်ပေးသည်
English သီးသန့်မူလတန်း၊အလယ်တန်း၊ အထက်တန်း။
ဖုန်း-၀၉ ၂၅၀၁၆၆၄၈၃

### ဆရာ Jhonny
ဆယ်တန်းကျောင်းသားများနှင့် International School ကလေးများအတွက် English နှင့် အခြားဘာသာများကို အိမ်တိုင်ရာရောက်သင်ကြားပေးပါသည်။
ဖုန်း- ၀၉ ၄၂၀၁၈၅၈၂၃

### သင်ကြားပေးသည်
၉၊ ၁၀ တန်း (ဘောဂဗေဒ သီးသန့်) စာသင်သက် ၁၃ နှစ်ကျော်အတွေ့အကြုံရှိ Eco,MPA,DBL,DCS ဆရာက တစ်ဦး ချင်း၊ အဖွဲ့လိုက်သင်သည်။
ဖုန်း-၀၉ ၄၂၀၀၈၃၉၁

### သင်ကြားပေးသည်
English Grammar & Four Skill အိမ်အရောက်သင်ပေးသည်။
ဖုန်း-၀၉ ၄၂၀၃၀၈၇၈

### Highway Star ကားမောင်းဝန်ဆောင်မှု
မြို့တွင်း၊ မြို့ပြင်၊ နယ်ဝေးခရီးများ၏ ကားမောင်းခြင်းအတွက် ဝန်ဆောင်မှု။
ဖုန်း- ၀၉၂၅၀၀၅၀၃၇၁

### AUNG BROTHER Groups
လေအေးပေးစက်များကို ဝန်ဆောင်မှုပုံစံအမျိုးမျိုးဖြင့် စိတ်တိုင်းကျဆောင်ရွက်ပေးပါသည်။
ဖုန်း-၀၉ ၄၂၀၀၄၈၃၅၂

### ဘာသာပြန်ဝန်ဆောင်မှု
မြန်မာ/အင်္ဂလိပ်မှ အင်္ဂလိပ်/မြန်မာသို့ ကျွမ်းကျင်စွာ ဘာသာပြန်/စာတန်းထိုးပေးသည်။
ဖုန်း-၀၉ ၄၂၀၀၉၈၉၇၂

### ဝယ်လိုသည်
တောင်ဒဂုံ၊ လေးဒေါင့်ကန်စိုက်၊ မွေးမြေကွက်ဝယ်လိုသည်။
ဖုန်း-၀၉ ၂၅၀ ၂၈၉၆၀၂

### ရောင်းမည်
ရွှေပေါက်ကံမြို့နယ်၊ မိန်းလမ်းမကြီး ပေါ် တစ်ထပ်တိုက် RC ဘီယာဆိုင်ဖွင့်နိုင်။ ပေ (၄၀×၆၀)၊ (ရေမီး)။ သိန်း (၂၁၀၀)။
ဖုန်း-၀၉ ၂၅၀ ၂၀၄၃၀၄

### ရောင်းမည်
မြောက်ဥက္ကလာပမြို့နယ်၊ ၄ရပ်ကွက်၊ ပျဉ်ထောင်အုတ်ညှပ်တစ်ထပ်။ ပေ (၁၀×၆၀) (ရေမီး)(ဂရမ်)။ သိန်း (၁၈၀)။
ဖုန်း-၀၉ ၂၅၀ ၂၀၄၃၀၄

### ရောင်းမည်
သုဝဏ္ဏ၊ VIP II (၇၀×၁၀၀)၊ 2RC,4MBR, 2BR, ဂရန်။ ရောင်းဈေး-7000L။
ဖုန်း-၀၉ ၇၃၁၄၇၇၉၃

### ရောင်းမည်
တာမွေ၊ မေတ္တာညွန့်၊ စက်မှုလက်မှုရပ်ကွက်၊ (၅၀×၁၀၀)ဂရန်။ ရောင်းဈေး-5500L။ ဆက်သွယ်စုံစမ်းရန်-
ဖုန်း-၀၉ ၇၃၁၄၇၇၉၃

### ရောင်းမည်
ကွန်ဒိုဆောက်ရန်နေရာကောင်း၊ (၀. ၂၆ )ဧက၊ ဆိုဈေး-သိန်း(၅၀၀၀)။ ကိုယ်ပိုင်မီတာရှိ၊ သွပ်မိုးပျဉ်ထောင်အိမ်တစ်လုံးရှိ။
ဖုန်း-၀၉ ၄၂၀၁၃၄၀၁၁

### ရောင်းမည်
ရွှေပေါက်ကံမြို့နယ်၊ ၁၄ ရပ်ကွက်၊ ပေ (၂၀×၆၀)၊ (ရေမီး)(ပါမစ်)။ တစ်ထပ်တိုက်အိမ်အသစ်။ သိန်း (၂၉၀)။ ဖုန်း-၀၉ ၂၅၀ ၂၀၄၃၀၄

### ရောင်းမည်
သုမင်္ဂလာလမ်းမကြီးပေါ်၊နန္ဒဝန်ဈေးအနီး၊ ပေ (၄၀×၆၀)၊ဂရန်အမည်ပေါက်၊ ဈေး-10000L(ညှိနှိုင်း)
ဖုန်း-၀၉ ၃၁၆၈၇၀၁၂

### ငှားမည်
မြခွာညို၊ ကွန်ဒို (1750)sqft ၄ လွှာ၊ အဲကွန်း၊ ဖုန်း၊ ပရိဘောဂအပြည့် အစုံ၊ ဈေးတစ်လ-ရှစ်သိန်း။
ဖုန်း-၀၉ ၂၅၀ ၂၈၉၆၀၂

### ရောင်းမည်
မြေပါနှစ်ထပ်တိုက် ထပ်ခိုးပါ၊ မီတာ နှစ်လုံး၊ ရေမော်တာ နှစ်လုံး၊ AC ပါ၊ ကြည့်မြင်တိုင်၊ ထီးတန်းသုံးလမ်း။
ဖုန်း-၀၉ ၅၆၆၁၀၉၈

### ရောင်းမည်
နေပြည်တော်ဟိုတယ်ဇုန်အနီး၊ ငါးဧကပါမစ်မြေ၊ သိန်း (၅၀၀၀)။
ဖုန်း-၀၉ ၇၃၀၈၇၆၈၇

### ဖုန်းပြုပြင်သင်တန်း
HandSet ဖုန်းပြုပြင်အတတ်သင်၊ သင်တန်းများဖွင့်လှစ်သင်ကြားပေးနေပါပြီ။
ဖုန်း-၀၉ ၄၂၁၀၁၁၃၆

### သင်ကြားပေးသည်
Marketing နှင့် ပတ်သက်သော Sales & Marketing Management, Sales Plan, Marketing Plan စသည်များကို အိမ်၊ ဆိုင်၊ ရုံးများသို့ သင်ကြားပေးပါသည်။
ဖုန်း-၀၉ ၂၅၀၀၂၂၇၇၆

### ဂစ်တာသင်တန်း
အောင်ကိုကိုကြီး ဂစ်တာသင်တန်း။ အမှတ်(၈၈)က၊ ၅ လွှာ၊ အထက်သစ်တောလမ်း၊အလုံစာတိုက်မှတ်တိုင်။ တိုက်၈၆ နှင့် ၈၈ ကြားမှဝင်ပါ။
ဖုန်း- ၀၁ ၂၁၆၂၀၈

### APPLY ENGLISH GRAMMAR
လက်တွေ့အသုံးချ အင်္ဂလိပ်သဒ္ဒါ အိမ်တိုင်ရာရောက်သင်သည်။
ဖုန်း-၀၉ ၅၁၄၅၆၁၆

### ဆရာမဒေါ် အိန္ဒြေ(M.A,YUFL)
English For Secondary (Sec I to Sec IV),IGCSE preparation & IELTS,Oral & Written တို့ကို စနစ်တကျ ထူးချွန်အောင် သင်ကြားပေးသည်။
ဖုန်း-၀၉ ၄၃၀ ၂၈၇၈၉

### Study Guide
Grade V to XI ဘာသာစုံ သင်ကြားပေးသည်။ ဂိုက်လုပ်ပေးသည်။
ဖုန်း-၀၉ ၇၃၁ ၂၃၀၄၅

### Life & Art
ဗီဒီယို၊ ဗီစီဒီထုတ်လုပ်ရေး မျက်နှာသစ်သရုပ်ဆောင်နှင့် မော်ဒယ်များအလိုရှိသည်။
ဖုန်း- ၀၉ ၄၂၁၁၀၉၆၂၂

### ‘အာလားလား ရေခဲမုန့်’
အလှူ၊ မင်္ဂလာဆောင်အမျိုးမျိုးအတွက် အော်ဒါများ မှာယူနိုင်သည်။
ဖုန်း-၀၉-၇၃၁၂၂၅၅၈
၀၉-၄၃၀၈၄၃၉၈

### အခြေခံ Music သင်တန်း
Rhythm,Bass,Lead,Keyboard,Drum တစ်ဦးချင်းအတတ်သင်သည်။ အဆိုဝါသနာပါသူများအတွက်လည်း ဂစ်တာနှင့် တွဲဖက်၍ သင်ကြားပေးသည်။
ဖုန်း-၀၉ ၄၂၁၅၆၀၇၀

### ရောင်းမည်
သံလျင်အလယ်ရွာ၊ (နည်းပညာတက္ကသိုလ် ရှေ့ရပ်ကွက်၊ သီလဝါဇုန်အနီး)၊ ၀. ၂၇ ဧက။ နှစ်ထပ်အိမ်၊ မီတာ၊ ရေတွင်းရေကန်၊ သီးပင်၊ စားပင်များပါသည်။
ဖုန်း-၀၉ ၇၃၀၀၆၃၀၉

### ရောင်းမည်
ရွှေပေါက်ကံမြို့နယ်၊ ၁၄ ရပ်ကွက်၊ ပေ (၂၀×၆၀)၊ (ရေမီး)(ပါမစ်)။ တစ်ထပ်တိုက်အိမ်အသစ်။ သိန်း (၂၉၀)။ ဖုန်း-၀၉ ၂၅၀ ၂၀၄၃၀၄

### ရောင်းမည်
သဃ်န်းကျွန်းဘုရားလမ်း၊ ဧကရာဇ်လက်ဖက်ရည်ဆိုင်ရှေ့၊ ပေ (၁၅×၄၅)။ ထပ်ခိုးပါ၊ အခန်းနှစ်ခန်းပါ၊ အဲကွန်း နှစ်လုံး၊ ပါကေးခင်း၊ ကြွေပြားခင်း၊ သံပန်းတပ်၊ သိန်း (၂၆၀)။
ဖုန်း-၀၉ ၄၂၀၀၇၆၅၂၂

### အိမ်/ခြံ/မြေ
လူကြီးမင်းတို့၏ အိမ်/ခြံ/မြေနှင့် ကွန်ဒို/တိုက်ခန်းများအား အတိုးနှုန်းအဆင်ပြေစွာဖြင့် ဆောင်ရွက်ပေးနေပါသည်။
ဖုန်း-၀၉ ၇၃၁၄၇၇၉၃

7 DAY NEWS JOURNAL
Vol.12, No.39 • DECEMBER 4 , 2013

စာမျက်နှာ(၂၆) မှ

## စားနပ်ရိက္ခာဖူလုံရေးနဲ့ ရာသီဥတုဖောက်ပြန်ခြင်း

မြန်မာနိုင်ငံမှာလည်း ၂၀၀၈ ခုနှစ်၊ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဟာ မြစ်ဝကျွန်းပေါ်ကလူပေါင်း တစ်သိန်းရှစ်သောင်းရဲ့အသက်တွေကို ဆုံးရှုံးစေခဲ့သလို လူပေါင်းနှစ်သန်းကျော်အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပါတယ်။ မြစ်ဝကျွန်းပေါ်ဆိုတော့ စပါးအဓိကထားပြီးစိုက်ပျိုးတာမို့ စပါးတောင်သူတွေ ဘယ်လောက်နစ်နာဆုံးရှုံးခဲ့ရတယ်ဆိုတာ အထူးပြောစရာတောင်မလိုပါ။ အခု နာဂစ်မုန်တိုင်းတိုက်ခတ်ခဲ့ပြီးတာဟာ ငါးနှစ်ကာလရှိခဲ့ပေမယ့် မြစ်ဝကျွန်းပေါ်က လယ်သမားတွေဟာ အခုအထိနာလန်မထူနိုင်သေးပါဘူး။ အဲဒါအပြင် နှစ်တိုင်းဆိုသလို မိုးဦး၊ မိုး တွင်းနဲ့ မိုးနှောင်းပိုင်းတွေမှာ မုန်တိုင်းများထပ်ဝင်လာဦးမလားဆိုတဲ့ စိုးရိမ်စိတ်ကလည်း ရင်ဝယ်ပိုက်ထားရပါသေးတယ်။ မုန်တိုင်းတော့ ထပ်ဝင်မလာပေမယ့် မိုးများလွန်းလို့ စပါးပျက်တာတွေကတော့ နှစ်တိုင်းကြားနေရဆဲပါ။

အာရှတိုက်အတွင်းက စပါးစိုက်ပျိုးတဲ့နိုင်ငံတိုင်းလိုလို အခုအခါမှာ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဒဏ်ကို တစ်နည်းမဟုတ်တစ်နည်း ခံနေရပါတယ်။ မိုးခေါင်လွန်းလို့ စပါးအထွက်နည်းတာ၊ မိုးများလွန်းလို့စပါးပျက်တာ၊ အချိန်အခါမဲ့မိုးရွာသွန်းလို့ စပါးပျက်တာ၊မုန်တိုင်းဒဏ်ကြောင့် စပါးပျက်တာစတာတွေကို ရင်ဆိုင်နေရပါတယ်။ နောက်တစ်ချက်ကတော့ မိုးလည်းမှန်ပေမယ့် စပါးအထွက်နည်းလာတာတွေလည်း ရှိပါသေးတယ်။ အထူးသဖြင့် ဖိလစ်ပိုင်နဲ့အင်ဒိုနီးရှားနိုင်ငံတွေက တချို့ဒေသတွေမှာ စပါးအသီးစတင်ချိန်မှာမိုးအုံ့တဲ့ရက်တွေများလာတာကြောင့် နေရောင်အလုံအလောက် မရတဲ့အခါမျိုးမှာ စပါးနှံအတွင်း နို့ရည်မဝင်တာကြောင့်စပါးထွက်ချိန်မှာ အဖျင်းအမှော်တွေများလာတာမျိုးဖြစ်ပါတယ်။ မြန်မာပြည်မှာတော့ အဲဒီလိုမိုးအုံ့တဲ့ပြဿနာမျိုးရှိတယ်လို့တော့ အခုအထိမကြားရသေးပါဘူး။

မုန်တိုင်းကြီးမားတာကြောင့် စပါးပျက်တာကတော့ တားဆီးလို့မရနိုင်တဲ့ သဘာဝကပ်ဘေးလို့ ဆိုနိုင်ပါတယ်။ ဒါပေမဲ့ အတော်အတန်မိုးများတာ၊ မိုးခေါင်တာကိုခံနိုင်ရည်ရှိတဲ့ စပါးမျိုးတွေစိုက်ပျိုးနိုင်ဖို့ နိုင်ငံတကာကစပါးသုတေသနပညာရှင်တွေကြိုးပမ်းနေပါတယ်။ အဲဒီလိုကြိုးပမ်းရခြင်းကလည်း ရေရှည်မှာ အာရှတိုက်အတွင်းက အသေးစားလယ်သမားတွေကို ကူညီဖို့ဖြစ်သလို စပါးအထွက်နှုန်း ကျဆင်းလာတာကိုလည်း ကာကွယ်ဖို့ဖြစ်ပါတယ်။ တစ်နည်းပြောရရင်သက်ဆိုင်ရာ နိုင်ငံများအလိုက် စပါးအထွက်ကျလာတာကြောင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအဆိုးဘက်ကို ရွေ့လျားလာမှာ ကို ကာကွယ်တယ်လို့လည်း ဆိုနိုင်ပါတယ်။

မြန်မာနိုင်ငံက တာဝန်ရှိသူများအနေနဲ့ရော မြန်မာပြည်စပါးအထွက် မကျဆင်းစေဖို့နဲ့လယ်သမားတွေကို ကူညီဖို့အတွက် ဘာတွေများ ပြင်ဆင်ထားတာရှိပါသလဲ။ သဘာဝကပ်ဘေးတွေကြောင့် စပါးပျက်ရင်၊ အထွက် နည်းလာရင် ရှေ့ဘာဆက်လုပ်ဖို့ အစီအစဉ်တွေရှိသလဲ ဆိုတာကလည်း လူတိုင်းသိချင်မှာပါ။ ဒါပေမဲ့ အခုအထိ ဘာသံမှတော့ ထူးပြီးမကြားရသေးပါ။ မြေသိမ်းယာသိမ်းကိစ္စတွေကလည်း မပြီးသေးသော ပန်းချီကားတစ်ချပ်လိုဖြစ်နေဆဲပါ။ နဂိုက စိုက်ဖို့ပျိုးဖို့ မြေပိုင်ရှိခဲ့တဲ့လယ်သမား အစစ်တွေ အခုအချိန်မှာမြေမဲ့ယာမဲ့ဖြစ်သွားတဲ့ သတင်းတွေကလည်း မရိုးနိုင်လောက်အောင် ကြားနေရဆဲဖြစ်ပါတယ်။

အာရှတိုက်အတွင်း သဘာဝကပ်ဘေးကြောင့် စပါးစိုက်ပျိုးရေးထိခိုက် ကျဆင်းလာနေတာကို ဘယ်လိုတုံ့ပြန် ကာကွယ်နိုင်မလဲဆိုတာနဲ့ပတ်သက်လို့ အဖြေရှာဖို့ အခုလာမယ့် ရက်ပိုင်းအတွင်း ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တော်မှာ နိုင်ငံတကာအသင်းအပင်းများ၊ သုတေသီများ၊ စပါးမျိုးစပ်နည်းပညာ ကျွမ်းကျင်သူများ၊ ရပ်ကျေးဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်သူများ၊ သက်ဆိုင်ရာအစိုးရကိုယ်စားလှယ်များနဲ့ စိတ်ဝင်စားသူများ စုပေါင်းတွေ့ဆုံဆွေးနွေးဖို့ရှိပါတယ်။ အဲဒီဆွေးနွေးပွဲကို မြန်မာနိုင်ငံက သက်ဆိုင်သူများလည်း သွားရောက်ပူးပေါင်းဆွေးနွေးဖို့လိုတယ်လို့ပြောလိုပါတယ်။ ပြောသာပြောရတယ် အားကတော့ သိပ်မရှိလှပါဘူး။ ဘာဖြစ်လို့တုံးဆိုတော့ အခုတလောမှာ အစိုးရ၊ လွှတ်တော်နဲ့ နိုင်ငံရေးခေါင်းဆောင်အတော်များများဟာတိုက်ရိုက်နိုင်ငံရေးကိစ္စများ (သို့မဟုတ်)အမြင့်နိုင်ငံရေး(ဟိုင်းပေါ်လစ်တစ်)ကိစ္စများနဲ့သာ အလုပ်ရှုပ်နေတာကိုတွေ့မြင်နေရလို့ ဖြစ်ပါကြောင်း။

## JOKE

### သစ္စာရှိသူ

အမျိုးသားတစ်ဦးသည် မိမိ၏ ဇနီးသည်နှင့် အငယ်အနှောင်းမည်သူက မိမိအပေါ် သစ္စာရှိသည်ကို စမ်းသပ်ရန် တစ်ပတ်ကြာအပျော်စီးသင်္ဘော ခရီးစဉ်တစ်ခုတွင် နှစ်ဦးစလုံးကိုထည့်ပေးလိုက်သည်။ ခရီးစဉ်မှ ပြန်ရောက်လာသောအခါ တစ်ဦးချင်းစီကို မေးမြန်းလိုက်သည်။ ဇနီးသည်နှင့် စကားပြောရာတွင် သင်္ဘောပေါ်က လူများအကြောင်း ထွေရာ လေးပါးမေးရင်း သာမန်ကာလျှံကာပင် သူ့အငယ်အနှောင်းအကြောင်း မေးမြန်းလိုက်သည်။ ဇနီးဖြစ်သူက "အမလေး၊ အဲဒီအမျိုးသမီးက တွေ့က ရာလူနဲ့ပလူးနေတာပဲ"ဟူ ၍ စကားထွက်လာသည်။ အငယ်အနှောင်းကိုလည်း အလားတူမေးမြန်းရာ ၎င်းက "အဲဒီ အမျိုးသမီးက တကယ်ကို ကြန္ဒြေကြီးတာပဲ" "ဟုတ်လား၊ ဘာဖြစ်လို့လဲ"ဟု အမျိုးသားကမေးရာ "သူက သင်္ဘောပေါ် တက်လာကတည်းက သူ့ယောက်ျားနားက တစ်ဖဝါး မှ မခွာတော့ဘူး"ဟု ပြောပြပါသည်။

### စည်းကမ်း

ကျောင်းဆရာတစ်ဦးသည် မိဘများက သူ၏ခြောက်တန်းကျောင်းသား များကို မည်သို့ သွန်သင်ဆုံးမသည်ကို သိရှိလို၍ တစ်နေ့တွင်ပြင်ပစား သောက်ဆိုင်သို့ ၎င်းတို့ကို ခေါ်မသွားမီ အဖေအမေက မှာကြားပုံကိုမေးမြန်းသည်။ "စားရင်းသောက်ရင်း မဆော့ရဘူးနော်" ဟု မှာကြောင်းတစ်ယောက်က ပြောသည်။ "စကားကျယ်ကျယ်မပြောရဘူးနော်"ဟု နောက်တစ်ယောက်က ဆိုသည်။ မိုက်ကယ်ကိုမေးမြန်းသောအခါ၎င်းက မော်ပင်မကြည့်ဘဲ "ဈေးပေါတာ တစ်ခုခုမှာနော်"ဟူ၍ ပြောလိုက်ပါသည်။

စာမျက်နှာ(၁၇) မှ

## အလုပ်ခန့်ထားရာတွင် အနည်းဆုံး စာချုပ်သက်တမ်း ၂ နှစ်ထားရှိရန် နည်းဥပဒေ၌ ထည့်သွင်းပြဋ္ဌာန်းမည်

ထွက်ရှိလာမည့်နည်းဥပဒေတွင် ပါရှိမည့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်အချက်များကို ဝန်ကြီးဌာနကအတည်ပြုပြဋ္ဌာန်းနိုင်ရန် အလုပ်ရှင်အလုပ်သမားများအကြံပြုချက်ပေးနိုင်ရန် နိုဝင်ဘာ ၂၂ ရက်က ပေးပို့ထားခဲ့သည်။

နည်းဥပဒေပါ အချက်များကို ကျေနပ်မှုမရှိပါက နိုဝင်ဘာ ၃၀ ရက်တွင် နောက်ဆုံးထားကာပြောဆိုရမည်ဖြစ်သော်လည်း အလုပ်ရှင်နှင့်အလုပ်သမားတို့ထံမှ အဆိုပါအချက်များကို ငြင်းဆိုထားခြင်းမရှိခဲ့ဟု ဆိုသည်။

"ဒီအချက်တွေကို မကြိုက်ရင်ပြန်ပြောဖို့က ဒီနေ့နောက်ဆုံးပဲလေ။ ဒါပေမဲ့ အခုထိတော့ ဘယ်သူ့ဆီကမှ မလာသေးဘူး။ ဒီနေ့နောက်ဆုံးမလာတော့ ဒီအချက်တွေအတည်ပြုသွားပြီပေါ့။ အခုလိုစာချုပ်ခြင်းအားဖြင့် နှစ်ဦးနှစ်ဖက်မျှတသွားတာပေါ့" ဟု ဦးမျိုးအောင်က ပြောသည်။

စာမျက်နှာ(၂၃) မှ

## ဝါသနာ စေတနာ အနစ်နာများစွာဖြင့် ငယ်ငယ်တုန်းက ကျွန်တော့်ဆရာများ

ထို့ကြောင့်လည်း မဆလခေတ်တုန်းက မြို့နယ်ပါတီယူနစ်တွေ၊ မြို့နယ်ပြည်သူ့ကောင်စီတွေ၊ တရားရေးဌာနတွေမှာ ကျောင်းဆရာ ဖားတစ်ပိုင်းငါးတစ်ပိုင်းတွေ စုပုံနေခဲ့ကြသည်။

စာသင်ကျောင်းတွေမှာတော့ ပင်ကိုကတည်းက ဝါသနာ၊ စေတနာ ရင်ထဲပါလာသည့် ဆရာစစ်စစ်တွေသာ နွမ်းနွမ်းဖတ်ဖတ်နှင့်ပင် ဖင်ဆွေးဆွေး၊ ကျောင်းဆွေးဆွေး စေတနာမေတ္တာ မဆွေးစတမ်းကျန်ခဲ့ကြ၏။

နဝတ၊ နအဖရွှေလက်ထက်တော်များ အခါကျပြန်တော့လည်း အထူးသဖြင့် မူလတန်းပြ ကျောင်းဆရာမဆိုတာတွေက ကျောင်းမှာရှိခဲလှ၏။ အပေါ် အောက် ပြာပြာ ဝါဝါ ယူနီဖောင်းတွေဝတ်ကာ ဟိုရေးရာတို့ သည်ရေးရာတို့မှာ လူရေးပြောင်နေခဲ့ကြသည်။ လက်အုပ်ကလေးတွေ တချီချီနှင့် ဟိုလူကြီးကြို၊ဆိုရေး၊ သည်လူကြီးဧည့်ခံရေးတွေမှာသာ အရာရောက်နေခဲ့ကြသည်။ သည်တော့လည်း ကျောင်းက ကလေးတွေကို သင်ဖို့ဝေးလို့ ကိုယ့်ဘာသာကိုယ်ပင် ကကြီးနှင့် ယပက်လက် ပြောင်းပြန်မဖြစ်အောင် မနည်းကြီးကို ကြိုးစားနေကြရသည့် အဖြစ်မျိုးတွေ တွေ့ခဲ့ကြုံခဲ့ဖူးသည်။ ကျောင်းက ဆရာမကြီးနှင့် လက်ထောက်ဆရာမတွေက ဟိုရေးရာ၊ သည်ရေးရာတွေတွင်သာ အရာရောက်နိုးနိုးမျှော်ကိုးကျောင်းပျက်နေကြသဖြင့် ဆရာမရှိသော ကျောင်းတွေ ဟောင်းလောင်းပေါက် ကျန်အောင် ကျောင်းသားတွေက ကျောင်းပြောင်းသွားကြသောကြောင့် ခေါင်းလောင်းသံမပြည်နိုင်တော့သည့် မူလတန်းကျောင်းသားကလေးတွေကိုလည်း မျက်မြင်ကိုယ်တွေ့ရှိခဲ့ရသည်။

သည်လိုကျောင်းနှင့် သည်လိုကျောင်းဆရာတွေကို မြင်ရတွေ့ရကြားရတော့ အသက်(၆၅)နှစ်အရွယ်ရှိပြီဖြစ်သည့် ကျွန်တော်က ကျွန်တော်တို့ငယ်စဉ်က ကျောင်းစာသာမက အစစအရာရာ သွန်သင်ဆုံးမ သင်ကြားပြသပေးခဲ့ကြသည့် ငယ်ဆရာတွေကို လွမ်းမိရသည်။ မူလတန်းအရွယ်မှသည် အထက်တန်းကျောင်းသားအရွယ်ထိ ပီဘိဆရာကောင်းတွေနှင့် တွေ့ခဲ့ကြုံခဲ့ရသည်ကပင် စားမကုန်သည့် နတ်ဩဃစားမြိန်ထုပ်လို ပညာမျိုး တစ်သက်တာအတွက် ပြည့်စုံအောင် ရရှိနိုင်ခဲ့ခြင်းဖြစ်သည်ဟု အမွန်တမြတ် ဦးထိပ်ပန်ဆင် ရှိနေမိရဆဲဖြစ်ပါသည်။

စာရေးသူတို့မြို့ကလေးတွင် လွတ်လပ်ရေးမရမီခေတ်ကတည်းက စာသင်ကျောင်းလေး တစ်ကျောင်းဖြစ်အောင်အသည်းတည်ပေးခဲ့ဖူးသည့်ဆရာကြီးတစ်ဦးကို သတိရသည်။ ထိုဆရာကြီး ကျွန်တော်တို့မြို့လေးမှာစာသင်ကျောင်းလေးလာဖွင့်စဉ်က ကျွန်တော့်ကိုပင် မမွေးသေး။ ဆရာကြီးအမည်က ဦးမြသိန်းဖြစ်ပြီး ရန်ကုန်သားဖြစ်သည်။ ပညာအရည်အချင်းက ထိုခေတ်ထိုအခါက မြန်မာနိုင်ငံတွင် ဘီအေ၊ ဘီအက်စီတွေကိုမသင်နိုင်သေးဖြင့် အိန္ဒိယနိုင်ငံ ကိုးလ်ကတ္တားတက္ကသိုလ်တွင် ပညာသွားသင်ယူခဲ့ရသော ဘီအက်စ်စီဘွဲ့ရပညာတတ်ကြီးဖြစ်သည်။ ထိုဘွဲ့က ထိုခေတ်အခါက အရာရှိမြို့အုပ်ဝန်ထောက် အလွယ်လေးရသည့် ဘွဲ့မျိုးဖြစ်၏။ သို့ပါလျက် မည်သူကမျှ တာဝန်ပေးခန့်ထားသည်မဟုတ်ဘဲ ရင်၌ဖြစ်သော စေတနာဖြင့် ကျွန်တော်တို့မြို့ကလေးသို့ အရပ်မှစုပေးသော စပါးနှင့်ဆန်လေးကို ချက်ပြုတ်ရောင်းချစားသောက်ကာ ကျောင်းလာ ဖွင့်ပေးခဲ့ခြင်းဖြစ်သည်။

ကျွန်တော်တို့ မြို့လေးတွင် စာသင်ကျောင်းလေးပီပီပြင်ပြင် အသည်းတည်မိတော့ အခြားတစ်မြို့သို့ပြောင်းကာ နောက်ထပ် ကျောင်းတစ်ကျောင်းကို ထူထောင်ပေးခဲ့ပြန်သည့် ကျောင်းများတည်ထောင်ကာ ပညာသစ်ပင်တွေ ပျိုးစိုက်ခဲ့သူဆရာကြီးဖြစ်၏။

ထိုဆရာကြီးအသက် ၉၀ ကျော်အရွယ်၊ ကျွန်တော်တို့ မြို့လေးမှ ကျောင်းသားဟောင်းများ၏ ပထမဆုံးအကြိမ် အာစရိယ ပူဇော်ပွဲတွင် ၁၉၈၃ ခုနှစ်တုန်းက မြင်ဖူးကန်တော့လိုက်ရဖူးသည်။ ကျွန်တော်တို့မြို့လေးမှာ ပညာသစ်ပင်စိုက်ပျိုးပေးခဲ့သူ ထိုဆရာကြီးကို ကန်တော့ပွဲကော်မတီက လိုက်ရှာကြသည့်အခါ ကံကောင်းထောက်မစွာပင် ရန်ကုန်မြို့ ဘုန်းကြီးကျောင်းတစ်ကျောင်း၏ ဇရပ်ကလေးထဲတွင် တစ်ဦးတည်းလူပျိုကြီးပင်စင်စား ကျောင်းဆရာအိုကြီးအဖြစ် နွမ်းနွမ်းပါးပါးနှင့် ပြန်လည်တွေ့ရှိခဲ့ရခြင်းဖြစ်သည်။

ဆရာကြီးကို အကန်တော့ခံရန် ပင့်ခွင့်သာခဲ့သဖြင့်လည်း ထိုရှေးဆရာအိုကြီး၏ ဩဝါဒစကားကိုကျွန်တော်ကြားနာခဲ့ရဖူးသည်။ ထိုဩဝါဒစကားကလည်း ကျွန်တော့်အတွက်တော့ဖြင့် တစ်သက်တာသုံးမကုန်နိုင်သည့် ဆုံးမဩဝါဒစကားလည်း ဖြစ်လာခဲ့တော့သည်။

"ဆရာ့ကို ဩဝါဒစကားချီးမြှင့်ပါလို့ဆိုတော့ သိပ်များများစားစား ရှည်ရှည်ဝေးဝေးလည်း မဟုတ်ပါဘူး။ တိုတိုပါပဲ. . . အချက်သုံးချက်တည်းပါ။ နံပါတ်တစ်အချက်က မေတ္တာနဲ့အရင်းတည်တဲ့ စေတနာကို ရင်ထဲမှာ ပျိုးပါ။ နံပါတ် နှစ်က ရင်ထဲမှာသန်စွမ်းလာတဲ့ အဲဒီစေတနာနဲ့ တစ်ဖက်သားကို ကူညီပါ။ သုံးက ကူညီတဲ့နေရာမှာ ခရီးသွားဟန်လွှဲ မကူညီပါနဲ့။ တမင်ရောက်အောင်သွားပြီး တကူးတကသွားကူညီသလိုမျိုးနဲ့ အပြည့်အဝကူညီပါ။ ဒါပါပဲ။ ဒါဆိုရင် တပည့်တို့အတွက်ရော လောကအတွက်ပါ နှစ်ဖြာလုံး အကျိုးများပါလိမ့်မယ်. . ."

ဆရာကြီး၏ ဩဝါဒက ကျွန်တော့်ရင်ထဲ အသည်းထဲမှာ စွဲနေခဲ့သည်။ အကြောင်းအရာတိုက်ဆိုင်တိုင်းလည်း ထိုဩဝါဒစကားက ကျွန်တော့်အတွက် လမ်းပြမီးအိမ်ဖြစ်ခဲ့သည်။ စံထားအပ်သည့် ပေတံတစ်ချောင်းလည်း ဖြစ်ခဲ့သည်။

ယခုတော့ ရင်ထဲမှာဝါသနာ၊ စေတနာပါမလာခဲ့သည့် ကျောင်းဆရာများကိုသာမက စေတနာမပါသော ဘယ်လုပ်ရပ်ကိုမဆို မြင်တိုင်းကြုံတိုင်း ဆရာကြီး၏ ဩဝါဒစကားကသာ ကျွန်တော့်ရင်ထဲ၊ အသည်းထဲ၊ ဦးနှောက်ထဲတွင် သတိပေးခေါင်းလောင်းတစ်လုံးလို မြည်ဟိန်းနေလျက် စေတနာ ဝါသနာ ကြီးမြတ်လှသော ကျွန်တော်၏ ငယ်ဆရာများကို လွမ်းလွမ်းတတ ရှိခိုးဦးချနေမိရပါတော့သည်။

Environment

7 Day News Journal

Vol.12, No.39 • DECEMBER 4 , 2013

# ထိန်းသိမ်းမှုအားနည်း၍ ဝါးတောများပြုန်းတီးမှုအန္တရာယ် ရင်ဆိုင်နေရဟုဆို

**အိဖြူမွန်**

**ရန်ကုန်၊ နိုဝင်ဘာ -၃၀**

ဝါးတောများပေါက်ရောက်သည့် ဒေသတွင် အကြောင်းအမျိုးမျိုးကြောင့် ဝါတောပြုန်းတီးမှုအန္တရာယ်ရင်ဆိုင်နေရကြောင်းဝါးနှင့်ပတ်သက်ပြီး ငါးနှစ်ကျော်လေ့လာခဲ့သူ ဇီဝမျိုးစုံမျိုးကွဲနှင့်သစ်တောထိန်းသိမ်းရေးအသင်း (BANCA) အသင်းဥက္ကဋ္ဌဒေါ်စောမွန်သိမ့်က ပြောသည်။

ရှမ်းပြည်နယ် တောင်ပိုင်းတွင် ဝါးမျိုးစေ့များမှာ တစ်ပြည်လျှင် ကျပ်ခြောက်ထောင်ဈေးပေါက်ပြီး ကချင်ပြည်နယ်တွင်လည်း ဝါးရုံပင်များကိုတရုတ်နိုင်ငံမှ မျိုးရင်းပွားရန် ဝယ်ယူမှုရှိနေကြောင်း၊ ပြည်ပသို့ရောင်ချခြင်းများရှိသည့်အပြင် ပြည်တွင်းသုံးစွဲမှုကလည်း တစ်နှစ်ထက်တစ်နှစ်မြင့်မားလာသည်ဟုဆိုသည်။

"ဝါး ကလူတွေအတွက်တကယ် အသုံးဝင်တဲ့ပစ္စည်းပါ။ အလေ့ကျပေါက်တာများတော့ သေချာစိုက်ပြီး ထိန်းသိမ်းရကောင်းမှန်းမသိကြပါဘူး။အခုတဖြည်းဖြည်းနဲ့ ဝါးတွေက ပြုန်းတီးလာပါပြီ"ဟု ဒေါ်စောမွန်သိမ့်ကပြောသည်။မြန်မာနိုင်ငံ၏ နှစ်စဉ်ဝါးသုံးစွဲမှုတစ်နှစ်လျှင် သန်းပေါင်း ၁၃၁ ဒသမ ၇၇ တန်ကျော်ရှိပြီး ပြည်တွင်းတွင် အမိုးအကာပြုလုပ်ခြင်းနှင့် ခြင်းတောင်းများရက်လုပ်ရာတွင် ဝါးကိုအဓိကထားသုံးစွဲကြသည်။

အခြားနိုင်ငံများတွင် အိမ်ဆောက်ပရိဘောဂများ၊ ဇိမ်ခံပစ္စည်းနှင့် ချည်မျှင်၊ စက္ကူများထုတ်လုပ်ရာတွင် ကျယ်ကျယ်ပြန့်ပြန့်ထုတ်ယူ သုံးစွဲမှုများရှိကြသော်လည်းမြန်မာနိုင်ငံတွင်ထိုသို့ထုတ်လုပ်နိုင်ခြင်းမရှိဟုသိရှိရသည်။

ဝါးမျိုးများ တဖြည်းဖြည်းပြုန်းတီးလာမှုကြောင့် ဝါးမျိုးစိတ်များ ထိန်းသိမ်းရန် အရပ်ဘက်အဖွဲ့အစည်း၊ဌာနေတိုင်းရင်းသားများနှင့်ပညာရှင်များပါဝင်ကာမြန်မာ နိုင်ငံဝါးချစ်သူများအသင်းဖွဲ့စည်းရန် လက်ရှိပြည်တွင်းအရပ်ဘက်အဖွဲ့အစည်းများလုပ်ဆောင်နေကြသည်ဟု သတင်းရရှိသည်။

# ပုပ္ပားတောင်ချစ်သူများအသင်း ပုပ္ပားတောင်တက်မည်

**နိုင်နိုင်စိုး**

**ရန်ကုန်၊ နိုဝင်ဘာ-၃၀**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုရည်ရွယ်၍ ပုပ္ပားတောင် ချစ်သူများ အသင်း၏ ပုပ္ပားတောင်တက်ပွဲကို ဒီဇင်ဘာ နောက်ဆုံးပတ်တွင် ပြုလုပ်မည်ဟု သတင်းရရှိသည်။

ပုပ္ပားတောင်တက်ပွဲကို ဒီဇင်ဘာ နောက်ဆုံးပတ်တနင်္ဂနွေနေ့တွင် ကျောက်ပန်းတောင်းဒေသခံများ၊ အသင်းအဖွဲ့များ၊ တောင်တက် ဝါသနာရှင်များပြုလုပ်သွားမည်ဖြစ်ကြောင်း ပုပ္ပားတောင် ချစ်သူများအသင်းမှ ဦးတိုးက ပြောသည်။

ပုပ္ပား တောင်မကြီးတွင် တောင်ယာချဲ့ထွင်မှုများကြောင့် သစ်တောများ ပြုန်းတီးခြင်း၊ စီမံကိန်းများကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများကို ဒေသခံများ သိရှိလာစေရန် ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်ကြောင်း ၎င်းကဆက်လက်ပြောသည်။

"သစ်တောဌာနကလည်း သစ်တောထိန်းသိမ်းရေးတွေ လုပ်ပေမယ့် တောင်မကြီးမှာ ပတ်ဝန်းကျင်ပျက်စီးမှုတွေကိုဒေသခံတွေသိပြီး တတ်နိုင်သလောက် ပြန်လည်ထိန်းသိမ်းနိုင်အောင်လို့ရည်ရွယ်တာ"ဟု ဦးတိုးကပြောကြားသည်။



*ပုပ္ပားတောင်မကြီးကိုမြင်ရစဉ်* ဓာတ်ပုံ-အေးမြကျော်

အမြင့်ပေ ၄,၉၈၁ မြင့်မားသည့် ပုပ္ပားတောင်မကြီးတောင်တက်ပွဲကို နှစ်စဉ်ပြုလုပ်လျက်ရှိပြီး ယခုနှစ်တွင် ပုပ္ပားတောင်ချစ်သူများအသင်းက ပြုလုပ်မည်ဖြစ်ရာ မည်သူမဆို ပါဝင်နိုင်ကြောင်း သတင်းရရှိသည်။

# ရောဝတီနှင့်သံလွင်မြစ် ထိန်းသိမ်းရေး အလုပ်ရုံဆွေးနွေးပွဲ ဒီဇင်ဘာတွင် ကျင်းပမည်

**အိဖြူမွန်**

**ရန်ကုန်၊ နိုဝင်ဘာ -၃၀**

ဧရာဝတီမြစ်နှင့် သံလွင်မြစ်ထိန်းသိမ်းရေးအတွက် အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပူးပေါင်းပါဝင်ရာတွင် အထောက်အကူပြုမည့် နည်းပညာနှင့် အတွေ့အကြုံ ဖလှယ်မည့် အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့တွင် ဒီဇင်ဘာလအတွင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဧရာဝတီမြစ်နံဘေး သယံဇာတထိန်းသိမ်းရေးလူထုညီလာခံကို ဒီဇင်ဘာ ၁၇ရက်တွင် ပြည်လမ်းမပေါ်ရှိယုဒသန်ခန်းမ၌ပြုလုပ်မည်ဖြစ်ပြီး အထက်ပိုင်းနှင့် အောက်ပိုင်းမှကျေးရွာအုပ်စု ၁၁ ရွာတက်ရောက်မည်ဟုသိရသည်။ အဆိုပါကျေးရွာများက ဧရာဝတီလက်ရှိကြုံတွေ့နေရသည့် သဘာဝပတ်ဝန်းကျင်ပြဿနာများ ရှင်းလင်းတင်ပြကြမည့်အပြင် ခြောက်လကြာသုတေသနပြုလုပ်ထားသည့် အစီရင်ခံစာတစ်စောင်ကိုလည်း ထုတ်ပြန်မည်ဟုဆိုသည်။

သံလွင်မြစ်ကြောင်း ထိန်းသိမ်းရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၈ရက်တွင် ဒိုင်းမွန်းကွန်ဒို၌ ကျင်းပမည်ဖြစ်ပြီး ကျွမ်းကျင်သူနည်းပညာရှင်များက တက်ရောက်ဆွေးနွေးကြမည်ဖြစ်သည်။ သံလွင်မြစ်သည် ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ကယားပြည်နယ်တို့ကိုဖြတ်သန်းစီးဆင်းသောကြောင့်ယင်းပြည်နယ်များရှိဇီဝမျိုးစုံမျိုးကွဲများအကြောင်း၊ ရေစီးဆင်းမှုများအကြောင်း ဆွေးနွေးကြမည်ဖြစ်သည်။




Tourism
7 DAY NEWS JOURNAL
Vol.12, No.39 • DECEMBER 4 , 2013

# ချောင်းသာကမ်းခြေရှိ တရားမဝင်ဖွင့်ထားသည့် တည်းခိုခန်းများ ဖယ်ရှားခိုင်းရန် တိုင်းဒေသကြီးအစိုးရထံ တင်ပြ

**ခန့်ထက်**

**ရန်ကုန်၊ နိုဝင်ဘာ-၃၀**

ချောင်းသာကမ်းခြေတွင် တရားမဝင်ဖွင့်လှစ်ထားသော တည်းခိုခန်းများ ဖယ်ရှားပေးရန် တည်းခိုခန်းလုပ်ငန်းရှင်များက တိုင်းဒေသကြီးအစိုးရထံသို့ တင်ပြထားကြောင်း သတင်းရရှိသည်။



*ချောင်းသာကမ်းခြေသို့ လာရောက်အပန်းဖြေသူများကို တွေ့ရစဉ်* ဓာတ်ပုံ - 7Day Daily

ချောင်းသာတွင် ဟိုတယ်ခရီး၌ လိုင်စင်ယူပြီး ဆောင်ရွက်ခြင်းမဟုတ်သော တည်းခိုခန်းအလုံး ၃၀ ခန့် ပိတ်သိမ်းရန်အတွက် ဧရာဝတီတိုင်းဒေသကြီး အစိုးရသို့ တင်ပြထားကြောင်း တည်းခိုခန်းလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအားရွှေက ပြောသည်။

"တိုင်းဒေသကြီးအစိုးရကို ဒီကိစ္စနဲ့ပတ်သက်ပြီးတင်ပြတော့ ငွေဆောင်မှာ ဆီးဂိမ်းပြီးရင် ဆောင်ရွက်ပေးပါ့မယ်လို့ ပြောတယ်" ဟု ဦးအားရွှေက ပြောကြားသည်။

ချောင်းသာ ကမ်းခြေတွင် တရားမဝင် တည်းခိုခန်းလုပ်ငန်း ဆောင်ရွက်နေသည့် တည်းခိုခန်း ၃၀ ခန့်နှင့် အခန်းပေါင်း ၆၀ ကျော် ရှိနိုင်သည်ဟု ဆိုသည်။

အဆိုပါလုပ်ငန်းဆောင်ရွက်နေသောသူများသည် ယခင်အစိုးရလက်ထက်က တပ်မတော်မှ သိမ်းယူထားသော မြေပေါ်တွင် အသနားခံစာတင်ပြီးပြန်လည်နေထိုင်သူများဖြစ်ပြီး ယင်းနေရာတွင် တည်းခိုဆောင်များ ဆောက်လုပ်၍ ဈေးသက်သက်သာသာဖြင့် လုပ်ငန်းဆောင်ရွက်နေကြောင်း ချောင်းသာငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"သူတို့က လုပ်ငန်းလိုင်စင် လျှောက်ထားဖို့လည်း မြေပိုင်ဆိုင်ကြောင်း အထောက်အထားက မရှိဘူး" ဟု ချောင်းသာကျေးရွာအုပ်ချုပ်ရေးမှူး ဦးတေဇာအောင်က ပြောသည်။

ယင်းကဲ့သို့လုပ်ငန်းလုပ်ကိုင်နေသော သူများနှင့် သက်ဆိုင်ရာမြို့နယ် စည်ပင်တို့နှင့် ညှိနှိုင်းနေပြီး ဒီဇင်ဘာ လကုန်တွင် ပြေလည်အောင် ညှိနှိုင်းနိုင်မည်ဖြစ်ကြောင်း ဦးတေဇာအောင်က ပြောသည်။

ချောင်းသာရှိ ဟိုတယ်လုပ်ငန်းရှင်များသည် သက်ဆိုင်ရာမြို့နယ်စည်ပင်တို့နှင့် ညှိနှိုင်းနေပြီး ဒီဇင်ဘာလကုန်တွင် ပြေလည်အောင် ညှိနှိုင်းနိုင်မည်ဖြစ်ကြောင်း ဦးတေဇာအောင်က ပြောသည်။

ချောင်းသာရှိ ဟိုတယ်လုပ်ငန်းရှင်များသည် သက်ဆိုင်ရာမြို့နယ်စည်ပင်၊ အစိုးရအဖွဲ့များသို့ အခွန်ဆောင်ခြင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနသို့ လုပ်ငန်းလိုင်စင်များ လျှောက်ထားပြီး ဆောင်ရွက်နေသောကြောင့် ယင်းကဲ့သို့ တရားမဝင် လုပ်ဆောင်နေသူများကို အရေးယူပေးရန် တောင်းဆိုရခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။

တရားမဝင် လုပ်ကိုင်နေသူများအနေဖြင့် ယခင်အစိုးရလက်ထက်က နစ်နာဆုံးရှုံးခဲ့ရသူများဖြစ်သောကြောင့် ယင်းတို့အနေဖြင့် တည်းခိုခန်းလုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုသည်ဟု ပြောကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတေဇာအောင်က ဆိုသည်။

ယင်းတို့အား မြေပိုင်ဆိုင်ခွင့် ပြန်လည်ချထားပေးမည်ဆိုပါက နှစ်ဦးနှစ်ဖက် အကောင်းဆုံးပြေလည်သွားနိုင်ကြောင်း ဦးတေဇာအောင်က သုံးသပ်သည်။

လက်ရှိတွင်ချောင်းသာကမ်းခြေ၌ လိုင်စင်ရ တည်းခိုခန်း ၄၄ လုံးရှိကြောင်း ချောင်းသာ တည်းခိုခန်း လုပ်ငန်းရှင်များ အသင်းမှ သတင်းရရှိသည်။

# နာဂရိုးရာ နှစ်သစ်ကူးပွဲတော် နန်းယွန်းမြို့တွင် ကျင်းပမည်

**နန်းအောင်**

**ရန်ကုန်၊ နိုဝင်ဘာ-၃၀**

လာမည့်နှစ် ဇန်နဝါရီတွင် ကျင်းပမည့် နာဂတိုင်းရင်းသားတို့၏ ရိုးရာနှစ်သစ်ကူးပွဲတော်ကို နာဂဒေသ နန်းယွန်းမြို့တွင် ကျင်းပမည်ဖြစ်ကြောင်း ပွဲတော်ဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးယောင်ရန်းကပြောသည်။

၂၀၁၃ ခုနှစ် ဇန်နဝါရီတွင် ကျင်းပခဲ့သည့် နာဂပွဲတော်ကို နန်းယွန်းမြို့တွင် ကျင်းပရန် စီစဉ်ခဲ့သော်လည်း လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်းနှင့် နယ်မြေလုံခြုံရေးပိုင်းဆိုင်ရာ ခက်ခဲမှုရှိသည်ဟုဆိုကာ လဟယ်မြို့တွင် ပြောင်းရွှေ့ကျင်းပခဲ့ရသည်။

"လာမည့်ပွဲတော်ကို နန်းယွန်းမှာလုပ်ဖို့ ပြင်ဆင်နေပြီ။ အထက်က ခွင့်ပြုချက်လည်း ရပြီ။ အဓိကကတော့ ရှင်ဗွေယန်နဲ့ နန်းယွန်းကြား လမ်းကောင်းဖို့ပဲလိုတယ်။ လမ်းပြင်ပြီးသွားရင်တော့ ပွဲတော်ပြင်ဆင်ရေးလုပ်ငန်းတွေစလုပ်လို့ရပြီ" ဟု ဥက္ကဋ္ဌ ဦးယောင်ရန်းက ပြောသည်။


နာဂနှစ်သစ်ကူးပွဲတော်ကို နိုင်ငံတော်ဗဟိုအဆင့်၏ ညွှန်ကြားချက်ဖြင့် နာဂဒေသ လေရှီး၊ လဟယ်၊ ခန္တီး၊ နန်းယွန်းမြို့များတွင် အလှည့်ကျစနစ်ဖြင့် ကျင်းပရန် စီစဉ်ထားသော်လည်း နန်းယွန်းမြို့တွင် ၂၀၁၀ ခုနှစ်က တစ်ကြိမ်သာ ကျင်းပခွင့်ရခဲ့သည်ဟု ဆိုသည်။

နာဂနှစ်ကူးပွဲတော်ကို ဇန်နဝါရီ ၁၄ ရက်မှ ၁၅ ရက်ထိ ကျင်းပမည်ဖြစ်ပြီး ပွဲတော်နေ့တွင် နာဂလူမျိုးများ၏ အောင်လံတိုင်စိုက်ထူခြင်း အခမ်းအနား၊ နာဂမျိုးနွယ်ပေါင်းစု အဆို၊ အကများဖြင့် တင်ဆက်ခြင်း၊ အားကစားပြိုင်ပွဲများ အပါအဝင် ညပွဲအစီအစဉ်ဖြင့် ဒေသခံတေးဂီတအဖွဲ့ဖြစ်သည့် Shining Star တေးဂီတ အဖွဲ့မှ ဖျော်ဖြေတင်ဆက်မည်ဟုသိရသည်။

နာဂပွဲတော် တက်ရောက်ရန် နိုင်ငံတော်သမ္မတ၊ ဒု-သမ္မတ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး၊ စစ်ကိုင်းတိုင်းဝန်ကြီးချုပ်တို့ အပါအဝင် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများကိုလည်း ဖိတ်ကြားသွားမည်ဟု သတင်းရရှိသည်။

နာဂပွဲတော်များတွင် မြန်မာပြည်ဘက်ရှိ နာဂနှစ်ကူးပွဲတော် အပါအဝင် အိန္ဒိယနိုင်ငံ နာဂလင်း(မ်)ပြည်နယ်တွင် ဒီဇင်ဘာ ၁ ရက်မှ ၂ ရက်ထိ ကျင်းပသည့် အောက်ချင်းငှက်ပွဲတော် (Horn Bill Festival) နှင့် ပန်ဆောင်နယ်စပ်ဆောင်းရာသီပွဲတော်တို့မှာ ထင်ရှားသည့်ပွဲတော်များဖြစ်ပြီး ယင်းပွဲတော်များတွင် ကမ္ဘာလှည့် ခရီးသွား ဧည့်သည်များလည်း အများဆုံးလာရောက် လေ့လာကြသည်။













7 DAY NEWS JOURNAL
Vol.12, No.39 • DECEMBER 4 , 2013



# အီရန်သမ္မတဟာဆန်ရူဟာနီနှင့် တွေ့ဆုံမေးမြန်းခြင်း

**ခင်မေဇော်(ဝါရှင်တန်ဒီစီ)**

ပြီးခဲ့သည့် ဇူလိုင်ရွေးကောက်ပွဲတွင် အနိုင်ရပြီး ဩဂုတ်လ ၃ ရက်က သမ္မတရာထူးကို စတင်ထမ်းဆောင်နေသူ အီရန်သမ္မတဟာဆန်ရူဟာနီကို နိုင်ငံရေးအရ သဘောထားပျော့ပျောင်းသူဟု ယူဆကြသည်။ သူက လူမှုအခွင့်အရေး ပြဋ္ဌာန်းချက်များအတွက် ပြင်ဆင်မည်။ စီးပွားရေးဖွံ့ဖြိုးမှုရှိအောင် လုပ်ဆောင်မည်။ အနောက်အုပ်စုနှင့် ဆက်ဆံရေးကို ပြင်ဆင်တိုးမြှင့်မည်ဟု ဆိုခဲ့သည်။

The Financial Times သတင်းစာက ၎င်းအား တွေ့ဆုံမေးမြန်းထားသည်များမှ အချို့ကို ကောက်နုတ် ဖော်ပြလိုက်ပါသည်။

**မနေ့က စီးပွားရေးနဲ့ပတ်သက်ပြီး ခင်ဗျားက အရေးကြီးတဲ့ မိန့်ခွန်းပြောခဲ့ပါတယ်။ ဆိုးရွားနေတဲ့ စီးပွားရေးအခြေအနေနဲ့ပတ်သက်ပြီးတော့။ ဒီတော့ စီးပွားရေးပြန်လည်ထူထောင်ဖို့ ခင်ဗျားဘယ်လို စီစဉ်ထားသလဲ။ သမ္မတရာထူးကို ဆက်ခံတော့ နိုင်ငံရဲ့ စီးပွားရေးအခြေအနေနဲ့ပတ်သက်ပြီး ခင်ဗျား ထိတ်လန့်သွားပါသလား။**

ဒီအစိုးရက အင်မတန်ဆိုးရွားတဲ့ စီးပွားရေးကို ဆက်ခံလိုက်ရပါတယ်။ နိုင်ငံတွင်းမှာ စီးပွားရေးရပ်တန့်နေတာရော၊ ငွေဖောင်းပွမှုကိုပါ ကျွန်တော်တို့တွေ့မြင်နေရပေမယ့် နိုင်ငံရဲ့ အနာဂတ်စီးပွားရေးအတွက် ကျွန်တော်တို့ အင်မတန်မျှော်လင့်ထားပါတယ်။ ဒါက ကျွန်တော်တစ်ယောက်တည်းရဲ့ အမြင်မဟုတ်ပါဘူး။ ကျွန်တော့်ရဲ့ စီးပွားရေးအဖွဲ့ကလည်း အလားတူပဲ ယူဆပါတယ်။ ကျွန်တော်တို့ စီးပွားရေးပြဿနာတွေကို အချိန်တိုတိုအတွင်း ကိုင်တွယ်နိုင်မှာပါ။ ဒီလိုမျှော်လင့်နိုင်တဲ့ အကြောင်းကလည်း ပြီးခဲ့တဲ့ သုံးလအတွင်း ကျွန်တော်တို့က ငွေဖောင်းပွမှုတွေကို အတိုင်းအတာတစ်ခုအထိ ထိန်းထားနိုင်ခဲ့တယ်။ ကျွန်တော်ထင်ပါတယ်။ ၄၃ ရာခိုင်နှုန်းကနေ ၃၆ ရာခိုင်နှုန်းအထိ ကျသွားတယ်။ ဒါက ကောင်းတဲ့ လက္ခဏာပါ။ ဒီလမ်းအတိုင်းပဲ ငွေဖြစ်လွယ်မှုကို ထိန်းပြီး စီးပွားရေးအခင်းအကျင်းကို ပြင်သွားမှာပါ။

**ခင်ဗျားရဲ့ ခန့်မှန်းချက်တွေက စီးပွားရေးပိတ်ဆို့မှုကို ဖယ်ရှားလိုက်တဲ့အပေါ် မူတည်နေသလား။ အီရန်စီးပွားရေးအတွက် စီးပွားရေးပိတ်ဆို့မှု ဖယ်ရှားဖို့က ဘယ်လောက် အရေးပါနေပါသလဲ။**

ကျွန်တော့်ရဲ့ စီးပွားရေးအစီရင်ခံစာကို ဖတ်ကြည့်ရင် ခင်ဗျား မြင်ရပါလိမ့်မယ်။ လက်ရှိပိတ်ဆို့မှုအောက်မှာကိုပဲ ကျွန်တော်တို့ရဲ့ ငွေဖောင်းပွမှုနည်းအောင် ထိန်းထားနိုင်ခဲ့တယ်။ ဒီအောက်မှာပဲ အီရန်ရဲ့ စီးပွားရေးဖွံ့ဖြိုးလာမယ်လို့ ခန့်မှန်းထားတယ်။ ဒါပေမဲ့ တစ်ချိန်တည်းမှာပဲ စီးပွားရေးပိတ်ဆို့မှု ဖွင့်ပေးရင်၊ ဖယ်ရှားလိုက်ရင်တော့ စီးပွားရေးအပေါ် အကျိုးသက်ရောက်မှုတွေကို မြင်ရမှာတော့ အသေအချာပါပဲ။

**အဏုမြူဆိုင်ရာသဘောတူညီချက်က အီရန်နဲ့ ကျန်ကမ္ဘာ့နိုင်ငံတွေကြား ယုံကြည်မှုတည်ဆောက်တဲ့နေရာမှာ သိပ်အရေးကြီးပါတယ်။ ခင်ဗျားကတကယ်ပဲအဏုမြူလက်နက် မလုပ်ချင်ပါဘူး။ တကယ်ပဲ အပေးအယူလုပ်ချင်ပါတယ်ဆိုတာကို အမေရိကန်အစိုးရအဖွဲ့နဲ့ ကွန်ဂရက်ကလူတွေ လက်ခံလာအောင်လို့ အီရန်က ဘာလုပ်နိုင်ပါသလဲ။ အဆင့်နိမ့်ယူရေနီယမ် ထုတ်လုပ်တဲ့အရွယ်က ဘယ်အရွယ်အထိဆိုပြီး ခင်ဗျားတို့ကန့်သတ်ထားတာရှိပါသလား။**

ကျွန်တော်တို့ အကြိမ်ကြိမ်ပြောနေခဲ့သလိုပါပဲ။ အီရန်ရဲ့ အနုမြူတွေက ငြိမ်းချမ်းရေးအတွက် ရည်ရွယ်ပြီးလုပ်နေတာပါ။ အဏုမြူလုပ်ရပ်တွေအားလုံးက အိုင်အေအီးအေ နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီရဲ့ စောင့်ကြည့်မှုအောက်ကနေ လုပ်နေတာပါ။ ကျွန်တော်တို့ရည်ရွယ်ချက်ထဲမှာ လူအများအပြားကို သေစေနိုင်တဲ့ လက်နက်ထုတ်ဖို့ မရှိပါဘူး။ ခင်ဗျားပြောသလို ဘယ်အရွယ်အထိလဲဆိုရင် ကျွန်တော်တို့ အဏုမြူစွမ်းအင်လိုအပ်တဲ့အပေါ်မှာ မူတည်နေပါတယ်။

**ခင်ဗျားအနေနဲ့ သမ္မတအိုဘားမားကို တီဟီရန်ကို အနာဂတ်မှာ ဖိတ်ခေါ်ဖို့ရှိပါသလား။ နိုင်ငံရေးပြုပြင်ပြောင်းလဲသူတစ်ယောက်လို့ မြင်သလား။**

စက်တင်ဘာလမှာ ဖုန်းနဲ့ စကားပြောခဲ့တုန်းက သူ့ကို အင်မတန်ယဉ်ကျေးပြီး စကားအရာကြွယ်တဲ့သူလို့ မြင်ပါတယ်။ အီရန်-အမေရိကန်ပြဿနာက အတော်ရှုပ်ထွေးပါတယ်။ အချိန်တိုတိုနဲ့ ဖြေရှင်းလို့မရနိုင်ပါဘူး။ ဒီလိုရှုပ်ထွေးပေမယ့် ပြီးခဲ့တဲ့ ရက် ၁၀၀ အတွင်းမှာ စပြီးဆက်သွယ်ရေးပွင့်လာပါတယ်။ နောက်ပိုင်းမှာလည်း အဲဒီပွင့်လင်းမှုကပိုပြီး ကျယ်ပြန့်လာနိုင်ပါတယ်။

**အဏုမြူနဲ့ပတ်သက်ပြီး စကားစပြောနေနိုင်ပြီး နှစ်ဖက်နားလည်မှုတွေ စတင်တည်ဆောက်နေတယ်။ နောက်ပြီးတော့ ခင်ဗျားရဲ့ ရွေးကောက်ပွဲကလည်း ပြောင်းလဲမှုကိုပြနေတယ်။ ဒါပေမဲ့ အစ္စရေး၊ ဆော်ဒီအာရေဗီးယားနဲ့ ဝါရှင်တန်က ရှေးရိုးဆန်နေသူတွေက စိတ်ပူနေသေးတယ်။ ခင်ဗျားတို့ ဆီးရီးယားမှာရှိနေတာရယ်၊ ဟက်ဇဘူလာတွေကိုအထောက်အပံ့ပေးနေတာရယ်ကြောင့်ပဲ။ အဲဒီတော့ ခင်ဗျားတို့က ဒီပြဿနာတွေရှိနေတဲ့ အချိန်မှာ အီရန်ရဲ့ နိုင်ငံခြားရေးမူဝါဒတွေအပေါ် မယုံမကြည်ဖြစ်နေတဲ့အချိန်မှာ ယုံကြည်မှုကို ဘယ်လောက်အထိတည်ဆောက်နိုင်မလဲ။**

ဆီးရီးယားနဲ့ပတ်သက်လို့ အဓိက စိတ်ပူစရာက ဆီးရီးယားမြေပေါ်မှာ အကြမ်းဖက်အဖွဲ့တွေရှိနေတဲ့ ပြဿနာပဲ။ ဒီကိစ္စကို နိုင်ငံတိုင်းက စိတ်ပူသင့်တယ်။ ဆီးရီးယားနိုင်ငံမှာ သွေးချောင်းစီးနေတဲ့ ပြည်တွင်းစစ်က ဆက်ဖြစ်နေရင် ဒေသတွင်းတည်ငြိမ်မှုကို ထိခိုက်တယ်ဆိုတာ ကျွန်တော် အခြေခံအားဖြင့် လက်ခံတယ်။ လက်ရှိမှာ ကျွန်တော်က ဒေသတွင်းနဲ့ အနောက်နိုင်ငံတွေနဲ့ ဆီးရီးယားရှေ့ရေးအပေါ် ညှိနှိုင်းနေပါတယ်။ ဆီးရီးယားက ပြည်တွင်းစစ်ပြီးဆုံးပြီး အကြမ်းဖက်သမားတွေ အဲဒီကနေ ထွက်ခွာအောင်လို့ ကျွန်တော်တို့အကောင်းဆုံးကူညီနေပါတယ်။ ဒါကလည်း ဆီးရီးယားအစိုးရနဲ့ အတိုက်အခံအကြား ညှိနှိုင်းမှုတွေအပေါ်မှာ မူတည်နေပြီး ဒီကနေ သူတို့ ရွေးကောက်ပွဲလုပ်သွားရမှာပါ။

**ခင်ဗျားအနေနဲ့ အမေရိကန်၊ အနောက်အုပ်စုတွေနဲ့ ဆီးရီးယားကိစ္စ တိုးတိုးတိတ်တိတ် ညှိနှိုင်းတာ ရှိပါသလား။**

အမေရိကန်နဲ့တော့ မရှိပါဘူး။ ဥရောပနဲ့တော့ စကားပြောနေပါတယ်။ မကြာမီ ဆီးရီးယားမှာလုပ်မယ့် ငြိမ်းချမ်းရေးညီလာခံမှာ အီရန်က ပါဝင်ရင်တော့ အဲဒီမှာ ပါဝင်တဲ့ သူတိုင်းနဲ့ ပြောရမှာပေါ့။

**ခင်ဗျားကို အကောင်းမြင်ဝါဒီလို့ ပြောကြတယ်။ ဒါပေမဲ့ရွေးကောက်ပွဲက လွတ်လပ်ပြီး တရားမျှတခဲ့ရင် နောက်ဘာရှားအယ်လ်အာဆတ်က အာဏာကနေ ဖယ်ပေးမယ်လို့ ယူဆဖို့ကတော့ ခင်ဗျားအင်မတန်ကို အကောင်းမြင်လွန်းမှ ရမယ် ထင်တယ်နော်။**

ကျွန်တော်က အကောင်းမြင်ဝါဒီမဟုတ်ပါဘူး။ ဒါပေမဲ့ အဆိုးမြင်လည်းမဟုတ်ဘူး။ ဆီးရီးယားရဲ့ အနာဂတ်ကို ကျွန်တော်ကြိုပြီး မပြောနိုင်ပါဘူး။ ဒါပေမဲ့ လူတွေရဲ့ ဆုံးဖြတ်ချက်အတွက်တော့ ပြင်ဆင်ထားသင့်တယ်။ လူတွေက မစ္စတာအာဆတ်ကို မရွေးဘူးဆိုလည်း ရပါတယ်။ လူတွေက ဘယ်သူ့ကို ရွေးရွေး ကျွန်တော်တို့က ပြည်သူတွေရဲ့ ရွေးချယ်မှုကို အလေးထားရမှာပါ။

**ခင်ဗျားရဲ့ ပထမ သမ္မတသက်တမ်းအကုန်မှာ အီရန်နိုင်ငံအခြေအနေ ဘယ်လိုဖြစ်မယ်ထင်သလဲ။**

ဒီလေးနှစ်သက်တမ်းကုန်ချိန်မှာ အီရန်ဟာ စီးပွားရေးအရ အများကြီးပိုကောင်းနေပါလိမ့်မယ်။ ဒေသတွင်းဩဇာလွှမ်းမိုးမှု၊ ယဉ်ကျေးမှုနဲ့ ပြည်တွင်းနိုင်ငံရေးတွေမှာ အများကြီးပိုကောင်းလာမယ်။ ပြီးခဲ့တဲ့ရက် ၁၀၀ အတွင်းမှာ ဒီလိုတိုးတက်လာတဲ့လက္ခဏာတွေကို တွေ့နေရပါပြီ။

*(နိုဝင်ဘာ ၂၇ ရက်က တီဟီရန်တွင် The Financial Times မှ Lionel Barber, Roula Khalaf and Najmeh Bozorg-mehr တို့က သမ္မတဟာဆန်ရူဟာနီနှင့် တွေ့ဆုံမေးမြန်းခန်းမှ ကောက်နုတ်ဖော်ပြပါသည်။)*

# ဆူနာမိကောလာဟလသတင်းကြောင့် ဖိလစ်ပိုင်မုန်တိုင်းဒဏ်သင့်ပြည်သူများ ထွက်ပြေး

**မနီလာ၊ ဒီဇင်ဘာ-၁**

ဖိလစ်ပိုင်နိုင်ငံ အန်တီကေးဒေသမှ ဟိုင်ယန်တိုင်ဖွန်းမုန်တိုင်းဒဏ်သင့်ပြည်သူတစ်ထောင်ခန့်သည် ဆူနာမိကောလာဟလသတင်းများကြောင့် ၎င်းတို့၏နေအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ကြသည်ဟု ပြည်တွင်းကာကွယ်ရေးအရာရှိများက ဒီဇင်ဘာ ၁ ရက်တွင် ပြောကြားသည်။

အန်တီကေးဒေသအာဏာပိုင်များသည် ဒေသခံပြည်သူများ ညတွင်းချင်း ထွက်ပြေးသွားရာ တောင်ပေါ်ကျေးရွာများသို့ သွားရောက်၍ ဆူနာမိအန္တရာယ်မရှိကြောင်းနှင့် ကမ်းရိုးတန်းရှိ အိမ်များသို့ ပြန်နိုင်ကြောင်း အသိပေးခဲ့ကြသည်။ တိုင်ဖွန်းမုန်တိုင်းဟိုင်ယန်ဒဏ်ကို တွေ့ကြုံဖူးသော ဒေသခံများသည်စိတ်ဒဏ်ရာများ ရရှိထားကြပြီး နိုဝင်ဘာ ၃၀ ရက်တွင် ဆူနာမိကောလာဟလသတင်းများကို ကြားကြားချင်းပင် ထွက်ပြေးခဲ့ကြသည်။

အစိုးရ၏ လက်ရှိလေ့လာချက်တွင် ငလျင်ကြီးကြီးမားမား လှုပ်ခတ်နိုင်သည်ဟု မှတ်တမ်းမရှိကြောင်းနှင့် မည်သည့်ဆူနာမိသတိပေးချက်မှ ထုတ်ပြန်ထားခြင်းမရှိကြောင်း ဖိလစ်ပိုင်မီးတောင်နှင့် မြေငလျင်ပညာလေ့လာရေးအဖွဲ့ကပြောကြားခဲ့သည်။ ဒေသခံအရာရှိများသည် ကမ်းရိုးတန်းမြို့ငယ်များတွင် ဘေးလွတ်ရာသို့ ထွက်ပြေးမှုများဖြစ်စေရန် သတင်းအမှားများဖြန့်သူကို စုံစမ်းနေဆဲဖြစ်သည်။ မသမာသူများသည် မိုဘိုင်းဖုန်းများမှတစ်ဆင့် သတိပေးစာများပေးပို့၍ ကောလာဟလသတင်းများ ဖြန့်ခဲ့သည်ဟုယူဆကြောင်း အန်တီကေးဒေသ သဘာဝဘေးအန္တရာယ်လျော့ပါးစေရေးနှင့် စီမံခန့်ခွဲရေးကောင်စီ ပြောခွင့်ရပုဂ္ဂိုလ် လက်ခ်ဘန်နီတက်ဇ်က ပြောကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံတွင် ပြီးခဲ့သည့် နိုဝင်ဘာလက တိုက်ခတ်ခဲ့သော အင်အားအလွန်ပြင်းသည့် ဟိုင်ယန်တိုင်ဖွန်းမုန်တိုင်းကြောင့် အနည်းဆုံး လူ ၅,၆၃၂ ဦး သေဆုံးခဲ့ပြီး ၁,၇၅၉ ဦး ပျောက်ဆုံးနေဆဲဖြစ်သည်။ အန်တီကေးဒေသတွင် ဟိုင်ယန်မုန်တိုင်းကြောင့်လူ ၁၃ ဦး သေဆုံးခဲ့သည်။ —*Ref: AFP*

# စမတ်ဖုန်းများတွင် မြေငလျင်သတိပေးချက် ဖော်ပြပေးမည့် Application ၂၀၁၄ နှစ်ဆန်းတွင် အဆင်သင့်ဖြစ်မည်

**ရီယိုဒီဂျနေရိုး၊ ဒီဇင်ဘာ-၁**

မြေငလျင်သတိပေးချက်များကို ကြိုတင်ဖော်ပြနိုင်ရန် တီထွင်ထားသည့်စမတ်ဖုန်း Application တစ်မျိုး ၂၀၁၄ နှစ်ဆန်းတွင်သုံးစွဲရန်အသင့်ဖြစ်နိုင်သည်ဟု ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုးမြို့တွင် ကျင်းပခဲ့သည့် ကမ္ဘာ့သိပ္ပံပညာအစည်းအဝေး၌ သိပ္ပံပညာရှင်များက ပြောကြားလိုက်သည်။

သဘာဝဘေးအန္တရာယ်များကို တိုက်ဖျက်ရန် နည်းပညာမည်သို့အသုံးပြုမည်ဆိုသည့်အပေါ် ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သုတေသီများက ယခုသီတင်းပတ်အတွင်းကကျင်းပသော ဆွေးနွေးပွဲတွင်၎င်းတို့၏လုပ်ငန်းစဉ်ကိုထုတ်ဖော်ပြသခဲ့ကြသည်။

ငလျင်ဗဟိုချက်နှင့်ဆက်စပ်မှုအတွင်း ယင်းစမတ်ဖုန်း Application ကို အသုံးပြုနေသူ၏ နေရာပေါ်အခြေခံပြီး ငလျင်မလှုပ်မီ တစ်မိနစ်နှင့် စက္ကန့်အနည်းငယ်ကြား ယင်း Application က သတိပေးနိုင်သည်။

အပျက်အစီးဖြစ်ပေါ်ခြင်း မရှိနိုင်သည့် Pwave ဟု ခေါ်သော ကနဦးငလျင်လှိုင်းများ လှုပ်ခတ်မှုမှကနဦးထုတ်လွှတ်သောစွမ်းအင်များကိုယင်း Application က ဖမ်းယူနိုင်သည်။ ငလျင်စတင်လှုပ်ခတ်ချိန်နှင့် အမြင့်ဆုံးလှုပ်ခတ်ချိန်ကို အမြဲမပြတ်စုံစမ်းသိရှိရန်ပြဿနာဖြေရှင်းနိုင်သည့် ကွန်ပျူတာစနစ်များကို ယင်းနည်းပညာတွင် သုံးထားပြီး ထိခိုက်နိုင်သည့်ဒေသများရှိ ဒေသခံများအား သတိပေးနိုင်သည်။

ငလျင်ကွန်ရက်များကိုစောင့်ကြည့်ထားသည့်ဒေသဆိုင်ရာကွန်ရက်များမှ အချက်အလက်များကို ယင်းပြဿနာဖြေရှင်းနိုင်သည့် ကွန်ပျူတာစနစ်တွင် အသုံးပြုထားသည်။ အမှန်တကယ် ငလျင်ဗဟိုချက်တွင်ရှိနေမည့် လက်ကိုင်ဖုန်းများမှာမူ ကြိုတင်သတိပေးချက်များ လက်ခံရမည်မဟုတ်ပေ။

သို့သော် ယင်းစနစ်က ဖမ်းယူထားသည့် ကနဦးငလျင်လှိုင်းများကို အခြားလက်ခံသူများထံသို့ ပို့လွှတ်ပေးမည်ဖြစ်သည်။ ထို့ကြောင့် ယင်းနေရာနှင့် ကီလိုမီတာအနည်းငယ်အကွာတွင်ရှိနေသူများအနေဖြင့် အဝေးထိန်းစနစ်သုံး ကွန်ပျူတာအချက်အလက်များကို တုံ့ပြန်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် မည်သည့်နေရာတွင် မည်သို့ဖြစ်နေသည်၊ နောက်ထပ်မည်သို့ဖြစ်လာဖွယ်ရှိသည်ကို၎င်းတို့အနေဖြင့် သတင်းအချက်အလက် ပိုမိုရရှိနိုင်မည်ဖြစ်သည်။

—*Ref: AFP*




ဘတ်ဇ်အယ်လ်ဒရင်သည် အမေရိကန်နိုင်ငံသား အာကာသယာဉ်မှူးဖြစ်ပြီး ၁၉၆၉ ခုနှစ်တွင် လပေါ်သို့ ပထမဆုံးခြေချခဲ့သူ အာကာသယာဉ်မှူး နီးလ်အမ်းစထရောင်းနှင့်အတူ အပိုလို-၁၁ အာကာသယာဉ်ဖြင့် လိုက်ပါ၍ လပေါ်တွင် လမ်းလျှောက်ခဲ့သူဖြစ်သည်။

အယ်လ်ဒရင်ကို ၁၉၃၀ပြည့်နှစ် ဇန်နဝါရီ ၂၀ ရက်က နယူးဂျာစီပြည်နယ် မောင့်ကလဲဒေသတွင် မွေးဖွားခဲ့သည်။ ဖခင်ဖြစ်သူမှာ အမေရိကန်လေတပ်ဗိုလ်မှူးကြီးဖြစ်ပြီး မိခင်မှာ ကြည်းတပ်အရာရှိတစ်ဦး၏ သမီးဖြစ်သည်။ ဖခင်က၎င်း၏လေယာဉ်ပျံသန်းမှုစိတ်ဝင်စားခြင်းကို အားပေးခဲ့သည်။

အယ်လ်ဒရင်သည် ၁၉၄၇ ခုနှစ်တွင် မောင့်ကလဲအထက်တန်းကျောင်းမှ အောင်မြင်ခဲ့ပြီး ဝက်စ်ပွိုင့်စစ်တက္ကသိုလ်သို့တက်ရောက်ခဲ့ပြီး စည်းကမ်းလိုက်နာမှု၌ အလွန်ထူးချွန်ကာ ပထမနှစ်တွင် အတန်းထဲ၌ ပထမရခဲ့သည်။ ၁၉၅၁ ခုနှစ် ကျောင်းပြီးဆုံးချိန်တွင် ၎င်း၏အတန်းတွင် တတိယနေရာရပြီး စက်မှုအင်ဂျင်နီယာဘွဲ့ ရရှိခဲ့သည်။

အယ်လ်ဒရင်၏ဖခင်ဖြစ်သူက ၎င်းကို လေကြောင်းပညာရပ်ဆက်လက်လိုက်စားစေလိုသော်လည်း ၎င်းကတိုက်လေယာဉ်မှူးဖြစ်ချင်ခဲ့၍ နောက်ဆုံးတွင် ဖခင်က အလျှော့ပေးကာ အမေရိကန်လေတပ်သို့ ဝင်ရောက်ခဲ့သည်။ လေတပ်လေ့ကျင့်ရေးကျောင်းတွင်လည်း ထူးချွန်ခဲ့သူ အယ်လ်ဒရင်သည် ကိုရီးယားစစ်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့ပြီး ရန်သူ့ MiG လေယာဉ်နှစ်စီးကို ပစ်ချနိုင်ခဲ့၍ လေတပ်ထူးချွန်ဆုရရှိခဲ့သည်။

ကိုရီးယားစစ်ပွဲပြီးဆုံး၍ မိခင်နိုင်ငံသို့ ပြန်လာချိန်တွင် အယ်လ်ဒရင်သည် မက်ဆာချူးဆက်နည်းပညာတက္ကသိုလ်(MIT)တွင် တက်ရောက်၍ လေကြောင်းပညာရပ်အထူးပြုဖြင့် ဒေါက်တာဘွဲ့ရရှိခဲ့သည်။ (MIT)ဒေါက်တာဘွဲ့စာတမ်းအတွက် လူလိုက်ပါသော ကမ္ဘာပတ်လမ်းကြောင်းအတွင်း စွန့်စားမှုများအကြောင်း အထူးပြုလေ့လာခဲ့သော အယ်လ်ဒရင်သည် အမေရိကန်အာကာသအေဂျင်စီ (NASA)၏ အာကာသယာဉ်စတင်ပျံသန်းရေးအစီအစဉ်အတွက် ရွေးချယ်ခံရသည်။

အယ်လ်ဒရင်သည် ၁၉၆၆ ခုနှစ်တွင် အခြားအာကာသယာဉ်မှူးတစ်ဦးဖြစ်သူ ဂျင်မ်လိုဗဲလ်နှင့် ဂျီမီနီ-၁၂ အာကာသယာဉ်နှင့် လိုက်ပါ၍ အာကာသထဲတွင် ငါးနာရီကြာ လမ်းလျှောက်စံချိန်တင်ခဲ့သည်။ ယင်းခရီးစဉ်အပြီးတွင် အယ်လ်ဒရင်သည် အပိုလို-၁၁ အာကာသယာဉ်တွင် နီးလ်အမ်းထစရောင်းနှင့်အတူ လိုက်ပါ၍ လပေါ်တွင်လမ်းလျှောက်ခဲ့ပြီး အခြားဂြိုဟ်တစ်ခုပေါ်တွင် လမ်းလျှောက်သော ပထမဆုံးလူသားနှစ်ဦးဖြစ်လာသည်။ ၎င်းတို့သည် လမျက်နှာပြင်ပေါ်တွင် ၂၁ နာရီကြာနေထိုင်ပြီး လပေါ်မှ ၄၆ ပေါင်ရှိသော ကျောက်တုံးများ သယ်ယူ၍ ကမ္ဘာမြေသို့ ပြန်လာခဲ့သည်။

ကမ္ဘာမြေသို့ ပြန်ရောက်ချိန်တွင် အယ်လ်ဒရင်မှာ အရပ်သားများအတွက် အမြင့်ဆုံးဂုဏ်ပြုဆု Presidential Medel of Freedom ဆု ချီးမြှင့်ခံရသည်။ အယ်လ်ဒရင်သည် ၁၉၇၂ ခုနှစ်တွင် နာဆာအဖွဲ့မှ အနားယူပြီး လေတပ်သို့ ပြန်လာကာ စီမံခန့်ခွဲရေးတွင် ပါဝင်လုပ်ကိုင်သည်။

နောက်ပိုင်းတွင် အာကာသသိပ္ပံနှင့်ပတ်သက်၍ နည်းပညာအများအပြားကို ဖော်ထုတ်နိုင်ခဲ့သူ အယ်လ်ဒရင်သည် ကမ္ဘာမြေသို့ အပြန်ခရီး (Return to Earth) ဟူသော ကိုယ်တိုင်ရေးအထ္ထုပ္ပတ္တိကို ရေးသားခဲ့သလို အောက်မေ့ဖွယ်မှတ်တမ်းစာအုပ်နှင့် ကလေးငယ်များအတွက် စာအုပ်အများအပြားလည်း ရေးသားခဲ့သည်။ ထို့အတူ စိတ်ကူးယဉ်သိပ္ပံဝတ္ထုနှစ်အုပ်လည်း ရေးသားခဲ့သည်။

ယခုအခါ အသက်(၈၀) ကျော်ပြီဖြစ်သော်လည်း မစ္စတာအယ်လ်ဒရင်သည်မိမိကိုယ်ကိုယ် အလုပ်ရှုပ်အောင် စီမံထားဆဲဖြစ်ပြီး တက္ကသိုလ်အချို့၌ ပို့ချပေးခြင်းနှင့် အခြားပြင်ပ စကားပြောပွဲအများအပြားတွင် ပါဝင်နေဆဲဖြစ်သည်။

မစ္စတာအယ်လ်ဒရင်သည် အိမ်ထောင်သုံးဆက်ကျခဲ့သည်။

—*Ref: Wikipedia*

# အရက်ကြိုက်လင်မယားနှစ်ဦး ကွာရှင်းနိုင်ခြေနည်းပါး

**နယူးယောက်၊ နိုဝင်ဘာ-၃၀**

လင်နှင့်မယား နှစ်ဦးလုံး အရက်နှစ်ခြိုက်သောက်သုံးသည့် စုံတွဲများသည် အချိန်အတိုင်းအတာတစ်ခုအထိ ကွာရှင်းနိုင်ခြေနည်းပါးကြောင်း လေ့လာမှုအသစ်တစ်ရပ်က ဖော်ပြသည်။

လင်မယားနှစ်ဦးတွင် တစ်ဦးသာ အရက်အလွန်သောက်သည့် စုံတွဲများထက် လင်မယားနှစ်ဦးလုံး အရက်အလွန်သောက်သည့် စုံတွဲများတွင် ကွာရှင်းမှုနှုန်းပိုနည်းကြောင်း သိရသည်။ အမေရိကန်နိုင်ငံ ဘတ်ဖလိုးသုတေသနအဖွဲ့အစည်းက လင်မယားစုံတွဲပေါင်း ၆၃၄ တွဲ၏ လက်ထပ်ချိန်မှစ၍ ပထမဆုံး အိမ်ထောင်သက်ကိုးနှစ်တာကို လေ့လာခဲ့ကြပြီးနောက် ယင်းသို့ တွေ့ရှိခဲ့ခြင်းဖြစ်သည်။



လင်မယားနှစ်ဦးတွင် တစ်ဦး အရက်သောက်သည့် စုံတွဲ ၅၀ ရာခိုင်နှုန်းမှာ ကွာရှင်းပြတ်စဲသွားတတ်ပြီး အခြားသောစုံတွဲများ၏ ကွာရှင်းမှုနှုန်းမှာ ၃၀ ရာခိုင်နှုန်းသာရှိသည်။

ယခုလေ့လာတွေ့ရှိချက်အရ လင်မယားနှစ်ဦးအနက် တစ်ဦးအရက်သောက်သည့်စုံတွဲများ ကွာရှင်းနိုင်ခြေပိုများကြောင်း သက်သေပြနေသည်ဟု သုတေသီအဖွဲ့ခေါင်းဆောင် ကင်နက်လီယိုနာ့ဒ်ကပြောသည်။ ယင်းမှာ ဖြစ်နိုင်ခြေရှိသည့် ရလဒ်တစ်ခုဖြစ်မည်ဟု လူအချို့က ထင်နိုင်သော်လည်း ယခုအချိန်မတိုင်မီအထိ ယင်းအဆိုကို အထောက်အကူပြုမည့် အချက်အလက် အနည်းငယ်သာရှိခဲ့ကြောင်း ၎င်းကပြောသည်။

ယင်းလေ့လာတွေ့ရှိချက်များကို ဒီဇင်ဘာလတွင်ထွက်ရှိမည့် စွဲလမ်းမှုအလေ့အထ စိတ်ပညာစာစောင်၌ ဖော်ပြသွားမည်ဖြစ်သည်။

—*Ref: AFP*

7DAY NEWS JOURNAL
Vol.12, No.39 • DECEMBER 4 , 2013

## ကိုရီးယားနှစ်နိုင်ငံပူးတွဲ စက်မှုဇုန်တွင် တောင်ကိုရီးယားအမျိုးသားတစ်ဦးအလောင်းတွေ့

**ဆိုးလ်၊ နိုဝင်ဘာ-၃၀**

မြောက်ကိုရီးယားနိုင်ငံရှိ တောင်နှင့် မြောက်ကိုရီးယားနှစ်နိုင်ငံ ပူးတွဲဖွင့်လှစ်ထားသော ကေဆောင်စက်မှုဇုန်၌ နိုဝင်ဘာ ၃၀ ရက်တွင် တောင်ကိုရီးယားအမျိုးသားတစ်ဦး သေဆုံးနေသည်ကို တွေ့ရှိရကြောင်းတောင်ကိုရီးယားအရာရှိများက ပြောကြားသည်။

သားရေပစ္စည်းများနှင့် မိုဘိုင်းဖုန်းနှင့်တွဲဖက်အသုံးပြုသည့် ပစ္စည်းများ ထုတ်လုပ်သော တောင်ကိုရီးယားကုမ္ပဏီတစ်ခုမှ အသက်(၅၅)နှစ်အရွယ် အလုပ်သမားတစ်ဦး သေဆုံးနေသည်ကို နိုဝင်ဘာ ၃၀ ရက် အစောပိုင်းတွင် တွေ့ရှိခဲ့သည်ဟု တောင်ကိုရီးယားပြန်လည်ပေါင်းစည်းရေးဝန်ကြီးဌာနက သတင်းထောက်များအား ပြောကြားသည်။

အဆိုပါအလုပ်သမား သေဆုံးရသည့် အကြောင်းရင်းကိုမသိရသေးကြောင်း၊ ပြင်ပဒဏ်ရာရရှိထားသည့် လက္ခဏာများမရှိကြောင်းနှင့် သေဆုံးသူအမျိုးသား၌ နာတာရှည်ရောဂါဝေဒနာများမရှိကြောင်း တောင်ကိုရီးယားအရာရှိများက ပြောကြားသည်။

ကေဆောင်စက်မှုဇုန်သည် နောက်ဆုံးကျန်ရှိသော ကိုရီးယားနှစ်နိုင်ငံ ပြန်လည်သင့်မြတ်ရေး စီမံကိန်းဖြစ်သည်။ မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားခြိမ်းခြောက်မှုများကြောင့် တင်းမာမှုများ ဖြစ်ပွားနေစဉ် မြောက်ကိုရီးယားဘက်မှ အလုပ်သမားများကို ပြန်လည်ရုပ်သိမ်းခဲ့ရာ ဧပြီလတွင် စက်ရုံလုပ်ငန်းများ ရပ်ဆိုင်းခဲ့သည်။ သို့ရာတွင် ငါးလခန့်အကြာ၌ မြောက်ကိုရီးယားနိုင်ငံသည် တောင်ကိုရီးယားနှင့် သံတမန်လုပ်ငန်း ပြန်လည်စတင်ခဲ့ပြီး ကေဆောင်စက်မှုဇုန်ကို ပြန်လည်ဖွင့်ခဲ့သည်။ တောင်ကိုရီးယားနိုင်ငံမှ နည်းပညာနှင့်ရင်းနှီးငွေ၊ မြောက်ကိုရီးယားနိုင်ငံမှ ဈေးသက်သာသော အလုပ်သမားများဖြင့် ပေါင်းစပ်၍ ကေဆောင်စက်မှုဇုန်ကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

*—Ref: AP*

## ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေး ပထမဆုံး အမျိုးသမီးလက်ထောက်တစ်ဦးခန့်အပ်

**တိုကျို၊ နိုဝင်ဘာ-၃၀**

ဂျပန်နိုင်ငံ တိုကျိုမြို့သို့ ပထမဆုံး အမေရိကန်အမျိုးသမီးသံအမတ်ကြီးအဖြစ် မစ္စစ်ကယ်ရိုလင်းကနေဒီ ရောက်ရှိလာပြီးနောက် သီတင်းပတ်များ မကြာမီတွင် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ဂျပန်နိုင်ငံ၏ ပထမဆုံး အမျိုးသမီးလက်ထောက်တစ်ဦး ခန့်အပ်လိုက်သည်။

ပြည်ထဲရေးဝန်ကြီးဌာနမှ အတွေ့အကြုံရှိအမျိုးသမီး မာကီကိုယာမာဒါ (၅၃)နှစ်သည် အမျိုးသမီးများအပေါ် သက်ရောက်မည့် မူဝါဒများနှင့်ပတ်သက်၍ ဝန်ကြီးချုပ် ရှင်ဇိုအာဘေးကို အကြံပေးမည်ဖြစ်ကြောင်း ဝန်ကြီးများအဖွဲ့အတွင်းရေးမှူးချုပ် ယိုရှိဟီဒီဆူဂါကပြောသည်။

လုပ်သားအင်အားနည်းပါးမှုအတွက် အမျိုးသမီးများ၏ အရည်အချင်းကို ပိုမိုအသုံးပြုရန် ကမ္ဘာတစ်ဝန်းမှ စီးပွားရေးပညာရှင်များက ဂျပန်အစိုးရအား တိုက်တွန်းလိုက်ပြီးနောက် မစ္စစ်ယာမာဒါကို ဝန်ကြီးချုပ်၏လက်ထောက်အဖြစ်ခန့်အပ်လိုက်ခြင်းဖြစ်သည်။

ဂျပန်နိုင်ငံတွင် အမျိုးသမီးများစွာသည် အဆင့်မြင့်ပညာသင်ယူထားကြသော်လည်း သားသမီးမွေးဖွားချိန်တွင် ၎င်းတို့၏ လုပ်ငန်းများမှ ထွက်လိုက်လေ့ရှိကြသည်။ ရှင်ဇိုအာဘေး၏ အဖွဲ့ဝင် ၁၉ ဦး ပါဝင်သော ဝန်ကြီးများအဖွဲ့တွင် အမျိုးသမီးရေးရာနှင့်ပြုပြင်ပြောင်းလဲရေးတာဝန်ယူထားသည့် အမျိုးသမီးဝန်ကြီးနှစ်ဦးသာရှိသည်။

နိုင်ငံစီးပွားရေးဖွံ့ဖြိုးမှုနှေးကွေးချိန်နှင့် ကြုံတွေ့နေရသည့် ဂျပန်အမျိုးသမီးငယ်များစွာမှာ ၎င်းတို့၏ စီးပွားရေးကျပ်တည်းမှုကြောင့် အိမ်ထောင်ပြုချိန်နောက်ကျကာ သားသမီးရှားပါးလာကြသည်။ ဂျပန်နိုင်ငံတွင် အမျိုးသမီးများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ပေးရန် ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ကတိပြုထားပြီး အမှုဆောင်အရာရှိရာထူးများအတွက် အမျိုးသမီးများကို ပိုမိုခေါ်ယူခန့်ထားကြရန် ဂျပန်ကုမ္ပဏီများကို တိုက်တွန်းထားသည်။

*—Ref: AFP*

## အိန္ဒိယစီးပွားရေး မျှော်မှန်းထားသည်ထက် ပိုမိုတိုးတက်

**နယူးဒေလီ၊ နိုဝင်ဘာ-၃၀**

အိန္ဒိယစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းသည် ယခုနှစ် တတိယသုံးလပတ်တွင် မျှော်လင့်ထားသည်ထက် ပိုမိုတိုးတက်ခဲ့ကြောင်း တရားဝင်ကိန်းဂဏန်းများကပြသနေသည်။

ဇူလိုင်လမှ စက်တင်ဘာလအတွင်း စီးပွားရေးတိုးတက်မှုမှာ နှစ်စဉ်နှုန်းနှင့်တွက်လျှင် ၄ ဒသမ ၈ ရာခိုင်နှုန်းရှိပြီး ယခင်သုံးလပတ်က ၄ ဒသမ ၄ ရာခိုင်နှုန်းထက်မြင့်မားခဲ့သည်။ ယင်းမှာ လေ့လာဆန်းစစ်သူများ မျှော်လင့်ထားသည်ထက် များပြားသောနှုန်းဖြစ်သည်။

အိန္ဒိယနိုင်ငံမှာ မကြာသေးမီလများအတွင်း ငွေကြေးဖောင်းပွမှု၊ တန်ဖိုးကျဆင်းနေသော ငွေကြေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလျော့နည်းကျဆင်းမှုစသော အကြောင်းအရာများစွာနှင့် ရင်ဆိုင်နေခဲ့ရသည်။

ယခုသုံးလပတ် စီးပွားရေးတိုးတက်မှုနှုန်းမှာ အိန္ဒိယနိုင်ငံအတွက် ငါးရာခိုင်နှုန်းအောက်သာ တိုးတက်မှုနှုန်းရရှိသော စတုတ္ထမြောက်သုံးလပတ်ဖြစ်ပြီး ယခင်သုံးလပတ် ၄ ဒသမ ၄ ရာခိုင်နှုန်းမှာ လေးနှစ်အတွင်း စီးပွားရေးတိုးတက်မှု အနှေးကွေးဆုံးနှုန်းလည်းဖြစ်သည်။

ယခုနှစ်အစောပိုင်းတွင်လည်း အိန္ဒိယဝန်ကြီးချုပ်ရုံး စီးပွားရေးအကြံပေးကောင်စီက နိုင်ငံ၏စီးပွားရေးမှာ ယခုနှစ်တွင် ၅ ဒသမ ၃ ရာခိုင်နှုန်းသာ ရရှိမည်ဟု လျှော့ချခန့်မှန်းခဲ့သည်။ ယခင်က ဝန်ကြီးချုပ်ရုံး ခန့်မှန်းချက်မှာ ၆ ဒသမ ၄ ရာခိုင်နှုန်းဖြစ်သည်။

*—Ref: BBC*






# Entertainment


7DAY NEWS JOURNAL

Vol.12, No.39 • DECEMBER 4 , 2013


## ၂၀၁၃ခုနှစ် လူမှုမီဒီယာများမှာ ရေပန်းအစားဆုံး ရုပ်ရှင်ကားဖြစ်နေတဲ့ 'The Hunger Games : Catching Fire'

**ဝါရှင်တန်၊ နိုဝင်ဘာ-၃၀**

ဟောလိဝုဒ်ရုပ်ရှင်ဇာတ်ကား 'The Hunger Games: Catching Fire' သည် လူမှုမီဒီယာများဖြစ်ကြသော ဖေ့စ်ဘွတ်ခ်နှင့် တွစ်တာတို့တွင် အားပေးသူပရိသတ်ပေါင်း ၁၂ဒသမ ၈ သန်းဖြင့် ၂၀၁၃ ခုနှစ်၏ ရေပန်းအစားဆုံး ရုပ်ရှင်ဇာတ်ကားဖြစ်ခဲ့သည်။ သို့ရာတွင် ၂၀၁၂ခုနှစ်က 'Twilight' သည် လူမှုမီဒီယာများတွင် အားပေးသူပရိသတ်ပေါင်း၃၇ဒသမ၄ သန်းဖြင့် 'The Hunger Games' ဇာတ်ကားထက် သာလွန်နေခဲ့သည်။




'Catching Fire'၏ လူမှုမီဒီယာများ၌ အောင်မြင်ကျော်ကြားမှုသည် ယခင်နှစ်က 'The Twilight Saga : Breaking Dawn-Part-2' ကို လိုက်မမီဟု ကျော်ကြားမှုလေ့လာသည့်အဖွဲ့ Listen First က မှတ်ချက်ပေးခဲ့သည်။ သို့ရာတွင် 'Catching Fire' ရုပ်ရှင်ကားသည် စတင်ရုံတင်သည့် သီတင်းပတ်နှစ်ပတ်အတွင်း ကမ္ဘာတစ်ဝန်းမှ ဝင်ငွေအမေရိကန်ဒေါ်လာသန်း ၅၀၀ ခန့်စံချိန်တင် ရရှိခဲ့သည်။

" The Hunger Games: Catching Fire' သိပ္ပံစိတ်ကူးယဉ် အက်ရှင်ဇာတ်ကားကို နိုဝင်ဘာ ၁၁ ရက်တွင် ဗြိတိန်နိုင်ငံ၌ ရုံတင်ပြသခဲ့ပြီး နိုဝင်ဘာ ၂၂ ရက်တွင် အမေရိကန်နိုင်ငံ၌ ရုံတင်ပြသခဲ့သည်။

ယင်းဇာတ်ကားသည် ၂၀၁၃ ခုနှစ်တွင် လူမှုမီဒီယာများ၌ ရေပန်းအစားဆုံး ဇာတ်ကားအဖြစ် သတ်မှတ်ခြင်းခံထားရသည်။

၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၆ ရက်က ထွက်ရှိခဲ့သော 'The Twilight Saga : Breaking Dawn-Part 2' ရုပ်ရှင်ကားသည် ကမ္ဘာတစ်ဝန်းမှ ဝင်ငွေအမေရိကန်ဒေါ်လာသန်း ၈၀၀ ကျော်ရရှိခဲ့ပြီး Twilight ရုပ်ရှင်ကားများ အနက် ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားဖြစ်ခဲ့သည်။ *—Ref: ANI*

## 'ဉ' ဇာတ်ကားဖြင့် အကယ်ဒမီတစ်ပြေးနေသည့် ချောရတနာနှင့်တွေ့ဆုံခြင်း



ဓာတ်ပုံ-နစ်ကီ

**ဖွဲ့ညက်**

မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးအပ်ရာတွင် ဒရာမာဇာတ်ကားများမှ သရုပ်ဆောင်များသာ အကယ်ဒမီဆုရရှိလေ့ရှိသော်လည်း ယခုနှစ်တွင်မူဟာသဦးစားပေးကျေးလက်သဘာဝဇာတ်ကားတစ်ခုဖြစ်သော 'ဉ'ဇာတ်ကားသည် ဒရာမာကားများနှင့် အပြိုင် အကယ်ဒမီဆန်ခါတင်စာရင်းတွင်ပါဝင်လာခဲ့သည်။ ၂၀၀၈ခုနှစ်အကယ်ဒမီဆုပေးပွဲတွင် 'အကယ်ဒမီရှော့' ဇာတ်ကားမှ အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆုအဖြစ် ရဲအောင်က ဆွတ်ခူးခဲ့သည်။ ထို့ကြောင့် ယခုနှစ်တွင်လည်း အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုကို 'ဉ'ဇာတ်ကားတွင် အရူးဇာတ်ရုပ်ဖြင့် သရုပ်ဆောင်ထားသော ချောရတနာရလိမ့်မည်ဟု ဒါရိုက်တာကိုယ်တိုင်အပါအဝင် အနုပညာ အသိုင်းအဝိုင်းနှင့် ပရိသတ်များ ကြိုတင်ခန့်မှန်းနေကြသည်။ ထို့ကြောင့် အကယ်ဒမီနှင့်ပတ်သက်၍ ရင်ခုန်သံများနှင့် မိသားစုဘဝအတွက် ရင်သွေးလေးလွယ်ထားသော မိခင်လောင်းချောရတနာကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**လက်ရှိအစ်မရဲ့ အိမ်ထောင်သည်ဘဝအကြောင်းလေးကို အရင်ပြောပြပေးပါလား။**

**စာမျက်နှာ ၂ »**




7DAY NEWS JOURNAL
Vol.12, No.39 • DECEMBER 4 , 2013

# ၂၀၁၄ မှာ မင်္ဂလာပွဲနွှဲမယ့် စိုးသူရတို့စုံတွဲ

**ဖွဲ့ညက်**

**ရန်ကုန်၊ နိုဝင်ဘာ-၃၀**

နိုဝင်ဘာလဆန်း၌ မင်္ဂလာဆွမ်းကျွေးပြုလုပ်ခဲ့သော ဟစ်ဟော့ပ်အဖွဲ့ Too Big ၏ အဖွဲ့ဝင်စိုးသူရကဍင်း၏မင်္ဂလာညှော်ခံပွဲကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင် ပြုလုပ်သွားမည်ဟုပြောသည်။

"တော်တော်များများကတော့ မင်္ဂလာဆောင်ပြီးသွားပြီလို့ ထင်နေတာ။ မင်္ဂလာညှော်ခံပွဲနဲ့ ည စာစားပွဲကို ဇန်နဝါရီလထဲမှာ လုပ်မှာပါ" ဟု ၎င်းက ပြောသည်။

ဖြူလေးနှင့် ချစ်သူ သက်တမ်း သုံးနှစ်နှင့် သုံးလပြည့် သည့်နေ့တွင် မင်္ဂလာလက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်ဟု ၎င်းက ပြောသည်။

မင်္ဂလာဆွမ်းကျွေးကို နိုဝင်ဘာ ၉ ရက်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး မင်္ဂလာညှော်ခံပွဲနှင့် အချိန်ကွာဟမှုရှိသည်မှာ ၎င်းတို့ကိုးကွယ်သည့် ဆရာတော်ရွေးပေးသောရက်တွင် ပြုလုပ်ခဲ့သောကြောင့်ဖြစ်သည်ဟု စိုးသူရက ပြောသည်။

ဟန်းနီးမွန်းခရီးကိုမူ တောင်ကိုရီးယားသို့ သွားရန် စဉ်းစားထားသော်လည်း သတို့သမီး၏ ဇာတိ မုံရွာမြို့တွင်လည်း မင်္ဂလာပွဲ ပြုလုပ်ရန် အစီအစဉ်ရှိသောကြောင့် ၂၀၁၄ ဖေဖော်ဝါရီလ နောက်ပိုင်းမှသာ သွားရောက်မည်ဟု ၎င်းက ပြောသည်။




# ဆောင်းရာသီအထူးအယ်လ်ဘမ်ထွက်ရှိမယ့် EXO အဖွဲ့

**ဆိုးလ်**-တောင်ကိုရီးယားပေါ့ပ်အဆိုရှင်များအဖွဲ့ EXO သည် 'Miracle of December' အမည်ရ ၎င်းတို့၏ ဆောင်းရာသီအထူး အယ်ဘမ်သစ်ဖြင့် ၂၀၁၃ ခုနှစ်ကို နှုတ်ဆက်ရန် စီစဉ်ထားသည်။


EXO အဖွဲ့သည် 'Miracle of December' ဆောင်းရာသီအထူးအယ်လ်ဘမ်အတွက်ဖျော်ဖြေပွဲပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် ယင်းအယ်လ်ဘမ်သည် ၂၀၁၃ ခုနှစ်အတွင်း၌ ၎င်းတို့အဖွဲ့ကို အားပေးခဲ့သည့် ပရိသတ်များအတွက် အထူးလက်ဆောင်တစ်ခုဖြစ်ကြောင်း EXO အဖွဲ့ အေဂျင်စီက နိုဝင်ဘာ ၂၉ ရက်တွင် ကြေညာသည်။

ကေပေါ့ပ် EXO အဖွဲ့သည် ၂၀၁၃ ခုနှစ်ဇွန်လတွင် 'XOXO' အမည်ရအယ်လ်ဘမ်ထွက်ရှိခဲ့ပြီး နှစ်ကုန်တေးဂီတဆုပေးပွဲများတွင် အကောင်းဆုံး အယ်လ်ဘမ်ဆုနှင့် သီချင်းဆုများ ရရှိခဲ့သည်။ EXO အဖွဲ့သည် 'XOXO' အယ်လ်ဘမ်ချပ်ရေပေါင်း ၉၆၀,၀၀၀ ကျော် ရောင်းချနိုင်ခဲ့သည်။

'Miracle of December' အယ်လ်ဘမ်သစ်တွင် သီချင်းငါးပုဒ်ပါဝင်ပြီး ကိုရီးယားနှင့် တရုတ် မူဟန်နှစ်မျိုးဖြင့် သီဆိုထားသည်ဟုသိရသည်။ ယင်းအယ်လ်ဘမ်သည် ဒီဇင်ဘာ ၉ ရက်တွင် ထွက်ရှိမည်ဖြစ်သည်။

EXO အဖွဲ့သည် အသစ်ထွက်ရှိမည့် အယ်လ်ဘမ် ဈေးကွက်မြှင့်တင်ခြင်းအနေဖြင့် တောင်ကိုရီးယား Mnet ရုပ်သံလိုင်း၏ ဒီဇင်ဘာ ၈ ရက် 'M Countdown' အစီအစဉ်တွင် ပါဝင်ဖျော်ဖြေမည်ဖြစ်သည်။

*—Ref: M Wave*









စာ(၄၁)မှ

# ချောရတနာနှင့်တွေ့ဆုံခြင်း

ချောတို့နှစ်ယောက်က ရည်းစားသက်တမ်းလည်းအရမ်းကြာခဲ့တယ်။တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရှိနေတာဆိုတော့အေးချမ်းပါတယ်။

**အိမ်ထောင်ပြုပြီးတဲ့နောက်မှာ အနုပညာလှုပ်ရှားမှုတွေအရမ်းနည်းသွားတယ်ဆိုတော့ အိမ်ထောင်ဘက်က အနုပညာနဲ့ပတ်သက်ပြီး ကန့်သတ်တာမျိုးရှိလို့လား။**

အဲဒီလိုကန့်သတ်ထားတာမျိုးတော့မရှိပါဘူး။ ချောကိုယ်တိုင်က နားနားနေနေပဲလုပ်ချင်တော့တယ်။ အိမ်ထောင်ကျလာပြီဆိုတော့လည်း ကိုယ့်မိသားစုလေးနဲ့ အလုပ်ကိုမျှမျှတတဖြစ်စေချင်တယ်။ ချောက ဇာတ်ကားရိုက်တာကို မင်္ဂလာမဆောင်ခင်ကတည်းက ခဏနားထားတယ်။ ခုက ကိုယ်ဝန်လည်းရှိပြီဆိုတော့ ပိုဆိုးသွားတာပေ့ါ။ နည်းနည်းပါးပါးတော့ ရိုက်ဖြစ်ဦးမှာပါ။

**ကိုယ်ဝန်ဆောင်ထားတာရော ဘယ်နှလရှိသွားပြီလဲ။ ပထမဆုံးရင်သွေးလေးဆိုတော့ ဘာလေးလိုချင်လဲ။ သူ့အတွက်ရောဘယ်လိုမျိုး ပြင်ဆင်ထားသလဲ။**

ကိုယ်ဝန်က ငါးလစွန်းသွားပါပြီ။ ဗြီလထဲမှာတော့ ဂျူးဒိတ်ပေးထားတယ်။ ယောက်ျားလေးဖြစ်ရမယ်၊ မိန်းကလေးဖြစ်ရမယ်ဆိုပြီး အရမ်း Serious ကြီးမရှိပါဘူး။ အဓိက,ကတော့ ချောက ကလေးကျန်းမာဖို့ကိုပဲ ဂရုစိုက်ပါတယ်။ ပြင်ဆင်ထားတာကတော့ အများကြီး ပြင်ဆင်ထားပါတယ်။

**ဒီဇင်ဘာနောက်ဆုံးပတ်မှာ လုပ်မယ့် ၂၀၁၂ခုနှစ်အတွက် အကယ်ဒမီဆန်ခါတင်စာရင်းမှာ အစ်မသရုပ်ဆောင်ထားတဲ့ 'ဥ' ဇာတ်ကားလည်းပါတယ်။ ဒီဇာတ်ကားရိုက်တဲ့ ဒါရိုက်တာ၊ ပရိသတ်တွေနဲ့ အနုပညာအသိုင်း အဝိုင်းကပါ အစ်မကို အကယ်ဒမီအတွက် ထင်ကြေးပေးထားတော့ ဒီကားနဲ့ပတ်သက်ပြီး ဘာတွေ မျှော်မှန်းထားလဲ။**

ပရိသတ်တွေက တကယ်ကြိုက်ပြီး ထင်ကြေးပေးတယ်ဆိုတာကြားရတော့ အရမ်းဝမ်းသာပီတိဖြစ်မိပါတယ်။ အတိုင်းမသိဝမ်းသာမိပါတယ်။ထင်ကြေးပေးတဲ့ ပရိသတ်တွေနဲ့ အနုပညာသမားတွေ အကုန်လုံးကိုလည်း ကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်။

**'ဥ'ဇာတ်ကားရိုက်တုန်းကရော အစ်မအနေနဲ့ ပါဝင်သရုပ်ဆောင်ရမယ့်ဇာတ်ရုပ်အတွက် ဘယ်လောက်ကြိုးစားခဲ့ရသလဲ။ ရိုက်ကူးရေးမှာအခက်အခဲတွေရော ကြုံခဲ့ရလား။**

အမှန်တကယ်ဆိုရင် အဲဒီအရှူးမလေးနေရာက ဇာတ်ကားထဲမှာ သိပ်မပါဘူး။ မပါပေမယ့် ဇာတ်ညွှန်းရေးဆရာရော၊ ဒါရိုက်တာရောက ပိုကောင်းအောင် ဒီထက်အလှုပ်လေးလည်းဖြစ်အောင် သေချာလုပ်ပေးတော့ ချောရဲ့ဆင်းမ်တွေက တစ်ဆင်းမ် တစ်ဆင်းမ်ကို အကြာကြီးဖြစ်သွားတယ်။ စေတနာထားပြီးခေါ်ပေးတဲ့ ကိုဇော်တို့လင်မယားကိုလည်း ကျေးဇူးတင်ပါတယ်။ အခက်အခဲတော့ ထွေထွေထူးထူးမရှိခဲ့ပါဘူး။ ဒါပေမဲ့ ဂရုတော့စိုက်ခဲ့တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီကားမှာပါတဲ့ဇာတ်ပို့တွေကအစ အရမ်းတော်ကြတဲ့သူတွေဆိုတော့ ကိုယ့်ဘက်ကအမှားမဖြစ်စေချင်ဘူး။ အဲဒီအတွက်ကိုတော့ ဂရုစိုက်တယ်။ နောက်ပြီး ဖလင်နဲ့ရိုက်တဲ့အတွက်ကြောင့် အမှားအယွင်းသိပ်မခံဘူး။ အဲဒါကြောင့် အမှားမရှိအောင်ကို သရုပ်ဆောင်ခဲ့ပါတယ်။

**ရင်သွေးလေးလည်းလွယ်ထားရတယ်။ အကယ်ဒမီတစ်ကြိမ်စာရင်းမှာလည်းပါတော့ အကယ်ဒမီဝတ်စုံအတွက်ရော ဘယ်လိုပြင်ဆင်ထားသလဲ။**

အဲဒီအတွက်ဆိုပြီး ထွေထွေထူးထူးကြီးတော့ မပြင်ဆင်ပါဘူး။ ဒီနှစ်က ကိုယ်ဝန်နဲ့လည်းဆိုတော့ ဘာမှလည်းသိပ်ထွင်လို့မရဘူး။ အဲဒီအတွက်ကတော့ ဒီဇိုင်နာမလတ်ပဲခေါင်းစားတော့မှာပေ့ါ။

**အနုပညာရှင်တွေက အကယ်ဒမီဆိုတာ နတ်ကြီးတယ်လို့ယူဆထားကြတယ်။ ရှေ့ကစီနီယာတွေတုန်းကလည်း တစ်ကြိမ်ပေးခဲ့ပေမယ့် လွဲခဲ့တာမျိုးတွေရှိတော့ အစ်မအနေနဲ့ ကိုယ့်စိတ်ကိုဘယ်လိုပြင်ဆင်ထားသလဲ။**

အနုပညာသမားတိုင်းက အကယ်ဒမီကို ကိုယ့်ရဲ့မှတ်တိုင်တစ်ခုအနေနဲ့ မျှော်လင့်ကြတယ်။ အရမ်းလည်းလိုချင်ကြပါတယ်။ ဒါပေမဲ့ ပရိသတ်တွေနဲ့ကိုယ့်ရဲ့ အနုပညာမောင်နှမတွေက တစ်ကြိမ်ပေးတာနဲ့တင် တကယ်ကိုပီတိအရမ်းဖြစ်နေပါပြီ။ ရတော့လည်း ဝမ်းသာမှာပေ့ါ။

**ကိုယ်တိုင်အနုပညာဘက်မှာ လှုပ်ရှားမှုတွေနည်းသွားပေမယ့် ညီမဖြစ်တဲ့သန္တာဗိုလ်ကိုတော့ အမြဲပံ့ပိုးပေးတာတွေ့ရတယ်။သူ့အတွက်ရော ဘာတွေလုပ်ပေးဖြစ်လဲ။**

သူ့အတွက် ဘာတွေလုပ်ပေးတယ်ဆိုတာထက် သူလုပ်ချင်တဲ့အပေါ်မှာ ကိုယ်ကလိုက်ဖြည့်ဆည်းပေးတာ။ သူ့ကိုဘာလုပ်ဆိုပြီး လမ်းကြောင်းချမပေးဘူး။ သူ့ရဲ့ဆုံးဖြတ်ချက်၊ သူဝါသနာပါတဲ့အပေါ်မှာပဲ လိုက်ပြီးပံ့ပိုးပေးပါတယ်။

**အခုနောက်ပိုင်းမှာ အနုပညာလှုပ်ရှားမှုတွေနည်းသွားတော့ အကယ်ဒမီရခဲ့ရင်ရော ဇာတ်ကားတွေပြန်ရိုက်ဖို့ရှိလား။ ဇာတ်လမ်းတွေရော ရွေးချယ်ပြီးရိုက်ကူးဖို့အစီအစဉ်ရှိလား။**

ဇာတ်ကားရိုက်ဖို့ကတော့ အစီအစဉ်ရှိပါတယ်။ ဒါပေမဲ့ အပျိုတုန်းကလောက်တော့ ရိုက်ဖြစ်မှာမဟုတ်ဘူး။ နည်းနည်းပါးပါးတော့ ရိုက်ဖြစ်မှာပါ။ အိမ်ထောင်ကျပြီးစတုန်းက ကိုပြေတီဦးနဲ့ကစ်ကစ်(ဝတ်မှုံရွှေရည်)တို့နဲ့ တစ်ကားပဲရိုက်ဖြစ်ပါတယ်။ ဇာတ်လမ်းရွေးချယ်မှုဆိုတာထက် ကိုယ်နဲ့အရင်ကတည်းကရိုက်နေကျတဲ့ လက်တွဲဖူးတဲ့သူတွေနဲ့ပဲရိုက်ဖြစ်မှာပါ။ အရမ်း Heavy ကြီးတော့ မလုပ်ဖြစ်တော့ဘူး။ နည်းနည်းနားနားနေနေနဲ့ပဲလုပ်ချင်တယ်။

**ရှေ့ကသရုပ်ဆောင်တွေတုန်းကလည်း ကိုယ်ဝန်ဆောင်နေတဲ့အချိန် ဇာတ်ကားတွေရိုက်ကြတော့ ကိုယ်ဝန်နဲ့ဇာတ်ကားရိုက်ဖို့ အစီအစဉ်ရှိလား။**

ကိုယ်ဝန်နဲ့တော့ ချော ကားမရိုက်ချင်ဘူး။ ကလေးကို ချောက အရမ်းကျန်းမာစေချင်တယ်။ အရမ်းကို sensitive ဖြစ်တယ်။ ကားရိုက်ရတာလည်းပင်ပန်းတော့မလုပ်ပါဘူး။

**အခုနောက်တက်လာတဲ့မင်းသမီးအငယ်တွေဆိုရင် ဗီလိန်သရုပ်ဆောင်ဖို့ကြောက်ကြတယ်။ အစ်မတုန်းက 'ချစ်ပန်းဝါဝါ'ဇာတ်ကားမှာဗီလိန်ပုံစံသရုပ်ဆောင်ပေမယ့် ပရိသတ်အားပေးမှုရခဲ့တော့ သရုပ်ဆောင်အသစ်တွေကိုဘယ်လိုအကြံပေးချင်လဲ။**

အဲဒီကားရိုက်ဖြစ်တာက ကိုပြေတီဦး၊ မကြီးစိုးနဲ့ ဒါရိုက်တာကိုဇော်တို့ကို ကျေးဇူးတင်ရမယ်။ ချောက အဲဒီကာရိုက်တာရိုက်ဖို့ကို ပထမတော့ နည်းနည်းဆိုက်ကိုဖြစ်တယ်။ ကြောက်တယ်။ ဇာတ်လမ်းကို ဖတ်ကြည့်လိုက်တော့လည်း အရမ်းကောင်းနေတော့ ရိုက်ချင်တယ်။ ပရိသတ်မုန်းသွားမှာတော့ စိုးရိမ်တယ်။ ဒါပေမဲ့ ပရိသတ်က မမုန်းဘဲ အဲဒီကာရိုက်တာမှာ ကိုယ့်လုပ်ဆောင်မှုကို သဘောကျတယ်လို့တချို့ကပြောကြတယ်။ အဲဒီအတွက်လည်း အရမ်းဝမ်းသာပါတယ်။ ပရိသတ်တွေက အရမ်းကိုအမြင်ကျယ်သွားပါပြီ။ အရင်ခေတ်လိုမဟုတ်တော့ဘူး။ အခုနောက်ပိုင်း လူငယ်သရုပ်ဆောင်တွေကိုလည်း ရိုက်ကြပါ။ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုအပြည့်အဝထားပြီး ဗီလိန်ပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ် ကိုယ်ကျရာဇာတ်ရုပ်ကို သေသေချာချာ၊ ကောင်းကောင်းမွန်မွန် သရုပ်ဆောင်နိုင်ရင် ပရိသတ်ကကြိုက်မှာပါ။

**အစ်မကိုအားပေးနေတဲ့ပရိသတ်တွေအတွက် စကားလေးပြောပေးပါဦး။**

ချောကို အနုပညာလှုပ်ရှားမှုတွေနည်းသွားပေမယ့် ရင်ထဲမှာရှိနေပေးကြတဲ့ ပရိသတ်တွေကို အရမ်းကို လှိုက်လှိုက်လှဲလှဲနဲ့ ကျေးဇူးတင်ပါတယ်။

**ကျေးဇူးတင်ပါတယ်။**

ကျော်ကျော်နိုင်မိသားစု နည်းပညာဝန်ဆောင်မှုများ ကုမ္ပဏီလီမိတက်

**အောင်ချမ်းမြေ့**

**ဆေးဝါးကျွမ်းကျင်၊ သူနာပြုအကူသင်တန်း**

အမှတ်(၂၄၉)၊ 2B,5B, 6B,7B ထပ်၊ ဗားဂရာလမ်းမကြီး၊
မြေနီကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ (မြေနီကုန်း-ဂမုန်းပွင့်ကုန်တိုက်အနီး)
ဖုန်း-၀၁-၅၀၄၇၅၀၊ ၀၁-၅၀၄၀၇၉၊ ၀၉-၅၁၅၉၈၇၀၊ ၀၉-၃၁၀၆၀၃၁၅
**(Open 7:00 am To 7:00 pm)** ပိတ်ရက်မရှိပါ။ **www.acmmyanmar.com**

**– ပြည်တွင်း၊ ပြည်ပ အတွေ့အကြုံရှိ ဝါရင့်ဆေးဝါးကျွမ်းကျင်ပညာရှင်များ၊ ဝါရင့်ဆရာဝန်များ၊ ဝါရင့်သူနာပြုဆရာမကြီးများ ဦးစီးသည်။ နိုင်ငံခြားဆေးပစ္စည်းဆိုင် ဖွင့်နိုင်ရန်နှင့် ကျွမ်းကျင်သော သူနာပြုအကူဖြစ်စေရန် သီအိုရီနှင့် လက်တွေ့တွဲ၍ သင်ကြားမည်။ စီးပွားရေးသက်သက်ကို ရှေ့မရှုပါ။ ဝန်ဆောင်ခ ပေးစရာမလိုဘဲ ပြည်တွင်း၊ ပြည်ပအလုပ်ရရှိရန် ကူညီမည်။ ပြည်တွင်း/ပြည်ပ အသိအမှတ်ပြု အောင်လက်မှတ်ထုတ်ပေးမည်။ နိုင်ငံတကာအဆင့်မီ Air-Con အခန်းများတွင် တစ်ယောက်ထိုင်ခုံများဖြင့် သင်ကြားသည်။ ဘော်ဒါဆောင်ရှိပါသည်။ တယ်လီဖုန်းဖြင့် နာမည် စာရင်းကြိုတင်သွင်းထားပြီး တက်ရောက်မည့်နေ့မှ ငွေသွင်းလျှင်လည်း ဖြစ်ပါသည်။ ဓါတ်လှေခါးဖြင့် အဆင်းအတက်ပြုလုပ်နိုင်ပြီး၊ အမှတ်(၂၄၉)2B အထပ်တွင် စုံစမ်းစာရင်းသွင်းနိုင်သည်။**

''**အောင်**'' ပြီး ''**ချမ်းမြေ့**'' မှုတွေရရှိရန် ''**အောင်ချမ်းမြေ့**'' ကိုလာခဲ့ပါ။

◆ တစ်လ(တနင်္လာနေ့ မှ သောကြာနေ့အထိ)ဆေးဝါး/သူနာပြု
စဉ် (၁၁၇၆) ၉. ၁၂. ၁၃ စဉ် (၁၁၇၇) ၁၀. ၁၂. ၁၃ စမည်။
ဆေးဝါးကျွမ်းကျင်တက်ရောက်နိုင်သည့် အချိန်များ
(I) 07:00 am to 09:00 am (III) 01:00 pm to 04:00 pm
(II) 09:00 am to 12:00 pm (IV) 05:30 pm to 07:30 pm
သူနာပြုတက်ရောက်နိုင်သည့်အချိန်
09:00 am to 04:00 pm (break 1 hr)

◆ နှစ်လ(ဆေးဝါး/သူနာပြု)
စဉ် (၁၁၇၈) ၁၂. ၁၂. ၁၃ (THUR & FRI) စဉ် (၁၁၇၉) ၁၄. ၁၂. ၁၃ (SAT & SUN)
ဆေးဝါး/သူနာပြုတက်ရောက်နိုင်သည့်အချိန်
09:00 am to 04:00 pm (break 1 hr)

◆ သုံးလ(ဆေးဝါး/သူနာပြု)
စဉ် (၁၁၈၀) ၁၄. ၁၂. ၁၃ (Sat Only) စဉ် (၁၁၈၁) ၁၅. ၁၂. ၁၃ (Sun Only))
ဆေးဝါး/သူနာပြုတက်ရောက်နိုင်သည့်အချိန်
09:00 am to 04:00 pm (break 1 hr)

◆ နိုင်ငံတကာ အဆင့်မီ ဒီပလိုမာသင်တန်းများ (ဆေးဝါး/သူနာပြု)
သုံးလ၊ ခြောက်လ၊ တစ်နှစ်၊ နှစ်နှစ်
တနင်္လာနေ့ မှ သောကြာနေ့အထိ (တစ်ပတ်ငါးရက်သင်)
စဉ် (၁၁၈၂) ၁၁. ၁၂. ၁၃ စမည်။ စဉ် (၁၁၈၃) ၁၂. ၁၂. ၁၃ စမည်။
ဆေးဝါးဒီပလိုမာ တက်ရောက်နိုင်သည့်အချိန် - 09:00 am to 12:00 pm
သူနာပြုဒီပလိုမာတက်ရောက်နိုင်သည့်အချိန်- - 01:00 pm to 04:00 pm

**''မိတ်ဆွေတို့၏ရောဂါများအားနိုင်ငံခြားသို့သွားရောက်ကုသရန်မလိုတော့ပါ''**
ရန်ကုန် ပိုလိုဆေးခန်းသည်ခေတ်မီသောနိုင်ငံတကာအဆင့်မြင့်နည်းပညာရပ်များဖြင့်
လူနာများအားစိတ်ချမ်းမြေ့ဖွယ်ဝန်ဆောင်မှုဖြင့်ကုသပေးလျက်ရှိပါသည်။
**အောက်ပါရောဂါများကိုပြည်တွင်း၌ပင်သက်တောင့်သက်သာဖြင့်ကုသပေးလျက်ရှိသည်။**

ဝေဒနာရှင်၏ကိုယ်ရေးအချက်များကို ထိန်းသိမ်းကာကွယ်ပေးမည်။

Open Daily
AM - (8:00) to (8:00) PM

**အမျိုးသားရောဂါ**

အမျိုးသားအင်္ဂါအရေပြားဖုံးအုပ်ရှည်လွန်းခြင်း၊လက်ပတ်နံ့ နံခြင်း၊ဆီလီကွန်ခြစ်ထုတ်ပေးခြင်း၊ပန်းသေပန်းညှိုးခြင်း၊ သုတ်လွှတ်မြန်ခြင်း၊ဆီးကျိတ်ရောင်ယမ်းခြင်းနှင့် လိင်အင်္ဂါပိုင်းဆိုင်ရာကူးဆက်ရောဂါ နှင့် ကာလသားရောဂါအမျိုးမျိုး . .

**အမျိုးသမီးရောဂါ**

အဖြူတိုးပွားခြင်း၊အနံ့အသက်စိမ်းရှင်ပုပ်သိုးခြင်း၊ဆီးရှင်ခြင်း၊ဆီးအောင့်ခြင်း၊ဆီးသွားလျှင်နာကျင်ခြင်း၊ ရာသီသွေးအနည်း/အများ မမှန်ခြင်း၊ကျား/မဆက်ဆံရာတွင်သွေးထွက်ခြင်း၊မိန်းမကိုယ်လမ်းကြောင်းပုံမမှန်၍သွေးထွက်ခြင်း၊အဖြူပျစ်ချွဲခြင်း(သို့) သွေးမျှင်များပါခြင်း၊ကလေးပျက်ကျပြီးနောက်ဆက်တွဲရောဂါဖြစ်ခြင်း၊သားအိမ်လည်တံရောင်ယမ်းခြင်း၊ဆီးခုံရောင်ယမ်းခြင်း၊နောက်ဆက်တွဲသားဥအိမ်ရောင်ယမ်းခြင်း၊မိန်းမကိုယ်လမ်းကြောင်းရောင်ယမ်းခြင်း၊မိန်းမကိုယ်လမ်းကြောင်းအပြင်ဘက်ရောင်ယမ်းခြင်း၊မိန်းမကိုယ်လမ်းကြောင်းတွင်အသားပိုထွက်ခြင်း၊ရာသီသွေးအချိန်မမှန်ကန်ခြင်း၊သားဆက်မြုံခြင်း၊သားအိမ်လည်တံပုပ်သိုးဆွေးမြေ့ခြင်း၊သားအိမ်လည်တံအသားဖုထွက်ခြင်း

**သားဆက်မြုံရောဂါ**

အမျိုးသမီးများအတွက် — သားဥပြွန်တွယ်ကပ်ခြင်း၊ပိတ်ဆို့ခြင်း၊ရာသီမမှန်ခြင်း၊သားဥအိမ်ရောင်ယမ်းခြင်း၊ ကိုယ်ဝန်ပျက်ကျမှုနောက်ဆက်တွဲရောဂါများ၊အတွင်းစိတ်ထိန်းမရခြင်းစသည့်ကိုယ်ဝန်မဆောင်နိုင်သောဝေဒနာရှင်များ၊
အမျိုးသားများအတွက် — သုတ်နည်းခြင်း၊သုတ်သေခြင်း၊သုတ်အားနည်းခြင်း၊သုတ်လွှတ်မြန်ခြင်း၊သုတ်လွှတ်ပြွန်ပိတ်ဆို့ခြင်း၊ သုတ်လွှတ်ကြောကောက်ကွေးကျယ်ပြန့်ခြင်း၊ဆီးကျိတ်ရောင်ယမ်းခြင်းစသည့်သားဆက်မရနိုင်သောဝေဒနာရှင်များ . . . . .

**လိပ်ခေါင်းရောဂါ**

လိပ်ခေါင်းမျိုးစုံ၊ဂရင်ဂျီနာ၊စအိုအက်ကွဲခြင်း၊စအိုဝယားယံခြင်း၊အူအဆုံးပိုင်းတွင်ဖြစ်တတ်သောရောဂါများ၊ စအိုပတ်လည်ရောင်ကိုင်းပြည်တည်ခြင်း၊သွေးဝမ်းပါခြင်း စသည်များ . . . . .

**နား/နှာခေါင်းရောဂါ**

နှာခေါင်းရောင်ရမ်းခြင်း၊နှာခေါင်းပိတ်ဆို့ခြင်း၊နှာခေါင်းတွင်းအသားပိုထွက်ခြင်း၊ပသီရောင်ခြင်း၊ပကျိတ်ရောင်ခြင်း၊ နှာသံပါခြင်း၊အလယ်နားရောင်ရမ်းခြင်း၊နားပင်းခြင်း၊နားအူခြင်း၊နှာချေခြင်း၊ခေါင်းကိုက်ခြင်း၊အိပ်ရေးပျက်ခြင်း၊ အာခေါင်ရောင်၍နာခြင်း၊နှာခေါင်းသွေးယိုခြင်း စသည့်နား/နှာခေါင်း/လည်ချောင်းရောဂါများ . . . . . .

*POLO* ဆေးခန်း 09-4211 68222, 09-4211 68000
အမှတ် (၁၂၉/၁၃၁) ဗားဂရာလမ်း၊ စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။

# Sports

7DAY NEWS JOURNAL

Vol.12, No.39 • DECEMBER 4 , 2013




ပဏာမမြန်မာယူ-၂၃ အမျိုးသားဘောလုံးအသင်း

ဓာတ်ပုံ - MFF

# သုဝဏ္ဏမှသည် ဇေယျာသီရိဆီသို့

**ဇိုလ်ဇိုလ်ဝင်း**

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၁ ရက်တွင် ကျင်းပမည်ဖြစ်သော်လည်း မြန်မာယူ-၂၃ ဘောလုံးအသင်းပါဝင်သည့် အုပ်စုပွဲစဉ်များကိုမူ ဒီဇင်ဘာ ၇ ရက်တွင် စတင်မည်ဖြစ်သည်။

၂၀၁၃ ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲတွင် အုပ်စုနှစ်ခုခွဲခြားထားပြီး အိမ်ရှင်မြန်မာအသင်းသည် အုပ်စု(ခ) တွင် ထိုင်း၊ အင်ဒိုနီးရှား၊ တီမော၊ ကမ္ဘောဒီးယားအသင်းတို့နှင့် ကျရောက်နေပြီး အုပ်စု(က)တွင် လက်ရှိချန်ပီယံမလေးရှား၊ ဗီယက်နမ်၊ စင်ကာပူ၊ လာအို၊ ဘရူနိုင်းအသင်းများ ပါဝင်လျက်ရှိသည်။

မြန်မာအသင်းပါဝင်သည့် အုပ်စု(ခ)စုပွဲစဉ်များကို ရန်ကုန်မြို့သုဝဏ္ဏကွင်း၊ အုပ်စု(က)ပွဲစဉ်များကို နေပြည်တော်ရှိဇေယျာသီရိကွင်းတို့တွင် ကျင်းပမည်ဖြစ်သည်။ အကြိုဗိုလ်လုပွဲစဉ်နှင့် ဗိုလ်လုပွဲစဉ်များကိုလည်း ဇေယျာသီရိကွင်းတွင် ကျင်းပမည်ဖြစ်သည်။

ထို့ကြောင့် မြန်မာယူ-၂၃ အသင်းအနေဖြင့် ဇေယျာသီရိကွင်းသို့ ရောက်ရှိရန်အတွက် အုပ်စုအဆင့်ပွဲစဉ်များကို သုဝဏ္ဏကွင်းတွင် အောင်မြင်စွာဖြတ်သန်းနိုင်ရန် လိုအပ်နေသည်။ ဆီးဂိမ်းပြိုင်ပွဲကို နှစ်ပေါင်း (၄၄)နှစ်အကြာမှ မြန်မာနိုင်ငံအနေဖြင့် အိမ်ရှင်အဖြစ်ပြန်လည်ကျင်းပခြင်းဖြစ်သလို မြန်မာဘောလုံးအသင်းအနေဖြင့်လည်း ဆီးဂိမ်းရွှေတံဆိပ်နှင့် ဝေးကွာနေသည်မှာ နှစ်ပေါင်း (၄၀)ရှိနေပြီဖြစ်သည်။

ဆီးဂိမ်းအမျိုးသား ဘောလုံးပြိုင်ပွဲကို ယူ-၂၃ ပြိုင်ပွဲအဖြစ် စတင်ပြောင်းလဲခဲ့သည့် ၂၀၀၁ ဆီးဂိမ်းပြိုင်ပွဲနောက်ပိုင်းတွင်လည်း မြန်မာအသင်း အမြင့်ဆုံးရရှိခဲ့သည်မှာ ငွေတံဆိပ်သာဖြစ်သည်။ မြန်မာအသင်းသည် ၂၀၀၇ ထိုင်းဆီးဂိမ်းပြိုင်ပွဲ၌ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ပြီး ပြီးခဲ့သည့် ၂၀၁၁ ဆီးဂိမ်းတွင် မြန်မာအသင်းက ကြေးတံဆိပ်ရယူထားသည်။

ဆီးဂိမ်းပြိုင်ပွဲကြီးကို ပြည်သူများစိတ်ဝင်စားမှုနည်းနေသည်ဟု သုံးသပ်နေကြသော်လည်း ပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့် အားကစားနည်း ၃၃ မျိုးအနက် ဘောလုံးအားကစားနည်းကိုမူ ပြည်တွင်းပရိသတ်များအနေဖြင့် စိတ်ဝင်စားမှုပိုနေသည်ကတော့ အမှန်ဖြစ်သည်။

အိမ်ရှင်ဖြစ်သည့်အတွက် မြန်မာဘောလုံးအသင်းကို ရွှေတံဆိပ်မျှော်လင့်ချက်အတွက် ပိုမိုအားခဲနေကြသော်လည်း ယင်းအချက်ကပင် မြန်မာအသင်းကို ဖိအားဖြစ်သွားစေရန် စိုးရိမ်စရာဖြစ်ကြောင်း လေ့လာသူများက သုံးသပ်သည်။

ပြီးခဲ့သည့်ဆီးဂိမ်းနှစ်ကြိမ်၏ အမျိုးသားဘောလုံးပြိုင်ပွဲတွင် အိမ်ရှင်အသင်းများက ဗိုလ်စွဲထားခြင်းမရှိပဲ အိမ်ရှင်မဟုတ်သည့် မလေးရှားအသင်းက နှစ်ကြိမ်ဆက်ဗိုလ်စွဲထားသည်။ ထို့အပြင် မြန်မာယူ-၂၃ အသင်း၏ လက်ရှိအနေအထားသည် အရှေ့တောင်အာရှတွင် မလေးရှား၊ ဗီယက်နမ်၊ ထိုင်းတို့နောက်တွင်သာရှိနေပြီး အိမ်ရှင်အခွင့်အရေးတစ်ခုတည်းဖြင့် ချန်ပီယံဖြစ်ရန် လွယ်ကူသည့်အခြေအနေတော့မဟုတ်ပေ။

မြန်မာအသင်းသည် ပွဲဦးထွက်တွင် ကမ္ဘောဒီးယားအသင်းနှင့် စတင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အဆိုပါအဖွင့်ပွဲစဉ်၌ ရလဒ်ကောင်းရန် အလွန်အရေးကြီးကြောင်း လေ့လာသူများက သုံးသပ်သည်။

"အိမ်ရှင်ဖြစ်တဲ့အတွက်စိတ်ဓာတ်ပိုင်းက အမြင့်ဆုံးရောက်ရှိနေမှာတော့ အမှန်ပဲ။ ပရိသတ်အားသာချက်လည်း ရှိနေတယ်။ ကမ္ဘောဒီးယားနဲ့အဖွင့်ပွဲစဉ်မှာ ရလဒ်ကောင်းနဲ့ ယုံကြည်မှုတည်ဆောက်နိုင်ဖို့အရေးကြီးတယ်"ဟု အားကစားကလောင်ရှင် ကိုဟိန်းထက်အောင်ကပြောသည်။

အုပ်စုတွင်းအဓိကပြိုင်ဘက်များအဖြစ် ထိုင်း၊ အင်ဒိုနီးရှားအသင်းများကိုသာ ထင်ကြေးပေးနေကြသော်လည်း ခြေစမ်းပွဲတွင် ကမ္ဘောဒီးယားယူ-၂၃ အသင်းက စင်ကာပူယူ-၂၃ အသင်းကို (၁-၀)ဂိုးဖြင့် အနိုင်ရရှိထားကာ ပြိုင်ဘက်အသင်းများကို တပ်လှန့်ထားပြီဖြစ်သည်။

ဆီးဂိမ်းပြိုင်ပွဲတစ်လျှောက် အဖွင့်ပွဲစဉ်များတွင် အထနှေးတတ်သည့် မြန်မာအသင်းအနေဖြင့် အဖွင့်ပွဲစဉ်တွင် ရလဒ်ကောင်း


စာမျက်နှာ ၄၂ »





NOKIA

# ASHA TOUCH ၏ထူးခြားသော အရည်အသွေးများ

NOKIA ASHA 311 (GSM/WCDMA)



3.2 MP CAMERA

LONG-LIFE BATTERY

NOKIA ORIGINAL
OFFICIAL NOKIA PHONES IN MYANMAR
12 months service warranty
Built-in Myanmar font (selected models only)
facebook.com/nokiamyanmar
Nokia Care Hotline: 0931 621515

Available at all Nokia Preferred Partner
Nokia Showroom and Service Center: 152(A) West Shwe Gone Taing Road, Yae Tar Shay Quater, Bahan Township, Yagon, Myanmar.
Ph No: 09-31873054




AUTHORIZED DISTRIBUTOR
ACT AUNG CHANTHA TRADING CO., LTD.

Head Office
No.54(A), Kaba Aye Pagoda Road, Near Nawaday Intersection,
Mayangone Township, Yangon, Myanmar.
Tel : (+95) 01 657066, 657067, Fax : (+95) 01 661 548
Mobile : (+95) 09 5197197, 09 428210001 , 09 428210004
E-mail : acttrading@act.com.mm

7 DAY NEWS JOURNAL
Vol.12, No.39 • DECEMBER 4 , 2013

စာမျက်နှာ ၄၄ မှ

# သုဝဏ္ဏမှသည် ဇေယျာသီရိဆီသို့

မှသာ ပရိသတ်များ၏ ယုံကြည်မှုကို တည်ဆောက်နိုင်မည်ဖြစ်ပြီး လက်ကျန်ပွဲစဉ်များတွင်ပါ ပရိသတ်အားကို ဆက်လက်ရရှိနိုင်မည်ဖြစ်သည်။

"ပရိသတ်တွေရဲ့ အားပေးမှုကဖိအားမဖြစ်ပဲ တွန်းအားဖြစ်ဖို့ဆိုတာက ကစားသမားအနေနဲ့ လည်းကြိုးစားပြဖို့လိုမှာပါ။ ကစားသမားတွေလည်း ပိုကြိုးစားမယ်လို့လည်း မျှော်လင့်ထားပါတယ်" ဟု မြန်မာဘောလုံးအဖွဲ့ချုပ်နည်းစနစ်ဒါရိုက်တာ ဦးဝင်းသူမိုးက ပြောသည်။

"နိုင်ချင်တာကတော့ နိုင်ချင်တာပေါ့လေ။ ဒါပေမဲ့ကိုယ့်အသင်းအခြေအနေအမှန်သိနေဖို့လည်းလိုအပ်တာပေါ့။ အိမ်ရှင်ပရိသတ်တွေအနေနဲ့ကိုယ့်အသင်းကိုတွန်းအားမပေးမိပဲဖိအားတွေပေးမိသွားမှာတော့ ကြောက်ပါတယ်။ ဒါပေမဲ့ကစားသမားတွေက အကောင်းဆုံးကြိုးစားဖို့တော့ လိုမှာပါ" ဟု မြန်မာအသင်းပရိသတ်တစ်ဦးက ၎င်း၏ အမြင်ကို ပြောသည်။

ထို့အပြင် အုပ်စုတွင်းအသင်းများအနက် အကြိုဗိုလ်လုပွဲအဆင့်သို့ တက်ရောက်မည့် အသင်းနှစ်သင်းကို လက်ရှိအနေအထားများအရ မှန်းဆရန်ခက်ခဲနေပြီး အိမ်ရှင်မြန်မာအသင်းအနေဖြင့်လည်း တစ်ပွဲချင်းရလဒ်ကောင်းမှသာ နောက်တစ်ဆင့်သို့ မျှော်မှန်းနိုင်မည်ဖြစ်သည်။

"ယူ-၂၃ အသင်းတွေမှာ ဒေသတွင်းအသင်းတွေက ခြေစွမ်းသိပ်မကွာပါဘူး။ လက်ရွေးစင်အသင်းကြီး ဆိုရင်တော့ တစ်မျိုးပေါ့လေ။ ဒါကြောင့် အမှားနည်းတဲ့အသင်းက သာသွားမှာပါ။ မြန်မာအသင်းကတော့ အဖွင့်ပွဲစဉ်တွေမှာ အထနေးတတ်တာတော့ ရှိတယ်။ ကမ္ဘောဒီးယားအသင်းကလည်း အဖွင့်ပွဲစဉ်ဆိုတော့ အားပြည့်နေမှာဖြစ်ပြီး အမှားခံမှာတော့ မဟုတ်ဘူး" ဟု ဘောလုံးအသင်းနည်းပြဦးတင်ငြိမ်းက သုံးသပ်သည်။

ထို့ကြောင့် မြန်မာအသင်းအနေဖြင့် လက်ကျန်ပွဲစဉ်များတွင် အိမ်ရှင်အားသာချက်နှင့် ပရိသတ်အားပေးမှု၊ ယုံကြည်မှုဆက်လက်ရရှိစေရန် ကမ္ဘောဒီးယားအသင်းနှင့် ပွဲစဉ်တွင် ရလဒ်ကောင်းရန် အလွန်အရေးကြီးကြောင်း လေ့လာသူများက သုံးသပ်ခြင်းဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုဒုတိယပွဲစဉ်တွင် တီမောအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

"တကယ်ပြောရရင် လက်ရှိအချိန်မှာ ပရိသတ်တွေအနေနဲ့ မြန်မာအသင်းကို မယုံကြသေးပါဘူး။ ဒါကြောင့်ကမ္ဘောဒီးယားနဲ့ အဖွင့်ပွဲစဉ်မှာ ရလဒ်ကောင်းဖို့အတွက် အရေးကြီးပါတယ်။ ဒါမှသာ နောက်ပွဲစဉ်တွေမှာ ပရိသတ်တွေရဲ့ အားကို ဆက်လက်မျှော်လင့်နိုင်မှာပါ" ဟု အားကစားဂျာနယ်အယ်ဒီတာ ကိုနေကိုကပြောသည်။

ရှေ့ပိုင်းပွဲစဉ်များတွင် ရလဒ်ကောင်းမွန်မှသာ တတိယပွဲစဉ်ဖြစ်သည့် ထိုင်းအသင်းနှင့် ပွဲစဉ်တွင်လည်းကောင်း၊ အုပ်စုနောက်ဆုံးပွဲစဉ်ဖြစ်သည့် အင်ဒိုနီးရှားအသင်းနှင့် ပွဲစဉ်တွင်လည်းကောင်း၊ မြန်မာအသင်း ဖိအားကင်းစွာ ဆက်လက်ယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။

"ဂျပန်ယူ-၂၀ အသင်းနဲ့ ခြေစမ်းပွဲစဉ်မှာ ကိုယ့်ထက်အဆင့်မြင့်အသင်းကို ရှုံးတာကို လက်ခံနိုင်ပေမယ့် ဘောလုံးသမားတွေအနေနဲ့ ဖိအားတွေ ရှိနေတဲ့ ပုံစံပေါ်နေပြီး လွတ်လွတ်ကျွတ်ကျွတ် ဘောလုံးပေးပို့မှုအပိုင်းတွေမှာ အမှားများနေတာတွေ့ရပါတယ်။ ပြိုင်ပွဲမှာအဲဒီလိုဖြစ်လို့တော့ မဖြစ်ပါဘူး။ တာဝန်ရှိသူတွေလည်း သတိထားပြီး ပြင်ဆင်နိုင်ဖို့ လိုအပ်ပါတယ်" ဟု ပရိသတ်တစ်ဦးကဆိုသည်။

မြန်မာဘောလုံးအသင်းအတွက် လေ့လာသူများနှင့် ပရိသတ်များစိုးရိမ်နေသည့် နောက်တစ်ချက်မှာ ကစားသမားများ၏ စိတ်ခံစားမှု မရင့်ကျက်သေးသည့်အချက်ဖြစ်ပြီး အစဉ်အလာအတိုင်းပြိုင်ဘက်အသင်းများက အဆိုပါအားနည်းချက်ကို အသုံးချသွားမည်ကို ပူပန်နေကြခြင်းဖြစ်သည်။


ယခင်ပြိုင်ပွဲများတွင် မြန်မာကစားသမားအချို့၏ သည်းခံစိတ်နည်းပါးမှု၊ စည်းကမ်းလျော့နည်းမှုများက အသင်းအပေါ်တွင် ထိခိုက်မှုများရှိခဲ့ပြီး များစွာ သင်ခန်းစာရခဲ့ပြီးလည်းဖြစ်သည်။

"ပြိုင်ဘက်အသင်းတွေကတော့ မြန်မာကစားသမားတွေရဲ့ စိတ်ခံစားချက်ကို သိထားတဲ့အတွက်ဆွကစားတာတွေရှိမယ်ထင်တယ်။ ဒါတွေကို ဥပဒေဘောင်အတွင်းက ပြန်လည်ကစားတတ်ဖို့က အရေးကြီးပါတယ်။ ဒီလိုပြိုင်ပွဲတွေမှာ ကစားသမားတစ်ဦး အထုတ်ခံရတယ်ဆိုရင် အရမ်းနစ်နာပါတယ်။ အရင်အရေးကြီးတဲ့ပွဲစဉ်တွေမှာဆိုရင်လည်း မြန်မာအသင်းအနေနဲ့ ၁၁ ဦးအပြည့်နဲ့ ကစားရတာ နည်းပါတယ်။ သတိထားရမယ့် အချက်ပါ" ဟု ကိုဟိန်းထက်အောင်ကပြောသည်။

၂၀၁၃ အိမ်ရှင်ဆီးဂိမ်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာဘောလုံးအသင်း၏ လေ့ကျင့်ပြင်ဆင်မှုအနေအထားမှာ ပြိုင်ပွဲသမိုင်းတစ်လျှောက် ကျေနပ်စရာဖြစ်သော်လည်း ဘောလုံးအခြေခံနှင့် နည်းဗျူဟာပိုင်းကျွမ်းကျင်မှုတို့တွင် ပြိုင်ပွဲဝင်အသင်းကြီးအချို့ထက် အားနည်းချက်များရှိနေသေးသည်မှာ အမှန်ပင်ဖြစ်သည်။

သို့သော်မြန်မာပရိသတ်များဖြင့် မြန်မာဘောလုံးသမားများထံမှ မျှော်လင့်ထားသည်မှာ စိတ်ဓာတ်နှင့် ကြိုးစားမှုတို့တွင် ပြိုင်ဘက်ကစားသမားများထက် သာလွန်သောလုပ်ဆောင်ချက်များသာဖြစ်သည်။

ပွဲကြိုခြေစမ်းပွဲများတွင် မြန်မာအသင်း၏ ခြေစွမ်း၊ ကစားကွက်များကို ဝေဖန်မှုများရှိနေသော်လည်း အသင်းလိုက် စုစည်းလေ့ကျင့်မှုတွင် အမြင့်ဆုံး အခြေအနေရှိနေခြင်း၊ နည်းပြချုပ်ပတ်ဆောင်ဟွာ၏ (စာချုပ်သက်တမ်းအရ) နောက်ဆုံးအစွမ်းပြရမည့် ပြိုင်ပွဲဖြစ်ခြင်း၊ အိမ်ရှင်အခွင့်အရေးအရစိတ်ဓာတ်ပိုင်းဆိုင်ရာ အမြင့်ဆုံးအခြေအနေတွင် ရှိနေခြင်းနှင့် ကံကြမ္မာအနေအထားတို့အရ ပြိုင်ပွဲကာလအတွင်း မြန်မာအသင်းခြေစွမ်းပြနိုင်ပါက အကြိုဗိုလ်လုပွဲ၊ ဗိုလ်လုပွဲစဉ်များ ကျင်းပမည့် နေပြည်တော်ဇေယျာသီရိကွင်းတွင် အိမ်ရှင်မြန်မာအသင်းပါဝင်သည့် ပွဲစဉ်များကို မြင်တွေ့ရရန် မျှော်လင့်နိုင်မည်ဖြစ်သည်။



| မြန်မာအသင်းပွဲစဉ်များ |
|---|
| ၇. ၁၂. ၂၀၁၃ |
| **မြန်မာ-ကမ္ဘောဒီးယား** |
| ၉. ၁၂. ၂၀၁၃ |
| **မြန်မာ-တီမော** |
| ၁၄. ၁၂. ၂၀၁၃ |
| **မြန်မာ-ထိုင်း** |
| ၁၆. ၁၂. ၂၀၁၃ |
| **မြန်မာ-အင်ဒိုနီးရှား** |




# အီတလီဝန်ကြီးချုပ်ဟောင်းဘာလူစကိုနီ ပါလီမန်မှ ထုတ်ပယ်ခံရပြီးနောက် အမှုထပ်မံရင်ဆိုင်ရဖွယ်ရှိ

**ရောမ၊ နိုဝင်ဘာ-၃၀**

ယခုသီတင်းပတ်အတွင်း ပါလီမန်မှ ထုတ်ပယ်ခံရပြီး ဥပဒေအရ အကာအကွယ်ပေးမှု ဆုံးရှုံးသွားခဲ့သော အီတလီဝန်ကြီးချုပ်ဟောင်း ဆီဗီယိုဘာလူစကိုနီသည် တရားရုံးတွင်ထပ်မံ၍ အမှုရင်ဆိုင်ရဖွယ်ရှိနေသည်။

လိင်ပိုင်းဆိုင်ရာပြစ်မှုကို စစ်ဆေးခဲ့စဉ်က ဘာလူစကိုနီသည် သက်သေများကို လာဘ်ထိုးခဲ့သည်ဟု တရားရုံးတစ်ခုက နိုဝင်ဘာ ၂၉ ရက်က စွပ်စွဲလိုက်သည်။

အမှုစစ်ဆေးရာတွင် ၎င်းအသာရစေရန် မှားယွင်းသောထွက်ဆိုချက်များ တင်ပြရန် ဘာလူစကိုနီက ၎င်းခေါ်ယူခဲ့သော အပျော်မယ်များအား ငွေကြေးပေးအပ်ခဲ့ပြီး လက်ရှိတွင်လည်း ပေးအပ်နေဆဲဖြစ်သည်ဟု မီလန်မြို့တရားရုံးတစ်ခုမှ တရားသူကြီးများက ပြောသည်။ ၎င်းတို့အနက် အရွယ်မရောက်သေးသူမိန်းကလေးတစ်ဦးလည်း ပါဝင်သည်ဟု တရားရုံးက ပြောကြားသည်။



*အီတလီဝန်ကြီးချုပ်ဟောင်း ဆီဗီယို ဘာလူစကိုနီအား နိုဝင်ဘာ ၂၇ ရက်က ၎င်း၏ပုဂ္ဂလိကစံအိမ် Palazzo Grazioli ပြင်ပတွင် မိန့်ခွန်းပြောနေသည်ကို တွေ့ရစဉ်* TIZIANA FABI/AFP

အဆိုပါမိန်းကလေးများသည် တရားရုံးတွင် လာရောက်သက်သေစစ်ချက်မထွက်ဆိုမီ ဘာလူစကိုနီနှင့် ၎င်း၏ရှေ့နေများထံမှ ငွေကြေးလက်ခံရရှိသလို စစ်ချက်ထွက်ဆိုပြီးချိန်တွင်လည်း ငွေကြေးရရှိသည်ဟုတရားရုံးကပြောသည်။

ယင်းစွပ်စွဲချက်များမှာ ဘီလျံနာသူဌေးကြီး ဘာလူစကိုနီကို ထပ်မံ၍ ရုံးတင်စစ်ဆေးရန် လုံလောက်သော အကြောင်းအရာများဖြစ်ပြီး ပါလီမန်အဖွဲ့ဝင် ဥပဒေကင်းလွတ်ခွင့်မရှိတော့၍ ၎င်းကို ပထမဆုံးအကြိမ်အဖြစ် လက်ထိတ်နှင့်မြင်တွေ့ရဖွယ်ရှိသည်ဟု အေအက်ဖ်ပီသတင်းက ဖော်ပြသည်။

*—Ref: AFP*

# ဩစတြေးလျတွင် ရေလှိုင်းစီးနေသည့် လူငယ်တစ်ဦး ငါးမန်းကိုက်ခံရ

**ဆစ်ဒနီ၊ နိုဝင်ဘာ-၃၀**

နိုဝင်ဘာ ၃၀ ရက်က ဩစတြေးလျအရှေ့ဘက်ကမ်းရိုးတန်းအနီးတွင် ဆယ်ကျော်သက်တစ်ဦး ငါးမန်းကိုက်ခံရ၍ သေဆုံးသွားခဲ့သည်။ ယင်းဖြစ်ရပ်မှာ ယခုလအတွင်း ဒုတိယအကြိမ်ငါးမန်းကိုက်ခံရမှုဖြစ်သည်။

ငါးမန်းကိုက်ခံရသူမှာ အသက်(၁၈)နှစ်အရွယ် လူငယ်တစ်ဦးဖြစ်ကြောင်းနှင့် ရေလှိုင်းစီးစဉ်၌ ကိုက်ခံရခြင်းဖြစ်ကြောင်း ဩစတြေးလျနိုင်ငံ နယူးဆောက်သ်ဝေးလ်စ်ပြည်နယ် ရဲတပ်ဖွဲ့က ပြောကြားသည်။ အဆိုပါ လူငယ်သည် နယူးဆောက်သ်ဝေးလ်စ် ပြည်နယ် Coffs Harbour မြို့အနီး ကမ်းရိုးတန်းမှ မီတာ ၁၀၀ ခန့်အကွာ ပင်လယ်ထဲ၌ ရေလှိုင်းလျှောစီးနေစဉ် ခြေထောက်နှစ်ဖက်ကို ငါးမန်းကိုက်ခဲ့ခြင်းဖြစ်သည်။

လူငယ်၏သူငယ်များက ၎င်းကို ကမ်းခြေသို့ ပြန်ခေါ်လာခဲ့ပြီး ဆေးဘက်အကူများက ကယ်တင်ရန်ကြိုးစားခဲ့သော်လည်း မကြာမီတွင် သေဆုံးသွားသည်။

*—Ref: AP*



7 DAY NEWS JOURNAL
Vol.12, No.39 • DECEMBER 4 , 2013

# အွန်လိုင်းဈေးဆိုင်အမေဇုန် ကုန်ပစ္စည်းများကို ဝယ်သူထံ မောင်းသူမဲ့လေယာဉ်ငယ်ဖြင့် ပို့ပေးမည်

**ဝါရှင်တန်၊ ဒီဇင်ဘာ-၂**

ကုန်ပစ္စည်း အထုပ်ငယ်များကို သယ်ဆောင်လာကာ ဝယ်ယူများ ထံပို့သန်းပေးပို့နိုင်သော 'အောက်တိုကော်ပတာ' ဟုခေါ်သည့်မောင်းသူမဲ့လေယာဉ်အငယ်စားများကို အနာဂတ်တွင် အသုံးပြုသွားရန် ကြိုးစားနေကြောင်း အွန်လိုင်းဈေးဆိုင် အမေဇုန်၏ အမှုဆောင်အရာရှိဂျက်ဖ်ဘီးဇော့ကပြောသည်။

အွန်လိုင်းမှ ကုန်ပစ္စည်းများ ရောင်းချပေးနေသည့် အမေဇုန်လုပ်ငန်းအနေဖြင့် ယင်းသို့ ကုန်ပစ္စည်းပေးပို့နိုင်ရန် အန္တရာယ်ကင်းရှင်းရေး စမ်းသပ်ရန်နှင့် အာဏာပိုင်များ၏ ခွင့်ပြုချက်ရယူရန် လိုနေသေးသည်။ သို့သော် လာမည့် လေး၊ ငါးနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဟု ဂျက်ဖ်ဘီးဇော့ကပြောသည်။




အမေဇုန်လုပ်ငန်းဌာနများမှ ကုန်ပစ္စည်းများပါရှိသည့် အဝါရောင်ပုံးကလေးများကို သယ်ဆောင်ကာ စက်ရုပ်ငယ်လေးကဲ့သို့သော ယင်းလေယာဉ်ငယ်များ သယ်ဆောင်နေသည်ကို Ama-zom.com တွင် ဖော်ပြထားသော နမူနာပြဗီဒီယို၌ တွေ့ရသည်။

ယင်း လေယာဉ်ငယ်များသည် အမေဇုန်လုပ်ငန်းက ပေးပို့ရောင်းချသည့် ကုန်ပစ္စည်းများ၏ ၈၆ ရာခိုင်နှုန်းဖြစ်သော အလေးချိန်ငါးပေါင်ရှိ ပစ္စည်းများအထိ သယ်ဆောင်နိုင်ကြောင်း ဂျက်ဖ်ဘီးဇော့ကပြောသည်။

အဆိုပါလေယာဉ်ငယ်များတွင် ဂျီပီအက်စ်စနစ်သုံးထားပြီး သွားလိုသောနေရာသို့ ရောက်ရှိသည်နှင့် ကုန်ပစ္စည်းများချထားနိုင်ကာ မောင်းသူမလိုပေ။ လိုအပ်သော တရားဥပဒေခွင့်ပြုချက်များ ရရှိပြီးသည်နှင့် 'အောက်တိုကော်ပတာ' လေယာဉ်ငယ်များကို စီးပွားရေးဆိုင်ရာလုပ်ငန်းစဉ်များတွင် အသုံးပြုရန် အဆင်သင့်ဖြစ်လိမ့်မည်ဟု အမေဇုန်လုပ်ငန်းက ပြောသည်။

*—Ref: AFP*

နောက်ကျောဖုံးမှ

## ခရိုအေးရှားနိုင်ငံသားအများစု လူထုဆန္ဒခံယူပွဲအတွင်း လိင်တူထိမ်းမြားခြင်းကို တစ်ခဲနက်ဆန့်ကျင်

မြားလက်ထပ်ခြင်းကဲ့သို့ ကိစ္စရပ်များမှာ အထိခိုက်မခံနိုင်သည့် အနေအထားတွင် ရှိနေဆဲဖြစ်သည်။

ခရိုအေးရှားဗဟိုလက်ဝဲအစိုးရက လိင်တူစုံတွဲများကို လက်ထပ်ခွင့်ပြုရန် ဥပဒေကြမ်းတစ်ရပ်ရေးဆွဲလိုက်ပြီးနောက် ကွန်ဆာဗေးတစ်အုပ်စုက လူထုဆန္ဒခံယူပွဲကျင်းပရန် တိုက်တွန်းခဲ့ခြင်းဖြစ်သည်။ လူထုဆန္ဒခံယူပွဲတွင် သဘောတူပါသည်ဟု မဲပေးကြရန် ကက်သလစ်ဘုရားကျောင်း ခေါင်းဆောင်များက ၎င်းတို့ နောက်လိုက်များကို တိုက်တွန်းထားခဲ့သည်။ ခရိုအေးရှားနိုင်ငံသား ၉၀ ရာခိုင်နှုန်းနီးပါးမှာ ရိုမန်ကက်သလစ် ဘာသာဝင်များ ဖြစ်ကြသည်။

*—Ref: AP*

နောက်ကျောဖုံးမှ

## ဗြိတိန်ဝန်ကြီးချုပ်ကင်မရွန်း အီးယူနှင့်တရုတ် ကုန်သွယ်ရေးသဘောတူညီချက် ပေါ်ထွက်ရေး ဘေဂျင်းတွင် တွန်းအားပေး

အီးယူနှင့် တရုတ်ကုန်သွယ်ရေးသဘောတူညီချက်နှင့်စပ်လျဉ်း၍ ကင်မရွန်း၏ တွန်းအားပေးမှုမှာ ဥရောပကော်မရှင်ကို မရိုးမရွဖြစ်စေနိုင်သည်။ ယင်းသို့ လွတ်လပ်စွာကုန်သွယ်ရေး လုပ်ဆောင်လိုက်ပါက အီးယူ ၂၈ နိုင်ငံတွင် တရုတ်နိုင်ငံမှ ဈေးပေါသော ကုန်ပစ္စည်းများဖြင့် ပြည့်သွားနိုင်သည်ဟူသော အကြောင်းပြချက်ဖြင့် ဥရောပကော်မရှင်က ယင်းကိုဆန့်ကျင်နေသည်ဟု ယုံကြည်ရသည်။

တရုတ်ဝန်ကြီးချုပ် လီကိုကျန်းကလည်း ကိုယ်ကျိုးစီးပွားကာကွယ်မှုတိုက်ဖျက်ရေး ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုပွင့်လင်းလာရေးကို နှစ်ဖက်စလုံးက တွန်းအားပေးရန် သဘောတူခဲ့ကြသည်ဟုပြောကြားသည်။ ချူကလီးယားစွမ်းအင်ကဏ္ဍတွင် တရုတ်၏ ရင်းနှီးမြှုပ်နှံမှု ဗြိတိန်နိုင်ငံက ကြိုဆိုခဲ့ခြင်းကိုလည်း တရုတ်ဝန်ကြီးချုပ်က ထောက်ခံပြောကြားသည်။

*—Ref: Reuters*






7 DAY NEWS JOURNAL
Vol.12, No.39 • DECEMBER 4 , 2013

# နိုင်ငံပေါင်းကိုးနိုင်ငံအပေါ် အီရန်ရေနံမဝယ်ယူရေး တားဆီးမှုကင်းလွတ်ခွင့် အမေရိကန်သက်တမ်းတိုး

**ဝါရှင်တန်၊ နိုဝင်ဘာ-၃၀**

ယခုနှစ်အစောပိုင်းက အီရန်နိုင်ငံမှ ရေနံများကို သိသာစွာလျှော့၍ တင်သွင်းခဲ့ကြသည့် တရုတ်၊ အိန္ဒိယနှင့် အခြားသောနိုင်ငံခုနစ်နိုင်ငံတို့အပေါ် အီရန်ရေနံမဝယ်ယူရေး တားဆီးမှုကင်းလွတ်ခွင့်ကို အမေရိကန်နိုင်ငံက ခြောက်လသက်တမ်း ထပ်တိုးလိုက်ကြောင်း အာဏာပိုင်များက နိုဝင်ဘာ ၃၀ ရက်တွင် ပြောသည်။

နိုင်ငံတကာ၏ ဘဏ္ဍာရေးဆိုင်ရာ တားဆီးပိတ်ပင်မှုများကို ရှောင်ရှားရာတွင် အီရန်အစိုးရကို ကူညီရန် ရှေ့တန်းကွန်ရက်တစ်ခုအဖြစ်ဆောင်ရွက်ပေးနေသည်ဟု ယုံကြည်ရသော ကုမ္ပဏီများအပေါ် အမေရိကန်နိုင်ငံက ဥပဒေသစ်များ ပြဋ္ဌာန်းနေစဉ် ယင်းသို့ တားဆီးပိတ်ပင်မှု ကင်းလွတ်ခွင့် သက်တမ်းတိုးမြှင့်လိုက်ခြင်းဖြစ်သည်။

ယင်းကဲ့သို့ လျှော့ပေါ့ပေးမှုကို ဒီဇင်ဘာ ၄ ရက်တွင် ကြေညာသွားမည်ဖြစ်ကြောင်း အမည်မဖော်လိုသည့် အမေရိကန်အရာရှိများက ပြောကြားသည်။ မလေးရှား၊ စင်ကာပူ၊ တောင်အာဖရိက၊ တောင်ကိုရီးယား၊ သီရိလင်္ကာ၊ တူရကီနှင့် တိုင်ပေတို့မှာလည်း အမေရိကန်နိုင်ငံ၏ ပြစ်ဒဏ်ခတ်မှုများမှ လာမည့်ခြောက်လတာအတွင်း ကင်းလွတ်ခွင့်ရမည်ဖြစ်သည်။

အီရန်နျူကလီးယားအစီအစဉ်ရပ်တန့်ရေး ဆောင်ရွက်ခြင်းများအတွက် ကန်ဒေါ်လာ ၄ ဒသမ ၂ ဘီလီယံခန့်ရှိသော နိုင်ငံခြားအရန်ငွေထားရှိခွင့် အီရန်နိုင်ငံကိုဖြေလျှော့ပေးရန် ယခုလအတွင်း ဂျီနီဗာမြို့တွင် အီရန်နှင့် ကမ္ဘာ့အင်အားကြီးနိုင်ငံများကြား သဘောတူညီခဲ့ပြီးနောက် ယင်းဆုံးဖြတ်ချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

ဂျီနီဗာမြို့တွင်ရရှိခဲ့သည့် သဘောတူညီချက်အရ အီရန်နိုင်ငံထံမှ လက်ရှိရေနံဝယ်ယူနေသည့် နိုင်ငံများ၏ လက်ရှိဝယ်ယူမှုပမာဏအတိုင်း ဆက်လက်ဝယ်ခွင့်ပြုမည်ဖြစ်သည်။

အီရန်နျူကလီးယားအစီအစဉ်အပေါ် အပြီးသတ်သဘောတူညီမှုရယူရန် ယင်းယာယီသဘောတူညီမှုမှာ ယုံကြည်မှုတည်ဆောက်ရန် ရည်ရွယ်ခြင်းဖြစ်သည်။ အမေရိကန်နှင့် အီးယူက အီရန်နိုင်ငံအပေါ် တားဆီးပိတ်ဆို့မှုများ မပြုမီ ၂၀၁၂ ခုနှစ်အတွင်း အီရန်နိုင်ငံ၏ ရေနံတင်ပို့မှုမှာ တစ်နေ့လျှင် ရေနံစည်ပေါင်း ၂ ဒသမ ၅ သန်းရှိခဲ့သည်။ *Ref: Reuters/ AP*



RUPAK DE CHOWDHURI/REUTERS

*နိုဝင်ဘာ ၂၇ ရက်က ကိုးလ်ကတ္တားမြို့အနီး ရေနံသိုလှောင်စခန်းတစ်ခုတွင် ဓာတ်ဆီမည်မျှရှိသည်ကို တိုင်းရန် ဓာတ်ဆီတင်ယာဉ်ပေါ်တွင် လျှောက်သွားနေသော အလုပ်သမားတစ်ဦး။ အီရန် ရေနံပိတ်ဆို့မှုများ လျှော့ပေါ့ပေးလိုက်၍ အိန္ဒိယကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ မကြာမီ အီရန်နိုင်ငံသို့ သွားရောက်မည်ဖြစ်သည်။*

## ငြိမ်းချမ်းရေးသဘောတူညီချက်ရနိုင်ခြေရှိသော်လည်း ကမ္ဘာ့နိုင်ငံများ အစ္စရေးအပေါ် ကြပ်မတ်ရန်လိုဟု ပါလက်စတိုင်းပြော

**ဂျေရုစလင်၊ နိုဝင်ဘာ-၃၀**

အစ္စရေးနိုင်ငံနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ပါဝင်သည့် ပါလက်စတိုင်းစေ့စပ်ညှိနှိုင်းရေးအကြီးအကဲက နိုင်ငံတကာအနေဖြင့် ကျန်ရှိနေသော ငါးလကြာဆွေးနွေးပွဲ မပျက်စီးစေရန် အစ္စရေးအိမ်ရာများ ဆက်လက်ဆောက်လုပ်နေမှုကိုကြပ်မတ်ပေးရန် လိုအပ်သည်ဟု ပြောကြားလိုက်သည်။

အမေရိကန်အစိုးရကြားဝင်ညှိနှိုင်းပေးသော အစ္စရေးနှင့် ပါလက်စတိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲသည် ယခုနှစ် ဇူလိုင်လတွင် စတင်ခဲ့ပြီး လာမည့်နှစ် ဧပြီလတွင် ပြီးဆုံးမည်ဖြစ်သည်။ သို့ရာတွင် ဆွေးနွေးပွဲ အစကတည်းကပင် အစ္စရေးအစိုးရသည်ပါလက်စတိုင်းပိုင်မြေဟု သတ်မှတ်ထားသောနေရာများ၌ အိမ်ရာအဆောက်အအုံထောင်ပေါင်းများစွာ ဆောက်လုပ်မည့်အစီအစဉ်များကို ကြေညာခဲ့သည်။

—*Ref: AP*



7DAY NEWS JOURNAL

# International

Vol.12, No.39 • DECEMBER 4 , 2013



ဒီဇင်ဘာ ၂ ရက်က ဘန်ကောက်မြို့ အစိုးရအိမ်တော်ပြင်ပတွင် ရဲတပ်ဖွဲ့နှင့်တိုက်ခိုက်မှုများအတွင်း ခြံစည်းရိုးတစ်ခုနောက်ကွယ်တွင် အကာအကွယ်ယူနေရသော ဆန္ဒပြသူများကို တွေ့ရစဉ် CHRISTOPHE ARCHAMBAULT/AFP

## ရာထူးမှနုတ်ထွက်ပေးရန် တောင်းဆိုချက် ထိုင်းဝန်ကြီးချုပ်ယင်လပ်ပယ်ချ

**ဘန်ကောက်၊ ဒီဇင်ဘာ-၂**

ထိုင်းဝန်ကြီးချုပ်ယင်လပ်ရှင်နာဝပ်သည် ၎င်းအား လက်ရှိဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ပေးရန်ဟူသော ဆန္ဒပြသူများ၏ တောင်းဆိုချက်များကို ပယ်ချလိုက်သည်။ တောင်းဆိုချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ မဖြစ်နိုင်ကြောင်း၊ သို့သော် ဆွေးနွေးညှိနှိုင်းမှုများကို ဖွင့်ပေးထားဆဲဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ဆန္ဒပြသူများသည် ဝန်ကြီးချုပ်ရုံးကိုဝင်ရောက်စီးနင်းရန်ကြိုးစားခဲ့ရာ ဒီဇင်ဘာ ၂ ရက်တွင် ပဋိပက္ခများ ပိုမိုဖြစ်ပွားခဲ့သည်။ အကြမ်းဖက်မှုများကြောင့် လူလေးဦးသေဆုံးခဲ့သည်ဟုလည်း သတင်းများက ဖော်ပြသည်။ “ထိုင်းနိုင်ငံသားတွေပျော်ရွှင်မယ်ဆိုရင် ဘယ်အရာကိုမဆို လုပ်ဖို့ဆန္ဒရှိပါတယ်။ ဒါပေမဲ့ ဝန်ကြီးချုပ်တစ်ယောက်အနေနဲ့ လုပ်နိုင်တာကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေအောက်မှာပဲဖြစ်ရပါမယ်”ဟု မစ္စစ်ယင်လပ်က ရုပ်သံမိန့်ခွန်းတစ်ခုတွင် ပြောကြားသည်။

အတိုက်အခံနိုင်ငံရေးသမားဆူသက်သောင်ဆူဘန်က နှစ်ရက်အတွင်း မစ္စစ်ယင်လပ် ရာထူးမှ နုတ်ထွက်သင့်သည်ဟု ဒီဇင်ဘာ ၁ ရက်တွင် ပြောကြားခဲ့ပြီး အစိုးရဆန့်ကျင်ရေးဆန္ဒပြသူများသည် မစ္စစ်ယင်လပ် ရာထူးမှနုတ်ထွက်ရန် တောင်းဆိုလျက်ရှိသည်။ ယင်လပ်အစိုးရကို အစ်ကိုဖြစ်သူ သက်ဆင်ရှင်နာဝပ်က ထိန်းချုပ်နေသည်ဟူသော စွပ်စွဲချက်များနှင့်အတူ ဆန္ဒပြသူများသည်ပြည်သူ့ကောင်စီတစ်ရပ်နှင့် အစိုးရအသစ်လဲလိုနေကြသည်။

နိုဝင်ဘာ ၂၄ ရက်က စတင်သော ဆန္ဒပြမှုများသည် တဖြည်းဖြည်း ပိုမိုကြမ်းတမ်းလာပြီး ဆန္ဒပြသူများသည် ဝန်ကြီးချုပ်ရုံးအထိ ဝင်ရောက်စီးနင်း တိုက်ခိုက်ရန် ကြိုးစားခဲ့ရာ ယင်လပ်ကိုယ်တိုင်ရှောင်တိမ်းရသည်အထိ ဖြစ်လာသည်။ လက်ရှိတွင် ထိုင်းနိုင်ငံရှိ ကျောင်းများနှင့် တက္ကသိုလ်များကို လုံခြုံရေးအခြေအနေအရယာယီပိတ်ထားသည်။ ဘန်ကောက်မြို့ရှိစာသင်ကျောင်းပေါင်း ၆၀ ခန့်နှင့် ကုလသမဂ္ဂရုံးတို့ကို ပိတ်ထားခဲ့သည်ဟု အေပီသတင်းဌာနက ဖော်ပြသည်။ —*Ref: BBC*

## ဗြိတိန်ဝန်ကြီးချုပ်ကင်မရွန်း အီးယူနှင့်တရုတ် ကုန်သွယ်ရေးသဘောတူညီချက် ပေါ် ထွက်ရေး ဘောဂျင်းတွင်တွန်းအားပေး

**ဘေဂျင်း၊ ဒီဇင်ဘာ-၂**

ဗြိတိန်နိုင်ငံက အီးယူတွင် ပါဝင်မှုအပေါ် သက်သောင့်သက်သာမရှိသော်လည်း ဗြိတိန်ဝန်ကြီးချုပ်ဒေးဗစ်ကင်မရွန်းသည် အီးယူနှင့် တရုတ်နိုင်ငံကြား ကန်ဒေါ်လာဘီလီယံနှင့်ချီ တန်ဖိုးရှိသော လွတ်လပ်စွာကုန်သွယ်ရေးသဘောတူညီချက်အတွက် အုတ်မြစ်ချပေးလိုကြောင်း ပြောကြားရင်း တရုတ်နိုင်ငံသို့ ရောက်ရှိလာသည်။

ဗြိတိန်စီးပွားရေးလုပ်ငန်းရှင် ၁၀၀ နှင့် သုံးရက်ကြာ လာရောက်သော ခရီးစဉ်တွင် တရုတ်နိုင်ငံ၏ ဈေးကွက်များကို ဖွင့်လှစ်ရေးအကြောင်းပြောကြားရင်း တရုတ်နိုင်ငံ ဈေးကွက်ချဲ့ထွင်ရေး ဗြိတိန်နိုင်ငံက အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်လိုကြောင်းပြောသည်။

“တရုတ်နိုင်ငံ တိုးတက်လာတာကို အခွင့်အရေးတစ်ရပ်အနေနဲ့ မြင်ပါတယ်။ ဒီတိုင်းပြည်က လူတွေအတွက်သာမက ဗြိတိန်နိုင်ငံနဲ့ ကမ္ဘာကြီးအတွက်လည်း အခွင့်အရေးဖြစ်ပါတယ်”ဟုပြည်သူ့ခန်းမဆောင်ကြီးတွင် တရုတ်ဝန်ကြီးချုပ်လီကီကျန်းနှင့် တွေ့ဆုံပြီးနောက် ဒေးဗစ်ကင်မရွန်းက သတင်းထောက်များအား ပြောကြားသည်။

“ဥရောပက အချို့နဲ့ အခြားနေရာကလူတွေ ကမ္ဘာကြီးပြောင်းလဲလာတာကိုမြင်ပြီး ဝါးလိုက်ကာ ကုန်သွယ်ရေးအတားအဆီးတွေနဲ့တရုတ်နိုင်ငံကိုပိတ်ထားဖို့အလိုရှိနေကြတယ်။ ဗြိတိန်နိုင်ငံက အဲဒီအတားအဆီးတွေကို ဖြိုချချင်ပါတယ်”ဟုကင်မရွန်းကပြောသည်။

စာမျက်နှာ ၄၆ ››

## ခရိုအေးရှားနိုင်ငံသားအများစု လူထုဆန္ဒခံယူပွဲအတွင်း လိင်တူထိမ်းမြားခြင်းကို တစ်ခဲနက်ဆန့်ကျင်

**ဇာဂရက်ဘ်၊ ဒီဇင်ဘာ-၂**

ခရိုအေးရှားနိုင်ငံတွင် လိင်တူလက်ထပ်ထိမ်းမြားခွင့်ပြုသင့်၊ မပြုသင့် လူထုဆန္ဒခံယူပွဲကို ဒီဇင်ဘာ ၁ ရက်က ကျင်းပခဲ့ရာ အများစုက တားမြစ်ရန် မဲပေးခဲ့ကြသည်။

ယင်းမှာ အီးယူအဖွဲ့ဝင်သစ် ခရိုအေးရှားနိုင်ငံရှိ ကက်သလစ်ဘာသာ ဘုရားကျောင်းများက ကျောထောက်နောက်ခံပြုထားသည့် ကွန်ဆာဗေးတစ်တို့၏ အဓိကအောင်မြင်မှုကြီးဖြစ်သည်။

“လက်ထပ်ထိမ်းမြားခြင်းမှာ ယောကျ်ားတစ်ယောက်နှင့် မိန်းမတစ်ယောက်ကြား ပေါင်းသင်းနေထိုင်မှုဖြစ်တယ်ဆိုတာ သဘောတူပါသလား”ဆိုသည့်လူထုဆန္ဒခံယူပွဲ၏ မေးခွန်းကိုစုစုပေါင်းမဲပေးသူ၏ ၆၅ ရာခိုင်နှုန်းက သဘောတူခဲ့ကြပြီး ၃၄ ရာခိုင်နှုန်းက ဆန့်ကျင်မဲပေးခဲ့ကြောင်း ကနဦးမဲရလဒ်များကိုကိုးကား၍ နိုင်ငံရွေးကောက်ပွဲကော်မရှင်က ပြောသည်။

ယင်းရလဒ်အရလိင်တူထိမ်းမြားလက်ထပ်ခြင်းကို တားမြစ်ရန် ခရိုအေးရှားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ရလိမ့်မည်ဟုဆိုလိုသည်။ ယင်းလူထုဆန္ဒခံယူပွဲ၏မေးခွန်းမှာ အခြေခံလူ့အခွင့်အရေး ချိုးဖောက်ထားသည်ဟု လစ်ဘရယ်အုပ်စုများက ပြောသည်။ ဘုရားကျောင်းများက ကျောထောက်နောက်ခံပြုထားသည့် ကွန်ဆာဗေးတစ်အုပ်စုများက ၎င်းတို့၏ထောက်ခံမှုအဖြစ် လက်မှတ်ပေါင်း ၇၅၀,၀၀၀ ကို စုဆောင်းထားကြသည်။

ပြီးခဲ့သည့် ဇူလိုင်လအတွင်းက အီးယူအဖွဲ့ဝင်ဖြစ်လာသည့် ခရိုအေးရှားနိုင်ငံ၏ လူဦးရေ ၄ ဒသမ ၄ သန်းမှာ မိန်းမလျာအခွင့်အရေးများ တိုးမြှင့်စေရန် ဆောင်ရွက်နေကြသည်။ သို့သော် ကက်သလစ်ဘာသာ အဓိကကိုးကွယ်သည့် ယင်းနိုင်ငံတွင် လိင်တူထိမ်း

စာမျက်နှာ ၄၆ ››





CHANGE
TOPREMIUM
လုပသေသပ်ပြီး ပြိုင်ဘက်ကင်းသော သတ္တုကိုယ်ထည်ဖုန်းကို အသုံးပြုကြည့်လိုက်ပါ။
Swipe finger to unlock
EMERGENCY CALL
10:08 AM
10:08 AM
htc one max
htc BlinkFeed™
Live home screen
htc BoomSound™
Dual frontal stereo speakers
htc Zoe™
Your gallery brought to life
© 2013 HTC Corporation



BUSINESS
IS
GREAT
BRITAIN
With world-class expertise in the exploration and extraction of oil and gas around the globe, make the UK your partner of choice.
ukti.gov.uk/greatbritain
BG GROUP
ALLEN & OVERY
CLARIDON
PRUDENTIAL
Standard Chartered




OMRON
သင်၏သွေးချို၊ ဆီးချိုပမာဏကို လွယ်ကူလျင်မြန်စွာတိုင်းတာပေးမည့်
'အွမ်ရွန်' သွေးချို၊ ဆီးချိုတိုင်းကိရိယာ
တိကျမှန်ကန်ခြင်း
မြန်ဆန်ခြင်း
အသုံးပြုရလွယ်ကူခြင်း
ရိုးရှင်းလွယ်ကူသော တိုင်းတာနည်းအဆင့်များ
အဆင့် (၁)
အဆင့် (၂)
Blood Glucose Monitoring System
HEA-232
Accurate
Fast
Ease of use
• Fast measurement time 5 seconds
• Small amount of blood sample required
• Memory 14 readings
Blood Glucose Test Strip
HEA-232
✓ ၅ စက္ကန့်အတွင်းသွေးချိုပမာဏကို လျင်မြန်စွာသိနိုင်ခြင်း
✓ သွေးစက်အနည်းငယ်သာ ဖောက်ရန်လိုအပ်ခြင်း
✓ "၁၄ကြိမ်" အထိတိုင်းတာချက်များကို မှတ်သားထားခြင်း
အသေးစိတ်သိရှိလိုပါက
Market Expansion Services by www.dksh.com
DKSH
DKSH Services Ltd.
All for Healthcare


NESCAFÉ 75 years
CONGRATULATIONS!
ကျပ်သန်းပေါင်းများစွာ ကံစမ်းမဲအစီအစဉ်
Lucky Draw Winners
မဝေဝေလင်း
(ကိုယ်စား)
မဝေဝေလင်း
၉/ပကခ (နိုင်) ၀၁၅၆၃၀
ဂုဒ်လမ်း ဒေလီယာထောင့်၊
မြို့သစ်(၂)၊ ချမ်းမြသာစည်၊
မန္တလေးတိုင်းဒေသကြီး။
CONGRATULATIONS!
NESCAFÉ TOYOTA Vitz ကံထူးရှင်
TOYOTA Vitz ကံထူးရှင် (၁) ဦး
ရွှေငါးကျပ်သား ကံထူးရှင် (၈) ဦး
(၁၅)သိန်းတန် စိန်လက်စွပ် ကံထူးရှင် (၈) ဦး
ဆိုင်ကယ် ကံထူးရှင် (၁၅) ဦး
Samsung GALAXY S4 ကံထူးရှင် (၂၁) ဦး
32" SONY TV ကံထူးရှင် (၂၂) ဦး
NESCAFÉ ကံစမ်းမဲအစီအစဉ်တွင် ပါဝင်ကြသူများ အားလုံးကို
NESCAFÉ မှ ဂုဏ်ယူဝမ်းမြောက်စွာဖြင့် ကျေးဇူးအထူးတင်ရှိပါသည်။
Hotline 09 732 32462
NESCAFÉ Myanmar
Nestlé
Good Food, Good Life

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.12, No.39 • DECEMBER 4 , 2013

စာမျက်နှာ(၂၄) မှ

## မင်းဒင်ရဲ့ သက်ခိုင် (၂)

သူ့စိတ်ထဲမှာ ကျွန်တော်ဟာ သူ့ခြေရာကိုနင်းမယ့် သူ့အိပ်မက်တွေကို အကောင်ထည်ဖော်မယ့်သားလို့ယုံကြည်ထင်မှတ်ဟန်တူပါရဲ့။ ဒီစိတ်ဓာတ်ရဲ့ နောက်ဆက်တွဲအကျိုးဆက်ကတော့ အဖေဟာ ကျွန်တော်တို့ညီအစ်ကိုတွေကို ပညာတတ်တွေ ဖြစ်ရစေမဟဲ့ဆိုတဲ့ ဆုံးဖြတ်ချက်ကိုဖြစ်ပေါ်စေခဲ့ပါတယ်။

ဘဝနာခဲ့တဲ့အဖေဟာ ရန်ကုန်မြို့ကိုရောက်တာနဲ့ သားသမီးတွေပညာရေးအတွက် ကျွန်တော်တို့ မိသားစုကို ရန်ကုန်မြို့ကြီးဆီခေါ်နိုင်ဖို့ကြိုးစားခဲ့တယ်။ အရေးထဲ ခင်ဗျားက နောက်နေပြန်ပြီ။ အမေက ဘယ်လောက်အရုပ်ဆိုးဆိုး၊ သူ့မိန်းမသူ လွမ်းတာ လည်းပါမှာပေါ့ဗျ။

အဖေဟာ လူထူးလူဆန်းလို့ဆိုရမယ်။ သူ့အမေကျွန်တော့်အဘွားပေးစားတဲ့ ကျွန်တော့်အမေကို သေတစ်ပန်သက်ဆုံးပေါင်းရမယ်လို့ ယုံကြည်လက်ခံသွားတယ်။ ကျွန်တော့်အဖေမိန်းမကိစ္စရှုပ်၊ မရှုပ် ကျွန်တော် သေချာမသိပေမယ့်အဖေဟာ အမေ့ကိုကွာဖို့၊ ရှင်းဖို့ ဘယ်သောအခါမှ ပြောသံမကြားမိဘူးဗျ။ သူ့အမေဒေါ်ရွှေဘဲ့ဆုံးမဩဝါဒ်ပြရာကိုသာနာခံခဲ့တဲ့ အဖေပါပဲ။ ကျွန်တော့်အဖေရဲ့ရုပ်သွင်ကိုအနီးစပ်ဆုံးခန့်မှန်းချင်ရင် ဒါရိုက်တာ မောင်တင်ဦးရဲ့ သကြ်န်မိုးရုပ်ရှင်ဇာတ်ကားမှာ စွပ်ကျယ်အင်္ကျီလက်ပြတ်နဲ့နာမည်ကျော် ရုပ်ရှင်မင်းသားကြီးနေအောင့်ပုံကိုသာကြည့်ပေတော့ဗျာ။

ဆူနာမီကနေ ကျွန်တော့်အဖေနဲ့ အမေအကြောင်း ရောက်သွားပြန်ပြီ။ ဆူနာမီမှာ ရင်နာစရာကောင်းတဲ့ မိစုဆိုတဲ့ ထားဝယ်သူမလေးတစ်ယောက်အကြောင်းပြောချင်သေးတယ်။ ဇာတ်လမ်းက ဒီလိုဗျ။ ကျွန်တော်ရနောင်းကိုရောက်ပြီး တစ်လလောက်အကြာ ရနောင်းဈေးထဲကို လျှောက်သွားနေတုန်း နောက်ဘက်ကနေ အစ်ကို၊ အစ်ကိုဆိုတဲ့ ခေါ်သံကြားလို့ လှည့်ကြည့်လိုက်တော့ မွတ်ဆလင်ကုလားလေးတစ်ယောက်ကို တွေ့သဗျ။ သူက အစ်ကိုကျွန်တော့်ကိုမမှတ်မိဘူးလားတဲ့။ အမှန်ပြောရရင် ကျွန်တော်လည်း ဇဝေဇဝါပါပဲ။ သူကဆက်ပြီး ကျွန်တော်ဗီဒီယိုခွေတွေ ရောင်းတုန်းက ပြဿနာဖြစ်လို့ လိုက်ရှင်းပေးခဲ့ဖူးတယ်လေ၊ ကျွန်တော် အောင်မြင့်ဆွေပါတဲ့။ ကျွန်တော်မှတ်မိသွားပါပြီ။ ဒါနဲ့ သူ့ဘဝ သူ့အကြောင်း စပ်စုကြည့်လိုက်တော့ သူက ရနောင်းဈေးထဲမှာ ငါးပိငါးခြောက်တွေ ရောင်းနေသတဲ့။ နေဦးဗျ။ အဲဒီကိစ္စကလည်း တစ်မျိုးတစ်ဖုံ စိတ်ဝင်စားစရာပါပဲ။ ရနောင်းမြို့မှာ စကီနာဆိုတဲ့ မွတ်ဆလင်မိန်းကလေးတစ်ယောက်ခိုကိုးရာမဲ့ဖြစ်နေတဲ့ သတင်းကြောင့် ဒီမိန်းကလေးကို ဘယ်သူအတည်တကျလက်ထပ်ပေါင်းသင်းနိုင်သလဲဆိုတာ သူတို့ဘာသာဝင်အချင်းချင်းဆက်သွယ်ရှာဖွေလိုက်တော့ ဖိုးကံကောင်းက အောင်မြင့်ဆွေဖြစ်နေသဗျ။ စကီနာက လုံးကြီးပေါက်လှပါပဲ။ ခက်တာက အောင်မြင့်ဆွေဟာ ဟိုကိစ္စ၊ ဒီကိစ္စမှာ အတော်အားသန်ပုံရတယ်။

ကျွန်တော်နဲ့လည်း ပြန်ဆုံရော သူ့မိန်းမစကီနာဆီမှာ ကျွန်တော့်ကို အကြောင်းပြပြီး အပြင်ထွက်ခွင့်ပါပစ်ရတဲ့အခါ ရနောင်းမြို့တစ်ခွင်ပြပြစင်အောင်လည်မိရာကနေ ဟိုအတန်းသည် အတန်းတွေရောက်တော့တာပါပဲ။ ပြောပြရင် ယုံနိုင်စရာတောင် မရှိပါဘူးဗျာ။ ရနောင်းဖန်ဖလားဝန်းကျင်က ရပ်ကွက်တွေမှာ ဗမာပြည့်တန်ဆာတွေ ချည်းပါပဲ။ ညပိုင်းကိုးနာရီလောက်ဆို ဆွယ်နေကြတာ တကယ့်ကို ပွဲကြီးလမ်းကြီးပါပဲ။ ခင်ဗျားကလည်း တစ်မျိုးထင်နေပြန်ပါပြီ။ ကျွန်တော်က ဘာစိတ်မှ မရှိဘူးဗျ။ နေရေးထိုင်သာအထိုင်ကျဖို့ လုံးပန်းနေရတဲ့ကာလမို့ဘာမှ စိတ်မကူးအားပါဘူး။ တစ်နေ့ အောင်မြင့်ဆွေနဲ့အတူ အတ္တာ အိမ်တစ်အိမ်ရောက်သွားသဗျ။ အဲဒီမှာတွေ့မိတာ မိစုပါပဲ။

မိစုဟာ မိန်းမပျက်ပုံ လုံးဝမပေါက်တဲ့ မိန်းကလေးပဲဗျာ။ သူကနေ့ပိုင်းအိမ်မှာ လှုပ်ရှားသလို ညပိုင်းမှာ ထိုင်းအမျိုးသမီး တစ်ယောက်ပိုင်တဲ့ အနှိပ်ခန်းမှာလုပ်သတဲ့။ နောက်ပိုင်း ကျွန်တော်ဟာ မိစုနဲ့ ရင်းနှီးလာတယ်။ အသေးစိတ်တော့ မသိချင်ပါနဲ့တော့ဗျာ။ မိစုမှာ သားတစ်ယောက်ရှိသတဲ့။ သူ့ယောကျ်ားက ဆူနာမီတိုက်တုန်းမှာ ထိုင်းငါးဖမ်းစက်လှေတစ်စီးနဲ့ပါသွားရာကနေ အစအနပျောက်သွားရာက ဒီဘဝရောက်သတဲ့ဗျာ။ ကျွန်တော်ဆိုတဲ့ကောင်ကလည်း နှလုံးကြီးဝမ်းကောင်းဆိုတော့ မိစုဒီဘဝကလွတ်အောင် ဘယ်လိုကူညီရမလဲ စပ်စုကြည့်မိတော့ ထိုင်းဘတ်သုံးသောင်း ကူညီရင် သူ့ဇာတိထားဝယ်ကို ပြန်မယ်ဆိုပဲ။ အဲဒီအချိန်က ထိုင်းဘတ်သုံးသောင်းဆိုတာ ကျွန်တော့်အတွက် ဘာမှမပြောပလောက်တာမို့ ကူညီလိုက်ရောဆိုပါတော့ဗျာ။ မိစုထားဝယ်ကိုပြန်သွားခဲ့ပါတယ်။ မိစုအမေဟာလည်း သွေးတိုးရောဂါသည်ပါ။ ဒါပေမဲ့ဗျာ ကျွန်တော်ကူညီလိုက်ပြီး နောက် လေးငါးလအကြာမှာ မိစုကိုရနောင်းဈေးထဲမှာ မီးဖွားပြီးခါစ နီတာရဲကလေးငယ်လေးနဲ့ တွေ့ရပြန်ပါတယ်။ မိစုနောက်အိမ်ထောင်ကျနေပြန်ပါပြီ။

*(ဆက်လက်ဖော်ပြပါမည်)*

စာမျက်နှာ(၅) မှ

## ခြေတစ်ဖက်အတွက် ၆,၀၄၀ ကျပ်

"ဆောင်းတွင်းဆိုတော့ကိုက်လွန်းလို့ တစ်ချိန်လုံးအော်နေရတယ်။ အော်နေရလည်းဘယ်သူမှ လာပြီး သိပ်မကြည့်ဘူး။ ရေတွေဘာတွေလည်း (ပေါ်တာ)အချင်းချင်းတွေပဲ လာတိုက်တယ်"ဟု သူကပြောသည်။

မုတ်သုံသစ်တောများနှင့်သွားလာရခက်ခဲသောမြန်မာပြည်၏ တောတွင်းတစ်နေရာတွင် မြေမြှုပ်မိုင်းဒဏ်ခံခဲ့ရသည့် ကိုတင်ထွန်းအောင်တစ်ယောက် ရက်ကြာကြာမစောင့်ရဘဲ အဖော်တစ်ယောက်ထပ်ရခဲ့သည်။ သူမိုင်းထိပြီး ရက်ပိုင်းအကြာတွင် နောက်ထပ်ရဲဘော်တစ်ဦးလည်းမိုင်းဒဏ်ရာဖြင့်ရောက်လာခဲ့သည်ဟုသူကပြောသည်။

"အားလုံးရိက္ခာလည်း ပြတ်နေကြတာ။ မဖြစ်ခင် နှစ်ရက်လောက်ကတည်းက စခန်းတစ်ခုလုံး ငှက်ပျောအူပဲစားနေရတယ်။ ဒဏ်ရာအတွက် ဆေးလည်းသိပ်မရှိဘူး"ဟု ကိုတင်ထွန်းအောင်ကပြောသည်။

ဆောင်းတွင်း၏ အအေးဒဏ်နှင့်သူ့ဒဏ်ရာနာကျင်ကိုက်ခဲမှုကိုခြောက်ရက်လောက်ခံစားခဲ့ရပြီးမှ ကြယ်ပြောင်ကုန်းဟု သူသိသည့်နေရာတစ်ခုသို့ အဆင့်ဆင့်ပို့ဆောင်ပေးခဲ့သည်ဟု ဆိုသည်။

"ကြယ်ပြောင်ကုန်းရောက်သွားတော့ စစ်တပ်က ဆေးဗိုလ်ကြီးတွေရှိတယ်။ သူတို့ကတော့ စစ်သားတစ်ပိုင်း၊ ဆရာဝန်တစ်ပိုင်းဆိုတော့ ဆက်ဆံတာ နွေးနွေးထွေးထွေးရှိတယ်။ ဆေးကအစ၊ ဆေးထိုးပေးတာကအစ စေတနာပါတယ်"ဟု သူကပြောသည်။

အကျဉ်းကျခံနေရသူ သူ့အတွက် သဘောကောင်းပြီး လူသားချင်းစာနာစိတ်ရှိသည့်တပ်မတော်မှ ဆရာဝန်များ၏အကူအညီပေးမှုကြောင့် သူ့မိသားစုနှင့် အဆက်အသွယ်ရရှိခဲ့သည်။ သူဆေးကုသခံရာ ဆေးရုံဆီသို့ သူ့မိခင်နှင့် ဆွေမျိုးအချို့ ရောက်ရှိလာတော့ သူရင်မဆိုင်ရဲခဲ့ကြောင်း ပြောသည်။

"သူတို့အသံကြားလိုက်တော့ ငိုချင်စိတ်ပေါက်လာပြီး ဝမ်းနည်းသွားတယ်။ ဒီလိုဖြစ်တာကို သူတို့မမြင်စေချင်ဘူး။ အားနာသွားတယ်။ အဲဒါနဲ့ အိပ်ချင်ယောင်ဆောင်နေလိုက်တယ်" ဟု သူကပြောသည်။တပ်မတော်စစ်ဆေးရုံများတွင်လနှင့်ချီပြီး ဆေးဝါးကုသမှုခံယူနေစဉ်သူ့အား ထောင်ဒဏ်မှလွတ်ပေးကြောင်း အစိုးရအရာရှိများကလာရောက် အကြောင်းကြားခဲ့သည်။ သို့သော်လည်းသူနှင့် ဘဝတူမိုင်းဒဏ်ခံအကျဉ်းသားပေါ်တာ အချို့ကတော့ ထောင်ထဲပြန်ဝင်ခဲ့ရကြောင်း သူကပြောသည်။

ကျောင်းသား၊ အစိုးရဝန်ထမ်း၊ မြေအောက်နိုင်ငံရေးလှုပ်ရှားသူ၊ နိုင်ငံရေးအကျဉ်းသား၊ ပေါ်တာလုပ်သား၊ မိုင်းနင်းမိသည့်လူတစ်ယောက်စသည့်ဘဝအစုံစုံကိုဖြတ်သန်းခဲ့သည့်ကိုတင်ထွန်းအောင်တစ်ယောက်လူ့အဖွဲ့အစည်းအတွင်း ပြန်ဝင်လာတော့ လက်ကမ်းပေးသူများရှိသလို ရှောင်ဖယ်သူများလည်းရှိခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်အပါအဝင်နွေးနွေးထွေးထွေးအားပေးစကားပြောမည့်သူများ သူ့ဆီရောက်လာသလို သားသမီးများကို နိုင်ငံရေးနှင့် ကင်းကင်းရှင်းရှင်းနေစေလိုသူများ အတွက်လည်းသူ့က နမူနာဖြစ်ခဲ့ရသည်။

ယခုတော့ ကိုတင်ထွန်းအောင်တစ်ယောက်မိုင်းနင်းမိသည့် ခြေတစ်ဖက်ကို အတုဖြင့်အစားထိုးကာ နိုင်ငံရေးလှုပ်ရှားမှု အချို့ကို ပြန်လည်လုပ်ဆောင်နေခဲ့သည်။ ဆုံးရှုံးသွားသည့်သူ၏ ခြေတစ်ဖက်အတွက် အစိုးရက တရားဝင်နစ်နာကြေးလည်း ပေးသေးသည်။

"ကျွန်တော်ခြေတစ်ဖက်ဆုံးသွားလို့ ဆိုပြီး အိမ်ကိုအရာရှိတစ်ယောက်က ငွေလာပေးတယ်။ ပိုက်ဆံ ၆,၀၄၀လာပေးတယ်"

စာမျက်နှာ(၂၈) မှ

## ရွှေကိုင်ရန် အချိန်ကောင်းလား

မှာ ဈေးအနိမ့်နဲ့ဝယ်ထားရင်တွက်ခြေကိုက်တယ်ဆိုတဲ့ သဘောနဲ့ ဝယ်ယူကြသူတွေကြောင့်ဒေါ်လာဈေးကထိုးတက်သွားတာ"ဟု မြန်မာနိုင်ငံတော်ဗဟိုဘဏ်နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာနာမှတာဝန်ရှိသူတစ်ဦးက သုံးသပ်ပြောသည်။

တအိအိကျလာသော ရွှေဈေးနှင့် ရုတ်တရက်မြင့်လာသော ဒေါ်လာဈေးကွက်တို့အကြားတွင် ရင်းနှီးမြှုပ်နှံမှုပြုလိုသူများသည် မိမိမြှုပ်နှံနိုင်မည့်ကာလနှင့်ရွေးချယ်မှုသည် အရေးကြီးလှသည်။

ရွှေနှင့်ဒေါ်လာဈေးနှုန်းများ အတက်အကျကြမ်းပါက နိုင်ငံအကျိုးစီးပွားအတွက်မကောင်းနိုင်ဟု စီးပွားရေးပညာရှင်များက ဆိုသော်လည်း ထိုဈေးကွက်များတွင် ဈေးကစားလိုသူကို အကျိုးများစေမည်ဖြစ်သည်။

"ရွှေက ဒီဈေးတွေထက်တော့ အများကြီးမကျနိုင်တော့ဘူး။ ပြန်တက်ဖို့ပဲရှိတယ်။ ဒါပေမဲ့ ရင်းနှီးမြှုပ်နှံမှုကာလသိပ်တိုတယ်ဆိုရင်တော့ဈေးအတက်မှန်းဖို့ခက်တဲ့ အနေအထားရှိတယ်" ဟု ရွှေဈေးကွက်ကျွမ်းကျင်သူများပြောသည်။

ထို့အတူ ဒေါ်လာဈေးကွက်သည်လည်း အတက်အကျလိုက်ကစားနိုင်ပါက တိုးပွားနိုင်သော်လည်း တက်ဈေးမျှော်မှန်းချက်ကြောင့် ဝယ်စုမည်ဆိုလျှင်မှုများစွာထိုးတက်နိုင်ခြေနည်းပြီး အကျဘက်တွင်အားသာနေသောအနေအထားရှိနေသည်ဟုဆိုသည်။

ဩဇာကြီးမားသောအမေရိကန်ဗဟိုဘဏ်၏ အဆုံးအဖြတ်ကလည်း ယခုဈေးအတက်အကျကြမ်းနေသော ဒေါ်လာနှင့်ရွှေကိုရိုက်ခတ်နေစေသည်။

ယခုဖြစ်ပေါ်နေသော ရွှေဈေးနှုန်းများ အတက်ကြမ်းခြင်း၊ ဒေါ်လာဈေးနှုန်းများမြင့်တက်ခြင်းသည်အောက်တိုဘာတတိယပတ်အတွင်းက အမေရိကန်ဗဟိုဘဏ်၏ အစည်းအဝေးတွင် ၎င်းတို့နိုင်ငံ၏ ဈေးကွက်တွင်းမှ ငွေချေးသက်သေခံလက်မှတ်များကို လစဉ်၈၅ဘီလီယံခန့်ဝယ်ယူနေမှုကိုဗဟိုဘဏ်က ပြန်လည်သုံးသပ်မည်ဟု ဗဟိုဘဏ်အကြီးအကဲ၏ ပြောကြားချက်က နိုင်ငံတကာငွေကြေးဈေးကွက်ကို အကျိုးသက်ရောက်စေခြင်းလည်းဖြစ်နေသည်ဟု နိုင်ငံခြားငွေကြေးဈေးကွက်ကို စောင့်ကြည့်သုံးသပ်နေသူများက ပြောသည်။

ထို့ကြောင့် အမေရိကန်ဒေါ်လာတန်ဖိုးများမြင့်တက်သွားပြီး မြန်မာအပါအဝင် အာရှနိုင်ငံများ၏ ငွေဈေးနှုန်းများသည် ၁ဒသမ၆ရာခိုင်နှုန်းထိတန်ဖိုးများလျော့ကျသွားကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ကျွမ်းကျင်သူတစ်ဦးက သုံးသပ်ပြောကြားသည်။

ထိုအစီအစဉ်အရ အမေရိကန်ဗဟိုဘဏ်ကဈေးကွက်တွင်း လစဉ်ထုတ်ပေးနေသော ငွေကြေးများကို တဖြည်းဖြည်းလျှော့ချမည်ဟု ဆိုထားခြင်းကို လာမည့်နှစ်ဆန်းပိုင်းတွင် စတင်ဖွယ်ရှိကြောင်းသိရသည်။ ဈေးကွက်တွင်းတွင် ငွေထုတ်ရောင်းမှုနည်းလာလျှင်ဈေးကွက်သဘောတရားအတိုင်း ဒေါ်လာတန်ဖိုးများမြင့်တက်လာနိုင်သည်။

"အမေရိကန်ကဒီလိုလုပ်ရင်လည်း သူ့နိုင်ငံရဲ့ အလုပ်လက်မဲ့အနေအထား၊ အလုပ်အကိုင်အနေအထားတွေပေါ်မူတည်ပြီးလုပ်မှာပဲ။ ဖွံ့ဖြိုးဆဲနိုင်ငံတွေကတော့ နိုင်ငံခြားငွေအဝင်များနေတဲ့အချိန်ဆိုတော့ ဒီဂယက်တော့ ရှိနိုင်တယ်။ ဒါပေမဲ့ ရေရှည်မှာ ဒေါ်လာဈေးကတော့ကျမှာပဲ"ဟု ငွေကြေးဆိုင်ရာကျွမ်းကျင်ပညာရှင်တစ်ဦးကပြောသည်။

သို့သော် ဒေါ်လာသည် ရင်းနှီးမြှုပ်နှံမှုပမာဏနှင့် တစ်ကျပ်၊ နှစ်ကျပ်တက်ခြင်း၊ ကျခြင်းကလည်း အဆုံးအဖြတ်များတတ်သည့်အတွက် ရင်းနှီးမြှုပ်နှံမှုပမာဏနှင့် ငွေကြေးဈေးကွက်တွင် ဝင်ရောက်နေမှု အနေအထားပေါ်မူတည်ကာ ဒေါ်လာသမားများ အကျိုးရှာနိုင်မည့်အနေအထားရှိနေသည်။ ငွေကြေးတန်ဖိုး တက်ခြင်း၊ ကျခြင်းပေါ်မူတည်ကာ အဝယ်လိုက်ပြီး ဈေးပြောင်းလဲတတ်သော ရွှေဈေးကွက်၏ အနေအထားသည်လည်းဒေါ်လာနှင့်တိုက်ရိုက်နီးပါးဆက်စပ်မှုရှိနေသည်။

"ရွှေဈေးကွက် သဘောတရားက အတက်ကြမ်းရင်အကျများနိုင်တယ်။ အခုလို တအိအိနဲ့ ကျရင် အတက်က သိပ်မမြန်နိုင်ဘူး။ ဒါပေမဲ့ ဒီဈေးတန်းကတော့ အနိမ့်ဆုံးလည်းဖြစ်နေတော့ ဒီထက်လည်း အများကြီးတော့ မကျနိုင်တော့ဘူး။ ရင်းနှီးမြှုပ်နှံသူတွေ ထားနိုင်ရင်တော့ အတက်ဘက်မှာရှိတဲ့ အနေအထားပါပဲ"ဟု ရွှေဘုံသာလမ်းအပိုင်းဈေးကွက်တွင် အရောင်းအဝယ်ပြုလုပ်နေသော အပိုင်းကုန်သည်တစ်ဦးက သုံးသပ်ပြောသည်။

ဒေါ်လာဈေးကွက်တွင် လေ့လာသူများက ဈေးအတက်မများနိုင်ဟု ခန့်မှန်းမှုများရှိနေသော်လည်း ယင်းဈေးကွက်သည်အတက်အကျကစားနိုင်သူများသာ အကျိုးရှိနိုင်မည့်အနေအထားရှိနေသည်ဟုဆိုသည်။

"ပြီးခဲ့တဲ့နှစ်ကဆို တစ်အောင်စကို ၁,၉၀၀ ဒေါ်လာအထိ တက်သွားပြီး ပြည်တွင်းဈေးက ၇၉၃,၅၀၀ ကျပ်ထိရောက်ဖူးထားတာဆိုတော့ အခုဈေးက အနိမ့်တန်းရောက်နေတာဆိုတော့ ရွှေဝယ်ထားဖို့ပဲတိုက်တွန်းချင်တယ်" ဟု ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များအသင်းအတွင်းရေးမှူးဦးဝင်းမြင့်က ရွှေနှင့်ဒေါ်လာကြားတွင် ရင်းနှီးမြှုပ်နှံမှုတစ်ရပ်အနေဖြင့် စဉ်းစားနေသူများကိုအကြံပြုပြောကြားသည်။

ဒီဇင်ဘာ ၂ရက်တွင် ကမ္ဘာ့ရွှေဈေးသည် အနည်းငယ်ပြန်တက်လာသော ဈေးဖြစ်သည့် တစ်အောင်စလျှင် ၁၂၄၆ဒေါ်လာတွင် ရှိနေပြီး ပြည်တွင်းရွှေဈေးသည်တစ်ကျပ်သားလျှင်၆၅၉,၀၀၀ ကျပ်ဝန်းကျင်တွင်ရှိနေသည်။

အမေရိကန်ငွေလဲနှုန်းများသည် ယခင်က တစ်ယူနစ်လျှင် ၉၇၀ ကျပ်ဝန်းကျင်တွင်ရှိနေရာမှ ၉၉၁ ကျပ်ထိရောက်ရှိထားပြီး ဒီဇင်ဘာ ၂ရက်တွင် ၉၈၈ကျပ်နှုန်းဖြင့် ရောင်းဈေးဖွင့်ထားသည်။

ရွှေနှင့်ဒေါ်လာဈေးနှုန်းများ တိုက်ရိုက်ဆက်စပ်မှုရှိနေသည့် သဘောတရားတစ်ခုက ဈေးတန်းတစ်ခုတွင်ငြိမ်နေခြင်းနှင့် အတက်ကြမ်းခြင်းတို့ဖြစ်ပေါ်နေမည်ဖြစ်သည်။ လတ်တလောတွင် ရွှေဈေးစံချိန်တင်ကျခြင်းဖြစ်ပေါ်နေပြီး ဒေါ်လာဈေးသည်လည်း ၄ရက်ခန့်အတွင်း စံချိန်တင်မြင့်တက်သည့်အနေအထားတွင် ကန်ဒေါ်လာနှင့် ရွှေဈေးနှုန်းတို့အကြား လုပ်ဆောင်နိုင်စွမ်းနှင့် ရွေးချယ်မှုက အရေးကြီးပေသည်။

7 DAY NEWS JOURNAL
Vol.12, No.39 • DECEMBER 4 , 2013



# အင်တာနက်မမြန်သေးပါ

**အေးသူစံ၊ ဆွေမွန်၊ ဇော်မျိုးလှိုင်**

အစိုးရသစ်လက်ထက်ပိတ်ထားသော တံခါးအတော်များများကို ဖွင့်ပေးခဲ့သည့် အထဲတွင် ပြည်သူများ အင်တာနက်ကို လွတ်လပ်စွာ သုံးစွဲနိုင်သည့်အခွင့်အရေးပါဝင်လာသည်။

အင်တာနက် သုံးခွင့်ရဖို့ ယခင်လိုကျပ်သိန်းပေါင်းများစွာ ကုန်ကျရန်မလိုဘဲ လက်ကိုင်ဖုန်းတွင် ဘီလ်ကျပ်ငွေ တစ်သောင်းမျှရှိရုံဖြင့် မက်စ်ဆေ့ချ်ပို့၍ လျှောက်ထားနိုင်သည်။ မိုဘိုင်းကွန်ရက်ချဲ့ထွင်လိုက်ခြင်းနှင့်အတူ ဖြေလျှော့မှုများကြောင့် မြန်မာနိုင်ငံတွင် အင်တာနက်သုံးစွဲသူဦးရေ၁၈ သိန်းနီးပါးတစ်နှစ်အတွင်း တစ်ရှိန်ထိုးတိုးတက်လာခဲ့ခြင်းဖြစ်သည်။

သို့သော် အင်တာနက်မြန်နှုန်း (Connection)ကတော့ လွန်ခဲ့သည့်နှစ်များလိုပင် မထူးခြားနားနေးမြဲနေးဆဲဖြစ်သည်။

အစိုးရက တရားဝင်ထုတ်ပြန်ထားသော စာရင်းအရ အင်တာနက်သုံးစွဲသူ လေးဦးသာရှိခဲ့သည့် ၁၉၉၈ ခုနှစ်မှ ယနေ့ အင်တာနက်သုံးစွဲသူဦးရေ၁၈ သိန်းနီးပါးတိုးလာသည်အထိ နှေးကွေးမြဲဖြစ်သော ကွန်နက်ရှင်ပြဿနာကို မဖြေရှင်းနိုင်သေးပါ။ မိုဘိုင်းဖုန်းဖြင့် အင်တာနက်သုံးစွဲသူဦးရေ၉၀ ရာခိုင်နှုန်းခန့်ရှိနေသည့် မြန်မာနိုင်ငံတွင် ဗီဒီယိုဖိုင်များ၊ သီချင်းများကို ကြည့်ရှုရန်၊ ဒေါင်းလုတ်ရယူရန် မဆိုထားနှင့်၊ လူမှုကွန်ရက် ဝက်ဘ်ဆိုက်၊ ဖေ့စ်ဘွတ်ခ်တွင်ပင် စတေးတပ်တစ်ကြောင်း တင်ရန်ပင် အချိန်များစွာ ပေးနေရသေးသည်။

"အင်တာနက်က အပျော်သုံးတဲ့ ဖေ့စ်ဘွတ်ခ်လိုမျိုးတောင် ကောင်းကောင်းမဖွင့်တာ။ လုပ်ငန်းအတွက် အင်တာနက်၊ အီးမေးလ်ကိုတွင်တွင်ကျယ်ကျယ်သုံးမယ်ဆိုရင် ဘယ်လိုလုပ်ကြမလဲ။ ဒီအစိုးရသက်တမ်းမကုန်ခင်တော့ အင်တာနက်လေး လူလိုသူလိုသုံး ချင်ပါတယ်"ဟု ရန်ကုန်မြို့ရှိ ကုမ္ပဏီဝန်ထမ်းတစ်ဦးက ပြောသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက JICA ၏ အကူအညီဖြင့် ဆီးဂိမ်းအမီ အင်တာနက်လိုင်းများပိုမိုကောင်းမွန်စေရန် အင်တာနက် Bandwidth ကို 16.7 Gbps အထိတိုးချဲ့ထားပြီး နိုဝင်ဘာ လကုန်တွင် 19Gbps ဝန်းကျင်ဖြစ်လာမည်ဟုဆိုထားသည်။ ဆီးဂိမ်းတွင်အများဆုံးသုံးစွဲမည့် အနေအထားမှာ2Gbps ခန့်သာရှိမည်ဖြစ်ပြီး ဆီးဂိမ်းကာလအတွင်း အခြားနေရာများတွင် ကွန်နက်ရှင်ပိုကျသွားစရာမရှိကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက သတင်းထုတ်ပြန်ထားသည်။

၂၀၀၃ ခုနှစ်ခန့်က အင်တာနက်လိုင်းနှုန်း Bandwidth 1 Mbpsဖြင့် သုံးစွဲခဲ့ရသော Bagan Cybertech ၏ လုပ်ငန်းများ ရုတ်တရက် ရပ်တန့်သွားစဉ်ကပင် ယခုကာလကဲ့သို့ နှေးကွေးလွန်းခြင်းမရှိခဲ့ကြောင်း ကွန်ပျူတာပညာရှင်ဦးရဲမြတ်သူကပြောကြားသည်။ ထို့အပြင် ယခင်အစိုးရလက်ထက်က သုံးစွဲသူများကို ထိန်းချုပ်ရန် ဝက်ဘ်ဆိုက်အချို့ကိုကြားဖြတ်ကြည့်ရှုထားပြီး သုံးစွဲသူကို ထိန်းချုပ်သူက တစ်ဆင့်မူလဝက်ဘ်ဆိုက်ထံ တစ်ဆင့်ခံချိတ်ဆက်ပေးခြင်းတို့ကြောင့်လည်းနှေးကွေးခြင်းဖြစ်နိုင်ကြောင်း ၎င်းကသုံးသပ်သည်။

"ဥပမာ User တစ်သိန်းပြည့်ရင် တစ်လုံးခွဲထုတ်လိုက်ရမှာကို User သန်းပေါင်းများစွာကို တစ်လုံးတည်းနဲ့ထားတာမျိုးတွေပေါ့။ ဒါကိုထိန်းသိမ်းနိုင်မယ့်နိုင်နင်းတဲ့ ဒီဇိုင်းမရှိသေးဘူး။ တချို့ဝက်ဘ်ဆိုက်တွေဆို ကြားတွေကနေ အတုနဲ့ဝင်ပြီး ဖြတ်ပြီး ထိန်းချုပ်ထားတာ။ စင်ကာပူတို့၊ တရုတ်တို့လည်း ဒါမျိုးလုပ်ပါတယ်။ အရင်တုန်းကတော့ ဒီလိုထိန်းချုပ်တာတွေက အမိန့်နဲ့သွားတာ။ အခုလည်း နိုင်ငံလုံခြုံရေးအရလုပ်ရင်မကန့်ကွက်ပါဘူး။ ဒါပေမဲ့ ဥပဒေအရ စနစ်တကျဖြစ်စေချင်တယ်။ တိကျတဲ့ ဥပဒေတစ်ရပ်ရှိသင့်တယ်"ဟု ၎င်းကပြောသည်။

မြန်မာ့ဆက်သွယ်ရေးကမူ ဝက်ဘ်ဆိုက်များကို လွတ်လပ်စွာ အသုံးပြုခွင့်ပေးထားပြီး ကြားကဖြတ်၍ ထိန်းချုပ်ထားခြင်းမရှိဟု ငြင်းဆိုထားသည်။

မြန်မာနိုင်ငံတွင် အင်တာနက်သုံးစွဲသူများအတွက် အစိုးရပိုင်မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကသာလိုင်းများကို အဓိကစီမံခန့်ခွဲပြီး ပုဂ္ဂလိက အင်တာနက်လိုင်းဖြန့်ဖြူးရောင်းချသူများအနေဖြင့် ကိုယ်တိုင် Gateway များထူထောင်လုပ်ကိုင်ခွင့်မရှိသေးဘဲ မြန်မာ့ဆက်သွယ်ရေးနှင့်သာ အကျိုးတူပူးပေါင်းလုပ်ကိုင်ရခြင်းဖြစ်သည်။ အင်တာနက်လိုင်းများ ဖြန့်ဖြူးရောင်းချလိုပါက မြန်မာ့ဆက်သွယ်ရေးထံမှ Gateway ကို အင်တာနက်မြန်နှုန်းပေါ် မူတည်၍ ငွေကြေးပေးသွင်းဝယ်ယူရပြီး ရောင်းချလိုသူက သုံးစွဲသူများထံ Bandwidth များခွဲ၍ သတ်မှတ်ရောင်းချရခြင်းဖြစ်သည်။

အင်တာနက်လိုင်းဖြန့်ဖြူးရောင်းချသူတို့တွင်လည်း အင်တာနက်လွှင့်ပေးသည့် တာဝါတိုင် Station များတိုးချဲ့ချင်သလောက်ချဲ့လို့မရကြောင်း Redlink မှ အလက်ထောက်ထွေထွေမန်နေဂျာ ကိုမျိုးမြင့်ညွှန့်ကပြောသည်။

"ကျွန်တော်တို့ Provider တွေက တိုးချဲ့လို့မရဘူး။ ပြီးတော့ Gateway တွေက တစ်ခုပဲရှိသေးတယ်။ တိုးချဲ့ဖို့အတွက်က အကန့်အသတ်တွေရှိတယ်"ဟု ၎င်းက ပြောကြားသည်။

အစိုးရပိုင်မြန်မာ့ဆက်သွယ်ရေးက ကြိုးမဲ့စနစ် WiFi ဖြင့် ရောင်းချခွင့်ကို Redlink၊ ဂြိုဟ်တုနှင့် ချိတ်ဆက်၍ အင်တာနက်လိုင်းများသုံးစွဲခြင်း၊ MPS စနစ်ကို Sky Net၊ ADSL နှင့် Fiber အင်တာနက်လိုင်းများအတွက် ရတနာပုံတယ်လီပို့၊ Fortune နှင့် မြို့နယ်များကို ဇုန်အလိုက် အင်တာနက်လိုင်းများ ခွဲဝေချထားပေးသည့်စနစ် FTTH ကို ELite ကုမ္ပဏီတို့အား လုပ်ပိုင်ခွင့်အသီးသီးပေးထားသည်။

ပုဂ္ဂလိကလုပ်ငန်းအားလုံးမှာ MPT ၏ Gateway တစ်ခုတည်းအောက်တွင် လုပ်ကိုင်ရခြင်းဖြစ်ပြီး သုံးစွဲသူများမည်သည့်လိုင်းကိုသုံးသုံး ကွန်နက်ရှင်နှေးကွေးလေးလံမြဲဖြစ်ပါသည်။ မြန်မာ့ဆက်သွယ်ရေးက ချထားပေးသည့် မိုဘိုင်းဖုန်းဖြင့် အင်တာနက်အသုံးပြုခြင်းမှာ နှေးကွေးလွန်းပါသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ယခုနှစ်အတွင်း မိုဘိုင်းဖုန်းဖြင့် အင်တာနက်သုံးစွဲမှုများခွင့်ပြုခဲ့သည့်အတွက် လိုင်းအပြည့်မရခြင်း၊ ရေအောက်ကေဘယ်လိုင်းများနှင့် ထိုင်းဘက်မှ ကေဘယ်လိုင်းများကို ထပ်မံတိုးချဲ့ရန် ရှိသော်လည်း လက်ရှိတွင် စက်ပစ္စည်းပြည့်စုံလုံလောက်မှုမရှိခြင်း၊ Link ချိတ်ဆက်မှုအပိုင်းတွင် လိုအပ်ချက်ရှိခြင်း၊ Bandwidth တိုင်းလို အပ်သည့် နေရာသို့ အပြည့်မရောက်ရှိခြင်း စသည့်လိုအပ်ချက်များရှိနေဆဲဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတာဝန်ရှိသူတစ်ဦးက ဝန်ခံပြောကြားသည်။

"ရန်ကုန်နဲ့ ကေဘယ်ဆက်ကြောင်းက လိုင်းချိတ်ဆက်ဖို့လိုအပ်တဲ့ Transmission ပိုင်းတွေမှာလည်း အလုံအလောက်မရှိတော့ ဖြည်းဖြည်းချင်းချဲ့ရတာ။ ဒါကြောင့်ကိုယ်ကအပြည့်ပေးလည်း မရောက်တာမျိုးတွေ၊ လိုင်းနှေးကွေးတာမျိုးတွေဖြစ်နေတာ"ဟု ၎င်းက ပြောကြားသည်။

"ကျွန်တော်တို့ဝက်ဘ်ဆိုက်မှာ သီချင်းရောင်းတဲ့အခါ သုံးစွဲသူတွေဘက်က အင်တာနက်လိုင်း မကောင်းလို့ သီချင်းတွေ ဒေါင်းရတာ စိတ်မရှည်လို့ မဝယ်တာတွေ ကြုံရတယ်" ဟု မြန်မာတေးစီးရီးများကို အွန်လိုင်းမှ ဖြန့်ဖြူးရောင်းချသည့် Myanmar Music Store တည်ထောင်သူ ဦးကိုကိုလွင်က ပြောကြားသည်။

ကွန်နက်ရှင်လိုင်းများ ကောင်းမွန်မြန်ဆန်စေရန် ပုဂ္ဂလိကကုမ္ပဏီများကို လုပ်ပိုင်ခွင့်အပြည့်အဝပေးသင့်ပြီး ဈေးကွက်ပြိုင်ဆိုင်မှုရှိလာစေရန် အစိုးရက ပံ့ပိုးပေးခြင်းသာဖြစ်သင့်ပြီး အင်တာနက်လိုင်းအားလုံးကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက တစ်ဦးတည်းလက်ဝါးကြီးအုပ်ထားခြင်းမျိုး မဖြစ်သင့်တော့ကြောင်း ဦးရဲမြတ်သူက ပြောကြားသည်။

"ပုဂ္ဂလိကကုမ္ပဏီတွေရဲ့ဝန်ဆောင်မှုမကောင်းတာကလည်း ဈေးကွက်ပြိုင်ဆိုင်မှုမဖြစ်လို့ပေါ့။ ဈေးကွက်ပြိုင်ဆိုင်မှုရှိရင် သူလုပ်တာညံ့ရင် ကောင်းတဲ့သူဆီက ဝယ်သုံးမှာပဲ။ အစိုးရကလည်း ဖိုင်ဘာတစ်မီတာကို သိန်း ၃၀ လောက်ယူတယ်။ အပြင်မှာ ၁၅ သိန်းဈေးပဲရှိတယ်။ အများကြီးများနေတယ်" ဟု ၎င်းက ပြောကြားသည်။

အစိုးရက ချုပ်ကိုင်ထားခြင်းကြောင့် ပုဂ္ဂလိက ကုမ္ပဏီများဘက်တွင်လည်း ၎င်းတို့အား လိုင်စင်ချထားပေးရန် ငွေကြေးအမြောက်အမြားသုံးစွဲနေရသည်။ ချုပ်ကိုင်မှုများ မရှိတော့ပါက အာဏာပိုင်များကို ပေးရသည့်ငွေကြေးအား အင်တာနက်သုံးစွဲသူများအတွက် လိုင်းများမြန်ဆန်ကောင်းမွန်စေရန် လုပ်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း ဦးရဲမြတ်သူက အကြံပြုသည်။

"ဆက်သွယ်ရေးက ဘာမှမလုပ်ရဘူး။ ဘာတွေလုပ်ရမယ်ဆိုတာကို သတ်မှတ်ပေးတဲ့ Regulatory Body ပဲဖြစ်ရမယ်။ သူချပေးတဲ့လုပ်ငန်းစဉ်ကိုစရိတ်ခံပေးမယ်ဆိုရင် အဆင်ပြေမှာ။ ဒါမှမဟုတ် မြန်မာနိုင်ငံက လိုင်းမကောင်းရင် ဟောင်ကောင်တို့ စင်ကာပူတို့က လိုင်းတွေဝယ်မယ်။ ဒီမှာ Fiber တွေ ပြန်ဖြန့်မယ်။ အခုကျတော့ Fiber တွေကို ဆက်သွယ်ရေးကိုပဲ အပ်ရ။ အစိုးရက ပြန်ချပေးတဲ့ Bandwidth ကိုယူပြီး 512 ဘယ်နှလုံးဆိုပြီး ကန့်ရောင်းရတာ။ အစိုးရက လွှတ်တဲ့ဟာမပြည့်ရင် ကိုယ်လည်းမပြည့်တော့ဘူး။ MPT က လက်ဝါးကြီးအုပ်နေတာ" ဟု ၎င်းကပြောသည်။

ဆက်သွယ်ရေးအော်ပရေတာလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိထားသည့် Telenor နှင့် Ooredoo ကုမ္ပဏီတို့က International Gateway များ ကိုယ်တိုင်စီစဉ်ခွင့်ရရှိမည်ဖြစ်ပြီး ဆက်သွယ်ရေးဥပဒေကို အောက်တိုဘာ ၈ ရက်တွင် အတည်ပြုပြဋ္ဌာန်းလိုက်သော်လည်း နည်းဥပဒေမထွက်သေးသောကြောင့် လုပ်ငန်းများ မစတင်နိုင်သေးပေ။ ဥပဒေပြဋ္ဌာန်းပြီး ရက်ပေါင်းကိုးဆယ်အတွင်း နည်းဥပဒေထွက်ရှိရန် လုပ်ဆောင်နေပြီး ဇန်နဝါရီအတွင်း နည်းဥပဒေထွက်ရှိလာမည်ဟု မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးဇော်မင်းဦးက ပြောသည်။

ယင်းနည်းဥပဒေအရ အင်တာနက်ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများ (ISP) များအားလုံးကို အဆိုပါနည်းဥပဒေတွင် လွတ်လပ်စွာ လုပ်ကိုင်ခွင့်ပြုထားပြီး International Gateway များကိုမူ လုပ်ထုံးလုပ်နည်းများနှင့်အညီ အစိုးရအဖွဲ့၏ အကူအညီဖြင့် ခွင့်ပြုပေးမည်ဟုပါရှိကြောင်း ၎င်းက ပြောကြားသည်။

" ISP လိုင်စင်ချပေးတာနဲ့ ပြည်တွင်းရော ပြည်ပကပါ လုပ်မယ့်သူတွေ အပြိုင်အဆိုင်ပေါ်လာလိမ့်မယ်။ အဲဒီကျရင် ဝန်ဆောင်မှုတွေပြိုင်ဆိုင်လာပြီး အင်တာနက်လိုင်းတွေ ပိုကောင်းလာမယ်လို့ မျှော်လင့်ပါတယ်"ဟု ၎င်းကပြောသည်။


"အင်တာနက်လိုင်းကျသွားရင် အဓိကခက်ခဲတာက အီးမေးလ်ပေါ့။ ပြီးတော့ ဝက်ဘ်ဆိုက်တို့ ဖေ့စ်ဘွတ်ခ်တို့မှာလည်း သတင်းတွေ Update တင်တဲ့အပိုင်းမှာ အချိန်နဲ့တစ်ပြေးညီ မဖြစ်တာတို့ဖြစ်တယ်။ အင်တာနက်လိုင်းကျသွားတာနဲ့ မိုဘိုင်းနဲ့လှည့်သုံးရတယ်။ မိုဘိုင်းလည်း လိုင်းကျတယ်ဆိုပေမယ့် မရတဲ့အဆုံး သုံးရတာပဲ" ဟု မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် တာဝန်ရှိသူတစ်ဦးက ပြောသည်။

အိုင်တီဖွံ့ဖြိုးတိုးတက်မှုသည် မြန်မာလူ့အဖွဲ့အစည်းကို အပြောင်းအလဲတစ်ခု၊ အရွေ့တစ်ခုဖြစ်စေခဲ့သည်မှာ အမှန်ပင်ဖြစ်သော်လည်း ယင်းအရွေ့ ပိုပြင်ပြင်ဖြစ်ပေါ်လာစေရန် အဓိကကျသည့် အင်တာနက်ကွန်နက်ရှင်က မစွမ်းဆောင်နိုင်သေးပါ။ ယခုဆောင်းပါးအတွက် အင်တာနက်သုံးစွဲသူများထံ မေးမြန်းရာ ၉၀ ရာခိုင်နှုန်းခန့်က အင်တာနက်ကွန်နက်ရှင်မကောင်းခြင်းကြောင့် အချိန်ကုန်၊ ငွေကုန်နေဆဲဖြစ်ပြီး ပေးရသည့် ငွေကြေးနှင့် ထိုက်တန်သည့် မြန်ဆန်သွက်လက်သော ကွန်နက်ရှင်ကို လိုချင်ကြောင်း ဖြေကြားပြောဆိုကြသည်။

ယခင်အခြေအနေနှင့် နှိုင်းယှဉ်လျှင် မြို့ကြီးများသာမက နယ်ဒေသများတွင်ပါ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူအချို့တွင် ဖုန်းတစ်လုံးနှင့် အီးမေးလ်လိပ်စာများရှိလာခြင်းက ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်မည့် အခြေခံအပြောင်းအလဲတစ်ရပ်၏ အစဟု မြင်မိကြောင်း၊ အမေရိကန်ပြည်ထောင်စုမှ ခေတ္တပြန်လည်ရောက်ရှိလာသည့် ဆောင်းပါးရှင် မခင်မေဇော်က ဆိုသည်။ သုံးစွဲသူ သိန်းချီတိုးလာသော်လည်း အင်တာနက်မြန်နှုန်းမကောင်းပါက လုပ်ငန်းတွင်ကျယ်တိုးတက်မည်မဟုတ်ပါ။ "မြန်မာပြည်မှာလည်း အင်တာနက်လိုင်း ကောင်းလာဖို့ဆိုတာ အချိန်တစ်ခုတော့စောင့်ရဦးမယ်။ နိုင်ငံခြားမှာ မီးပျက်တာက အစ ဆုံးရှုံးမှုအလိုက် တရားစွဲလို့ရတယ်။ ဒီမှာက အဲလိုလည်းမရဘူး။ ဒါပေမဲ့ လက်ရှိအခြေအနေကို ကုန်ထုတ်စွမ်းအားနဲ့ နှိုင်းယှဉ်ရင်တော့ ဆုံးရှုံးတာ များနေပါတယ်" ဟု ကွန်ပျူတာလုပ်ငန်းရှင် ဦးမင်းဦးက ပြောကြားသည်။


Control+G Ctrl G
Blood Glucose Monitoring System
ဆီးချိုသွေးချိုမှန်မှန်စစ်ပါ
ဆီးချိုသွေးချိုတိုင်းကိရိယာ
အသုံးပြုရန် အညွှန်းကို မြန်မာဘာသာပြန်ထားခြင်း
မှန်ကန်တိကျသောရလဒ်ရရှိခြင်း
အလွယ်တကူအသုံးပြုနိုင်ခြင်း
လျှင်မြန်စွာစမ်းသပ်နိုင်ခြင်း
၅နှစ် အာမခံ
Marketed & Distributed by :
GRACE WIN COMPANY LIMITED
Tel : 203434, 203082(YGN), 02-30730, 09 402 627 887 (MDY)


နှစ်သစ်ကူးအထူးလက်ဆောင်
GS Battery ဝယ်ယူခြင်းဖြင့် Suzuki Carry Truck နှင့်
Honda Super Cub Motorcycle များရရှိနိုင်မည့်အခွင့်အရေး
Double Lid
Conventional
GS Battery Packing
ဇန်နဝါရီ ၂၀၁၄ အထိ
WIN CHERRY COMPANY LIMITED
95-1-542844 (0) : 95-1-543882 (0) : 95-1-558542 (0)
GS BATTERY
World - Class Technology


Dedicated to People Flow™
KONE
BETTER
ECO-EFFICIENCY
BETTER
RIDE COMFORT
BETTER
DESIGN
KONE Company မှ
ထုတ်လုပ်သော
စက်လှေကား၊ ဓါတ်လှေကားများအား
စတင် မိတ်ဆက်လိုက်ပါသည်။
"Product of Finland"
မြန်မာပြည်တစ်ဦးတည်းကိုယ်စားလှယ် - (Octagon Automobile & Machinery Services Co.,Ltd)
Union Business Centre, Room (10), Ground Floor, Natmauk Street, Bo Cho Qtr, Bahan Tsp, Yangon. Ph : 09-73113610, 09-49342253
E-mail : ois.kone@gmail.com



FIFA နှင့်အတူ Coca-Cola မှ သယ်ဆောင်လာသော
မြန်မာတို့အတွက် အားသစ်လောင်းစေမည့်
© 1974 FIFATM
FIFA WORLD CUP
တစ်ခုတည်းသော ဒိုင်းဆုကြီး
၂၇ ဒီဇင်ဘာ ၂၀၁၃၊ သုဝဏ္ဏအမျိုးသား အားကစားရုံ၊ ရန်ကုန်မြို့
FIFA WORLD CUP™ TROPHY TOUR by Coca-Cola
FIFA ကမ္ဘာ့ဖလား ဒိုင်းဆု လှည့်လည်ပြသသည့် ခရီးစဉ်
Official Partners:
MYANMAR FOOTBALL FEDERATION ESTABLISHED 1947
SKYNET
အသေးစိတ် အချက်အလက်များကို poster နှင့် facebook.com/cocacolamyanmar တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။
COCA-COLA and The Red Disk are registered trademarks of The Coca-Cola Company. © 2013 The Coca-Cola Company.